www.burmeseclassic.com




ရွှေတောင်သီဟသူ

# ရတနာခေကြေးမုံ

နန်းတွင်းဇာတ်တော်ကြီး

ဆဋ္ဌမအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

"ရွှေတောင်သီဟသူသည် ရတနာကြေးမုံ ဝတ္ထုထဲတွင် စိန်ခဲမြခဲ ပုလဲသန္တာ ကျောက်သံပတ္တမြားတို့ကို အဆုပ်လိုက် ဖြန့်ကြဲထားသည်နှင့် တူ၏။ သုံးနှုန်းသော စကားလုံးတို့သည် ပုလဲလုံး၊ သန္တာလုံးတို့နှင့် တူ၏။ စကားလုံး အသံတို့သည် ကြိုးကြာ ကရဝိက်တို့၏ တေးသံများနှင့် တူ၏။ ရွှေတောင်သီဟသူ၏ အတွေးသည် အထွန့်အတက် များ၏။ အညွန့်အခက် ဝေ၏။ ဖတ်သူတို့ မစွန့်ရက်နိုင်သော နှစ်လိုဖွယ်ကောင်းသည့် ကြေးမုံမှန်ပြင်သဖွယ် နန်းတွင်းယဉ်ကျေးမှုကိုလည်း မြင်ရပေသည်။ ဆန်းလှန်း၍၊ နုလှန်း၍ နန်းတွင်းသား မင်းသားများကို လှောင်၍ မင်းသမီးများကို ပြောင်ထားရောလားဟု တွေးရမလို ဖြစ်၏။ ထူးပေဆန်းပေ ယဉ်ပေသည် တကား။"

– မောင်အောင်၏ 'ရတနာကြေးမုံ'၊ မြန်မာ့ လက်ဆောင်စာတမ်း။
ဂျူ လောက (နိုဝင်ဘာ ၁၉၄၁)။ စာ ၃၈၆ ...မှ။

www.burmeseclassic.com

**၂၀၁၀–၂၀၁၁ ထုတ်**
**ရာပြည့်စာအုပ်များ**


၂၉၇။ မစ္စတာမောင်မှိုင်း၏ ဓမ္မစေတီ
၂၉၈။ ဂန္ဓလောက လက်ရွေးစင် ခေါင်းကြီးပိုင်းများ[၁၉၂၈–၃၅]
၂၉၉။ ဓမောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်အလွန် [ဒုတိယအုပ်]
၃၀၀။ တင်မောင်မြင့်၏ အင်နာကာရနီနာ (ANNA KARENINA by Leo Tolstoy)
[ မူရင်းအတိုင်း အပြည့်အစုံ ဘာသာပြန်]
၃၀၁။ ရာပြည့်ဦးစိုးညွန့်၏ ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ [ဒုတိယအုပ်]
၃၀၂။ ဇော်ဂျီ၏ သခင်ကိုယ်တော်မှိုင်းဋီကာ
၃၀၃။ စစ်ကိုင်းဦးဘိုးသင်း၏ ဖာတစ်လုံး ခေါင်းကျား
၃၀၄။ မဲထီးဆရာတော်၏ ထေရဝါဒ သာသနာဆက်အလင်းပြ ဝံသဒီပနီ
၃၀၅။ သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံနှင့် စစ်ကိုင်းပြန်မှာတော်ပုံ
၃၀၆။ ကျော်အောင်၏ မြန်မာပြည် လွတ်လပ်ရေးတိုက်ပွဲ
[ Last and First in Burma (1941-1948) by Maurice Collis ]
၃၀၇။ ဦးကုလား ရာဇဝင်ချုပ်
၃၀၈။ စစ်ကိုင်းဦးဘိုးသင်း၏ မနုစာရီ
၃၀၉။ ထွန်းသစ်၏ ရှာရှုန် သို့မဟုတ် ရာဇဝင်တွင်တဲ့ သူရဲကောင်း
၃၁၀။ ဦးလတ်၏ ရွှေပြည်စိုး
၃၁၁။ တက်ထွန်း၏ ပိတောက်ရွှေဝါ
၃၁၂။ ဗေယျ၏ မြတ်လေးရွှေဘေးဗိုလ် [ဖြည့်စွက် ထုတ်ဝေခြင်း]
၃၁၃။ လုကနလး ခေါ် ကြွက်စုတ် ၏ ဓောရဝတ္ထု
၃၁၄။ မော်ဘီဆရာသိန်း၏ ရှေးဖြစ်စာတမ်း၊ နောင်းဖြစ်စာတမ်း၊ ရှေးဟောင်း ရှေးဖြစ်စာတမ်း
[ သုံးအုပ် ပေါင်းချုပ် ]
၃၁၅။ ရှင်မဟာသီလဝံသ၏ ပါရာယန ဝတ္ထု
၃၁၆။ ဂျဏ်ဝင်း(မြန်မာပြန်) ၏ အရိုင်းခေါ်သံ [ The Call of the Wild by Jack London ]
၃၁၇။ ဦးသန်းထွတ်၏ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း
၃၁၈။ မောင်းထောင်ဆရာတော်ကြီး၏ ဒေါသသတ်နည်းကို ပြဆိုရာ ဒေါသကထာ
၃၁၉။ ဆတိုင်မှူး ဦးကူး၏ ခန္ဒာပုရ ဝတ္ထု
၃၂၀။ လွှတ်တော်ပုရပိုက် အမှတ်အသား အတိုကောက်မှတ်ပုံ [(ပ)တွဲနှင့် (ဒု)တွဲ၊ နှစ်တွဲပေါင်းချုပ်]
၃၂၁။ စစ်ကိုင်း ဦးဘိုးသင်း၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ


**၂၀၁၁–၁၂ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**


၃၂၃။ မဟာဆွေ၏ တို့မေမေ
၃၂၄။ ဦးမြင့်ကြည်၏ စာပေနှင့် ဂီတ၊ ဂီတနှင့် စာပေ
၃၂၅။ ဆရာလွန်း(သခင်ကိုယ်တော်မှိုင်း)၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၂၆။ စစ်ကိုင်းဦးဘိုးသင်း၏ စလေမင်းချွေး
၃၂၇။ ကျော်အောင်၏ နှလုံးလှဆရာဝန် [ THE SCALPEL, THE SWORD
by Ted Allan and Sydney Gordon ]
၃၂၈။ တင်မောင်မြင့်၏ နွေကန္တာ [ DEEP SUMMER by Gwen Bristow ]




ရွှေတောင်သီဟသူ

# ရတနာကြေးမုံ

## နန်းတွင်းဇာတ်တော်ကြီး


**ရာပြည့်စာအုပ်တိုက်**
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁– ၇၁၀၁၀၃(ဆိုင်)


www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် [၅၀၁၄၅၅၁၂၁၀]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၅၀၀၄၄၀၀၅၁၁]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၁၉၀၅) တိုင်းလုံးဗမ္မာ ပုံနှိပ်တိုက်
ဒုတိယအကြိမ် – (၁၉၃၄) အောင်ဇေယျတု ပုံနှိပ်တိုက်
တတိယအကြိမ် – (၁၉၆၂) ဟံသာဝတီ ပုံနှိပ်တိုက်
စတုတ္ထအကြိမ် – (၁၉၆၅) ဟံသာဝတီ ပုံနှိပ်တိုက်
ပဉ္စမအကြိမ် – (၁၉၆၈) ဟံသာဝတီ ပုံနှိပ်တိုက်
ဆဋ္ဌမအကြိမ် – (၂၀၁၁) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၅၀၀]၊ (စက်တင်ဘာ ၂၀၁၁)

❑

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ် ၊ရန်ကုန်မြို့။

❑

ပုံနှိပ်သူ

ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

စာအုပ်ချုပ်
ဖူးပွင့်မွေး

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ

❑

တန်ဖိုး
၂၀၀၀ ကျပ်

၈၉၅.၈၃

သီဟသူ၊ ရွှေတောင်
ရတနာကြေးမုံ နန်းတွင်းဇာတ်တော်ကြီး/ ရွှေတောင်သီဟသူ
– ရန်ကုန်၊ ရာပြည့်စာပေ၊ (၆) ကြိမ်၊ စက်တင်ဘာ ၂၀၁၁။
၁၇၂ – စာ၊ ၁၃ x ၂၁ စင်တီ။
(၁) ရတနာကြေးမုံ နန်းတွင်းဇာတ်တော်ကြီး

## မာတိကာ

– နိဒါန်း ၉
– စကားပလ္လင် ၁၇
၁။ ကုန္တကုမ္မာမင်းသား ဖွားမြင်ခန်း ၁၉
၂။ ဝေဠုမြတ်စွာမင်းသမီး ဖွားမြင်ခန်း ၃၀
၃။ နန်းတော်ဆောက်လုပ်ခန်း ၃၈
၄။ သူရသတီနတ်သမီး ပြန်ခန်း ၅၀
၅။ ကုန္တကုမ္မာမင်းသား ကြင်ရာတော်ရှာခန်း ၅၁
၆။ ကုန္တကုမ္မာမင်းသား ဝေဠုမြတ်စွာကို တွေ့မြင်ခန်း ၅၆
၇။ ဝတ္ထုပုံပြင် အချေအတင် စကားဆိုခန်း ၆၃
(က) ဖြစ်လွယ် ပျက်လွယ် ပုံပြင်ဝတ္ထု ၆၅
(ခ) နေးဖြည်းဆောင်ရွက် အရေးပျက် ပုံပြင်ဝတ္ထု ၇၀
(ဂ) အချိန်ကြန့်ကြာ လိုရာမပြီး ပုံပြင်ဝတ္ထု ၇၄
(ဃ) အကြမ်းဖက် အကျိုးပျက် ပုံပြင်ဝတ္ထု ၈၁
(င) ဆောလျင်မပြု အမှုပျက် ပုံပြင်ဝတ္ထု ၈၆
(စ) အချိန်ကြာမြင့် အရွယ်ရင့် ပုံပြင်ဝတ္ထု ၉၁
(ဆ) အမှုဆောင်က အကျိုးရ ပုံပြင်ဝတ္ထု ၁၀၂
၈။ ဝေဠုမြတ်စွာမင်းသမီး ဖျော်ဖြေခန်း ၁၀၉
(က) အရှင်မာန်ပေါက် အလျှောက်ဘေးဖြစ် ပုံပြင်ဝတ္ထု ၁၁၂
(ခ) နှစ်ဦးစပ်ကြား ဗျာပါများ ပုံပြင်ဝတ္ထု ၁၁၈
(ဂ) ဘမိနှစ်ပါးပြော မာယာနှော ပုံပြင်ဝတ္ထု ၁၂၃
(ဃ) အချွဲလွန်ကဲ ကိုယ်ကျိုးနည်း ပုံပြင်ဝတ္ထု ၁၂၉
၉။ ဂန္ဓမာမြို့သို့ အထောက်တော် စေလွှတ်ခန်း ၁၃၇
၁၀။ ကုန္တကုမ္မာမင်းသား ဂန္ဓမာနန်းသို့ ဝင်ခန်း ၁၄၅
၁၁။ မင်းသား၊ မင်းသမီး တွေ့ဆုံခန်း ၁၅၇

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ဤရတနာကြေးမုံ ဇာတ်ဝတ္ထုကြီးကို တိုက်ဆိုင်တည်းဖြတ်ရန် ဟားနဒ်ပိဋကတ်တိုက်မှ ရသော ပေမူ၊ ထို့ပြင် ကောဇာသက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ရန်ကုန်မြို့ တိုင်းလုံးဗမ္မာစာပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေသော စာအုပ်မူ၊ ဤမူနှစ်စောင်တို့ကို ရန်ကုန်တက္ကသိုလ် ပါမောက္ခ ဆရာကြီးဦးဖေမောင်တင်က ကျွန်တော့်အား ပေးထားသည်မှာ သုံးနှစ်နီးပါးပင် ကြာခဲ့ပေပြီ။ မကျန်းမမာ ရောဂါစွဲကပ်ခြင်းကြောင့် လည်းကောင်း၊ မိမိလက်ရှိ လုပ်ကိုင်ရန် အလုပ်ဝတ္တရားများကို ဆောင်ရွက် လုပ်ကိုင်ရခြင်းကြောင့် လည်းကောင်း ယင်းသို့ စသော အကြောင်းများကြောင့် တိုက်ဆိုင်တည်းဖြတ်ခွင့် မှန်မှန်မရ၊ ကြိုးကြားရံခါမျှသာ တိုက်ဆိုင်ရသဖြင့် တစ်ရက်မှတစ်ရက်၊ တစ်လမှ တစ်လ၊ တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းပြီးလျှင် သို့စင်အခါ ကြာမြင့်လေရကား ဤရတနာကြေးမုံ ဝတ္ထုကော်ပီမှာမူ ရောင်ဝါယွင်းသုန် ခပ်မှုန်မှုန်ပင် ဖြစ်ခဲ့ရပေသည်။ သုံးနှစ်တိုင်တိုင်ကြာမှပင် တိုက်ဆိုင် တည်းဖြတ်ခြင်းအလုပ် ပြီးဆုံးခြင်းသို့ ရောက်ရပေသည်။ ဤကာလအတွင်းလည်း ပါမောက္ခ ဆရာကြီးဦးဖေမောင်တင်က အကြိမ်ကြိမ်ပင် သတိပေးနှိုးဆော်ခြင်းကို ပြုခဲ့လေသည်။ ကျွန်တော်၏ အပြစ်ပင်။

တိုက်ဆိုင်တည်းဖြတ်ခြင်းကိစ္စ အပြီးအဆုံးသို့ ရောက်ပြီးနောက် ဤစာ၏ သနစ်သနာ ကြောင်းရာအရှိ နိဒါန်းစကားကို ရေးသားရပေမည်။ သို့ရေးသားရာ၌ ဖော်ပြရမည့် အချက်များကား –

(၁) ဤစာကို ပုံနှိပ်ထုတ်ဝေရာ၌ ရည်ရွယ်ချက်၊

(၂) စာရေးသားသူ၏ အတ္ထုပ္ပတ္တိ၊

(၃) စာတွင် ပါရှိသော အကြောင်းအရာ၏ အဟုံကောက်များ ဖြစ်လေသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေရာ၌ ရည်ရွယ်ချက်

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်မှစ၍ မြန်မာပြည်တွင် အင်္ဂလိပ်စာပေမှာ တစ်စ တစ်စ တိုးတက်ထွန်းကားလာ၍ မြန်မာစာပေမှာ တစ်စ တစ်စပင် ဆုတ်ယုတ် တိမ်မြုပ်လာခဲ့လေသည်။ ခေတ်ကာလ အားလျော်စွာ များသောအားဖြင့် မြန်မာအမျိုးသားတို့သည် အင်္ဂလိပ်စာပေကို အရေးတကြီး လေ့လာသင်ကြား ကြလျက် အင်္ဂလိပ်စာအုပ်တို့ကိုသာလျှင် ဝယ်ယူဖတ်ရှုလေ့ ရှိကြလေသည်။ အင်္ဂလိပ် မြန်မာ အထက်တန်းကျောင်းများ၊ တက္ကသိုလ် ကျောင်းတိုက်များ တွင်လည်း မြန်မာစာပေတို့ကို ဝတ်ကျေဝတ်ကုံမျှသာ သင်ကြားပြသကုန်၏။ အင်္ဂလိပ်စာပေတို့ကိုမူကား အထူးအရေးယူ၍ သင်ကြားပြသကြလေသည်။

ဤသို့ မြန်မာစာကို လေ့လာအားပေးသူ နည်းပါးလာသောအခါ မိမိတို့ အမျိုးဘာသာ စာပေကျမ်းဂန်များကို ရွှေ့ရှားပပျောက် မရှိစေခြင်းငှာ တစ်ဦး တစ်ယောက်သောသူက ရှာယူစုဆောင်း၍ ကောင်းမွန်သေသပ် လျောက်ပတ် တင့်တယ်စွာ ပုံရိုက်စာအုပ် ပြုလုပ်ထုတ်ဝေပါသော်လည်း ဝယ်ယူ ဖတ်ရှုသူ နည်းပါးရုံမက ထိုက်တန်သော အဖိုးအခကိုပင် မပေးလိုကြရကား စာအုပ် ရောင်းရသောငွေနှင့် ကုန်ကျစရိတ်မှာ မကာမိအောင်ပင် ရှိရချေသည်။ ယင်းသို့ ရှိရာ နောက်နောက်သော အခါများ၌မူကား စာလုံးက ပိပြားပြား၊ စက္ကူကလည်း ရိုပါးပါး၊ အယွင်းယွင်း အမှားမှား၊ အထားအနေ မသေမသပ်၊ ဖြစ်ကတတ်ဆန်း သာလျှင် ပုံရိုက် ထုတ်ဝေလေ့ရှိကြတော့သည်။ ဤသို့ ဖြစ်ကတတ်ဆန်း ရိုက်နှိပ်ထုတ်ဝေခြင်းကြောင့်လည်း ''ရုပ်သေးမှာ အထုအလုပ် ကောင်းပါလျက် ကြိုးဆွဲညံ့၍ မခံ့မညား အညံ့စားအဖြစ်သို့ ရောက်ရသကဲ့သို့'' စာကိုယ်က ကောင်းပါလျက်လည်း စာညံ့စာဖျင်းအဖြစ်သို့ စင်စစ် ရောက်ရလေတော့သည်။

ဆိုခဲ့ပြီးသည့်အတိုင်း ရှေးဟောင်းစာကောင်းများ တိမ်မြုပ်ရှိသည်ကို လည်း ကောင်း၊ ထိုစာကောင်းများကို ပုံနှိပ်ထုတ်ဝေရာ၌ အနေအထား အမှားမှား အယွင်းယွင်း ဖြစ်သည်များကို လည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်ကြ ရကုန်သော မြန်မာအမျိုးသားအချို့နှင့် အင်္ဂလိပ်အရာရှိ အချို့တို့သည် ၎င်း အားကြီးများကို မည်သို့ တားဆီးကာကွယ်ရမည်နည်းဟု အကြံအစည် ထုတ်ကြ ကုန်၏။ ဤသို့ အကြံအစည်ထုတ်၍ များမကြာမီ အတွင်းမှာပင် မြန်မာ သုတေသနအသင်း ဟူ၍ အသင်းတစ်သင်း ထွန်းကားပေါ်ပေါက်လာလေသည်။ ဤအသင်း ထွန်းကားပေါ်ပေါက်၍လာခြင်းကား မြန်မာစာပေအတွက် အားတက် စရာကြီး တစ်ရပ် ဖြစ်ပေ၏။

အသင်း၏ ရည်ရွယ်ချက်မှာ ရှေးဟောင်းစာကောင်းများကို ကျကျနန





တည်းဖြတ်ပုံနှိပ်ရန်ဖြစ်သည့်အတိုင်း ဤအသင်းမှ ကျနစွာ ပုံနှိပ်ထုတ်ဝေသော စာအုပ်ပေါင်းမှာ ၃၀ ကျော်ပင် ရှိခဲ့လေပြီ။ ပါမောက္ခ ဆရာကြီးဦးဖေမောင်တင် ၏ ပယောဂကြောင့် ၎င်းစာကောင်းများ မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့လေကုန်ပြီ။ မြန်မာစာမှာလည်း တစ်စ တစ်စ ပြန်လည်ထွန်းကား၍ လာလေပြီ။ အထက် တန်း အင်္ဂလိပ်မြန်မာစာသင်ကျောင်းများ၊ တက္ကသိုလ်ကျောင်းတိုက်များတွင် ရှေးဟောင်း စာကောင်း စာညွှန့်များကို သင်ကြားကြရပေပြီ။ မြန်မာစာပေ ထွန်းကားသည်ကို မြင်လိုသူတိုင်း ဝမ်းမြောက်ဖွယ်ကြီးပေတည်း။

ရတနာကြေးမုံဝတ္ထုကို ကောဇာသက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ရန်ကုန် မြို့ တိုင်းလုံးဗမ္ဗူစာပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေလေရာ ၎င်းစာအုပ်ကို ယခုအခါ အလွယ်တကူ ဝယ်ယူ၍မရနိုင်။ ၎င်းမှာ လုံးလုံးပျောက်ကွယ်လုမတတ် ရှိလေ ပြီ။ ရန်ကုန်ဘုရားဈေးရှိ စာအုပ်ဆိုင်အချို့နှင့် မန္တလေးစာအုပ်ဆိုင် အချို့တွင် သာ တစ်အုပ်တလေ တွေ့မြင်ရလေတော့သည်။ တစ်အုပ်တလေ ဝယ်ယူ၍ ရသော စာအုပ်တို့မှာလည်း ဟောင်းလွန်းလှသဖြင့် စာရွက်များမှာ ဝါကြန့်ကြန့် ဖြစ်လျက် ရှိလေသည်။ ရိုက်နှိပ်ထားသော စာသားမှာလည်း ကျကျနန မရှိ လှသည့်ပြင် သတ်ညွှန်း၊ သတ်ပုံ မှားယွင်းခြင်းများနှင့်တကွ အချို့၌ ဝါကျများပင် ကျပေါက်ရှိသည်လည်း အများဖြစ်သည်။ ဤသို့ တိမ်မြုပ်ချွတ်ယွင်းနေသော စာများကို အမှန်သို့ရောက်နိုင်သမျှ ရောက်လေအောင် ဟံသာဝတီ(?)ပိဋကတ်တိုက်တွင် ရှိသော ပေမူနှင့် တိုင်ဆိုင်တည်းဖြတ် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သည်။ ။ ဤ ကား စာအုပ်ကို ထုတ်ဝေရာ၌ ရည်ရွယ်ချက်ပေတည်း။

## စာရေးသူ၏ အတ္ထုပ္ပတ္တိ

မြန်မာသုတေသနအသင်းမှ ထုတ်ဝေသော စာအုပ်တိုင်းမှာလိုလိုပင် စာရေးသူ ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ရေးသားဖော်ပြလေ့ရှိသည်။ ဤသို့ အတ္ထုပ္ပတ္တိများ ပါသည်မှာလည်း ကောင်းသောအရာပင် ဖြစ်တော့၏။ စာဖတ်သူတို့မှာ များ သောအားဖြင့် ''ပုဂ္ဂိုလ်ကို ခင်မှ တရားကို မင်သည်'' ဆိုသကဲ့သို့ စာရေးသူ ၏ အကြောင်းအရာ၊ စာရေးသူ၏ အစွမ်းသတ္တိတို့ကို ကျနစွာ သိမှ သူ ရေးသောစာကို ခင်မင်စုံမက် နှစ်သက်လေ့ရှိကြလေသည်။

ယခုအခါ ရတနာကြေးမုံဝတ္ထုကို ရေးသားသောသူ၏ အတ္ထုပ္ပတ္တိကို ရေးသားရပေမည်။ တိုင်းလုံးဗမ္ဗူတိုက်မှ ထုတ်ဝေသော စာအုပ်၏ ပဏာမ နိဒါန်းတွင် စာရေးဆရာက အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



( ...တသောင်းသော လောကဓာတ်တို့ကို အစိုးရတော်မူသော ဘဝရှင် အလောင်းမင်းတရားကြီး၏ အဂ္ဂမဟာသေနာပတိဖြစ်သော မဟာနေမျိုး သီဟသူ ဟူသော ငါးစိုဝန် မင်းတိုင်ပင် ပညာရှိ အမတ်တော်ကြီးသည် စေသုံးတော်မူရာတွင် ပွင့်လန်းရှင်မြူး ကြည်နူးသော စေတနာဖြင့် စကားပြောအစဉ်တွင် စကားယဉ်အစုထုံးပုံကို ဥဒါဟရဏ် ရွက်ဆောင်နိုင်သော ရွှေတောင်သီဟသူ အမည်ရှိသော ကျွန်ုပ်သည် ...။)

ထို နိဒါန်းစာကို ထောက်ရှုခြင်းအားဖြင့် ဤရတနာကြေးမုံဝတ္ထုကို* ရေးသားသူမှာ ရွှေတောင်သီဟသူ ဟူ၍ သိရ၏။ အဂ္ဂမဟာသေနာပတိ ဖြစ်နေသော နေမျိုးသီဟသူ တိုက်တွန်းစေခိုင်းသောကြောင့် ရေးသားရကြောင်းကိုလည်း သိရ၏။ အလောင်းမင်းတရားကြီး လက်ထက်တော်တွင် ရေးသားကြောင်းလည်း သိရ၏။ သို့သော် ၎င်းစာကို စတင်ရေးသားသော သက္ကရာဇ်၊ ၎င်းစာ ပြီးဆုံးသော သက္ကရာဇ်တို့ကိုကား ဖော်ပြထားခြင်းမရှိသောကြောင့် ၎င်းအကြောင်းအရာများကို မသိရပေ။** ဤစာနှင့်ပတ်သက်သော အကြောင်းအရာများသာ မဟုတ်၊ စာရေးသူ ရွှေတောင်သီဟသူ၏ မွေးဖွားရာအရပ်၊ ၎င်းမွေးဖွားသော ခု၊ နှစ်၊ သက္ကရာဇ်၊ ၎င်း၏မျိုးရိုးဇာတိများကိုလည်း မသိရပေ။ အစိုးရစာပုံနှိပ်တိုက်မှ ထုတ်ဝေသော မြန်မာစာညွှန့်ပေါင်းကျမ်းများတွင် ရှာဖွေပါသော်လည်း ၎င်းပုဂ္ဂိုလ်၏ အကြောင်းကို မတွေ့ရပေ။

မြန်မာစာပေတွင် အတ္ထုပ္ပတ္တိစာမျိုး နည်းပါးလှသေးသည်မှာ ဝမ်းနည်းစရာ ကောင်းသောအချက်ပင် ဖြစ်တော့သည်။ ယခုခေတ်တွင် ရှေးဟောင်းစာကောင်းများကိုသာလျှင် ရှာဖွေစုဆောင်း၍ ရ၏။ ၎င်းစာများကို ရေးသားခဲ့ကြသော စာရေးဆရာများ၏ အတ္ထုပ္ပတ္တိတို့ကိုကား ရှာ၍မရပေ။ ဤသို့ဖြစ်ရခြင်းမှာ အခြားကြောင့်မဟုတ်။ ရှေးပညာရှိ စာရေးဆရာကြီးများသည် မိမိတို့၏ အကြောင်းအရာ၊ အခြားစာရေးဆရာများ၏ အကြောင်းအရာတို့ကို ရေးသားလေ့ မရှိကြသောကြောင့် ဖြစ်လေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်ကမှ

---

* ရတနာကြေးမုံဇာတ် ဝတ္ထုအဆုံးပိုင်းကို ခံမင်းဦးသာက ဆက်လက်၍ ရေးခဲ့သည်ဟု ယူသင့်ပါသည်။ စာမျက်နှာ (၁၄၅) ၌ ကြည့်ပါလေ။

** စဉ့်ကူးမင်းလက်ထက် ၁၁၄၂ ခုတွင် ရေးခြင်းဖြစ်မည်ဟု ဆရာမြကေတုက ခန့်မှန်းကြောင်း မောင်သုတ၏ စာဆိုတော်များအတ္ထုပ္ပတ္တိ (၂၀၀၂)၊ စာ (၁၃၀) အောက်ခြေမှတ်စုတွင် ပြသည်။





ကွယ်လွန်သော စလေမြို့ ဇာတိ နာမည်ကျော် စာရေးဆရာကြီး ဦးပုည၏ အတ္ထုပ္ပတ္တိကိုပင် အသေအချာ မသိရပေ။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ မလျော့သော လုံ့လကြောင့် ဦးပုည၏ အတ္ထုပ္ပတ္တိတစ်စောင် ထွက်ပေါ်ခဲ့၏။ သို့သော် ဦးပုည၏ မွေးဖွားသက္ကရာဇ်၊ မိ၊ ဘ အမည်များကို တထစ်ကျ မဖော်ပြနိုင်ပေ။

## ရတနာကြေးမုံ ဝတ္ထုအသွား

ရတနာကြေးမုံ ဇာတ်ဝတ္ထုမှာ နန်းတွင်းဇာတ်ဝတ္ထုဟူ၍ ဆိုရသော်လည်း ရေးသားပုံမှာ အီနောင်၊ ရာမ၊ ဝိဇယကာရီ အစရှိသော နန်းတွင်းဇာတ်တော်ကြီးများနှင့်လည်း မတူ။ ဦးကြင်ဥ၊ ဦးပုညတို့ ရေးသားသော ဒေဝကုမ္မာန်ပြဇာတ်၊ ဝိဇယပြဇာတ်တို့နှင့်လည်း မတူပေ။ အီနောင် စသော နန်းတွင်းဇာတ်တော်ကြီးများတွင် ဇာတ်ချင်းများနှင့်တကွ ဇာတ်တွင် ပါဝင်သူတို့ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုကြခြင်းဖြင့်သာ ဇာတ်လမ်းကို ထင်ရှားစေလေသည်။ ၎င်းတို့ ပြောဆိုသော စကားများမှာလည်း လင်္ကာသွားဖြင့်သာ ရေးသားထားလေ့ ရှိသည်။ ဒေဝကုမ္မာန်၊ ဝိဇယပြဇာတ်များမှာ နန်းတွင်းဇာတ်တော်ကြီးများလောက် ရှည်လျားခြင်း မရှိသော်လည်း ရေးသားစီစဉ်ပုံမှာ နန်းတွင်းဇာတ်တော်ကြီးများနှင့် အလားတူပင် ဖြစ်လေသည်။

ဤရတနာကြေးမုံ ဇာတ်ဝတ္ထုကား ကာလပေါ်ဝတ္ထုများကဲ့သို့ ဝတ္ထုကြောင်း ရေးသားဖော်ပြထားလေသည်။ သို့သော် ဇာတ်တွင် ပါဝင်သူတို့ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုကြသော နေရာတွင်ကား လင်္ကာသွားဖြင့် ရေးသားဖော်ပြထားလေသည်။ ဤဇာတ်ဝတ္ထု၌ လင်္ကာနှင့်စကားပြေ နှစ်ထွေရောစပ်ထားသော အဖွဲ့မျိုးကို တွေ့မြင်ဖတ်ရှုရလေသည်။ ဝိဇယ၊ ဝဏ္ဏ အစရှိသော ဇာတ်တို့မှာ ဇာတ်ခင်းကျင်းပြသရန် ရည်ရွယ်၍ ရေးသားထားပေသည်။ ရတနာကြေးမုံ ဇာတ်ဝတ္ထုမှာကား ကပြရန် ရေးသားထားသည် မဟုတ်။ ကာလပေါ်ဝတ္ထုများကဲ့သို့ ဖတ်ရန် ရေးသားထားသော ဇာတ်ဝတ္ထု ဖြစ်လေသည်။

ရတနာကြေးမုံ ဇာတ်ဝတ္ထုတွင် ထူးခြားသောအချက်တစ်ချက်မှာ ၎င်းဇာတ်ဝတ္ထုတွင် ပါဝင်သော ဝေဠုမြတ်စွာမင်းသမီးကလေး၏ သိမ်မွေ့နူးညံ့ပုံကို အလွန်အမင်း ဖွဲ့နွဲ့ထားခြင်း ဖြစ်သည်။ ၎င်းမင်းသမီး အပေါ်တွင် –

နေပြောက်တစ်ချက် ထိုးရုံနှင့်ပင် မင်းသမီးမှာ အလွန်ညှိုးနွမ်း၍
သွားသောကြောင့် အနောတတ်အိုင်မှ ရေဖြင့် ပက်ဖျန်းပါမှ ပြန်၍
ရှင်လန်းလာကြောင်း –



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဝေဠုမြတ်စွာမင်းသမီး၏ ခန်းဆောင်ထဲတွင် လိပ်ပြာတစ်ကောင် ဝင်နေ၍ ၄င်းလိပ်ပြာ၏ အတောင်ခတ်သော လေ၏ အဟုန်ကြောင့် မင်းသမီး၏ အသားစပ်ပြီးလျှင် မခံမရပ်နိုင် ဖြစ်နေကြောင်း–

များကို ဖတ်လိုက်ရသောအခါ စာရေးဆရာ လွန်လွန်းလှသည်ဟူ၍ တွေးထင်ကောင်း တွေးထင်ကြပေလိမ့်မည်။ သို့သော် နန်းတွင်းသူတို့၏ နူးညံ့သိမ်မွေ့ဟန်ကို ပေါ်လွင်စေရန် ကြံကြံဖန်ဖန် စိတ်ကူးထုတ်၍ ဖွဲ့နွဲ့ထားသောကြောင့် စာရေးဆရာကို အပြစ်မဆိုသာချေ။ ၄င်းတို့၏ စိတ်ကူးဆန်းကြယ်ခြင်းကိုပင် ချီးမွမ်းရပေလိမ့်မည်။

ဤရတနာကြေးမုံဇာတ်ဝတ္ထုကို စီစဉ်ပုံမှာ ကုန္တကုမ္မာမင်းသားသည် ကုန္တာဝံသ၊ အီနောင် စသော မင်းသားများကဲ့သို့ ကြင်ရာများစွာမထားဘဲ ဝေဠုမြတ်စွာမင်းသမီး တစ်ပါးတည်းကိုသာ စွဲစွဲမြဲမြဲ ချစ်ခင်ကြောင်း ထင်ရှားအောင် စီစဉ်ထားသောကြောင့် ယခုခေတ်ပေါ် ဝတ္ထုမျိုးနှင့် ဆင်ဆင်တူလေသည်။ ယခုခေတ် သဘောထားမျိုးနှင့်လည်း လိုက်လျောညီညွတ်လေသည်။

အခြား နန်းတွင်းဇာတ်တော်ကြီးများနှင့် မတူသော အချက်လည်း တစ်ချက်ရှိသေး၏။ ၄င်းကား အခြားမဟုတ်၊ ပင်တိုင်ဇာတ်အတွင်းတွင် ဥပမာအဖြစ်ဖြင့် ဝတ္ထုတို၊ ဇာတ်တိုကလေးတို့ကို ညှပ်ကာ ညှပ်ကာ ထည့်သွင်းထားခြင်း ဖြစ်လေသည်။ ၄င်းဝတ္ထုတို၊ ဇာတ်တိုကလေးများမှာလည်း ဒဏ္ဍာရီကလေးများသာတည်း။ ဤဝတ္ထုတို၊ ဇာတ်တိုကလေးများ ပါဝင်နေသောကြောင့် စာဖတ်သူတို့၏ ငြီးငွေ့ခြင်းစိတ်ကို ပျောက်ကင်းစေလေသည်။ စာဖတ်သူတို့မှာ ''တစ်ချက်ခုတ် နှစ်ချက်ပြတ်'' ဆိုသော စကားကဲ့သို့ ဤတစ်ဇာတ်ကို ဖတ်ရုံမျှနှင့် ဇာတ်အဖုံဖုံ၊ ဝတ္ထုအမျိုးမျိုးတို့ကို ဖတ်ရ မှတ်သားရလေသည်။

ဤဇာတ်တွင် ဝေဠုမြတ်စွာမင်းသမီးကလေး၏ အထိန်းတော်ဖြစ်ကြသော ရာသီမုတ္တာတို့က တစ်ဖက်၊ ကုန္တကုမ္မာမင်းသား၏ လူပျိုတော်ဖြစ်ကြသော ပညာဟာသတို့က တစ်ဖက်၊ အချေအတင် ပြောဆိုကြသောစကားနှင့် အထိန်းတော်ကြီးများက ဝေဠုမြတ်စွာ မင်းသမီးကလေးအား နားချသော စကားများမှာ အလွန်ပင် မှတ်သားဖွယ် ကောင်းလေသည်။ နန်းတွင်းဇာတ်တော်ကြီးများတွင် စကားအပြောအဆိုအရာ၌ ယဉ်ကျေးသိမ်မွေ့နိုင်သမျှ ယဉ်ကျေးသိမ်မွေ့စွာ ဖွဲ့နွဲ့ရေးသားထားလေ့ ရှိလေသည်။ ဤရတနာကြေးမုံ ဇာတ်ဝတ္ထုမှာလည်း အခြားဇာတ်ဝတ္ထုများကဲ့သို့ပင် စကားအချေအတင် ပြောဆိုရာတွင် တစ်ဖက်သား မလှန်နိုင်အောင် ပြောဆိုပုံများကို ရေးသားထားသည်မှာ နောင်လာနောက်သားတို့ အတုခိုးရန် အလွန်ပင် ကောင်းလေတော့သည်။





ထို့ပြင် ကုန္တကုမ္မာမင်းသားနှင့် ဝေဠုမြတ်စွာမင်းသမီးတို့ တွေ့ဆုံကြသောအခါ ပြောဆိုသော စကားတို့မှာလည်း များစွာ ယဉ်ကျေးသိမ်မွေ့လျက် အချက်ကျလှပေသည်။ တစ်ဇာတ်လုံးတွင် မင်းသားနှင့်မင်းသမီးတို့ တစ်ပါးနှင့်တစ်ပါး အပြန်အလှန် ပြောကြားကြသော စကားတို့မှာ ဖတ်ရှုသူတို့ စိတ်နှလုံးကို ယူကျုံးသကဲ့သို့ ရှိပေသည်။ ၄င်းတို့နှစ်ပါး ပြောကြားကြသော စကားများအနက်လည်း မင်းသမီးက ပြောသောစကားမှာ ပို၍ပင် စိတ်ကို ထိခိုက်စေလေသည်။ ဤဇာတ်ဝတ္ထုကို ဖတ်ခြင်းဖြင့် စာဖတ်သူတို့မှာ အရာဌာန အားလျော်စွာ စကားအရာ၌ လိမ္မာကျွမ်းကျင်နိုင်သည့်ပြင် စာဖွဲ့နွဲ့ပုံ၊ စိတ်ကူးပုံများလည်း နည်းယူရန် ဖြစ်လေသည်။

ရတနာကြေးမုံဇာတ်၏ ပမာဏကား ကုန္တာဝံသဇာတ်လောက် မကျယ်ဝန်းပေ။ ကုန္တာဝံသ နန်းတွင်းဇာတ်တော်ကြီး၌ မင်းသား၊ မင်းသမီးတို့၏ စိတ်ထားများကို ပေါ်လွင်အောင် အထူးပင် ရေးသားထားပေသည်။ ရတနာကြေးမုံဇာတ်တွင်ကား မင်းသား၊ မင်းသမီးတို့၏ စိတ်ထားပုံများကို ဖော်ပြရေးသားခြင်း မပြု၊ စကားအပြောအဆို စိတ်ကူးစိတ်သန်းတို့ကိုသာလျှင် ဖွဲ့နွဲ့ခြင်း ပြုလေသည်။ ၄င်းနှစ်မျိုးတွင် ဇာတ်၌ ပါဝင်သူတို့၏ စိတ်ထား၊ လူတို့၏ စိတ်ထားအမျိုးမျိုးကို ပေါ်လွင်အောင် ရေးသားနိုင်ခြင်းကို အထူးပင် ချီးမွမ်းထိုက်လေသည်။

မှာထားချက် ။ ။

၁။ မှုကွဲထုတ်ရာ၌ အောက်ခြေတွင် ဟားနဒ်ပိဋကတ်တိုက်မှုကို (ဗ) အမှတ်အသား၊ တိုင်းလုံးဗမ္မာတိုက်မှ ၁၂၆၇ ခုနှစ်တွင် ထုတ်ဝေသော စာအုပ်ကို (စ) အမှတ်အသား ပြုထားပါသည်။

၂။ ၄င်း [ ] ထောင့်ကွင်းအတွင်းရှိ အပိုဒ်များမှာ မူတစ်စောင် တစ်စောင်တွင် မပါသော စာပိုဒ်များ ဖြစ်ပါသည်။

ကျွန်တော် တိုက်ဆိုင် တည်းဖြတ်သည့်အတိုင်း တိမ်းယိမ်းချွတ်ယွင်းခြင်း မရှိအောင် ဤစာအုပ်ကို ပုံရိုက်လုပ်ဆောင်ရာ၌ စောင့်ရှောက်ကူညီပေးသော ပညာရှိဆရာကြီး ဦးရိုပ်ကို ကျွန်တော် ကျေးဇူး အထူးတင်ပါကြောင်း။

မောင်စိန်တင်

၁၂၉၆–ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်။ ညောင်တုန်း။

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## စကားပလ္လင်

တက်တိုးအောင်မြေ ဗုဒ္ဓဟေတည်းဟူသော မဖွေ့ဒေသီရိ ဗောဓိမြတ်ခေါင် ရွှေညောင်တော်ပလ္လင်၌ ဥကင်ဖွင့်တော်မူ၍ လေးဆူသော သစ္စာနှင့် သမာပတ်ရှစ်ဖော်၊ ဂုဏ်တော်ကိုးလီ၊ ငါးမည်တည်းဟူသော မာရ်ကိုအောင်၍ ဘုန်းရောင်ခြောက်ပါး ထွတ်ဖျားမုနိ ပဋိသမ္ဘိဒါလေးထွေ၊ ပုဗ္ဗေနိဝါသ၊ အာသဝက္ခယ၊ ဒိဗ္ဗစက္ခုဟူ၍ သုံးဆူသောဉာဏ်တော်နှင့် ပြည့်စုံတော်မူသော နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ မှီခိုရာ မဟာအနန္တ များလှသောကျေးဇူးနှင့် ပြည့်စုံတော်မူ၍ သဗ္ဗညုရှင်တော်ဘုရားတည်းဟူသော ရတနာမြတ်၏ ဓာတ်တော် မွေတော်မုစ၍ ရွှေမှုခပါ၌ဖြင့် မိန့်မှာတော်မူသော ဓမ္မစကြာ၊ အဘိဓမ္မာ၊ သုတ်ကျမ်း[၁]၊ ပဋ္ဌာန်း၊ ဝိနည်းစသော ဋီကာကျမ်းမြတ် ပိဋကတ်ဓမ္မက္ခန္ဓာ ပေစာအပေါင်း ရှစ်သောင်းလေးထောင်တို့၏ တန်ခိုးအာနုဘော်ကို ပူဇော်ခွင့်ပန်၍ မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထ သံဃာ ကမ္မဝါဥတ်သွင်း၍၊ သန့်ရှင်းမြတ်သောဆုဖြင့်[၂] သုံးဖြာသမ္မုတိသံဃာ[၃] ရတနာမြတ်သုံးပါးတို့သည် ဘုရားပညတ်သော သာသနာတော်၌ တည်ရှာ ပြကွဒိန်[၄] သက္ကရာဇ်အနှစ်ငါးထောင်တိုင် တည်ထွန်း၍[၅] ကျွန်းဖမ္ဗူမြေ ကျက်သရေသီရိ ဘူမိနက်သန် မင်းဝံဓွေချက်ဖြစ်သော သန်လျက်ကျွန်းပြ၌ ရတနာ

---

၁။ (တက်တိုးအောင်မြေ)မှ (အဘိဓမ္မာ၊ သုတ်ကျမ်း) ထိ (ဗ) ပေမူ၌ ပျောက်နေ၏။
၂။ သန့်ရှင်းမြတ်သော - စ။
၃။ သမ္မဒယသဃာ—ဗ။
၄။ တည်ရှာပြကွဒိန်—ဗ။
၅။ အနှစ်ငါးထောင်ပတ္တွန်း၍—ဗ။

www.burmeseclassic.com



ပူရ ရွှေပြည်တော်ကြီးဝယ် ရွှေထီးကြငှန်း ရွှေနန်းရွှေဘုံရိပ်တွင် ဆယ်ကျိပ်သောမင်းတို့၏ အရှင်သာမိဗောဓိအလျှာ သမ္မာသမ္ဗုဒ္ဓအလောင်းဖြစ်သော ဘဝရှင်မင်းတရားကြီးသည် ဆယ်ပါးသောပါရမီ ရင့်တော်မူ၍ အလှူဒါန သီလကောင်းမှုကိုသာ စေတနာတော်တက်တိုးလျက်[၁] ပုထိုးစေတီ သရီရဓာတ်တို့ကို[၂] အမြတ်သဖြင့် ချီပင့်တည်ထောင်၍ ထွန်းပြောင်လင်းပသော သာသနာတော်ဝယ် မဟာမင်္ဂလာ ရွှေထီးရွှေဘုံဟု[၃] နိဗ္ဗောဓာရုံသဏ္ဍာန် ဗိမာန်ငါးထပ် ဒါယကာဖြစ်တော်မူသော လေးဆူသစ္စာ သမ္မာတော်ရင့်၍ ပွင့်တော်မူမည့် အလောင်းမင်း၏ ရွှေဖဝါးရတနာ စကြာမြတ်အစုံ ပဒုံအဖူးကို[၄] ထိပ်ဦးမပြတ် ပန်ဆင်ရကုန်သော[၅] ရွှေပြည်တော်သူ ရွှေပြည်တော်သား အပေါင်းတို့မှာ ပဒေသာပင် ရွှေစင်ရွှေမိုးတို့ဖြင့်[၆] ထစ်ကြိုးသွန်းရွာသကဲ့သို့ မြတ်စွာသော ရွှေဘုန်းတော် ကယ်မ၍[၇] ဆန်းလှထူးပြားလှသော ဝတ်စားတန်ဆာတို့ကို ဆင်ယင်၍[၈] ရယ်ရွှင်ရယ်ဟ ပျော်ပါးရမည် အမှုမှ တစ်ပါးသည်[၉] အခြားအခင်းမရှိပြီ[၁၀]။ ဇမ္ဗူဒီပါ[၁၁] တစ်ကျွန်းလုံး၏ အရှင်ဖြစ်၍ စစ်မက်မုဒိမ်းကင်းငြိမ်းလျက် ခပ်သိမ်းသော လူဆိုးသူခိုး ဓားပြ မြုပ်တိမ်၍ စိုးရိမ်ကြောင့်ကြရန် မရှိ၊ မဏိဇောတရသ်[၁၂] ပတ္တမြားရတနာကဲ့သို့ လိုဖွယ်ရာကို ရစေတတ်သော[၁၃] ရွှေပြည်တော်မြတ်သည် မိုးနတ်ရိပ်မြုံ[၁၄] ခြောက်ဘုံကာမာ[၁၅] မယွင်းအောင် ပွင့်လင်းမည့်ပြင်[၁၆] စည်ပင်သာယာလှ၍ စကြာရွှေလုံ၊ မြင်းပုံ၊ ဆင်ဖြူရတော်မူလျက်[၁၇] ဇမ္ဗူရေမြေ၌ ရှိနေသမျှသော သတ္တဝါ[၁၈] အပေါင်းတို့နှင့် တစ်သောင်းသော လောကဓာတ်တို့ကို အစိုးရတော်မူသော ဘဝရှင်[၁၉] အလောင်းမင်းတရားကြီးဘုရား၏ အဂ္ဂမဟာသေနာပတိဖြစ်သော ''မဟာနေမျိုး သီဟသူ'' ဟူသော ငါးစို့ဝန်[၂၀] မင်းတိုင်ပင် ပညာရှိအမတ်တော်ကြီးသည်[၂၁]

---

၁။ စေတနာတက်တိုးလျက်–စ။
၂။ သီရိဓာတ်တို့ကို–ဗ။
၃။ မဟာမင်္ဂလာရွှေဘုံဟု–ဗ။
၄။ မုဒုံအဖူးကို–စ။
၅။ ပန်ဆင်ရကုန်သော–စ။
၆။ ပဒေသာပင် ရွှေစင်ငွေနိုးတို့ဖြင့်–ဗ။
၇။ မြတ်စွာသော ရွှေဘုံတောင်လယ်မ၌–စ။
၈။ ဆန်းလှထူးပြားသော ဝတ ၊တန်ဆာ တို့ကို ဆင်ယဉ်လျက်–ဗ။
၉။ ပျော်ပါးရန်ရမှာ အမှုမှတစ်ပါးသည်–ဗ။
၁၀။ အများ အမှုအခင်း မရှိပြီ–ဗ။
၁၁။ ဇမ္ဗူဒီဝန်း–ဗ။
၁၂။ မဏိဇောတရသ–ဗ။
၁၃။ လိုဖွယ်ရာရစေတတ်သော–ဗ။
၁၄။ မိုးနတ်ရိပ်ဖြုံ–စ။
၁၅။ ခြောက်ဆူကာမာ–စ။
၁၆။ ပွင့်လင်းမျှည်ဖြင့်–ဗ။
၁၇။ စီးတော်မူ၍–စ။
၁၈။ သမျှသတ္တဝါ–စ။
၁၉။ အရှင်–ဗ။
၂၀။ ငါးစိုးဝန်–ဗ။
၂၁။ အမတ်တော်ကြီးသည်–ဗ။





စေသုံးတော်မူရာတွင်[၁] ပွင့်လန်းရွှင်မြူး[၂] ကြည်နူးသောစေတနာဖြင့် စကားပြေအစဉ်တွင်[၃] စကားယဉ်အစုံ[၄] ထုံးပုံကို ဥဒါဟရဏ်ရွက်ဆောင်နိုင်သော ''ရွှေတောင်သီဟသူ[၅]'' အမည်ရှိသော ကျွန်ုပ်သည် ဉာဏ်ကြုတ်မှ ဖွင့်လှစ်၍ အနှစ်သာရရှိသော သုတိသြဇာ[၆] မင်္ဂလာနိဒါန်း မော်ကွန်းယဉ်နှ ဝတ္ထုစာကျော်ကို စိတ်ယဉ် နားယဉ်တို့ မှတ်သားနာပျော်ရာဖြစ်အောင်[၇] စီရင်ပေအံ့သတည်း။

♦

## ၁။ ကုန္တကုမ္ဘမင်းသား ဖွားမြင်ခန်း

ဖယတု[၁] – လွန်လေပြီးသောအခါ ဇမ္ဗူဒီပါကျွန်းထက်၌ ရမ္မဏီယအမည်ရှိသော ပြည်ကြီးသည် အဝန်းသုံးဆယ့်ခြောက်ယူဇနာ၊ အချင်း ဆယ့်နှစ်ယူဇနာရှိ၏။ မြို့၏ အင်္ဂါခုနစ်ပါးနှင့်တကွ လေးပါးသော ရေစာတို့နှင့်လည်း ပြည့်စုံ၏။ ရတနာမျိုးအပေါင်းသည်လည်း အလွန်ပေါများသည်ဖြစ်၍ ရဟန်း၊ ရသေ့၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်တို့သည် ဆင်းရဲသားတို့နှင့် မြို့တွင်း ကိုးကုဋေကိုးသန်း၊ မြို့ပြင် ကိုးကုဋေကိုးသန်းမျှ[၂] ရှိသော အိမ်ခြေသည် ကြက်ပျံမကျ စည်ပင်၏။ ခပ်သိမ်းသော မြို့၊ ရွာ၊ ကျေးလက်၊ တိုင်း၊ ခရိုင်တို့မှာ[၁၀] မြို့ကြီး ကိုးထောင်ကိုးရာ[၁၁]၊ မြို့ငယ်ကိုးထောင့်ကိုးရာကိုးဆယ်[၁၂]၊ ရွာပေါင်း အသင်္ချေတို့သည်လည်း စည်ကား တည်ထောင်၍[၁၃] ရေကြောင်း၊ ကြည်းကြောင်း ရောင်းဝယ် ဖောက်ကား အလွန်ပေါများ နှပျိုသာယာ၏။ သေနာပတိ အမတ်တစ်ထောင်နှင့် ဇမ္ဗူဒီပါကျွန်းထက်ဝယ် တစ်ရာသော မင်းတို့ကို ပျပ်ဝပ်စေလျက် ရမ္မဏီယပြည်ကြီး၌ ရွှေထီး ရွှေနန်း စိုးစံတော်မူသော[၁၄] မဟာရာဇိန္ဒမင်းကြီးသည်လည်း ဆယ်မည်သော မင်းကျင့်တရား၊ လေးပါးသော သင်္ဂဟ၊ ရာဇဂုဏ်ခြောက်မည်[၁၅] တို့ဖြင့် ပြည့်စုံ

---

၁။ စေသုံးတော်မူရ–ဗ။
၂။ ပွင့်လစ်ရွှင်မြူး–ဗ။
၃။ စကားပြောအစဉ်တွင်–စ။
၄။ စကားယဉ်အစု–စ။
၅။ ရွှေတောင်သီလ–ဗ။
၆။ သုတသြဇာ–စ။
၇။ မှတ်သားကြားနာ ပျော်ရာ ဖြစ်အောင်–ဗ။
၈။ စာအုပ်မူ၌ မပါ။
၉။ ကိုးသန်းရှိသော–ဗ။
၁၀။ ကျေးလက်ခရိုင်တို့မှ–ဗ။
၁၁။ မြို့ကြီးကိုးထောင်ကိုးရာကိုးဆယ်–စ။
၁၂။ (စ)မူ၌ မပါ။
၁၃။ စည်ကာစည်ကာ တည်ထောင်၍–ဗ။
၁၄။ စိုးစံသော–ဗ။
၁၅။ ရာဇဂုဏ် ရှမ်းမည်–ဗ။



www.burmeseclassic.com

www.burmeseclassic.com



တော်မူ၏။ အတုလဒေဝီ ဟူ၍ ရွှေဘွဲ့တော် ရှိတော်မူသော ရှင်မိဖုရားလည်း မြတ်သောသီလ၊ စာဂနှင့် တည်ကြည်တော်မူ၍[၁] ငါးမည်သော အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံ၏။

သိကြားနတ်မင်းနှင့် သုဇာတာဒေဝီတို့ကဲ့သို့ မဟာရတနာ ဥကာသ်[၂] ဖွင့်၍ ရာဇပလ္လင်ထက် ထီးဖြူရှစ်စင်းရိပ်ဝယ်[၃] ဘိသိက်[၄] သွန်းမြှောက်လျက် ရွှေဝန်းအခြံအရံ[၅] နှင့်တကွ စံပယ်၍ ကြယ်များဘောင်၌[၆] ထွန်းပသော နေလပမာ[၇] မေတ္တာရွှေကြိုးဆက်၍ အသက်ကို နှံတော်မူရာတွင် ရတနာသမီးတော်မြတ် တစ်ပါး ဖွားမြင်၏။ အလွန်အကျူး ချစ်ခင်လှသောကြောင့် နို့ထိန်း၊ အချီအယ[၈] ရွှေဖော်တစ်ထောင်နှင့်ထား၏။ ငယ်သည့်ကပင်[၉] သီတင်းသီလနှင့်[၁၀] ရှိသေလေး မြတ်စွာ ကျင့်ဆောင်သောကြောင့် သီလစန္ဒာဟူသော အမည်တွင်စေ၏။ တပင် တိုင်နန်းထက်ဝယ် အသက်တစ်ဆယ်ကျော်လေသော် ရွှေဖော်တစ်စုတို့က ပျော် ရွှင်မှု အခြင်းအရာတို့ဖြင့်[၁၁] တေး၊ တျာ၊ အဲ၊ အန် သီကျူးကြကုန်၏။ မင်းသမီး ကြားသိတော်မူလျှင်[၁၂] 'အဘယ်ကဲ့သို့သော အမှုအရာ[၁၃] တို့ကြောင့် ဉာဏ်မြော်မရှိ သည် မည်ရာကျအောင်[၁၄] ရွှင်ပမြူးထူးကြသနည်း' ဟု မေး၏[၁၅]။ အပျိုတော်တို့ ကလည်း 'အရှင့်သမီး၊ လူတို့စံပျော်ရာ မွေ့တာဖြစ်သော[၁၆] စည်းစိမ်အကြွမ်ကြွမ် တမ်းရမ်းလျက် ချစ်ကျွမ်းရွှင်ဖော်နှင့် ပျော်ပါးကာ မနေသာ[၁၇] သည် ဖြစ်၍ စိတ်ပြေလက်ပြေ သီ၊ က၊ ရွှင်မြူးကြပါသည်' ဟု လျှောက်လေသော်[၁၈] မင်းသမီးလည်း အကြောင်းအရာကို နားမလည်တော့မူ၍ 'လူတို့မွေ့တာ ကျင့် နည်းမှာ[၁၉] အောက်မေ့တသစရာ အဘယ်မှာရှိသနည်း' ဟု[၂၀] မေးတော်မူပြန် သော် အပျိုတော်တို့က[၂၁] အဖော်ဖြစ်စေချင်သော စိတ်ဖြင့် 'လူတို့ဘောင်ဝယ် မောင်နှံကြင်ဖော်[၂၂] နှင့် မွေ့လျော်သောစည်းစိမ် တင်းတိမ်နိုင်သည် မရှိ၍

၁။ တည်ကြည်၍—ဗ။
၂။ ဥကင်ဖွင့်၍—ဗ။
၃။ ထီးဖြူရိပ်ဝယ်—ဗ။
၄။ အဘိသိက်—စ။
၅။ ရွှေဝန်းခြံရံ—ဗ။
၆။ ကြယ်များအပေါင်း၌—ဗ။
၇။ ထွန်းပသောပမာ—ဗ။
၈။ နို့ထိန်းအခြံအရံ—စ။
၉။ ငယ်ကတည်းကပင်—စ။
၁၀။ ရတနာသုံးပါးထံ သီလသီတင်း—ဗ။
၁၁။ ပျော်ရွှင်မြူးထူးသောအခြင်းအရာတို့ဖြင့်—စ။
၁၂။ ကြားသိလေလျှင်—ဗ။
၁၃။ အမှုအရာ—စ။
၁၄။ ဉာဏ်မြော်မရှိ မယဉ်ကျေးအောင်—စ။
၁၅။ သီလစန္ဒာမင်းသမီးကမေးတော်မူ၏—စ။
၁၆။ စံပျော်ရာဖြစ်သော—စ။
၁၇။ မပျော်ဘဲမနေသာသည်ဖြစ်၍—ဗ။
၁၈။ လျှောက်လျှင်—စ။
၁၉။ ကျင့်နည်းနာမှ—စ။
၂၀။ မှ ရှိအံ့နည်းဟု—စ။
၂၁။ အပျိုတော်ကလေးတို့က—စ။
၂၂။ မောင့်နှံချစ်ဘော်—ဗ။





ပီတိပြန့်ပြောစရာ ရှိပါတော့သည်' ဟု စေ့စုံစေ့ငှ အမှုရှိသမျှကို မိန်းမအချင်းချင်း နားသွင်းပြသ၍ လျှောက်လေသော် မင်းသမီးလည်း 'ထိုသို့သော အမှုအရာသည် ရွံစရာ၊ ကြောက်စရာ၊ ရှက်စရာ[၁] အတိုင်းမသိသည်ကို ပီတိပြန့်ပြော၍[၂] စိတ် စောစရာ မရှိပါတကား' ဟု ဆို၏။ အပျိုတော်တို့ကလည်း 'အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံဖြင့် မကြုံမယှဉ်[၃] ဖူး၍သာ စေတနာ မရှိသေးသည်။ ပီတိ၊ ကျက်သရေ ပွား၍ သား၊ မြေး ဖြစ်ထွန်း[၄] သည်တကား။ ရွံဖွယ်ကြောက်ဖွယ်ရှိက ပကတိ အစဉ်ကပင် မယှဉ်မမှီဝဲ၍ ဖက်တွဲ မောင်နှံ ပျော်စံအတူနေခြင်း ရှိ[၅]တော့အံ့နည်း။ အတူမပျော်ပါးလျှင် သားသမီးမရ၍ လူစဉ်လူဆက် ပျောက်ပလေသနှင့် အရှင့် သမီး[၆] တို့၊ ကျွန်မတို့သည် ဘယ်သို့စင်[၇] ဖြစ်လာတော့အံ့နည်း' ဟု သွယ်သွယ် ငင်ငင် လျှောက်တင်ကြကုန်သော် သီလစန္ဒာမင်းသမီးလည်း 'ထိုကဲ့သို့သော ဝါဒီကို မမှီဝဲလျှင် သားသမီးကို အသက်အရွယ်ကြီးသဖြင့် မရပြီလော' ဟု မေးတော်မူ၏။ အပျိုတော်တို့က 'အိမ်ထောင်ပျော်ပါး နှစ်ပါးမွေ့လျော်[၈] နှစ်ဖော် မနွဲ့ မယှဉ်သည်ကို အလိုလို အလကား သမီး၊ သား၊ မြေး မွေးမြင်သည် မဟုတ်ချေ။ မိန်းမမြူကဲ့သို့ သားမဲ့မြေးမဲ့ ချို့တဲ့သောအင် ပြစ်တင်ကဲ့ရဲ့စရာသာ ရှိပါတော့သည်' ဟု လျှောက်ပြန်သော်[၉] မင်းသမီးက 'ရတနာသုံးပါးကို ပူဇော် သက္ကာရပြုလျက်[၁၀] သီလသီတင်း ဆောက်တည်ပါသဖြင့် လူတကာနှင့်တူ၍ လူချင်းအရည်မျှအောင် သမီး၊ သားကို ရပါလျှင်လည်း မြတ်သောကျေးဇူး ထူးသော ဂုဏ်တော်ယှဉ်၍ လူစဉ်[၁၁] မီရတော့မည်။ ဥပုသ်၊ သီလ၊ စာဂ မြတ်ပါလျက် နတ်သမာဓိတို့ မကြည့်မရှုနေခဲ့၍ ချို့တဲ့သောကြောင့် ကဲ့ရဲ့ ပြစ်တင်လျက် လူဘော်မဝင် ရှိသော်လည်း သို့စင်သော ရှက်ကြောက်ခြင်းကို စိတ်တင်း၍ မရဲနိုင်ပါပြီ[၁၂]။ ဂမ္ဘီသာရ သီလသီတင်းကိုသာ ကိုးကွယ်ရာအမြတ်' ဟု ဆိုပြီးသော် ထိုသည့်နေ့ကစ၍ ကျေးဇူးတော်ဂုဏ်တော်တို့ကို အားထုတ် လျက် ဥပုသ်ကသိုဏ်းကို နေ့တိုင်းထက်တိုး၍ စောင့်သုံးတော်မူသတည်း။

၁။ အမှုအရာသည် ရှက်စရာ ကြောက် စရာ—စ။
၂။ အတိုင်းမသိနှင့် ကိုယ်ပီတိပြန့်ပြော ၍—ဗ။
၃။ မကြုံမရှုင်—ဗ။
၄။ သားမြေးထွန်းသည်—စ။
၅။ နေကြရိုးကြ—ဗ။
၆။ အရှင်သမီး—စ။
၇။ ဘယ်သို့ ဆင့်ပွား—ဗ။
၈။ အိမ်ထောင်ပျော်ပါး ငါးပါးအာရုံ ကာမ ဂုဏ် မွေ့လျော်၍—စ။
၉။ ဘုရားဟု လျှောက်ကြားသံတော်ဦး တင်ကြပြန်သော်—စ။
၁၀။ ပူဇော်သလျက်—ဗ။
၁၁။ ဂုဏ်တော်ရှင်ပြု၍ လူစင်မှီ—စ။
၁၂။ မရနိုင်ပါပြီ—စ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခမည်းတော် မဟာရာဇိန္ဒမင်းကြီးလည်း သားရင်း လည်းကောင်း၊ ညီရင်း လည်းကောင်း နန်းလောင်းနန်းလျာ[၁] မရှိ၍ မိဖုရားကြီး အတုလဒေဝီနှင့် တိုင်ပင်တော်မူ၏။ 'ကျွန်ုပ်တို့ အမျိုးအနွယ်သည်ကား မဟာသမ္မတမင်းမှစ၍ အဘနတ်ရွာစံလျှင် သားအရိုက်အရာကို ဆက်ခံမင်းပြုသည်၊ မည်သည့်လက်ထက်တွင်မှ[၂] မပျက်ယိုမယွင်းပေသေး။ ယခုမူကား သားရင်းလည်းကောင်း၊ ညီရင်းလည်းကောင်း သိမ်းပိုက်ဆက်ခံ၍ မင်းပြုသူမရှိလျှင် အမျိုးအနွယ် ပြတ်လေတော့မည်ဖြစ်သောကြောင့် ရင်သွေးတော်ရတနာ မူရာတင့်တယ်ခြင်း[၃] ရှိသော သမီးတော် သီလစန္ဒာကို ဆွေတော်မျိုးတော်ဘောင်၌[၄] ကြည့်ရှု၍ တော်သင့်သသူနှင့် ထိမ်းမြားမှ ကိုယ်စားဆက်ခံမည်သူ ရှိတော့မည်' ဟု တိုင်ပင်ကြပြီးသော် သမီးတော်စံရာ တပင်တိုင်နန်းသို့ နှစ်ပါးအတူ ကြွတော်မူလာ၍ ထိုအခြင်းအရာကို[၅] သာယာသောသြဇာဖြင့် ဖျောင်းဖျနားသွင်းကြလေသော် သမီးတော်မြတ်မှာလည်း အပျိုတော်တို့ စုံစီနဖာပြုသ၍ ကိစ္စအမှုကို စေ့ငုအောင် ပြောကတည်းကပင် အသည်းအသန်ရှက်ကြောက်၍ 'မအောက်မေ့ရာသည့် အကျင့်တကား' ဟု ရှစ်ပါးသော ဥပုသ်ကို အားထုတ်၍ စောင့်ထိန်းခိုက်တွင် တိုက်ရိုက် ဆိုသော စကားကို ကြားရသည်ရှိသော် 'ဘုန်းတော်ကြီးလှသော အရှင်နှစ်ပါးက တထိန်ထိန် တညီးညီးနှင့် ကြီးလှစွာသော မီးပုံကို ဆင်းရမည်[၆] မိန့်တော်မူခဲ့လျှင် အသက်ကိုစွန့်၍ ဗျာဒိတ်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ပါတော့မည်[၇]။ သို့စင်သော ဒုစရိုက်ကို မကြိုက်မချစ်နိုင်ပါ။ အောက်မေ့တိုင်း ကြောက်၍ ခလျှောက်သော အချက်ကို ရှက်လှသော အာရုံဖြင့် တုန်တုန်ယင်ယင် ရှိပါသည်။ ကွေ့ကွေ့လည်လည် လျှောက်ထားသော စကားမှာ အရှင်နှစ်ပါး၏ ရွှေခွန်းတော်ရိပ်[၈] ကို ထိပ်ပေါ်မတင်လို ယွင်းယိုစိမ့်သောငှာ အာဏာတော်ကို ငြင်းဆန်သည်–ဟူ၍ နှလုံးတော် အယူမရှိဘဲ ပကတိ ချမ်းသာပေးပါမည့် အခွင့်ကိုသာ သနားတော်ခံရပါသည်[၉] ဟူ၍ လျှောက်လေလျှင် ခမည်းတော် မယ်တော်တို့သည်လည်း မည်ကဲ့သို့မျှ မိန့်တော်မမူရက်ပြီ[၁၀]။ သမီးတော် လျှောက်ထားသောစကားကို သနားဆွတ်လွတ် ကြည်ညွတ်သော

၁။ နန်းရုံနန်းလျာ–ဟ။
၂။ လက်ထက်မှ–ဟ။
၃။ တင့်ကဲခြင်း–စ။
၄။ ဆွေတော်မျိုးတော်ပေါင်း၌–စ။
၅။ ထိုသို့သော အခြင်းအရာကို–စ။
၆။ မီးပုံကို ဆင်ယင်တော်မူရမည်–စ။
၇။ ဦးထိပ်တော်မြတ် ဆင်ရွက်ပါတော့မည်–စ။
၈။ ရွှေခွန်းတော်မြတ်–စ။
၉။ သနားတော်မူပါ ဟူ၍–စ။
၁၀။ ခမည်းတော် မယ်တော်တို့ မိန့်တော်မူကြပြီးလျှင် – စ။





စေတနာနှင့် မျက်နှာနွမ်းလျနေသည်ကို 'စိတ်ငယ်လေတော့မည်တကား' ဟု တစ်ပါးစကားကို စန၍[၁] ရယ်ဟာရယ်မော[၂] ပြောတော်မူပြီးသော် ခြွေရံတို့၌သာ[၃] 'ဓမ္မတာ အကျင့်ကို နှစ်သက်အောင် စောင်စောင်မမ ဖျောင်းဖျ နားသွင်းကြလေကုန်' ဟု မှာတော်မူပြီးလျှင် နန်းတော်သို့ ရွှေစကြာဖြန့်ချီတော်မူလေ၏[၄]။

အပျိုတော်၊ အထိန်း အပေါင်းတို့လည်း မင်းသမီး၏ စိတ်နှလုံးကို ရွှင်ပျော်ဖွယ်သော အမူဖြင့် ရတု ရကန်၊ အဲ အန် စောင်းငြင်း၊ တေးချင်းချိုသာ၊ လင်္ကာ လူးတားတို့ကို ဆန်းပြားသာယာအောင် ကဗျာစီကုံးဖွဲ့၍ နွဲ့နွဲ့လျလျ သီ၊ က၊ မှုတ်၊ တီးလျက် အသီးအသီးပင် လှည့်ပတ်ဖြားယောင်းပါသော်လည်း သောတာပတ္တိ ပဋိသမ္ဘိဒါနှင့် သကဒါဂါမိတည်သော သူတို့ကဲ့သို့ အယူတော် မရှိလေသော် အထိန်းတော်ကြီး ဂမ္ဘီသာရလည်း အထူးထူးသော ပုံစံနည်းနာ[၅] တို့ဖြင့် သံသရာရေး၊ လောကရေးတို့ကို ပြောပလျက် သဘောရှေ့နောက် မြော်ထောက်ကြည့်ရှု၍ စကားစုအလှည့်သင့်ရာတွင် 'အရှင်မင်းသမီးသည် ရုပ်ရည်ဆင်းဝါနှင့် ဖွယ်ရာနုယဉ်သည်ဖြစ်၍ တစ်ခုသောကိစ္စမှ အပြစ်တင်စရာ မရှိအောင် သတိ၊ သမ္ပဇဉ်နှင့် ပညာတော်ပြည့်စုံသည် ဖြစ်ပါလျက် ခမည်းတော်၊ မယ်တော်တို့က နန်းလျာနန်းဆက်ပြတ်[၆] မည်ကြောင့် တောင်းပန်တော်မူသည်ကို အာဏာဆန်တော်မူသည်မှာ အယူတော်လွဲမည် ထင်ပါသည်။ ရှေးမင်းသမီး စိုးသမီး ဆိုသမျှလည်း မိဘတို့ စကားကို ပယ်ရှားငြင်းဆန်သည် မဟုတ်ချေ။ မိ၊ ဘတို့ အာဏာကို[၇] မတည်သောသူကို ပစ္စုပ္ပန်မျက်မှောက်တွင်လည်း ပြစ်တင်ကဲ့ရဲ့ကြသည်သာ။ သံသရာရေး၌လည်း အကျိုးတော်တန်၍[၈] တိရစ္ဆာန်ဖြစ်ဖူးကြောင်းကို ထုံးဟောင်းပုံပြင် ရှိပါသည်' ဟု လျှောက်လျှင် 'ဘယ်သူသည်[၉] တိရစ္ဆာန် ဖြစ်ဖူးသနည်း' ဟု မေးတော်မူသည်။

အထိန်းတော် ဂမ္ဘီသာရက 'ရှေးသောအခါ ဇေယျာနဂရပြည်ကို အစိုးရသော ရာဇာပဝရမင်းကြီးနှင့် ဝသန္တမဟေသီ မိဖုရားကြီးသည် နှစ်ပါးမွေ့လျော်စံပျော်ကြသဖြင့် ကေသာရီမည်သော သမီးတော်တစ်ပါး ဖွားမြင်၏။ ငယ်စဉ်ကပင်[၁၀] ခြွေရံနှင့် ဗိမာန်ဆောက်၍ ထားသောကြောင့် ယောက်ျား၏ အကြောင်း

၁။ တစ်ပါးက စကား စန၍–စ။
၂။ ရယ်ရယ်ဟာဟ–ဟ။
၃။ အခြွေအရံတို့၌သာ–စ။
၄။ ရွှေစက်ဖြန့်လေ၏။
၅။ အထူးထူးသော ပုံနည်းနာ–စ။
၆။ နန်းဆက်ပျက်–ဟ။
၇။ မိဘစကား အာဏာကိုမူ–ဟ။
၈။ အကျိုးညှံ့ဖျင်း၍–ဟ။
၉။ ဘယ်တိရစ္ဆာန်–ဟ။
၁၀။ ငယ်ငယ်ကပင်–ဟ။



www.burmeseclassic.com

www.burmeseclassic.com



ခြင်းရာကို[၁] သတင်းစကား နားမျှလေသံ မပျံ့ပွားလေ။ ရွှေလိုဦး၍ ပြန့်ပြူးယုယကြကုန်၏။ ထိုမင်းတွင်လည်း ညီတော်လည်းကောင်း၊ သားတော်လည်းကောင်း နန်းလောင်းနန်းလျာမရှိ၍ ပြည်သူပြည်သားတို့က[၂] ''အရှင်မင်းကြီး မရှိခဲ့သော် တိုင်းပြည်ထီးနန်းကို[၃] အချင်းချင်းလုယက်ကြ၍ စစ်မက်ကြီးစွာဖြစ်လျှင် ပြည်သူပြည်သားတို့ ဆင်းရဲပျက်စီးခြင်းသို့ ရောက်တော့မည်။ ယခုက နန်းဆက်နန်းလျာ ထားတော်မူပါ'' ဟု တောင်းပန်ကြလေသော်[၄] ရာဇာပဝရမင်းကြီးလည်း သမီးတော် ကေသာရီကို သေနင်္ဂမည်သော အမတ်ကြီးသား သုမနနှင့် ဆောက်နှင်း၍ အိမ်ရှေ့ပေးမည်အကြောင်းကို[၅] သမီးတော်အား စုံစမ်းသော် ထိတ်လန့် ကြောက်ရွံ့၍ သွက်သွက်ခါခါ စေတနာမရှိသော စကားဖြင့် ပယ်ရှားငြင်းဆန်လေ၏။ ခမည်းတော်မင်းကြီးလည်း သမီးဖြစ်သောကြောင့် မည်ကဲ့သို့ မမိန့်မဆိုပြီ။ အမတ်ကြီးသား သုမနကိုသာ ''တပင်တိုင်ပြာသာဒ်နန်းသို့တက်၍ လှည့်ပတ်ချေ'' စေတော်မူ၏။ သုမနလည်း ညဉ့်အခါ ပြာသာဒ်သို့ တက်လေ၍ မင်းသမီးနှင့် စက်ရာသလွန်ပေါ်ဝယ် နှစ်ယောက်တည်းတွေ့သော် ကေသာရီ မင်းသမီးက ''အသူနည်း'' ဟု မေးတော်မူ၏။ ''အမတ်ကြီးသား သုမန ဖြစ်သည်၊ ခမည်းတော်ဘုရားက မင်းသမီးကို လှည့်ပတ်ချေ စေ၍ ရောက်ပါသည်'' ဟု ပြောလျှင် ''အမတ်ကြီးသားကိုပင်[၆] ငါ့ထက် ခမည်းတော်ချစ်၍ ကစိန်းကဝါး တစ်ယောက်တည်း ရှိအောင် ပြုလေသည်'' ဟု[၇] ကြေကြေကွဲကွဲ ဝမ်းနည်း ရှက်ကြောက်ခြင်းနှင့် ဆေးစား၍ သေလေ၏။ ထိုသို့ သေရာတွင် သင်းခွေချပ် ဟူသော တိရစ္ဆာန်ဖြစ်၍ ဇာတ်မြစ်ကို သိမည်ရှက်သောကြောင့်[၈] မျက်စိမျက်နှာကို မထင်မပြဝံ့၊ ဝှက်ခွေနေလေ၏။

'ထိုကေသာရီမင်းသမီးသည် အသက်ကိုစွန့်၍ပင် မိဘစကားကို[၉] အာဏာဆန်သည်ဟု ပစ္စုပ္ပန်တွင်လည်း ကဲ့ရဲ့ခံရ၏။ သံသရာရေးမှာလည်း ယုတ်မာသော တိရစ္ဆာန်ဖြစ်လေ၏။ ထိုကေသာရီကဲ့သို့ ခမည်းတော်ဘုရားက အကြံတော်ပေါက်၍ တစ်ယောက်ယောက်ကို လှည့်ပတ်ချေ–စေခဲ့လျှင် မကျင့်ရာ မကျင့်အပ်သော အကျင့်ကိုကျင့်၍ မသင့်သောအမှု[၁၀] ဖြင့် အယူတော်လွဲမည်ကို

၁။ အကြောင်းအခြင်းကို–ဗ။

၂။ ပြည်သူတို့က–ဗ။

၃။ ပြည်နန်းကို–ဗ။

၄။ တောင်းပန်ကြလေသောကြောင့်–စ။

၅။ သုမနနှင့်အိမ်ရှေ့ပေးမည်အကြောင်းကို–ဗ။

၆။ အမတ်ကိုပင်–ဗ။

၇။ ပြောလေသည်ဟု–စ။

၈။ ကိုယ်အဖြစ်ကို သိမည်စိုး၍–စ။

၉။ မိဘစကား၌–စ။

၁၀။ မသင့်သောအမှု–ဗ။





ကျွန်မများတစ်စု သေလုအောင် ကြောက်ကြသည်' ဟု[၁] အထူးထူးသော ပုံစံနည်းနာတို့ဖြင့် လျှောက်လေသော် သီလစန္ဒာမင်းသမီးလည်း 'ရတနာသုံးပါး ဂုဏ်တော်၌ ယုံကြည်သောသူကို အယူလွဲနိုင်တော့ရိုးလား' ဟု မိန့်တော်မူပြီးလျှင် ''ခမည်းတော်၊ မယ်တော်တို့သည် အထွေအထူး ယောက်ျားများကို လွှတ်၍ လှည့်ပတ်ဖြားယောင်းစိမ့်မည်၊ ကြံဟန်လက္ခဏာရှိသည်'' ဟု အောက်မေ့လေသတည်း။

တစ်ရံရောအခါ မင်းသမီးသီလစန္ဒာသည် တပင်တိုင်နန်းမှာစံ၍[၂] ငြီးငွေ့သော အယောင်ဆောင်လျက် သီရိဟေမာ ဥယျာဉ်တော်သို့ ခြွေရံ တစ်ထောင်နှင့် တကွ ခမည်းတော်၊ မယ်တော်တို့မှာ အခွင့်ပန်တောင်းပြီးလျှင် ရထားစီး၍ ထွက်တော်မူလေ၏။

သီတာဒကမည်သော ရေကန်ခါးပန်း၌ စံနန်းတော်သို့ ရောက်သော် တစ်နေ့မပြတ် ရှစ်မျက်နှာအရပ်မှ လာကုန်သော ရဟန်း၊ ရသေ့၊ ပုဏ္ဏား၊ အလှူခံတို့ကို သစ်သီး၊ ပန်းအလှူတို့ဖြင့် ဆွမ်းမပြတ်ကျွေး၍ မြတ်သောသီလကို စောင့်သုံးတော်မူရာတွင် တစ်နေ့သ၌ နိကုမ္ဘမည်သော ရသေ့သည် ကောင်းကင် ခရီးသို့ ဈာန်ဖြင့် ဟေဝန္တာသခ်မ်းသို့[၃] တဲနန်းတော်အပေါ်မှ ကြွလာတော်မူသည်ကို မြင်လေသော် 'ဤသခင်ကား တန်ခိုးအဘိညာဉ် ဈာန်သမာပတ်နှင့်ပြည့်စုံ၏။ ပူဇော်သက္ကာရပြု၍[၄] လှူဒါန်းရသော် ကောင်းမှုအကျိုးကြီး၍ လိုအပ်သောဆုသည် ယခုချက်ချင်း အပြီးသို့ရောက်တော့မည်။ အပျိုတော်အပေါင်းကို[၅] ပင့်လျှောက်ကြပါကုန်' ဟု ခုန်ခုန်မင်မင် ပြုလေ၏[၆]။ ခြွေရံအပေါင်းတို့လည်း အလျင်သွား၍ 'ကောင်းကင်ယံသို့ ဈာန်ပျံကြွလာသော အရှင်သူမြတ် . . ပြည့်ရှင်မင်းကြီးသမီး သီလစန္ဒာမည်သော ဒကာတော်မသည် ကောင်းမှုကုသိုလ်၌ ကြည်ညိုလှသည်[၇] ဖြစ်၍ အရှင်မြတ်ကို[၈] ဖူးမြင်ရလျှင် ရွှင်လှသော စေတနာနှင့် ဒါနကောင်းမှုကို ယခုလှူဒါန်းလိုပါသည်။ သီတာဒက ရေကန်နန်းသို့ ရွှေစက်ဖြင့် ချီတော်မူပါဘုရား[၉]' ဟု ပင့်ကြလေသော် နိကုမ္ဘရသေ့လည်း ဈာန်ရှိန်မှ ရပ်တန့်၍ မင်းသမီးစံရာနန်းသို့ ကြွတော်မူလာ၏။ သီလစန္ဒာမင်းသမီးလည်း

၁။ သေလုအောင် ကြောင့်ကြနှင့်တော့သည်ဟု–ဗ။

၂။ တပင်တိုင်နန်းစံ၍–စ။

၃။ ဟေမဝန္တာ သခ်မ်းဥယျာဉ်သို့–စ။

၄။ ပူဇော်သကာပြု၍–ဗ။

၅။ အပေါင်းတို့–ဗ။

၆။ ပြုလေ၏–စ။

၇။ အလွန်တရာကြည်ညိုလှသည်–စ။

၈။ သူမြတ်ကို–ဗ။

၉။ ရွှေစက်ဖြန့်ပါဦးဟု–ဗ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်သောနေရာခင်း၍ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်အစရှိသော အရသာတို့ဖြင့် ဆွမ်းလုပ်ကျွေးပြီးသော် 'ပတ္တမြားလည်ဆွဲတော်ကို ပုတီးစိပ်၍ သုံးဆောင်တော်မူပါဘုရား' ဟု လှူ၏။[၁] နိက္ခမရသေ့လည်း 'ဒကာမယေ်သည်[၂] အလှူသီတင်းနှင့် မွေ့လျော်စွ တကား၊ လိုသောဆုကို ပန်ကြားလော့' ဟု ဆိုသော် မင်းသမီးက[၃] 'ခမည်းတော်အာဏာကို မဆန်မူ၍ အိမ်ထောင်မယှဉ် မန္တဲဘဲလျက် ပကတိသားမြတ်ကို ရလိုပါသည်' ဟု ဆုပန်ဆို၏။ ရှင်ရသေ့လည်း 'ထိုအရာသည် အလွန်ခက်ခဲစွ[၄]တကား၊ သုံးပါးသောအဂ်္ဂါနှင့် ဤစ္ဆာသယ ဆန္ဒပြည့်စုံရာသည်မှာ သုံးကျိပ်နှစ်ပါးသော နတ်တို့ထက် နတ်မြတ်ဖြစ်သော သိကြားမင်းသာ တတ်နိုင်ရာသည်ဖြစ်၍ တန်ခိုးအာနုဘော်ကြီးလှသော (မဟာတေဇော်မြတ်)[၅] ဂါထာကို တစ်ထောင်ပြည့်အောင် သရဇ္ဈာယ်သော်[၆] သိကြားမင်းသည် ကိုယ်တိုင်ကြွရောက်လာလိမ့်မည်။ ထိုသို့ ကြွရောက်လာသောအခါ ''သဟာယ အဆွေခင်ပွန်း အစုံမရှက်[၇] ဘဲနှင့် မြတ်သောသားကို သနားတော်မူပါ'' ဟု တောင်းပန်လျှင် သိကြားမင်း ဆုနှင်းလာလိမ့်မည်[၈]' မှာ၍ မဟာတေဇော် ဂါထာမြတ်ကို ပေးခဲ့ပြီးမှ နိက္ခမရသေ့သည် သီတင်းသုံးရာ ဟေဝန္တာသခ်မ်းသို့ ချာန်ဖြင့် ပြန်ကြွလေ၏။

ရမ္မဏီယပြည်ကြီးကို အစိုးရသော မဟာရာဇိန္ဒမင်းကြီးနှင့် အတုလဒေဝီ မိဖုရားလည်း သမီးတော်ကို လွမ်းဆွတ်လှသောကြောင့် အကြိမ်ကြိမ် အဖန်ဖန် ဉယျာဉ်တော်မှ ခေါ်စေသည်တွင် ကရကဋ်၊ သိဟ်၊ ကန်လွတ်၍ ဝါကျွတ်သောအခါ[၉] တူရာသီသို့ ရောက်ပြီးဖြစ်သောကြောင့် ခြွေရံ တစ်ထောင်နှင့် တကွ မင်္ဂလာရထားစီး၍ မင်းသမီး ပြည်တော်သို့ ဝင်တော်မူ၏။

ခမည်းတော်၊ မယ်တော်တို့လည်း ရွှေနန်းပြာသာဒ် အနောက်ဘက်ဆောင်[၁၀]ကို ထွက်တော်မူ၍ ဆီးကြိုမျှော်လျက်နေစဉ် နန်းရင်းပြင်သို့ ရထားဆိုက်လာသော် သမီးတော်လက်ကို တစ်ယောက်တစ်ဖက် ဆွဲငင်ပိုက်မလျက် ယူတော်မူကြပြီးသော် 'သမီးတော်ရတနာသည် တို့ ဆိုပါသောစကားကို နားမတင်[၁၁]

၁။ လှူဒါန်း၏-စ။
၂။ ဒကာတော်မယေ်လည်း-စ။
၃။ မင်းသမီးလည်း-စ။
၄။ ခက်စွ-ဗ။
၅။ (ဗ)မူ၌ မပါ။
၆။ တထောက်မှန်မှန်ရွတ်အံသရဇ္ဈာယ်သော်-ဗ။
၇။ မစုံမရှက်။
၈။ သိကြားမင်းသည် ဆုပေးနှင်းအပ်တော်မူလိမ့်မည်-စ။
၉။ သည့်အခါ-ဗ။
၁၀။ အနောက်ပွဲထက်ဆောင်-ဗ။
၁၁။ နားမထောင်-ဗ။





မူ၍ သီရိဟေမာ ဉယျာဉ်တွင် ဝါတွင်းသုံးလပတ်လုံး ဥပုသ်စောင့်နေသည်မှာ ဘယ်သို့သောဆန္ဒ ပြည့်စုံပါသနည်း' ဟု မေးတော်မူ၏။ 'မြတ်သောစာဂ[၁] နှင့် သီလစောင့်ရပေသော အကျိုးသည် နိက္ခမမည်သော ရသေ့ကို ဖူးတွေ့ရပါ၍ ပတ္တမြားလည်ဆွဲကို လှူသည်တွင် မဟာတေဇော် ဂါထာတော်မြတ်ကို ပေးခဲ့ပါသည်။ ထိုဂါထာမြတ်ကို တစ်ထောင်ပြည့်အောင် သရဇ္ဈာယ်သည်ရှိသော် သိကြားမင်းသည် ကိုယ်တော်တိုင် ရှေ့တော်သို့ ကြွရောက်ပါတော့မည်။ ထိုသို့ ရောက်သောအခါ နန်းလျာနန်းဆက် ရလိုပါလျှင် အိမ်ထောင်ဘက်မရှိ[၂] ပကတိမြတ်လှသောသားကို သနားတော်မူပါအောင် ဆုယူပန်တောင်းပါက[၃] ရွှေဗျာဒိတ် ဦးထိပ်ရွက်ဆင်[၄] ပါတော့မည်' ဟု လျှောက်၏။ ခမည်းတော်၊ မယ်တော်တို့လည်း 'အချစ်ကရုဏာကြီးတော်မူလှ၍ သူတစ်ပါးတို့လက်ဖျားနှင့်[၅] ထိအံ့သောအရာကို အလွန်ကျင်နာလှသော နှလုံးရှိပါသည်။ အနွယ်တော် နန်းစဉ် နန်းဆက် ပျက်မည်ကြောင့်သာ[၆] ရှေ့မျက်နှာနောက်ထား၍ ဆိုငြားခြင်းဖြစ်ပါတော့သည်။ စိမ်းစိမ်းကားကား ပြောဆိုရက်သည်ဟူ၍ ငယ်မူငယ်ရာတို့နှင့် ဝမ်းမနည်းပါနှင့်။ မြတ်သောသီလရှိပေ၍ ရသေ့ပေးသော ပညာဂါထာကို မြွက်ကြားလျှင်ပင် သိကြားမင်းရောက်မည်[၇] မှန်မူ မောင်နှံမစုံဘဲနှင့် သား၏ဆုကို ရအောင်ခွင့်တောင်းပါဦး[၈]။ ထိုသို့ပန်ပါလျက်နှင့်[၉] သားဆုကို မရဘဲရှိချေသော် အနွယ်တော် ပြတ်အံ့သော အချိန်ကာလ စေ့ရောက်ချေပြီ ဟူသော အမှတ်ဖြင့် ကံကြမ္မာကိုသာ ယိုးသာပေတော့သည်။ သိကြားမင်း လာရောက်အောင်သာ[၁၀] ဂါထာကို ရွတ်ပါ' ဆိုကြသော် ရွှေနန်းဉကင်ဝယ် မင်္ဂလာရှိသော နေရာ၌[၁၁] သိမ်မွေ့နူးညံ့ သန့်ပြန့်လှစွာသော[၁၂] ကတ္တီပါကို အထပ်တစ်ရာလောက် ထပ်၍[၁၃] နန်းရင်ပြင် အလုံးဝယ် ပြည့်အောင်ခင်းပြီးမှ နှင်းရည်၊ ကရမက်၊ ပုန်းညက်၊ သော်မော်၊ အကျော်၊ စမ္ပာ၊ နံ့သာပျောင်း အစရှိသော အမွှေးပန်းပေါင်းရည်တို့ဖြင့် ဖျန်းဆွတ်၍ ပန်းထီး၊ ပန်းတံခွန်တို့ကို စိုက်ဆွဲပြီးသော် ခမည်းတော်၊ မယ်တော်

၁။ မြတ်စာဂနှင့်-ဗ။
၂။ အိမ်ထောင်ဘက်မရှည်မကပ်-ဗ။
၃။ ပန်တောင်းနိုင်ပါက-ဗ။
၄။ ဦးထိပ်ရွက်ဆောင်-ဗ။
၅။ လက်ဖျားမျှ-ဗ။
၆။ ပြတ်မည်ကြောင့်သာ-ဗ။
၇။ သိကြားမင်းသည် ကိုယ်တော်တိုင်ရောက်မည်-စ။
၈။ ခညွတ်ခွင့် တောင်းပါဦး-ဗ။
၉။ ထိုသို့ မှန်ပါလျှင်ပင်-စ။
၁၀။ သိကြားမင်းရောက်အောင်ကိုသာ-စ။
၁၁။ နေ၌-စ။
၁၂။ သိမ်မွေ့ညံ့ပြန့်လှသော-ဗ။
၁၃။ ခင်းထပ်၍-ဗ။



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့်တကွ မင်းသမီးသီလစန္ဒာသည် တော်သင့်လျောက်ပတ်သော နေရာက နေလျက် ရွှေပဝါကို ဆွဲကိုင်တော်မူ၍[၁] အဖိုးအတိုင်းမသိ ထိုက်သော ပုလဲပုတီးကို စိပ်၍ မဟာတေဇော် ဂါထာတော်မြတ်ကို အာလုပ်ချီလျက် ပီပီသသ တစ်ထောင်ပြည့်အောင် သရဇ္ဈာယ်တော်မူလေသော် သိကြားမင်းစံရာ ပဏ္ဍုကမ္ဗလာ မွေ့ရာသည် စက်ဘီသည်က တစ်ခြမ်းနစ်၍ ရပ်သည်ဖြစ်လျှင် ပုဆစ်ဒူးတိုင် မြုပ်၏။ ထိုင်သော် ချက်နှင့်အမျှ နစ်သော သလွန်တော်မြတ်သည် မဟာတေဇော် ဂါထာတော်မြတ် အာနုဘော်ကြောင့် စည်မျက်နှာကဲ့သို့ တင်းမာခက်တရော်[၂] ရှိလေလျှင် သိကြားမင်းကြီးလည်း 'တစ်ပါးပါးသော အကြောင်း ရှိချေသည်' ဟု သဟဿက္ခ မျက်စိတစ်ထောင် ဖန်ဆင်း၍ လူ့ပြည်သို့ ကြည့်ရှုတော်မူသော် သီလစန္ဒာမင်းသမီး၏ ဆန္ဒအလိုကို သိမြင်၍ ထိုက်တန်အံ့သောအရာကို ရှာဖွေ ရွေးချယ် ကြည့်ရှုလျှင် ဝသဝတ္တိနတ်ဘုံ၌ တစ်သောင်း[၃] သော ခြွေရံနှင့် စံနေလျက်ရှိသော နတ်သားမောင်နှမကို လူ့ပြည်မှာ ပဋိသန္ဓေ ယူပါမည့် အကြောင်းနှင့် တောင်းပန်၍ အခွင့်ရလျှင် ဇဝန၊ မာတလိတို့နှင့် ဆန္ဒရှိရာ ဆောင်ယူခဲ့၍[၄] အဆောတလျင် ဇမ္ဗူဒီပါကျွန်း ရမ္မဏီယပြည်တော်သို့ သိကြားမင်း ဆင်းကြွလာသည်နှင့် မျက်နှာစုံညီ ဖူးတွေ့ရလေသော် 'အဘယ်ကိစ္စရှိ၍ သိဒ္ဓိမြှောက်တင်[၅] သို့စင် ခေါ်ပင့်ကြသနည်း' ဟု သိကြားမင်း မေးလေလျှင် မဟာရာဇိန္ဒ မင်းကြီးသည်လည်း 'နန်းရိုးနန်းဆက် ပျက်အံ့စိုး၍ သမီးတော် သီလစန္ဒာကို အိမ်ရာ ပေးနှင်းပါသော်လည်း သီတင်းသီလ မွေ့လျော်ကြည်ဖြူ၍ လူတို့စာရိတ္တကို မနှစ်သက်သဖြင့် နန်းဆက်[၆] မျိုးနွယ် ပျောက်ပယ်လေတော့မည် ဖြစ်ပါသောကြောင့် ချစ်ကြည်မောင်နှံ စုံရံ မပျော်[၇] ပါးလျက် သားမြတ် ရတနာကို တေဇာတော် ဖန်ဆင်း၍ ဆုပေးနှင်းတော်မူပါမည့်အကြောင်း' နှင့် လျှောက်ကြားလေလျှင်[၈] သိကြားမင်းကလည်း 'သီတင်းသီလနှင့် စာဂသန့်မြတ် ပေးသူကို လိုသောဆုမြတ်ကို ယခုချက်ချင်း နှင်းအပ်သင့်ပေ၏' ဟု ကောင်းချီးစကား[၉] ကြားတော်မူပြီးလျှင် 'တာဝတိံသာ နတ်အပေါင်းတို့မှာ ငုံညှောင်း[၁၀] လင့်၍ ပွင့်နိုး ငုံနိုး မျှော်ကိုးကြယောင်သော်လည်း နှစ်တစ်ထောင် ရောက်မှ

---

၁။ ရွှေပန်းပွားဆွဲသော–ဗ။
၂။ ခက်ချော်–ဗ။
၃။ တစ်သန်း–စ။
၄။ ဆောင်ယူခဲ့ဟူ၍–ဗ။
၅။ သတိမြှော်တင်–စ။
၆။ နန်းစဉ်–စ။
၇။ ချစ်ကြင်မောင်နှံစုံမပျော်–စ။
၈။ လျှောက်လျှင်–ဗ။
၉။ ကောင်းချီးစကား–ဗ။
၁၀။ စံညှောင်း–စ။





အညှောက်အငုံ အလုံးစုံပွင့်ပြီးလျှင် အသီးဟူ၍ဖြစ်သော အာသာ အမည်ရှိသော ရတနာနွယ်သီး[၁] ကို သုံးဆောင်စားသောက်လေတော့၊ သမ္ဘာရင့်ပြီးလျှင် ဘုန်းကြီးသော သားမြတ်ကို ရလိမ့်မည်' ဆို၍ အာသာဝတီနွယ်သီးကို ပေးအပ်ခဲ့ပြီးသော် သိကြားမင်းလည်း စံတော်မူရာ နတ်ပြည်သို့ ပြန်တက်တော်မူလေ၏။

ထိုအခါ သီလစန္ဒာမင်းသမီးသည် အာသာဝတီနွယ်နီ သစ်သီးမြတ်ကို စိန်ကလပ်ဝယ် တင်ပြီးသော် ရွှင်လှသောစေတနာ[၂] တွင် အာသာရှိသော နှလုံးဖြင့် သုံးဆောင်စားတော်ခေါ်ရာတွင် အတွေ့တည်းဟူသော အရသာဖြင့် ဖောဋ္ဌဗ္ဗာရုံဖြစ်စေလျက် သရေပီတိအာရုံသည် အလုံးစုံပြန့်ပြောသည်တွင် အကြောတစ်ထောင်မှသည် မြမြစိမ့်စိမ့်တက်လေ၍ သန္ဓေကလလဖြင့် ခဏချက်ချင်း ဖြစ်လေလျှင်[၃] ထိုသို့ အလောင်းအလျာကို ပဋိသန္ဓေတည်နေသည်ရှိသော် အစပ်၊ အငန်၊ ချဉ်၊ ဖန်၊ ပူပြင်းသောအရသာတို့ကို အာသာတော်ကင်း၍ အလျှင်း စားမိတော်မမူ။ ငြိမ်သက်သော ဣန္ဒြေဇာတိဟောင်း ရှိသည်တွင် ပြင်းပြင်းထန်ထန် ကတိမ်းကယိမ်း ပြင်တွင်းလူးလာမှ မကြွမသွားတော်မူ။ ကတ္တီပါဖြူ[၄] သလွန်တော်ဝယ်သာ လျောင်းစက်လျက် ငြိမ်ငြိမ်သက်[၅] နေလေ့ရှိသည်နှင့် ဆယ်လမြောက်၍ အချိန်စေ့သော် ကောင်းကင်ပြင်က ကြယ်မင်းသည် တစ်ကျွန်းလုံး လင်းအောင် ထွန်းပသကဲ့သို့ သဏ္ဌာန်ပုံတူ ဇမ္ဗူရစ်ရွှေရုပ်နှင့် မခြားသော သားတော်မြတ်ကို ဖွားမြင်တော်မူ၏။

မယ်တော်[၆] အတုလဒေဝီမှစ၍ ဆွေတော် မျိုးတော် ကတော်၊ မှူးမတ် မယားတို့နှင့် အထိန်း၊ အယ၊ မောင်းမ၊ ကိုယ်လုပ်[၇] အပေါင်းတို့သည် ယုယုယယ မစ ပိုက်ချီကြရသတည်း။ မဟာရာဇိန္ဒမင်းကြီးလည်း မြေးတော်ရလျှင် အလွန်ဝမ်းမြောက်ဝမ်းသာရှိ၍ ပုဏ္ဏားရှစ်ပါးကို ဘိသိက်သွန်းစေလျက်[၈] ဥကင်နန်းတံခါးလှစ်ပြီးလျှင်[၉] ထီးဖြူရှစ်စင်းမိုး၍ တစ်ရာရစ်သောအနားကို ပတ္တမြားစီသော နာရနီရွှေလင်ပန်းတွင် နှင်းရည်လောင်း၍ ရွှေချင်းဖြတ်လျှော်[၁၀] တော်

---

၁။ ရတနာနွယ်ကို–စ။
၂။ စေတနာနှင့်–စ။
၃။ ဖြစ်စေလျှင်–ဗ။
၄။ ကတ္တီပါဖြန့်ဖြူးသော–စ။
၅။ ငြိမ်သက်စွာ–စ။
၆။ ခမည်းတော် မယ်တော်–စ။
၇။ မိန်းမကိုယ်လုပ်–ဗ။
၈။ ပုဏ္ဏားရှစ်ယောက်ကို ဘိသိက် မြှောက်သွန်းစေလျက်–ဗ။
၉။ ဖွင့်ပြီးလျှင်–စ။
၁၀။ ဖြတ်လျှော်–ဗ။



www.burmeseclassic.com

www.burmeseclassic.com



မူ၏။ ခုနစ်ရက်မြောက်သောကာလ၌ ကင်ပွန်း၊ တရော်၊ ချည်မျှင်၊ လက်ဖွဲ့ မင်းခမ်း မင်းဆောင် ကျင်းပပြီးလျှင် ပွဲလမ်းကြီးစွာ ခံတော်မူ၍ ဖမ္မုဒီပါကျွန်းကို လက်ဖွဲ့တော်မူ၏။ အထူးထူးသော ဝိဇ္ဇာမယပညာနှင့် အင်းကွက်၊ ယတြာ၊ ဂါထာ၊ မန္တရားတို့ဖြင့် ဆန်းပြားအောင် စီရင်၍ ရန်နှင့်မိတ်တူ[၁] ဖမ္မုဒီရစ်နန်း သေးငင်လျက် မျက်ရှင်ကိုးပါးစီသော ပုခက်ဝယ် တစ်ဖက်ငါးရာ လွှဲစေလျက် သေနာပတိ အမတ်မယား၊ အမတ်သားတို့ကို ဖွားဖက်တစ်ထောင်နှင့်တကွ နို့ထိန်းကောက်၍ တစ်ယောက်တစ်လှည့် ရှုကြည့်သိမ်းပိုက် တိုက်ကျွေးစောင်မ လျက် နေ့ ညဥ့်မကွာ ပြုစုရ၏။ မဟာရာဇိန္ဒမင်းကြီးလည်း 'မြေးတော် သိကြား မင်းသားတကား' ဟူ၍ ကောင်းချီးပေးတော်မူရာတွင် "ဣန္ဒကုမ္မာမင်းသား" ဟု တွင်သတည်း။ မင်းသား ဖွားခန်းတည်း။

♦

## ၂။ ဝေဠုမြတ်စွာမင်းသမီး ဖွားမြင်ခန်း

ထိုအခါ သုဒဿနတောင်ကြီးကို အစိုးရသော သီရိန္ဒရာဇ်နတ်မင်းကြီးသည် ကလျာဏဝတီမိဖုရားနှင့် အကုဋေမကသော နတ်သား၊ နတ်သမီး ခြံရံလျက် ဗိမာန်ရွှေနန်းဝယ် ချစ်ပန်းမေတ္တာဆက်၍ အသက်နှံရာတွင် သမီးတော်မြတ် တစ်ပါး ဖွားမြင်၍ "သုဝဏ္ဏရာသီ" ဟု အမည်တွင်၏။ အရွယ်တော်သင့်လျှင် ပဥ္စကလျာနှင့်ညီ၍[၂] ခြောက်လီပြစ်ကင်း[၃] သော အဆင်းအသရေနှင့် ရှိသော ကြောင့် ခုနစ်ဆောင်သော ဗိမာန်ဝယ် နတ်သမီးတစ်ထောင် ခြွေရံနှင့် ထား၏။

အခါတစ်ပါးသော် ဂိမှာန[၄] နွေလရောက်ပြီဖြစ်၍ ရေသဘင်စံရမည့် အကြောင်းကို ခမည်းတော်နတ်မင်းမှာ လျှောက်၍ အခွင့်ကိုရလျှင် လက်ယှက် ကြေးပဥ္စင် တူရိယာမှုတ်တီးလျက် တစ်ထောင်သော အခြွေအရံနှင့်တကွ မနော မယ ပတ္တမြားထက် ဘယက်ဒါလီကို ကိုယ်စီဆင်ယင်လျက် ထိုသုဝဏ္ဏဒေဝီ နတ်သမီးသည် ရေသဘင်ကစားရန် အလို့ငှာ[၅] ကောင်းကင်ခရီး၌ စံပယ်၍ နဝတတ်အစရှိသော ဆဒ္ဒန်အိုင်တို့တွင် ရေကစားလေ၏။ ထိုသို့ ရွှင်မြူးပျော်

၁။ ရန်နှင့်မိတ်ယှူ—ပ။
၂။ ဝံ့ညီ၍—စ။
၃။ အပြစ်ကင်း—ပ။
၄။ ဂိမ္ဟာမာသ—ပ။
၅။ ကစားလိုသောငှာ—ပ။





ပါးစဥ်ဝယ် နွေရာသီလဦးဖြစ်၍[၁] လေးမျက်နှာက မင်းလွင်လေပြည်တို့သည် အလည်လည်အပတ်ပတ် ဝေ့ကာဝိုက်ကာ ညင်းလာသုတ်လာသည်ရှိသော်[၂] ဂန္ဓမာဒနတောင်[၃] ပေါ်က မဥ္ဇူသကပန်း၏[၄] ရနံ့သည် တပ်ပျံ့ပျံ့ တသင်းသင်း မွှေးကြိုင်လေ၏။ သုဝဏ္ဏရာသီ နတ်သမီးသည်လည်း ရွှေဖော်အပေါင်းတို့နှင့် ဆဒ္ဒန်အိုင်နား ဝန်းကျင်ရောက်သော် 'သဇင်၊ ဂမုန်း၊ ကြက်ရန်၊ စံကား၊ ချရား၊ ကံ့ကော် ပန်းပေါင်းတို့၏ ရနံ့နှင့်လည်း မတူ။ ပျံ့ကြူတကြိုင်ကြိုင်နှင့် မနိုင် မကာန်[၅] မွှေးပျံ့လှသော ရနံ့သည် ဘယ်ပန်း၏ရနံ့ ဖြစ်ပါလိမ့်မည်နည်း' ဟု မေး တော်မူ၏။

အထိန်းတော်၊ အပျိုတော်တို့က 'ယခု သည်ကကြည့်လျှင် ပဲနောက် စေ့ အဆင်းကဲ့သို့ အရောင်ဆိုင်းဆိုင်း မှိုင်းမှိုင်းရီရီ မြင်ရသော ဂန္ဓမာဒနတောင် ကြီးဝယ် ပတ္တမြားရွှေဂူနန်းဥကင်သို့[၆] ရောက်လာသော မဥ္ဇူသကပန်းသည် အလွန် တရာ မွှေးလှသည်ဟူ၍ ဆိုပြောသောစကားကို ကြားဖူးပါသည်။ ယခု မွှေး သော ရနံ့သည်လည်း လွန်မင်းလှသည်ဖြစ်၍[၇] မဥ္ဇူသကပန်းရနံ့ပင် ဖြစ်မည် ထင်ပါသည်' ဟု လျှောက်ကြသော်[၈] ထိုပန်းပွင့်ကို ပန်ချင် ဆင်ချင်သော ဆန္ဒအာသာကြောင့် ဝေဟာယံသန်း ငှက်တို့လမ်းဖြစ်သော[၉] အာကာသခရီးသို့ ခြွေရံတစ်ထောင်နှင့် ပျံသွားလေ၍ ဂန္ဓမာဒနတောင်ထိပ်သို့ရောက်လျှင် သံမြို့ ခုနစ်ထပ် ရံပတ်ကာဆီး၍ ရှိသောကြောင့် သတ္တမဒွါရတံခါးမှူးကို ဝင်ပါရစေ— တောင်းပန်လျှင် တံခါးမှူးကလည်း 'ဘုမ္မစိုး၊ ရုက္ခစိုး၊ ကိန္နရီ၊ ကိန္နရာအပေါင်း တို့ကို အစိုးရတော်မူသော မလ္လာဒေဝနတ်မင်းသည် ပတ္တမြားဥကင် နန်းဗိမာန် ၌ တသချေမျှလောက်သော ခြွေရွေအပေါင်း ဝန်းရံ၍[၁၀] စံတော်မူသော ရွှေမြို့ ရွှေနန်းဖြစ်သည်။ ဝင်လိုသော်[၁၁] နတ်သမီးတို့၏ အခြင်းအရာကို ပြောပါဦးလော့' ဟု မေးသော် အပျိုတော်တို့ကလည်း စဉ်စဉ်ဆက်ဆက်[၁၂] စေ့ငကုန်စင်အောင် ပြောလေ၏။

၁။ နွေရာသီလည်၊ ဖြစ်၍—စ။
၂။ လေးမျက်နှာကလျှင် လေပြည်တိုက်သည် ရှိသော် အလှည့်လှည့်အပတ်ပတ် မွှေးက မွှေးသနှင့် လေညင်းလေသာ သုတ်ဆော် လှာသည် ရှိသော်—စ။
၃။ ဂန္ဓမာတောင်—ပ။
၄။ မဥ္ဇူသက မည်သော ပန်း၏—စ။
၅။ မနိုင်ရကန်—ပ။
၆။ နန်းဥကင်၌—ပ။
၇။ အလွန်ပင် မွှေးလှသည်ဖြစ်၍—စ။
၈။ ထင်ပါသည်ဟူ၍ ရွှေဘော်တစ်စု တို့က လျှောက်ကြလေသော်—ပ။
၉။ ဝေဟာယံသံ ငှက်တို့လမ်း ဖြစ် သော—ပ။
၁၀။ ခြွေရွေအပေါင်း ခြံရံ၍—စ။
၁၁။ ဝင်လိုသော်—ပ။
၁၂။ စည်စည်ဆက်ဆက်—ပ။



www.burmeseclassic.com

www.burmeseclassic.com



သတ္တမဒွါရတံခါးမှူးလည်း 'နတ်သမီးတို့ .. နေကြပါဦး၊ အရှင့်ထံ နီးသောသူ့ထံ အကြောင်းကို ပြန်ပါချေဦးမည်' ဆိုခဲ့ပြီးသော် စတုသာခါ ရက္ခစိုးထံသွား၍ ပန်ကြားလေ၏။ စတုသာခါနတ်မင်းလည်း အရှင်၌ မျက်နှာ ရလို၍ ပတ္တမြားကြငှန်း လိုဏ်နန်းဥကင်တွင်းသို့ ဝင်ပြီးသော် 'သုဒဿန တောင်ကြီးကို အစိုးရသော သီရိန္ဒရာဇ်နတ်မင်းကြီး၏ ရင်သွေးတော် သုဝဏ္ဏ ရာသီ မည်သော နတ်သမီးသည် တစ်ထောင်သော ခြွေရံနှင့်တကွ ဆဒ္ဒန်အိုင် မှာ ရေသဘင်ကစားရာ မဥ္ဇူသကပန်းတော်၏ ရနံ့သည် တပျံ့ပျံ့တသင်းသင်း နှင့် လေညင်း၊လေသာ လာတိုင်း မွှေးလေလျှင် ပန်ချင်သော ဆန္ဒအာသာ စေတနာပြန့်ပွားသဖြင့် ရွှေစက်တော်အောက် ရောက်လာပါသည်။ တူရိယာငါးပါး မှုတ်တီးကြ၍ သတ္တမဒွါရတံခါးဖြင့် သဘင်အငြိမ့်ခံလျှက်[၁] စံနေရှိကြောင်း'ကို တင်လျှင် မလ္လာဒေဝနတ်မင်းလည်း ဥကင်စမုတ်တော်က ကြည့်မျှော်လျက် နေသည်နှင့် အသင့်ကြားလေသော်[၂] နှစ်ပါး၏ရွှေမျက်နှာသည် ပက်ပါဆီတည့်[၃] မြင်ကြလျှင် –

သံသရာဆုတောင်းသည် အတောင်းသန့်လှ၍[၄] အဖန်တစ်ရာ နှစ်သော ဝါဂွမ်းတစ်ပွင့်သည် နှင်းရည်ဆီကြည်ထဲသို့ကျသော် တစ် ခဏချင်း စိုရွှမ်းသကဲ့သို့ ပျံ့မွှန်းသော မေတ္တာ၊ ကရုဏာတော်ရိပ်ဖြင့် လိပ်ပြာချင်းဆိုင်မိ၍ ပီတိ၊ စေတနာ၊ ရွှေမေတ္တာ ပွားများလျက်–

နှစ်ပါးစလုံး ယူကျုံးမရ[၅] ဆွတ်မြကြည်ညို[၆] ခြင်းဖြင့် အတွင်းပုန်းစိတ် တိတ်တိတ်ချစ်နှင့်ကြ၍ မဥ္ဇူသကပန်းကို တောင်းလျက် ဖျောင်းကာဖျကာ အလိုရှိရာစကားကို မှူး၍ ပါအောင် ပြောကာဆိုကာ ကြည်သာသော အခြင်း အရာကို သစ္စာတံဆိပ်ဖြင့် အရိပ်အခြည် ထင်မြင်ကြလျှင် နေဝင်၍ ပြန်ချိန် ရောက်သည်နှင့် နှစ်ပွင့်သော မဥ္ဇူသကပန်းကို ဆွတ်ယူ၍ 'သည်နည်းတူ ရှိပါ လျှင် ယူတော်မူပါလော့' ဟု[၇] မလ္လာဒေဝနတ်မင်းက ကမ်းသော် သုဝဏ္ဏရာသီ နတ်သမီးလည်း လှမ်းယူလေ၍ ရွှေဖော်တစ်ထောင်နှင့်တကွ သုဒဿန မြို့သို့ ပြန်ခဲ့၏။[၈]

အထိန်းတော်၊ အချီတော်တို့က ကြားလျှင် မသင့်မလျော်ချေပြီဟူ၍

၁။ အညီမ့်ခံပြီးလျှင် –ဓ။
၂။ အသင့် ကြားလေသော် –ဓ။
၃။ မျက်ပါးသည့်တွင် –ဓ။
၄။ သံသရာ ဆုတောင်းသည် အဟောင်းသန့်လှ၍ –ဟ။
၅။ ယူမြိုးမရ –ဓ။
၆။ ဆွတ်မြကြည်ညိုခြင်း –ဓ။
၇။ ယူတော်မူပါတော့ဟု –ဟ။
၈။ သုဒဿန မြို့နန်းသို့ ပြန်ခဲ့လေ၏ –ဟ။





သီရိန္ဒရာဇ်နတ်မင်းနှင့် ကလျာဏဝတီမိဖုရားမှာ အကြောင်းအရာကို လျှောက် လေ၏။ ထိုနေ့ကစ၍[၁] ဆဒ္ဒန်အိုင်သာဝယ် သီတာရေသဘင်မှ မပျော်မြူးရဲပြီ[၂]၊ နဝရတ်စီသော ဘုံခုနစ်ဆင့် နန်းမြင့်ဆောင်တော်ကာသာ[၃] မေတ္တာဆွတ်မှမ်း၍[၄] လွမ်းတသောအာသာနှင့် ဗျာပါတစ်ခု ရှိလေ၏။[၅] ဂန္ဓမာတောင်ဖျားဝယ် ပတ္တမြား နန်းတော်သခင်ဖြစ်သော မလ္လာဒေဝနတ်မင်းလည်း တိမ်းပါးယိမ်းညွတ် ဆွတ် လွတ်အောက်မေ့၍ မပျော်မွေ့နိုင်၊ မှိုင်ယောင် တယောင်ရှိ၍ စေတနာပျံ့ပျူးလှ လျှင် တစ်ဦးနှင့်တစ်ဦး နေရာကို[၆] မှာစာ၊ စကား ဆောင်းပါး အပြန်ပြန် အဖန် ဖန် အကြိမ်ကြိမ် စေသူနှင့် အခင်းအရေး[၇] ဆွေးနွေးမေးမြန်းတော်မူကြ၏။[၈]

ထိုအခါ မလ္လာဒေဝနတ်သားလည်း ပတ္တမြားမနောမယ တစ်ထောင် ကို[၉] လက်ဆောင်ပြုတော်မူ၍ 'ကြည်ဖြူသော စေတနာ၊မေတ္တာ အသက်စုနှင်း သော[၁၀] သုဝဏ္ဏရာသီ သမီးတော်မြတ်နှင့် စုံဖက်၍ သူကောင်းပြုတော်မူပါလျှင် သုဒဿနမြို့နှင့် ဂန္ဓမာဒနမြို့[၁၁] သည် ရွှေနှစ်ပြားကို တစ်ပြားတည်းကဲ့သို့ ဖြစ်၍[၁၂] အလိုဆန္ဒ ရှိသမျှ အရေး၌ အမှုတော်ကို ရွက်ဆောင်ထမ်းပါမည်' ဟူသော ရာဇသံ ရွှေပေနှင့် မှူးမတ်တို့ကို စေတော်မူ၏။ သီရိန္ဒရာဇ်နတ်မင်းလည်း နတ်မှူး၊ နတ်မတ်တို့ကို[၁၃] တိုင်ပင်တော်မူသော် စိတ်တူ သဘောသွားနှင့် 'ပတ္တမြားရွှေဂူ မဥ္ဇူနတ်ရှင်သည် တန်ခိုးအခွင့်ကြီးသော[၁၄] နတ်မင်းဖြစ်ပေတော့ သည်။ သမီးတော်၌ ချစ်ခင်လေးမြတ်သောကြောင့် ရိုရိုသေသေ ချောင်သော စကားဖြင့် သနားတော်ခံလာသည်ကို မလွှဲမပယ်သင့်ပါပြီ။ နာရဇီရွှေနှင့် ဇမ္ဗူရာဇ်ရွှေပြားကို တစ်ပြားတည်း ဂဟေဆော်[၁၅] သကဲ့သို့ တော်သင့်သည် ဖြစ်ပါတော့သည်' ဟူ၍ ကိုယ်စီကိုယ်င[၁၆] လျှောက်ထားကြလေသော် သီရိန္ဒ ရာဇ်နတ်မင်းလည်း ရာဇမာယာဖြင့် ချိုသာသောစကားကို မိန့်တော်မူလိုက်၏။

မလ္လာဒေဝနတ်သားလည်း အရိပ်အခြည်[၁၇] သာယာအံ့သော အခြင်း အရာကို သတင်းရလျှင် အဖန်များစွာ လျှောက်ထား၍ အသနားခံသည်နှင့်

၁။ ထိုသည်နေ့က စ၍ –ဓ။
၂။ သီတာရေသဘင်မှာ မရွှင်မပျော်ရပြီ –ဟ။
၃။ နဝရတ်စီသော ဘုံဆောင်နန်းဖြင့် ဆောင်တော်ကာသာ –ဓ။
၄။ မေတ္တာထပ်မှမ်း၍ –ဟ။
၅။ ဗျာပါရှိလေ၏ –ဓ။
၆။ နေရာတို့ –ဓ။
၇။ အခွင့်အရေး –ဟ။
၈။ ဆွေးနွေးကြံအောက်မေ့တော်မူ၏ –ဟ။
၉။ ပတ္တမြားတစ်ထောင်ကို –ဓ။
၁၀။ မေတ္တာအသက်စုသောမင်း –ဓ။
၁၁။ ဂန္ဓမာမြို့ –ဓ။
၁၂။ တစ်ပြားတည်းဖြစ်သကဲ့သို့ –ဟ။
၁၃။ နတ်အမှူးနတ်အမတ်တို့ကို –ဓ။
၁၄။ တံခိုးအင်ခွင်ကြီးသော –ဟ။
၁၅။ ဂဟောဆက် –ဟ။
၁၆။ ကိုယ်စီကိုယ်စီ –ဟ။
၁၇။ အရိပ်အချည် –ဟ။



www.burmeseclassic.com

www.burmeseclassic.com



သီရိန္ဒရာဇ်နတ်မင်းကြီး၊ ကလျာဏဝတီ မိဖုရားတို့သည် ကောင်းမြတ်သော မင်္ဂလာအခါတော်နှင့် သင့်သည်နေ့တွင် သဘင်ကြီးစွာ ပြုတော်မူ၍ မင်းခမ်း မင်းဆောင် ကိရိယာအစုံ ကျင်းပ[၁] လျက် နဝရတ်ဘုံ ခုနစ်ဆင့်တွင်[၂] လက်ထပ် မင်္ဂလာ ထိမ်းမြားဆောက်နှင်းတော်မူလေ၏။

ထိုသို့ တန်ခိုးကြီးသော နတ်နှစ်ပါးလည်း ဆွေမျိုးအနွယ် ဆက်တော်မူကြသော ကာလ ကာဠတောင်၊ စိတြတောင်၊ ကေလာသဘ တောင်တို့၌ တည်သော မြို့နန်းတို့ကို သိမ်းမြန်းပိုင်သတော်မူလေ၏။

မင်္ဂလာလက်ထပ်သဘင်ပွဲစုံတို့ကို ခုနစ်ရက်ခံပြီးလျှင် သုဒဿန မြို့သူ မြို့သားအပေါင်း ခြံရံစေလျက် ဂန္ဓမာနန်းသို့ သားတော်၊ သမီးတော်တို့ကို ပို့လေ၏။[၃] ပဒ္ဒါမြားဗိမာန်ဝယ် ခြွေရံရှစ်သောင်းနှင့် ပျော်ကြောင်းမကွာ မေတ္တာ အသက် နှင်းဆက်တော်မူပြီးလျှင် အတူရွှေရင်နွဲ၍ နတ်ပွဲသဘင်တို့ဖြင့် စံစား မွေ့လျော် ပျော်ပါးကြလေသတည်း။

ထိုအခါ ရတနာသလွန်[၄] တော်ဝယ် ချစ်ဖော်တူစုံ ထည်ချင်းခြံ၍ အာရုံမြူးမျှ စက်တော်ခေါ်ကြသည်တွင်[၅] သုဝဏ္ဏရာသီမိဖုရား ဤသို့ အိပ်မက် မြင်သည်။ ''နေမင်း လမင်းတို့သည် နက္ခတ်၊ တာရာ၊ ကြယ်အပေါင်း ခြံရံ လျက် ဝသဝတ္တီ နတ်ပြည်စောင်းတန်းက ဆင်းသက်လာ၍ ရွှေမဥ္ဇူပင်အဖျား နှစ်ပါးစွဲမှီ[၆] လျက် တညီတည်း[၇] နားကြပြီးသော် နေမင်းလည်း ခြွေရံတစ်ထောင် နှင့်တကွ ရမ္မဏီယပြည်ကြီး၏ အရိပ်သို့ ရှေးရှုပျံသွားသည်ကို လမင်းသည် ရွှေမဥ္ဇူပင်ပေါ်က ကြည့်မျှော်လိုက်ပြီးလျှင်[၈] သုဝဏ္ဏရာသီမိဖုရား[၉] ရင်ထဲသို့ ဝက်ဝက်ခွဲ၍ ဝင်သည်''ဟု[၁၀] မြင်မက်သည်နှင့် ရုတ်ခြည်း[၁၁] လန့်၍ နိုးလေသော် 'အရှင့်သား၊ ယူပါ ယူပါ' ဟူ၍ ယောင်ယမ်းဆိုတော်မူမိသည်ကို မလ္လာဒေဝ နတ်သားလည်း မြောက်သားတော် သုဝဏ္ဏရာသီကို ပိုက်ဖက်လျက် 'အဘယ် အခြင်းအရာကြောင့် လန့်တော်မူသနည်း' ဟု မေးတော်မူလျှင် မိဖုရားလည်း အိပ်မက်၏အဖြစ်ကို ပြန်ကြား၏။

မိုးသောက်လျှင် ဒေဝဓိတာဆရာပုဏ္ဏားကိုခေါ်၍ အိပ်မက်၏အဖြစ်ကို

၁။ အစုံအလျှ ကျင်းပ—စ။
၂။ နဝရတ်အုံ—ပြာသာဒ်ခုနစ်ဆင့်တွင်—စ။
၃။ ပို့လေ၍—ဗ။
၄။ သဒ္ဒါညွန်သလွန်—ဗ။
၅။ မျှတရွှင်ပျော် စက်တော်ခေါ်ကြသည်တွင်—စ။
၆။ စုံမှီ—စ။
၇။ တည်တည်—စ။
၈။ ကြည့်မျှော်ပြီးလျှင်—ဗ။
၉။ သုဝဏ္ဏရာသီမင်းသမီး—ဗ။
၁၀။ ခွဲဝင်သည်ဟု—စ။
၁၁။ ရုတ်တရက်ချင်း—စ။





ပြန်ကြားသော်– သုံးပါးသော ဗေဒင်၌ ကျွမ်းကျင်လိမ္မာသည့် ဆရာဖြစ်၍[၁] ဤသို့ ဖတ်သတည်း။ 'ဝသဝတ္တီနတ်ဘုံက ဘုန်းတန်ခိုးကြီးသော နတ်သမီး မောင်နှံတို့သည် နတ်ဘုံနတ်နန်းက စုတေခဲ့သည်နှင့်[၂] နတ်လောကား နတ်စောင်း တန်းတို့မှ သက်ဆင်းလာ၍ ရွှေမဥ္ဇူပင်ဖျားဝယ် နှစ်ပါးရပ်တန့်သည်။ နေမင်း ဖြစ်သော မင်းသားမြတ်သည်ကား ရှေးရှုသွားရာ လူတို့ပြည်၌ ပဋိသန္ဓေယူလေ အံ့၊ လဗိမာန်ဖြစ်သော နတ်သမီးသည်ကား မြောက်သားတော် မိဖုရားမှာ ထို နေ့ပင် ပဋိသန္ဓေ ယူလေတော့သည်' ဟု လျှောက်လေသည်နှင့် သုဝဏ္ဏရာသီ မိဖုရားမှာလည်း နှုတ်ငုံတော်ရှိလေ၏။ ဆယ်လမြောက်၍ အချိန်နေ့ရက် စေ့ သော် တိမ်တိုက်မှဖြစ်သော ဝလာဟကပုလဲရတနာသည် ဖောတရယ်ကြုတ်ထဲ မှ အသာအယာ လျှောကျသကဲ့သို့ သန့်ရှင်းစင်ကြယ် တင့်တယ်သော သမီး တော် ရတနာကို ဖွားမြင်တော်မူ၏။

မောင်းမခြွေရံ နတ်သမီးအပေါင်း မစလျက် ရွှေချင်းဖြတ်လျော်ပြီးလျှင်[၃] ခုနစ်ရက်လည်သောကာလ လက်ဖွဲ့ကင်ပွန်းသဘင်ကို ကြီးစွာခံ၍ လက်ဖွဲ့တော် မူသည်[၄]။ ရတနာပုခက်ကိုတင်မှ ဘိုးတော် သီရိန္ဒရာဇ်နတ်မင်းမှစ၍ ဘွားတော် ကလျာဏဝတီနှင့် ခမည်းတော် မလ္လာဒေဝနတ်သားတို့ စောင်မစီရင်လျက် 'သုဝဏ္ဏရာသီ ဖွားမြင်သော သတို့သမီးသည် ဝဇ္ဇူရိယမြသားနှင့် မခြားမနား[၅] ဖြူထွားချောနှစ် ချစ်ခင်ဖွယ် တင့်တယ်လျောက်ပတ်လှသော သမီးတော်မြတ် တကား' ဟူ၍ ကောင်းချီးစကား ပေးတော်မူသည်ကို အစွဲပြု၍ ''ဝဇ္ဇူမြတ်စွာ'' ဟူသော အမည်တွင်၏။

ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်၊ မယ်တော်တို့လည်း ဘုန်းတန်ခိုး အာဏာရှင် ဖြစ်သောကြောင့် သမီးတော်မြတ်၌ မပြတ်စောင်မကြည့်ရှုရန် အချို့ အယ၊ နို့ထိန်းနှင့် သိမ်းပိုက် မစမည့်သူ ရွေးချယ်စီစစ်[၆] ထားတော်မူသည်မှာ ဂနသီရိမည်သော နို့ထိန်းကြီးနှင့် နို့သည်တစ်ရာ၊ ရူပသာရမည်သော နို့ထိန်း ကြီးနှင့် နို့သည်တစ်ရာ၊ မဓုဇလ[၇] မည်သော နို့ထိန်းကြီးနှင့် နို့သည်တစ်ရာ၊ မဟာသာလ–မည်သော နို့ထိန်းကြီးနှင့် နို့သည်တစ်ရာ၊ ထိုနို့ထိန်းကြီး လေး ယောက်နှင့် နို့သည်ပေါင်း လေးရာတို့သည် အလှည့်နှင့် တိုက်ကုန်ကြလေ၏။

၁။ ကျွမ်းကျင်လိမ္မာသည်ဖြစ်၍—စ။
၂။ စုတိခဲ့သည်နှင့်—ဗ။
၃။ ဖြတ်လျော်ပြီးလျှင်—စ။
၄။ သဘင်ကြီးစွာ ခင်းကျင်းပေးဖွဲ့တော်မူသည်—ဗ။
၅။ မြသားနှင့်မပြား မခြား—ဗ။
၆။ ရွေးချယ်စီစစ်—စ။
၇။ မဓုဇလ—ဗ။



www.burmeseclassic.com

www.burmeseclassic.com



အလွန် မြတ်နိုးယုယ မွေးကျွေးရသည်နှင့် အသက်တစ်ဆယ်ကျော်သော် သုဒဿန၊ စိတြ၊ ကာဠ၊ ကေလာသဘာ၊ ဂန္ဓမာဒန အမည်ရှိသော တောင်ကြီးငါးလုံးတို့၌ နေကုန်သည့် ဘုမ္မစိုး၊ ရုက္ခစိုး၊ ကိန္နရီ၊ ကိန္နရာ၊ ဝိဇ္ဇာမိုရ်၏ အစရှိသော နတ်သမီးတို့ကို ရွေးချယ်ကောက်ယူ၍–

စတုဿာခါ နတ်မင်းကြီး၏သမီး[၁] ပဒုမသဂိနှင့် နတ်သမီးပေါင်း တစ်ထောင်၊

သီလဘူမနတ်မင်းကြီး၏သမီး[၂] ဖမ္မုသုန္ဒရီနှင့် နတ်သမီးပေါင်း တစ်ထောင်၊

မဟာပဒုမနတ်မင်းကြီး၏သမီး[၃] ကဋ္ဌနသာရီ[၄]နှင့် နတ်သမီးပေါင်း တစ်ထောင်၊

အရညဒဏ္ဍောနတ်မင်းကြီး၏သမီး[၅] ဘတ္တာဇာနီ[၆]နှင့် နတ်သမီးပေါင်း တစ်ထောင်၊

ဝိဇ္ဇာမိုရ်နတ်မင်းကြီး၏သမီး သခ်ကလျာဏီနှင့် နတ်သမီးပေါင်း တစ်ထောင်၊

ဒေဝသေနာယနတ်မင်းကြီး၏သမီး ဇာယုရတနာနှင့် နတ်သမီးပေါင်း တစ်ထောင်၊

သခ်မဂတနတ်မင်းကြီး၏သမီး ဒီဃကေသာနှင့် နတ်သမီးပေါင်း တစ်ထောင်၊

မဟာန္တရနတ်မင်းကြီး၏သမီး ဂန္ဓမာလာနှင့် နတ်သမီးပေါင်း တစ်ထောင်၊

ဒေဝစိတာနတ်မင်းကြီး၏သမီး ယောဟနမိတ္တာ[၇]နှင့် နတ်သမီးပေါင်း တစ်ထောင်၊

ကူဋ္ဌိဒေဝါ[၈]နတ်မင်းကြီး၏သမီး ရာသီမုတ္တာနှင့် နတ်သမီးပေါင်း တစ်ထောင်၊

ဤသို့ ဖွားဖက်အပျိုတော်တစ်ထောင်၊ ကိုယ်ရံတော် နတ်သမီး တစ်သောင်း တစ်ထောင်တို့သည် အကြောင်းအရေး တွေးဆဖွယ်ရာ အဖြာဖြာသော နည်းနာတို့ကို လိမ္မာသိကျွမ်း ထုံးတမ်းစဉ်လာ သူ့ထက်ငါဖြင့် ပြာပြာလဲ့လဲ့

---

၁။ စတုဿာခါနတ်၏သမီး–ဗ။

၂။ သီလဘုံမနတ်၏သမီး–ဗ။

၃။ ပဒုမ္မနတ်မင်းကြီး၏–ဝ။

၄။ ကဋ္ဌနသီရိ–ဗ။

၅။ အရညဒန္တာ–ဓ။

၆။ သတ္တဇနီ–ဓ။

၇။ ယောဟာနမိတ္တ–ဓ။

၈။ ကူနိဒေဝါ–ဓ။





တစ်ဆယ့်သုံးနှစ်အရွယ်စေ့တွင်[၁] စိန်အတိ၊ မြအတိ ဆင်ယင်သော ထဘီ၊ အင်္ကျီတဘက်တို့ဖြင့် ဝတ်ဆင်လျက် ရွှေရင်တော် မသိမ်းမရှား၊ ထွားထွားဖွံ့ဖွံ့[၂] ပိတ်ညှန့်အင်္ကျီကို စိန်ဒါလီမျက်ကိုးပါး[၃] လေးငါးပတ် လည်မှာ ရောက်ကြ၍ မြလက်ကောက်သုံးဆင့်စီ နာရဏီနာရကာ ရွှေခြေချင်း ဝတ်ဆင်လျက် မြိတ်လွတ်စပုံ[၄]၊ နေအရုဏ်ခံသည့်နည်း၊ ဆံဆည်းပေါင်းကြဝ်[၅]၊ တစ်ပတ်ရစ်နောက်ကွဲ၊ မုတ္တာရွဲညှင်းသေးစို၊ ကြာညို့ဝတ်ဆံ၊ ရွှေလသဏ္ဍာန်ခါဖြူ၊ နန်းမမဋ္ဌူ၊ ချရားပွင့်ကြွေ၊ ဟသ်ာစာခွံ့[၆] ကရဝိက်နှုတ်သီး၊ ကွမ်းလင်မြိတ်စို့ စသော ဆံထုံး ထုံးနည်းပုံတို့ဖြင့် ရှည်သွယ်သောကေသာကို မျက်နှာထားနှင့် တော်ရာလျော်ရာ[၇] ထုံးဆင်စေပြီးလျှင် မင်းသမီးဝေဠုမြတ်စွာကို စံပယ်ပျော်ပါးစိမ့်သော ငှာ ပတ္တမြားလိုဏ်နန်း ကြငှန်းဥကင် မာရဘင်လျောင်းတော်ဦး မှန်ကူးယွန်းဆက် ပွဲတက်လည်ပေါ်[၈] အဆောင်တော်ချင်းစပ်လျက် ပြာသာဒ်ကြီးအဆောင် သုံးဆယ်၊ အဆောင်ငယ်တန်းလျား၊ ဆောင်ခြား၊ ဆောင်သီး၊ ဆောင်ကြီး၊ ဆောင်လတ်၊ မှန်ကပ်ယွန်းကြော၊ ဝဲမော့ ဝဲပျံ၊ နှင်းပန်းတစ်ကန့်[၉] မှန်တစ်ကန့် စီ၍ နာရဏီဇမ္ဗူရစ်တို့ကို အကောက်အကျစ် အလိမ်လိမ်နှင့် ပန်းအိမ် ပန်းနွယ် ဆင်စွယ်ဝန်းယုက် ပြန်ကတက်၊ ပြန်ကဟပ်[၁၀]၊ ခြူးပတ် ခြူးယုက်ဖြင့် ဆင်ရုပ်၊ မြင်းရုပ်ထုလုပ်၍ ရွှေပုစွန်တုပ်လက်ရန်းနှင့် ဆန်းဆန်းပြားပြား တံခါးမှန်ရွက်တို့သည် ငှက်ကရဝိက်သံ၊ ကြိုးကြာသံ မြည်စေလျက် အထွေထွေ အံ့သြ၍ မကုန်နိုင်သော ရွှေဘုံရွှေနန်း အဆောင်ငါးထောင်[၁၁] ကျော်ကို စီကာ စပ်ကာ[၁၂] ဆောက်လုပ်၍ ရွှေမဋ္ဌုပင်ကို နန်းဆင်ကပ်ရပ်ရှိစေလျက်[၁၃] စတုဒိသာ လေးရပ်က မတ်မတ်ဆောင်ကျော် မှန်ဝဲမော်မုတ်ပြိုင်နှင့် မနိုင်မကန် ဆန်းပြား ပွေလည်သော ပတ္တမြားတိုက်၊ ရွှေတိုက်၊ ငွေတိုက်တို့လည်း ဝိုက်ကာ ဝန်းကာနှင့် ပျော်ရာပျော်ဖွယ် တင့်တယ်ထူးပြားသော ဗိမာန်ကို ခြွေရံတစ်သောင်းကျော် နှင့်တကွ ဝေဠုမြတ်စွာမင်းသမီးကို ပုဏ္ဏားရစ်ယောက် ဘိသိက်မြှောက်သွန်း စေလျက် ကချေသဘင် ပဋ္ဌင်တူရိယာ မှုတ်တီးကာဖြင့် ပွဲစုံပွဲကြီး ခံပြီးသော်[၁၄]

---

၁။ အကြောင်းအရေး အဆင်းပြင်လျှာနှင့် ပြာပြာလဲ့လဲ့ တစ်ဆယ့်သုံးနှစ် အရွယ်စေ့တွင်– ဗ။

၂။ ထွားထွားမွံ့မွံ့–ဓ။

၃။ မြကိုးပါး–ဓ။

၄။ မြလွှတ်စပုံ–ဓ။

၅။ ဆံစည်းပေါင်းကြယ်–ဓ။

၆။ ဟသ်ာတန်ခွန်–ဗ။

၇။ တော်ရာတော်ရာ–ဗ။

၈။ ပွဲတက်လည်းအာပေါ်–ဗ။

၉။ ဖလ်တကန့်–ဓ။

၁၀။ ပြန်ကပက် ပြန်ကဟတ်–ဗ။

၁၁။ ငါးရာ–ဗ။

၁၂။ ဆန်းကြယ်စွာ–ဓ။

၁၃။ နန်းဆင်ခင်ရှင်း ရှိစေလျက်–ဗ။

၁၄။ ခင်းကျင်းပြီးသော်–ဗ။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါင်း ငါးရာရှိသော နန်းဆောင်သို့တင်၍ ယခင် ခြွေရံအပေါင်းနှင့် ထား လေသော် တဘက်နှင့် ရွှေရင်မ၍ နာမတွင်စု[1] အနုပိပိ အင်္ကျီလက်ကျပ်ကို တဘက်ရစ်ဝတ်ဆင်၍ ရယ်ရွှင်မငြီး မင်းသမီးတစ်ပါးကို ထိပ်ဖျားမြှောက်တင် ရင်ခွင်နှင့် မွေ့ရာသာ ရတနာသလွန်တော်မှ တခြားကြမ်းများမှာ မကျရအောင် လှံ့လတစ်ခု ယုယုယယ စောင်မအုံးညီ၍ ကိုယ်စီဖျော်ဖြေ ကြရကုန်သတည်း[2]။ ဤကား ဝေဠုမြတ်စွာ ဖွားသော အခန်းတည်း။

♦

## ၃။ နန်းတော်ဆောက်လုပ်ခန်း

ထိုအခါ ရမ္မဏီယပြည်မှာလည်း မဟာရာဇိန္ဒမင်းကြီး၏ မြေးတော် ဇမ္ဗူဒီပါ ကျွန်းထက်ဝယ် ဖွားဖက်တော်တစ်ထောင်နှင့် ဘုန်းရောင်တန်ခိုး တောက်ပထွန်း လင်းသော မင်းသားမြတ်သည် စကားမပီတတ် ပီတတ် တော့တီးတော့တာ လ ဆယ့်နှစ်ခါရာသီလောက် ရောက်အောင်ပင်[3] နို့ထိန်းတော်၊ အချီတော်၊ အရံတော်တို့သည် ရတနာလျှံလက် ပုခက်တော်လွှဲကြရင်း ချောင်းကျူးမြည်၍ နားလည်အောင် လျှောက်ထားကြလေသည်မှာ 'မဟာရာဇိန္ဒ၊ အတုလဒေဝီ ဘွားတော်တို့သည် မယ်တော်သီလစန္ဒာနှင့် မေတ္တာဆက်ကြ၍ ကံဆုံမျှသသူသည်[4] ဇမ္ဗူဒီပါတစ်ဝိုက်တွင် ထိုက်တန်သော ယောကျ်ားကို စဉ်းစား၍ မမြင်သော ကြောင့် မြိုင်ခွင်ရိပ်စဉ် ဥယျာဉ်သီရိဟေမာ၌ ရတနာသုံးပါးကို ညွှတ်တွားလျက် သီလစောင့်ရာဝယ် တာပသ ပေးခဲ့သောမန္တရားနှင့်[5] သိကြားနတ်မင်းကို ပင့်ခေါ်၍ ဆုတောင်းပန်ရာတွင် အာသာဝတီနွယ်သီးကြောင့် ဘုန်းကြီးသောသခင်ကို ရွှေစင်ဂမ္ဘီ ပုဗ္ဗနိမိတ်ဖြင့် ပဋိသန္ဓေရ၍[6] ကျွန်မတစ်စုတို့ မျက်ရှုရတနာ ကိုးကွယ် ရာ ဖြစ်လှပေတော့သည်' ဟူ၍ မြှူရင်း ချော့ရင်း ချေင်းယဉ်ယဉ်ကို စီစဉ်၍ လျှောက်တင်ကြလေသောကြောင့် ဣန္ဒကုမ္ဘာမင်းသားလည်း တစ်ရံရောအခါဝယ် မယ်တော်သီလစန္ဒာ စံတော်မူသော ရွှေနန်းတော်သို့ သွားလေ၍ ဤသို့လျှောက်၏။

---

၁။ တဖက်နှင့် ရွှေရင်မရှား နားမတွင်စု–ဗ။
၂။ ဖျော်ကြဖျားကြရကုန်သတည်း–ဗ။
၃။ တရာသီလည်း၊ ရေမံရောက်အောင်ပင်–ဝ။
၄။ မေတ္တာဆက်ကြုံး၍ ကံဘုန်းမျှ သသူသည်–ဝ။
၅။ မန္တန်နှင့်–ဝ။
၆။ ပဋိသန္ဓေ နေ၍–ဝ။





'သီတင်းသီလ၊ ပုညပညာ၊ ပါရမီရင့်၍ ကိုယ်ကျင့်တရားနှင့် ပြည့်စုံ တော်မူလှသော မယ်တော်ဘုရား ... ဥယျာဉ်ကစား ထွက်တော်မူရာတွင် တာပသ ပေးခဲ့သည့် ဆုမြတ်ဂါထာကို မြွက်ကြား၍ သိကြားမင်းကို ပင့်ခေါ် ပြီးသော် ဘုရားကျွန်တော်ကိုရအောင် ထိပ်ခေါင်တင်ဘုရားတို့ ပန်ကြားလျှောက် ရာတွင် အာသာဝတီနွယ်သီးနှင့် နတ်မင်းကြီးဆုတော်နှင်းခဲ့သည် မှန်ပါ၏လော' ဟု သားတော် လျှောက်မေးသော် မယ်တော်က 'ဘိုးတော် ဘွားတော်တို့၏ အာသာကို[1] ထိပ်ပေါ်ကသာ ဆင်ရွက်၍ ရသေ့ပေးသော ဂါထာနှင့် ဝါသဝ သိကြားမှာ သားတော်ကို ဆုပန်သည် မှန်၏' ဟု အခြင်းအရာကို စေ့စုံစွာ ပြောလေ၏။

ဣန္ဒကုမ္ဘာမင်းသားလည်း 'သိကြားမင်းကို ဂါထာနှင့် တစ်ခါ ယခု ခေါ်သော် ကျွန်တော်တို့ နေရာသို့ လာပါဦးမည်လော' ဟု လျှောက်ပြန်၏။ သီလစန္ဒာမယ်တော်လည်း 'အာနုဘော်ကြီးသောဂါထာကို တစ်ရာဆယ်လီ ပီပီသသ သရဇ္ဈာယ်ရလျှင် အလွယ်တကူ ရှေးနည်းတူ သိကြားမင်း ရောက်လာ မည်' အကြောင်းကို အလောင်းသားတော်မြတ်အား ပြောပေ၏။ ဤသို့ ဖြစ် လျှင် 'မယ်တော်ဘုရား .. နတ်ရှင်သိကြား၌ လျှောက်ထားစရာ ဣဋ္ဌာသယ အတ္တဟိတ ကိစ္စအခင်းကြောင့်[2] နတ်မင်းဖခင်ကို ဖူးမြင်လိုပါသော စေတနာ နှင့် ဘုရားကျွန်တော် မမွေ့လျော်နိုင်အောင် ရှိပါသည်ဖြစ်သောကြောင့် ဂါထာမြတ် ကို သရဇ္ဈာယ်တော်မူ၍ သိကြားနတ်မင်းကို ခေါ်တော်မူပါလော့'ဟု လျှောက် လေသော် မယ်တော်သီလစန္ဒာလည်း 'သားတော်မင်းသားမြတ် ..၊

သိကြားနတ်မင်းသည် ရှစ်သောင်းလေးထောင် အမြင့်ရှိသော မြင်းမိုရ်တောင်ထိပ်ဝယ် သုဒဿနဟူသော တံခါးတစ်ထောင်နှင့်[3] မြို့တည်၍ ဝေဇယန္တာ ပြာသာဒ်၌ သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ၊ သုဇာတာဟူသော နတ်သမီးမိဖုရား လေးပါးနှင့်တကွ ယုဂန္ဓရ၊ ဤ သန္ဓရ၊ နေမိန္ဓရ၊ ကရဝိက၊ သုဒဿန၊ ဝိနတ္တက၊ အဿကဏ် အစ ရှိသော တောင်ခုနစ်ဆင့် နိမ့်မြင့်ဝန်းရစ်၍ မြစ်ခုနစ်ဖြာ၊ သီတာပဗ္ဗတ ထိပ်၌ နှစ်ကျိပ် ရှစ်ယောက်သော နတ်၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ် ရက္ခိုသ်၊ မဟာရိက်ဟူသော ငါးတိုက်အာလိန်[4] နှင့် တာဝတိံသရွှေနန်းဝယ် ခြောက်သန်းနှင့် သုံးကုဋေ ခြွေရွှေနတ်သား နတ်သမီးတို့နှင့် ကြီးမား မြင့်မြတ်သော စည်းစိမ်ရှင် ဖြစ်ပေသည်။

---

၁။ အာထာကို–ဗ။
၂။ ကိစ္စအခွင့်ကြောင့်–ဝ။
၃။ သုဒဿန–ဟူသောဘွဲ့တံဆိပ်ဖြင့် တံခါးတစ်ထောင်ထပ်၍–ဝ။
၄။ ငါးသပ်အာလိန်–ဗ။

www.burmeseclassic.com



'အမှုမရှိဘဲကို အလွယ်တကူ ခေါ်ပင့်သော်လည်း ဂါထာ၏ အာဏာစက်ကြောင့် ရွှေစက်ဖြန့်လာတော်မူမည်ပင်[၁] ။ စည်းစိမ်ရှင်သိကြားကို အားနာလှပါသည်။ လျှောက်ထားရန်ရှိသော အမှုသွားက ကြီးမားသော အရေးရှိမှသာ ဦးထက်[၂] လက်စုံဖော်၍[၃] ပူဇော်သက္ကာရဖြင့် ပင့်ရခေါ်ရပါစေတော့' ဟုဆိုလျှင် ကုန္တကုမ္ဘာမင်းသားကလည်း 'သိကြားပေး၍ရသော သားဟူ၍ ဇမ္ဗူဒီပါ တစ်ကျွန်းလုံး ထင်ပေါ်အောင် အကျော်အစောဖြစ်ပါလျက် သတင်းနှင့် ညီမျှအောင် ဘယ်ကဲ့သို့သောကျေးဇူး ထူးပြားဆန်းကြယ်သော အတတ်မျိုး၌ တစ်စုံတစ်ခုမျှ လှူရေးလှူရာ အဠာရသ မရှိပါ။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် ဝပ်ညောင်းညွတ်ယိုင်၍ မပြိုင်မနှုန်း မဆွယ်နိုင်သောသိပ္ပကို တတ်လှချင်ပါသော စေတနာရှိပါ၍ သိကြားမင်းမှာ အဠာရသဆုကို ပန်ပါမည်။ ခေါ်တော်မူပါ' ဟူ၍ အကြိမ်ကြိမ် လျှောက်ထားတောင်းပန်ရာတွင် မယ်တော်သီလစန္ဒာလည်း သားတော်၏စကားကို သနားစုံမက်သည်နှင့် ကောင်းရက်အခါ[၄] မင်္ဂလာရှိသော နေ့၌ ရွှေနန်းရွှေဘုံကို သုတ်သင်သန့်ရှင်းမှ ပုံ့သင်း[၅] ကြိုင်အေး အမွှေးထုံရည် ဆွတ်ဖျန်း၍ ပန်းထီး၊ ပန်းတံခွန်တို့ကို အဆိုင်ဆိုင် စီကာစီကာ[၆] ဆွဲ၍ မြှောက်ကြွ ပူဇော်ပြီးသော် တော်လျော်သင့်မြတ်သော နေရာက သားတော် မယ်တော်တို့ နေ၍ ရွှေချည်ဖြင့်တွဲသော[၇] ပုလဲပုတီးကို စိပ်ပြီးလျှင် မဟာတေဇော် ဂါထာတော်မြတ်ကို အာလုပ်ချီလျက် ပီပီသသ တစ်ထောင်ပြည့်အောင် သရဇ္ဈာယ်တော် မူလေသော် ပဏ္ဍုကမ္ဗလာ သလွန်တော်တင်း၍ လူ့ပြည်ကို ကြည့်ရှုတော်မူလျှင်–သီလစန္ဒာမင်းသမီး၏ သားတော်ဖြစ်သော ကုန္တကုမ္ဘာမင်းသား၏ ဆန္ဒကို မြင်တော်မူ၍ နှင်းအပ်တော်မူချင်သော ဆုတော်ကို ဆောင်ယူခဲ့ပြီးမှ အလျင်တဆော သက်လာ၍ အကြောင်းအရာကို မေးတော်မူလျှင် – ကုန္တကုမ္ဘာမင်းသားသည် 'ကိုယ်တော်မြတ် သနားတော်မူ၍ ရသောသားတော် ဖြစ်ပါလျက် အဠာရသ သိပ္ပအလုံး၌ အရှင့်ဂုဏ်နှင့် ညီမျှအောင် သနားတော်မြတ်ကို ခံလိုပါသည်ဘုရား'ဟု လျှောက်သော် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ပြိုင်နှိုင်းဘက်ယှဉ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ တန်ခိုးအာဏာ ကျော်စောခြင်းနှင့် ပြည့်စုံလှသော ဝရဇိန်လက်နက်ကို တုဘက်မပေါ်နိုင်အောင် ဆုတော်နှင်းခဲ့ပြီးလျှင် အခင်းအမှု ရှိသမျှ၌[၈] စိတ်ချတော်မူရအောင် သူရဿတီနတ်သမီးကို

---

[၁] ဖြန့်လာတော့မည်ပင်–ဗ။
[၂] ဦးထိပ်–စ။
[၃] လက်စုံမြှောက်၍–စ။
[၄] ကောင်းမြတ်သော ရက်အခါ–စ။
[၅] ပုံ့ရှင်–ဗ။
[၆] စီကာစင်ကာ–စ။
[၇] ဆွဲသော–စ။
[၈] အခြင်းအမှု၌–ဗ။





ခေါ်တော်မူ၍ 'ကုန္တကုမ္ဘာမင်းသားသည် ငါ၏သားတော်ရင်း ဖြစ်သည်။ ငါ၏ကိုယ်စား စောင်မကြည့်ရှု၍ တစ်ခုမလပ် တတ်ရာသမျှသော အဠာရသအတတ်တို့ကို နည်းနာနယအစုံအလင် ပြသင်ရစ်ရမည်[၁]' ဟု မိန့်တော်မူ၍ သူရဿတီနတ်သမီးကို ဆရာအမှတ် အပ်မှာပြီးသော် သားတော်အလောင်းအလျာကို ရိပ်ဖြူစကြာ[၂] ဆောင်းသမျှသော မင်းတို့ ဘုန်း၊ အာဏာ၊ အဆင်း၊ သဏ္ဍာန် အလွန်တရာ တင့်တယ်စေလို၍ အဖိုးအနဂ္ဃ တန်ဆာရတနာ လည်မှာဆွဲသည့်[၃] မြရွဲကိုစီ၍ တညီတညာတည်း ထားသကဲ့သို့ စောင်းလျားသီး၏ပမာ သုံးမျက်နှာထောင့်၍ သုံးမြှောင့်တွတ်ကွက်နှင့် မျက်ရှင်ကိုးပါးသည် ထူးပြားအံ့ဩဖွယ်ရှိသည်။

(၁) ထိုသို့အမြှောင့်၌ တစ်မျက်နှာကကြည့်သော် မှည့်လှသော[၄] အရောင်ထဲတွင် စိတ်စွဲမိအောင် မြင်သည်မှာ ဇမ္ဗူသပြေ၊ ပဒေသာ၊ ကုက္ကို၊ ထိမ်အစရှိသော သစ်ကြီးလေးပင်၊ ကျွန်းငယ်နှစ်ထောင်၌ ရှိနေကုန်သော ဝေနေယျ အပေါင်းနှင့် မြင်ကောင်းသမျှကို အရောင်ဖိတ်ဖိတ်နှင့် အရိပ်ကို မြင်သည်။

(၂) တစ်မြှောင့်ကို လှည့်၍ ကြည့်လျှင်လည်း တောင်စကြဝဠာကို သမုဒ္ဒရာရစ်ပတ်၍ နဝတတ်ကဖြာသော ငါးရာမြစ်ငယ်၊ ငါးသွယ်သော မြစ်ကြီးနှင့် တောကြီး၊ တောင်ကြီး ကာဆီးလျှောက်ပတ်ဝန်း၍[၅] ကျွန်းကြီး၊ ကျွန်းငယ်တို့ကို ရစ်လျက် မြစ်ဆိုသမျှ ချောင်း၊ မြောင်း၊ အင်း၊ အိုင်၊ ကန်ရေတို့၌ ရှိနေကုန်သော ဆယ်ကုဋေသော သတ္တဝါအပေါင်းကို စေ့စုံစွာ အတိုင်း မြင်ရသတည်း။

(၃) တစ်မျက်နှာအမြှောင့်က ကြည့်ပြန်လျှင် ဟေမဝန္တာမည်သော တောကြီး၌ ပေါက်ရောက်သော သစ်သီးမျိုး၊ ပန်းမျိုးတို့နှင့် တောသတ္တဝါဖြစ်သော တိရစ္ဆာန်၊ သား၊ ငါးတို့ကို ပကတိ မြင်ရသတည်း။

(၄) ထိပ်ကကြည့်လျှင် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ရက္ခိုသ်၊ မဟာရိုက်နှင့်တကွ သတ္တရဘာန်၊ တောင်စဉ်ခုနစ်ထပ်၊ ခြောက်ရပ်သော နတ်ပြည်၊ ဗြဟ္မာ့ပြည် ဘုံနှစ်ဆယ်တိုင်အောင် ချင်း၍ နတ်သား၊ နတ်သမီးတို့စံသော ဘုံပြာသာဒ်နှင့်တကွ ရှိသမျှအတိုင်း မကြွင်းမကျန် မြင်သည်။

---

[၁] ပြသင်ရမည်–ဗ။
[၂] ထီးဖြူစကြာ–စ။
[၃] အဘိုးအနဂ္ဃထိုက်သော တံဆာရတနာ လည်မှာဆွဲသည် –စ။
[၄] မြည့်လှသော–စ။
[၅] ကာစီးရှောက်ပတ်ဝန်း၍–စ။

www.burmeseclassic.com



(၅) အောက်မြောင့်က ကြည့်လျှင်လည်း သံဝေဂစွဲမိအောင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံ တည်ကုန်သော အတိုင်း အလုံးစုံကို မြင်ရလေသည်။

ထိုမျက်ရှင်သည် တစ်ပါးပါး၌ ငါးပါးသော ထူးပြားဆန်းကြယ်ခြင်းဖြင့် အံ့ဩဖွယ်ဖြစ်သော ကိုးမည်သော ရတနာအမျိုးသည် သို့ထား-သို့နေ[၁] မတူ။ အဖြူ၊ အပြာ၊ အဝါ၊ အနက်၊ အညို၊ အကြောင်၊ အရွှေ ဟူသော ရောင်ခြည်နှင့် ကိုးမည် အမျိုးကွဲပြားသော ရတနာများသည် ငါးပါးသော ကျေးဇူး ထူးပြားခြင်းနှင့် ပြည့်စုံကြသည်ချည်း။ ထိုရတနာတို့ကို[၂] စိန်ကိုးတန့်[၃] ထိုးပြီးလျှင် မြကြိုးရစ်သီ၍ ဒါလီဘယက်ကို သူတကာတို့ထက် မြင့်မြတ်၍ မိုးနတ်ထွတ်ဖျား သိကြားငါကဲ့သို့ အောင်မျိုမြုတေ ကျက်သရေအပေါင်း ပြည့်စုံစေသော ဟူ၍ ကောင်းချီးပေးပြီးလျှင် ဣန္ဒကုမ္ဘာမင်းသား၌ မျက်ရှင်ကိုးပါးဘယက်ကို ရွှေလက်တော်မြတ်နှင့် ဆင်ယင်ဆွဲခဲ့ပြီးလျှင် သိကြားမင်းသည် စံတော်မူရာ နတ်ပြည်သို့ ပြန်တက်လေ၏။

ဣန္ဒကုမ္ဘာမင်းသားလည်း အံ့ဖွယ်[၄] ငါးပါးနှင့် ပြည့်စုံသော ဘယက်ရတနာကိုဆင်လျက် နတ်ရှင်သိကြားမင်းကဲ့သို့ အလွန်အကျူးတင့်တယ်ခြင်းဖြင့် တင့်တယ်လှပ၍[၅] ကြီးသည့်တန်ခိုးအာနုဘော် အကျော်အစောနှင့် ပြည့်စုံ၍ ဂုဏ်သတ္တိအပေါင်းမှာ ရန်သူအပေါင်းတို့ကို ညွတ်ပျောင်းအောင် နှိမ်နိုင်သော ဝရဖိန်လက်နက်ကို ရတော်မူလျှင် ခုနစ်ရက်တိုင်တိုင် သဘင်ကြီးစွာပြု၍ အောင်ပွဲခံသတည်း။

သူရဿတီနတ်သမီးလည်း ကိုယ်တိုင်စောင်မ၍ 'သိကြားမင်း သားတော် ဖြစ်ပေသည်တကား' ဟု ထူးပြားလှစွာသော အဌာရသ သိပ္ပအပေါင်းတို့ကို နေ့တိုင်း သင်ပြ၏။ ကောင်းကင်ကို ပျံနိုင်သောအတတ်၊ မြေကို လျှိုးနိုင်သော အတတ်၊ နာနာရုပ် ဖန်ဆင်းနိုင်သော အတတ်၊ အသက်သွင်းနိုင်သော အတတ်[၆]၊ ဤသို့သော အတတ်မျိုးမှစ၍ တစ်ခုမကျန် လူတို့ တတ်ရသော အဌာရသအပေါင်းကို ကုန်ကုန်စင်စင် တတ်တော်မူလေသော် ဇမ္ဗူဒီပါဝယ် တစ်ရာသော မင်းအပေါင်းတို့သည် ဦးခေါင်းကေသာ စကြာခြေတော်ရင်းသို့ ခိုက်၍ ဘုန်းတော်မြတ်ကို ခိုလှုံကြရသတည်း။

---

၁။ ဘိုထားဘိုနေ-ဗ။
၂။ ထိုရတနာကိုးစုကို-ဗ။
၃။ ကုန်တန်-ဗ။
၄။ အံ့ဩဖွယ်-စ။
၅။ တင့်တယ်လှ၍-ဗ။
၆။ အသက်သွင်းဝင်တတ်သောအတတ်-ဗ။





တစ်နေ့သ၌သော်[၁] တစ်သန်းသောရဲမက်၊ ဖွားဖက်တော် တစ်ထောင်နှင့်တကွ ရမ္မဏီယရွှေမြို့တော်က ရထားပျံစီး၍ ထွက်ပြီးလျှင် သီရိဟေမာဉယျာဉ်တော်သို့ မိဿ၊ ပြိဿ၊ မေထုန်၊ ပန်းစုံပွင့်တုန်း သုံးရာသီလည်းကောင်း စံပယ်ပျော်ပါး၍ သီတုဒကရေကန်နန်း စံတော်မူ၏။

ထိုအခါ ယမုန်နာပြည်ကို အစိုးရသော ရောပထနဂါးမင်း မှူးမတ်ခြွေရံ ညီလာခံ၍ စံပယ်တော်မူစဉ်ဝယ် 'ယမုန်နာ၊ ဂင်္ဂါ၊ အစီရဝတီ၊ မဟီ၊ သရဘူဟူသော မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့သည် အဘယ်အရပ်က[၂] စီးဝင်ကျရောက် ဖြစ်လာကြသနည်း' ဟု မေး၏။ မှူးမတ်တို့ကလည်း 'နဝတတ်အိုင်က ဆင်းကျဖြစ်လာကြောင်း' ကို တင်သည်။ 'နဝတတ်အိုင်မှသည် မည်ကဲ့သို့ စီးဝင်၍ မည်သို့ရောက်မှ မြစ်ကြီးမြစ်ငယ် ဖြစ်သနည်း' ဟု မေးတော်မူပြန်၏။ မသိသာနိုင်သော အခြင်းအရာကို လျှောက်ထားကြလေ၏။ ဤသို့ မသိသာလျှင် သီတာ၏ အဆုံး အစကို[၃] သိရ မှတ်ရအောင် သွားမည်မှာ မိဖုရား၊ မောင်းမတို့ကို မဆောင် မယူခဲ့ပြီ၊ အားအန်ကြီးမားသော[၄] နဂါးရှစ်သောင်း ရွေးချယ်စည်းကြပ်၍ တစ်နေ့သ၌ ယမုန်နာမြစ်ကို လျှောက်ကြ၍ တန်ခိုးဖန်ဆင်းပြီးလျှင် အလျင်အမြန် သွားလေ၏။

မြစ်ငါးစင်းတို့သည် အသီးသီးဖြာ၍[၅] ဆုံရာ၊ ပေါင်းရာ ဖြစ်သော တိရစ္ဆာနတောင်ကို ရောက်လေသော် ယင်းသည်တွင် ငါးစင်းမြစ်ကြီး ဖြစ်ရကြောင်း အစကို သိရလျှင်-

ဂင်္ဂါဉမင်ကို လျှောက်၍ တောင်ဖီလာအောက်သို့ ရေဖောက်၍ ဝင်သည်နှင့် တိယင်္ဂလကျောက်ဖျာမှာ ယူဇနာငါးဆယ် ရေပေါက်လေသည်များကို[၆] ကြည့်ရှု၍ သွားရာတွင်[၇] အာကာသဂင်္ဂါသည် ယူဇနာ ခြောက်ဆယ် ကောင်းကင်သို့တက်၍ တစ်ဖန် ဆင်းလာပြန်သော ရေလုံးသည် သုံးဂါဝုတ်အမျှ ပဗ္ဗတတောင်ခါးပန်း၌ တိုက်ခိုက်ဟန်များကို ကြည့်ရှု၍ သွားသည်နှင့် နွား၊ မြင်း၊ ဆင်၊ ခြသေ့်၊ မုခ လေးဝသောပြွန် ရေတံခွန်မှစ၍ တစ်ဆယ့်နှစ်ခွေပတ်သော[၈] နဝတတ်အိုင်ကြီးနှင့်တကွ ဆဒ္ဒန်အိုင်၊ ရထကာရအိုင်၊ ကုဏာလအိုင်၊ မန္ဒာ

---

၁။ တစ်နေ့သောအခါ-စ။
၂။ အဘယ်သော အရပ်က-ဗ။
၃။ အဆုံးအဝကို-ဗ။
၄။ အားအင်ကြီးမားမြန်မာသော-ဗ။
၅။ အသီးအသီး-ဗ။
၆။ အောက်လေသည်များကို-စ။
၇။ သွားသည်နှင့်-စ။
၈။ တဆယ့်နှစ်ခွေယ် ပတ်သော-ဗ။

www.burmeseclassic.com



ကိန္နီ[၁] အိုင်၊ သီဟပပါတအိုင်၊ ကဏ္ဏမုဏ္ဍာအိုင် အစရှိသည်တို့ကို လည်လည်ပတ်ပတ်[၂] ကြည့်ရှုပြီးလျှင် –

ထို ခုနစ်အိုင်ကို ဖုံးအုပ်၍ ကျီးနှုတ်သီးကဲ့သို့ မိုးသော တောင်ကြီးငါးလုံးကို သိလိုပြန်သောကြောင့် ခြွေရံ နဂါးအပေါင်း ရှစ်သောင်းနှင့် လှည့်ပတ် ကြည့်ရှုပြန်သော် ဂန္ဓမာတောင်ကြီးကို တက်မိလေ၍ တောင်ခါးပန်း[၃] ၌ ရှိသော ကျောက်ဖျာပေါ်ဝယ် ရောပထနဂါးမင်း နေ၍ ခြွေရွှေအပေါင်းတို့ကို ငံ့ညောင်းရုံးစု[၄] လျက် နားနေစဉ်တွင် တောင်ထိပ်၌[၅] သံမြို့ခုနစ်ထပ်ကာသော ငါးရာနန်းဆောင်က ကျောက်ရောင် ရွှေရောင်တို့ဖြင့် ဆန်းကြယ်စွာ ထွန်းပသည်ကို 'ဘယ်နတ်မင်း၏ ဗိမာန်ဖြစ်ပါလိမ့်မည်နည်း' ဟု နဂါးရှစ်သောင်းနှင့်တကွ အံ့သြရှုကြည့်၍ နေကြစဉ် ဝေဠုမြတ်စွာမင်းသမီးသည် ငြိုးငွေ့တော်မူသောကြောင့် 'မဥ္ဇူသကပန်းပွင့်ကို ရွှေလက်တော်ဖြင့် ဆွတ်ခူး၍ ကစားတော်မူချင်သည်' ဟု နင်းကြမ်းပြင်အလုံးမှာ လဲ လုံးဖြူကတ္တီပါကို အထပ်တစ်ရာ ခင်းပြီးလျှင် နတ်သမီးအပေါင်း တစ်သောင်းတစ်ထောင်[၆] ကျော်နှင့်တကွ မ စ သူ အလဲလဲ[၇] တွဲသည့်သူ ဘယ် ညာ ရတနာ မင်းယဉ်နသည် စတုဒိသာ မှန်ဝဲမော်သို့ ထွက်တော်မူသည်ကို ရောပထ နဂါးမင်းနှင့်တကွ ရဲမက်နဂါး ရှစ်သောင်းတို့ မြင်ကြလေသော် –

ပတ္တမြားလည်ပေါ် ဂူလိုဏ်၌ မှဲ့ဆိုင်ယှွန်းဆက်သော နာရဏီရွှေနန်း အဆောင်ငါးရာက တဖြာဖြာ တထိန်ထိန်နှင့် အရှိန်တောက်လွန်းရာတွင် များစွာသော ခြွေရံတို့သည် နှဟန်ယဉ်ဟန် ခြောက်တန်အဖြစ်လွှင့်၍[၈] ဆင့်ရရင့် စီရရီ တညီတညွတ် ဆွတ်လွတ်သနားစရာရှိသည်နှင့် ဝေဠုမြတ်စွာမင်းသမီး၏ အဆင်းရုပ်ရည် ပြင်လျာသည် နှိုင်းဘက်စရာ မရှိအောင် တန်ဆောင်မုန်းလပြည့် နေ့တွင် တိမ်ငွေ့စင်ခိုက်ကို ထွန်းသော လစက်ဝန်းကဲ့သို့ ရွှန်းလှသော ရွှေမျက်နှာတော်၏ အသရေသည် အထွေထွေ ကြည့်တိုင်းပင် မှည့်သလို ဝင်းသလိုနှင့် ကိုယ်တော်ကလည်း သပ်သပ်၊ အလုံးအရပ်ကလည်း သန့်ရှင်းရှင်း ပြာပြာဝင်းဝင်း လှဲ့လှဲ့ တတွဲ့တွဲ့နှင့် တနွဲ့နွဲ့ပျောင်းလျက် ဖယောင်းပုံလည်း မမီ၊ သီဂီရွှေရုပ်ကဲ့သို့ အိအိအယ်အယ် အံ့ဖွယ်အရောင်နသည် ဝေဠုရိယမြသားနှင့်

၁။ မဏ္ဍာကိန –စ။
၂။ လှည့်လှည့်ပတ်ပတ် –စ။
၃။ အောက်ခါးပန်း –စ။
၄။ ရုံးစီး –စ။
၅။ တောင်ထိပ်ဦး –စ။
၆။ တထောင် –စ။
၇။ အလှဲ့လှဲ့ –စ။
၈။ နှဟန်၊ ယဉ်ဟန်၊ ချောဟန် အပြစ်စင်၍– စ။





ယိုးမှားမိဖွယ် အသွယ်သွယ်ရှုတိုင်းထင်၍ ဘဝင်စိတ်စောလျက် သဘောကိုယ်စီကိုယ်စီ ပေါက်ကြသော် မဆောက်တည်နိုင်[၁]၊ မိန်းမှိုင်းတွေဝေ ဣန္ဒြေမှုမရှုအသက် စိုက်စက်ခေါ်ယောင် မျက်တောင်ကိုမျှလည်း တစ်ခဏမျှ မခတ်မိပြီ။ ကိုယ်စီ အံ့အားသင့်၍ အသက်သင့်သာ ရှုကြလျက် တစိုက်စိုက်ကြည့်သည်နှင့် တောင်လှည့်မြောက်ယိမ်း အမိန်းအမောရှိကြစဉ် ထပ်၍ မျောစေဦးဆိုသကဲ့သို့ ဝေဠုမြတ်စွာသည် သိင်္ဂါရွှေရိုး၌ ကျောက် ၉ ပါးစီးသော နီလာတံချူတံကို[၂] စွဲတော်မူ၍ မဥ္ဇူသကပန်းပွင့်ကို ရွှေလက်တော်ဖြင့် မှုင့်ချင် နှိမ့်ချင်[၃] ချိတ်ငင်တော်မူလျက် ဆွတ်ချူ[၄] ကစားရာတွင် –

မြဝတ်ဆံသေးတွန့်သော တိမ်ညွှန့်လက်ကျပ် အင်္ကျီတွင် စိန်စီသော အရုံနှင့် လယ်ခွန်တော်တဘက်ရပ်ကို လေညင်းသလပ်ရာတွင် သံပရာသီးခန့်[၅] မျှလောက်သော ရတနာနှစ်ပါးသည်[၆] လားလားလည်း သတိတော်မပျက်၊ တစ်ဝက်ခန့်မျှ လစ်သည်ကို လျှပ်ပန်းလျှပ်စစ်နွယ်တွင် ကြယ်နှလုံးပြိုင်သကဲ့သို့ ဝေးနိုင်မျှ နေရာ မနည်းကွာသော်လည်း မျက်နှာတည့်တည့်တွင် အကြည့်အခန့်သင့်ကြ၍ ဥဒါဟရဏ်စေတနာသည် အာကာသတိမ်နန်းက လျှပ်ပန်းချင်းခွပ်ကြသည်ကို လှုပြည်ကအတိုင်း မြင်ရသည့်သဖွယ် မျက်နှာပါးမှာ ဘယ့်နှယ်နှယ်နှင့် ဆန်းကြယ်သော ဗိမာန်က ဘုန်းလျှံမြရောင်နှင့်[၇] မီးတန်ဆောင်တိုင်နှစ်ပွင့်ကို လေပြည်လေညင်းပင့်၍ မိုတ်ချည်လင်းချည်ရှိသကဲ့သို့ အဆို့အဆီးမရှိ၊ မျက်စိအတပ်မြင်ကြသော် ဘဝင်အာရုံသည် ထပ်ပုံစုပေါင်း၍ မြင်ဖောင်းတွင် အသစ်စွက်သည်နှင့် ပက်လက်ပြောင်းပြန်မြောလျက် စိတ်စောသည့် အရေးကြောင့် နှလုံးသွေးမြူးကွန့်၍ တတွန့်တွန့်ငင်ရှိုက်ကြသည်နှင့် ကတိုက်ကရိုက်ရှိကြလေသည်။

နဂါးခြွေရွှေ တစ်သင်းတို့လည်း မင်းကို ကျွန်မမြင်၊ အရှင်နှင့်တကွ တွေ့ကရ သီကရီ စီစီကြော်ကြော် တောက်ခေါ်သော်လည်း မကြား၊ လမ်းများကိုလည်း မသိ၊ သတိလည်း မရနိုင်၊ ယိမ်းယိုင်ညွတ်ကာ လျှာများ ထွက်သူထွက်၊ မှင်တက်သည့်အရုပ်လို အမြုပ်ပြန်သူပြန်၊ ကျွမ်းလှန်တလိမ့်လိမ့်လေ၍[၈] မြောသူမြော၊ တောတောင်မုန်းလည်းမမြင်၊ ရှိုက်ငင်မိန်းမူး၊ ခြောင့်ဆူးခလုတ်၊ သစ်ငုတ်ဝါးရုံ၊ ခရောင်းပုံများကို နိုက်မိ တိုက်မိ စုတ်ပြတ် ထိပေါက်လျက် သွေးထွက်သံယို ရှိသော်လည်း ကိုယ်ကို ကိုယ့်ရှင် မသိ၊ နိုက်မိရာ ကိုက်မိ၍

၁။ မထောက် မတည်နိုင် –ဗ။
၂။ နီလာချူးတန် –စ။
၃။ မှုင့်ချေ နှိမ့်ချေ –စ။
၄။ ဆွတ်ခူး –ဗ။
၅။ သမ္ဗရာသီးပိုင်းခန့် –ဗ။
၆။ ရတနာငါးပါးသည် –ဗ။
၇။ ပန်းလျှာမှန်ရောင်နှင့် –ဗ။
၈။ ထွန်းလန် ... လိန့်သွားစေ၍ –ဗ။



www.burmeseclassic.com

www.burmeseclassic.com



သွားလေသော် ရောပထ နဂါးမင်းလည်း တစ်ယောက်တည်းသာ ကန္တာရတောလမ်း၌ ညှိုးနွမ်းခွေမှူးလျက် မျက်စဉ်းတောင်ခြေရင်းသို့[၁] ရောက်မှန်းမသိ ရောက်လေ၍ ပင်ပန်းလျှောင်းအိပ် နေလေသတည်း။[၂]

ထိုအခါ ဟူရမ္ဗလဂဠုန်မင်းသည် အရံငါးရာနှင့်တကွ ဝေဘူလတောင်ထိပ်၌ သီတင်းသုံးနေသော ဝိဇ္ဇာမယ ရသေ့ကြီးမှာ အတတ်ပညာသင်မည် လာသည်တွင် မျက်စဉ်းတောင်ခြေရင်း၌ ရောပထနဂါးမင်းလည်း ညှိုးနွမ်းသော နှလုံးဖြင့် ယူကျုံးမရရှိ၍ မိမိ၏ ရုပ်သဏ္ဌာန်ဖြင့် တောင်ယံ၌ ခွေ၍နေသည်ကို တွေ့လေသော် အခြွေအရံတို့ကို 'ဝေဘူလတောင်ထိပ်သို့ သွားနှင့်ကြတော့' စေလွှတ်လိုက်ပြီးလျှင် ကြီးစွာသော အားအန်ဖြင့် ချီသွားပြီးသော် နဂါးမင်းကို ပင်ပန်းမိန်းမောစ၍[၃] နွမ်းနယ်စေလိုသောကြောင့် ထိုထိုကောင်းကင်ပြင်မှာ လှည့်ပတ်ပျံဝဲ၍ အရပ်ရှစ်မျက်နှာ နှံ့အောင် ကစား၏။

ထိုသို့ ကစားသည်တွင် ရမ္မဏီယပြည်ကြီး၏မြောက် သုံးယူဇနာ ကွာသောအရပ်၌ သီရိဟေမာ မည်သော ဥယျာဉ်တွင် တစ်သန်းသော ရဲမက်၊ ဖွားဖက်တော် တစ်ထောင်နှင့်တကွ ဝရဖိန်လက်နက်သခင် ဣန္ဒကုမ္မာမင်းသားသည် သီတဒကရေကန်ခါးပန်း၌ ရွှေနန်းရွှေဘုံ စံပယ်ခိုက် ကြုံသည်နှင့် သီရိဟေမာ ဥယျာဉ်တော်အပေါ်သို့[၄] တွဲလျားချီယူလာသည်တွင် သံတောင်တစ်ရာရှိသော ပုန်းညက်ပင်ကြီးကို နဂါးအမြီးပတ်မိ၍ ကျပ်ကျပ်မြဲမြဲရစ်ရာတွင် အမြစ်နှင့် တကွ ပါသည်ကို ဣန္ဒကုမ္မာမင်းသား မြင်လေသော် 'ငါ ပျော်ပါးသော ဥယျာဉ်မှာ ပန်းပင်ကို ဖျက်ဆီးရာသလော' ဟူ၍ အမျက်တော်ရှိသောကြောင့်[၅] ဝရဖိန်လက်နက်နှင့် ငှက်မင်းဂဠုန်ကို ပစ်တော်မူလိုက်သည် ရှိသော် တောင်ပံနှင့် ခြေလက်သည်[၆] ထက်ဝက်နှစ်ခြမ်းကွဲ၍ မစဲမရပ်အောင် သွေးသံခြင်းခြင်း ထွက်ယိုလျက် နဂါးနှင့်တကွ မြေသို့ ကျရောက်လေသည်။

ထိုဂဠုန်သည် ပြင်းပြသော ဝေဒနာနှင့် ကိုးကွယ်ရာမရ ဒုက္ခကြီး၍ ယိုစီးထွက်သော သွေးစက်နီနီတွေးတွေးကို မြင်တော်မူလျှင်[၇] လေးဆူသစ္စာ သမ္မာတော်ရင့်သော မင်းသားဖြစ်၍ အလွန်တရာ သနားမေတ္တာ ကရုဏာ သက်ပြန်တော်မူသဖြင့် ဂဠုန်မင်း၏ ဦးခေါင်းရင်းက ရွှေစက်တော် ရပ်ပြီးသော်

၁။ မျက်စိလည်၍ တောင်ခြေရင်းသို့ – စ။
၂။ ပင်ပန်းယောင်ယမ်း၍ အိပ်နေလေသတည်း – စ။
၃။ ပင်ပန်းမောဟိုက်၍ – စ။
၄။ ဥယျာဉ်ပေါ်သို့ – ဗ။
၅။ အမျက်ထွက်တော်မူ၍ – စ။
၆။ ခြေသည်းလက်သည်း – ဗ။
၇။ သွေးစက်ဖြင့် နီနီတွေးတွေး မြင်တော်မူလျှင် – ဗ။





သူရသတီနတ် သင်ပေးထားသော မန္တရားကို ရွတ်မန်း၍ ရေစင်ဆွတ်ဖျန်းတော်မူလျှင် ဟူရမ္ဗလ ဂဠုန်မင်းသည် ချက်ချင်းရှင်ပြန်၍ ထိုအန္တရာယ်ရောဂါပျောက်သည်နှင့် ချမ်းသာပကတိ ရှိပြန်သတည်း။

ထိုဂဠုန်မင်းလည်း ''ဤကဲ့သို့ ဘုန်းတန်ခိုး အာဏာကြီးသောမင်းကို မကြားဖူးတောင်း၊ မတွေ့ဖူးတောင်း၊ ယခု တွေ့ကြုံမိရပေသည်။ လေးမည်သစ္စာ သမ္မာရင့်သော အရှင်တကား၊ နောင် ဘုရားဖြစ်လျှင်လည်း အတူတကွ ကျွတ်လိုပါ၏။ ဂဠုန်ပြည်သို့ မပြန်ပြီ။ ပါရမီဖြည့်သော အရှင့်ထံတွင် နိမ့်မို့လျက် ဝတ်ကြီး ဝတ်ငယ် လုပ်ကျွေးနေတော့မည်။ ပုရိသဇာနည်ပေ တကား' ဟု စိတ်ထားမြတ်၍ ကျွန်တော်မျိုး ခံ၍နေလေသည်။

ရောပထနဂါးမင်းလည်း ရွှေဘုန်းတော်၊ ရွှေအာဏာတော်ကို မြင်လျှင်[၁] 'အသက်သခင်ထံမှ မပြန်ပြီ' ဟု မှီခိုခစားလျက် ရွှေဖဝါးတော်မြတ်အောက် ကျွန်တော်မျိုး ခံ၍ နေလေ၏။

မင်းသားလည်း သုံးရာသီလွန်လျှင် ရမ္မဏီယ ရွှေပြည်နန်းတော်သို့ တစ်သန်းကျော် ရဲမက်၊ ဖွားဖက်တော်တစ်ထောင် ခြံရံလျက် ပြန်တော်မူခဲ့၍ ပြာသာဒ်ရွှေဘုံသို့ရောက်သော် ဂဠုန်၊ နဂါးတို့လည်း သိကြားမင်း၏ သားတော်ဖြစ်သော အခြင်းအရာကို ကြားသိရပြန်လျှင် ကြည်လင်သော စေတနာသည်သာ၍ စိတ်ပြန့်ပြူးသည်နှင့် ရှိန်းအကြိမ်ကြိမ်[၂] ခိုက်၍ ပျော်ပိုက်ခစားလျက်[၃] ရွှေဖဝါးတော်မြတ်အောက် မပြတ်စွဲမြဲ နေလေ၏။

ထိုအခါ သူရသတီနတ်သမီးသည် မဟာရာဇိန္ဒမင်းကြီးနှင့် အတုလဒေဝီမိဖုရားမှာ ဤကဲ့သို့ ခွင့်ပန်ကြား၏။ 'မြေးတော်ဣန္ဒကုမ္မာမင်းသားသည် အရှင်သိကြားမင်း၏ သားတော်ရင်း ဖြစ်ပေသည်တကား။ သိကြားမင်း၏ အမွေကို ခံထိုက်ငြားပေသည်။ သို့သော်လည်း လူနှင့်နတ်သည် ဇာတ်မတူသည်ဖြစ်၍ သိကြားမင်း၏ အမွေကို ခံရသည် မည်အောင်[၄] သုဒဿနမြို့သဏ္ဌာန် ဝေဇယန္တာနန်းကဲ့သို့ ထူးဆန်းသောဗိမာန်ကို ထိုက်တန်အောင် ကျွန်ုပ် တည်ထောင်လိုပါသည်' ဟု ခွင့်တောင်းသော် မဟာရာဇိန္ဒမင်းကြီးနှင့် အတုလဒေဝီမိဖုရားကြီးက 'မြေးတော်မင်းသားကဲ့သို့ ဘုန်းတန်ခိုးအာဏာနှင့် တေဇာလက်ရုံးကြီးသည့်သူကို[၅] မဟာသမ္မတ ဝံသနွယ်ရိုး ဘေး ဘိုး အစဉ်အဆက်ကပင် တွေ့မြင်ရုံရဖူးမည်ထား၍ ကြားဖူးသည်မျှ မရှိအောင် ဗောဓိပွင့်လျာ သမ္မာတော်

၁။ ရှုမြင်လျှင် – ဗ။
၂။ ရှိန်းအကြိမ်ကြိမ် – စ။
၃။ စံစားလျက် – စ။
၄။ ရသည်မည်အောင် – ဗ။
၅။ လက်ရုံးကြီးသည်ကို – ဗ။



www.burmeseclassic.com

www.burmeseclassic.com



ရင့်သော မင်းသားဖြစ်တော်မူသည်[၁]။ မြေးတော်ရတနာ၏ အဆောင်အယောင်ကို ထိုက်တန်အောင် ငါတို့ မတတ်နိုင်ချေ။ နတ်သမီးသာ စီရင်ဖန်ဆင်းပါတော့' ဟူ၍ အခွင့်ပေးတော်မူကြသော် သူရဿတီနတ်သမီးလည်း လူတို့ပညာဖြင့် မရှက်မဆောင် မတည်ထောင်နိုင်သော နန်းမြို့တို့ကို တည်ထောင်လို၍ နဂါးမင်း၊ ဂဠုန်မင်းတို့ကို 'သင်တို့ပြည်၌[၂] ရှိသော လက်သမား၊ ဗိသုကာ၊ ပန်းပု၊ ပန်းချီ၊ ပန်းရန်၊ ပန်းထိမ်၊ ပန်းပဲမှစ၍ အလုံးစုံသော ပညာသည်တို့ကို ခန့်ဆော်ဆောင်ယူချေ' စေလျှင်[၃] နဂါးမင်း၊ ဂဠုန်မင်းတို့လည်း မိမိပြည်သို့ ပြန်ကြ၍ သူရဿတီနတ်သမီး စီရင်ခန့်ဆိုတိုင်းတို့ကို ကိုယ်တိုင်ကြပ်မတ်၍ လုံ့လဝီရိယနှင့် ရှက်ဆောင်ကြသတည်း။

နဂါး၊ ဂဠုန် ပညာသည်အပေါင်း မရေတွက်နိုင်သော လက်သမားတို့ရောက်လျှင် ရမ္မဏီယရွှေပြည်တော်ကြီးက ယူဇနာသုံးရာကွာသော အရပ်ဒေသ၌ မြို့အဝန်း ယူဇနာ တစ်ရာ့ငါးဆယ်၊ အချင်းယူဇနာ ငါးဆယ်၊ အမြင့်အတာသုံးဆယ်ရှိသော အုတ်မြို့တည်၏။ ၎င်းအတွင်းကို အဝန်းယူဇနာ တစ်ရာ့နှစ်ဆယ်[၄]၊ အချင်း ယူဇနာလေးဆယ်[၅]၊ ပကတိမြေက မြေခံတာ[၆] သုံးဆယ်မြှောက်၍ ကျောက်မြို့တည်၏။ ၎င်းအတွင်း အဝန်းယူဇနာကိုးဆယ်၊ အချင်းယူဇနာ သုံးဆယ်၊ ပကတိမြေက အတာသုံးဆယ်မြှင့်၍ သံမြို့တည်၏။ ၎င်းအတွင်း အဝန်း ယူဇနာခြောက်ဆယ်၊ အချင်းယူဇနာနှစ်ဆယ်၊ မြေပြင်က အတာသုံးဆယ်ရှိသော ကြေးနီမြို့တည်၏။[၇] ၎င်းအတွင်း အဝန်း ယူဇနာသုံးဆယ်၊ အချင်း ယူဇနာတစ်ဆယ်၊ အတာသုံးဆယ်မြှင့်၍ ပဥ္စလောဟာမြို့ တည်၏။ ၎င်း ငါးဆင့်ငါးထပ်သည် တစ်ဆင့် တစ်ထပ်ကို မြေညီဖို့ ညှိသည်ပြင် အုတ်မြို့သူရဲပြည်ကို နဂါးရုပ်သူရဲနိ[၈] အပြည့်ရံသည်။ ကျောက်မြို့သူရဲပြည်ကို ဂဠုန်ရုပ်သူရဲနိ အပြည့်ရံသည်။ သံမြို့ သူရဲပြည်ကို ကုမ္ဘဏ်ရုပ် သူရဲနိ အပြည့်ရံသည်။ ကြေးမြို့သူရဲပြည်ကို ရက္ခိုသ်မည်သော နတ်ရုပ်သူရဲနိ အပြည့်ရံသည်။ ပဥ္စလောဟာ သူရဲပြည်ကို မဟာရာဇ်နတ် သန်လျက်ထမ်းရုပ်သူရဲနိ အပြည့်ရံသည်။

ဤကဲ့သို့ အနိမ့် အမြင့် ငါးဆင့်ငါးထပ်သော ပဥ္စအာလိန်[၉] မြို့ဝယ် တံခါးပေါင်းတစ်ထောင်၊ ပြာသာဒ်အဆောင်ပေါင်း တစ်သိန်းရှိသတည်း။ တံခါးတစ်ပေါက်တစ်ပေါက် အဆင်း အတက်မှာ ရွှေ ငွေတို့ဖြင့် ပြီးသော စောင်းတန်း

၁။ မင်းသားဖြစ်တော့သည်–ဓ။
၂။ သခင်တို့ ပြည်၌–ဗ။
၃။ စေ့စုံအောင်ယူချေ စေလျှင်–ဓ။
၄။ သုံးရာ့နှစ်ဆယ်–ဓ။
၅။ အချင်း ယူဇနာလေးရာ–ဓ။
၆။ မြေခံတော်–ဓ။
၇။ ကြေးမြို့တည်၏–ဓ။
၈။ သူရဲနိသူ–ဗ။
၉။ ပဥ္စမာလိန်–ဗ။





မုခ်ထွတ်နှင့်တကွ အုတ်မြို့မှာ အုတ်လှေကား၊ ကျောက်မြို့မှာ ကျောက်လှေကား၊ သံမြို့မှာ သံလှေကား၊ ကြေးမြို့မှာ ကြေးလှေကား၊ ပဥ္စလောဟာမြို့မှာ ပဥ္စလောဟာ လှေကား တစ်ထောင်သွယ်ပြီးလျှင် အလယ်ကောင် မြို့ထိပ်ပေါ်ကလည်း နဂါးသွဲ့ ကျောက်နဂါးရုပ် ခံတွင်းဝက ထွက်၍ သုံးဂါဝုတ်မျှကျယ်သော ရေတံခွန်[၁] လွှားလျက် မြို့ကို လက်ယာရစ်လှည့်၍ လည်ပြီးလျှင် မြစ်ငါးသွယ် ဆင်းကျ စီးသွားလေ၏။

ရွှေနန်းဘုံမှာလည်း လည်ပေါ်ရှိ အဆောင်သုံးဆယ် အရံနှင့်တကွ ရတနာပြာသာဒ်သုံးဆောင်၊ တစ်ဆောင်လျှင် ဘုံကိုးဆင့်၊ ကိုးစမုတ် လေးမျက်နှာ ဆိုင်လျက် ဥကင်တံခါး လေးမျက်နှာ ထားသည်တွင် –

အရှေ့မာရဘင်၌သာ ရာဇပလ္လင်တည်သည်။ သုံးမျက်နှာဥကင်မှာ ရတနာသလွန်တော်၏ အပေါ်က ထီးဖြူကာစေသည်[၂]။ တောင်နန်းတော်ဆောင်၊ မြောက်နန်းတော်ဆောင်၊ အလယ်နန်းတော်ဆောင်များမှာ မိဖုရားအစရှိသော ကိုယ်လုပ်တော် မောင်းမတို့ စံပျော်ဖို့ကို ဘုံခုနစ်ဆင့်[၃] ရှိသော ပြာသာဒ်မနှင့်တကွ နံ့သာဖြူ၊ နံ့သာနီ၊ စန္ဒကူး၊ သရက္ခန်နန်းဆောင်တို့ကို ဆောင်ငယ်၊ ဆောင်ကြီး အဆီးအတား ဆက်ကာ ဆက်ကာ နန်းမတည်ပြီးသော် ဘုံငါးဆင့်[၄] စီရှိသော ပြာသာဒ်ဆောင်သုံးဆယ် ရံစေလျက် တောင်နန်း၊ မြောက်နန်း၊ အလယ်နန်းတို့ကို အဆန်းအကြယ် ဤကဲ့သို့ချည်းတည်း။

အရာ ကြီးငယ်ကို ထောက်၍ ရွှေကျောက် စီရသည်။ အရာ–သာထူးသည်ကို နီနန်း၊ လိုဏ်ခေါင်း၊ ပေါင်းကုပ်၊ ကြောင်လိမ်၊ ပဒ္မအိမ်၊ ဝက်ပါနှင့် ဆောင်းရာသီကို စံသော ဗိမာန်ရဝေ၊ နွေရာသီစံသော ဗိမာန်တရီး၊ မိုးရာသီစံသော ဗိမာန်တထွေ၊ ရွှေတိုက်ခန်း ငွေတိုက်ခန်းတို့မှာလည်း ရတနာကိုးပါးကို ပြင်က စီလျှင် ရွှေနီဖလံကို အတွင်းက မွမ်းမံစေ၍ မသာရကန်ပွတ်လုံးနှင့် ပန်းကုံး၊ ပန်းနွယ်[၅] ဆင်စွယ်ဝန်းယုက်ကို ခြူးရုပ်၊ ခြူးအုံဖုံးအုပ်၍ ပုစွန်တုပ်အပေါ်မှာ[၆] ကိန္နရာ ဖို မ က၍ ပန်းဆွတ်ဟန် မြပြတင်း၊ ခန်ပြတင်းပေါက်သည် အကောက်အကွေ့နှင့် အတိုင်းမသိ ရှိသော တိုက်ခန်းနန်းဆောင်တို့ဖြင့် အဆီးအကာ[၇] များပြားသော ပြာသာဒ် မုခ်ဖက်နှင့် ယှွန်း

၁။ ပြွန်ရေတံခွန်–ဓ။
၂။ ကတီပါဖြူ ကာစေသည်–ဓ။
၃။ ဘုံကိုးဆင့်–ဓ။
၄။ ဘုံခုနစ်ဆင့်–ဓ။
၅။ ပန်းအုံ၊ ပန်းနွယ်–ဓ။
၆။ နရားစွယ်ထုပ်ပေါ်မှာ–ဗ။
၇။ အဆီးအတား–ဓ။

www.burmeseclassic.com



ဆက်ပတ်ကုံး၊ ပွတ်လုံး ပွတ်ခြမ်း[၁] ခိုနန်းယှက်သွယ်[၂] ခြူးနွယ်ခြူးညွန့်နှင့် ခြသေ့၊ စာမရီ၊ ကိန္နရီ၊ ကိန္နရာ၊ ကရဝိက်၊ တိုးနယား၊ မနုသီဟ၊ ဥဒေါင်း၊ ကျေးငှက် အစရှိသော အရုပ်စုံတို့နှင့် ပန်းအုံ ပန်းပြောက်တို့ကို အလွန်သိမ်မွေ့ နုနယ်အောင် ထုလုပ်ခြယ်လှယ်သော ဆောင်ဆောင်နန်းတို့တွင် ပိရောစန၊ ဇောတိရသ၊ မနောမယ၊ မသာရကာန်၊ ဝင်သဝဏ်၊ ဝရဖိန်၊ ဣန္ဒနီလာ၊ မုတ္တာ ပုလဲ၊ မျက်ရွဲ ရတနာ[၃]၊ သန္တာ၊ စိန်၊ ကြောင်တို့ဖြင့် မြရောင်မဏိ[၄] လောဟိဘာဂ်[၅] ဇောတ ကျောက်ရိတ်၊ ဂေါ်မိတ် ဂေါ်မုတ်၊ ဥဿဖရားတို့သည် သန္တာသီး၏ သဏ္ဍာန်၊ သံပရာသီးခန့်တချို့ စိုရရိ ထိန်ရရိန်[၆] ဝရဖိန် သက်တံ့ရောင်ကဲ့သို့ တပြောင်ပြောင် ထွန်းလျှံ၍ ဖန်တံခါးမှန်ရွက်တို့ကို တစ်ဖက်သော ဥကသ်ကို ဖွင့်လိုက်လျှင် ရွက်ချင်းယှက်သွယ်၍[၇] တစ်ဆောင်လုံး ပတ်လည်ရှိသော ပြတင်းတံခါးမတို့သည် ပဒ္ဒင်တူရိယာသံကဲ့သို့ တကျံကျံ[၈] မည်ကြလျက် ကျည်ကျည်ကျာကျာနှင့် တစ်ပြိုင် နက် ပွင့်၏။ ထိုပြာသာဒ် ဘုံနန်းဆောင်တံခါးနှင့် ငါးထပ်သော ပဥ္စမာလိန်မြို့ကို သူရဿတီနတ်သမီး စီရင်ကြပ်မတ်၍[၉] နဂါး၊ ဂဠုန်မင်း အစရှိသော နတ်ဗိသုကာ နတ်ပညာသည် အပေါင်းတို့လည်း မိမိတို့ အစွမ်းအားရှိတိုင်း ကြိုးပမ်း၍ ဆောက်လုပ်သဖြင့် ပဥ္စမာလိန်မြို့နန်း ပြီး၏တည်း။ ။ နန်းတော် ဆောက်လုပ် သော အခန်းတည်း။

♦

## ၄။ သူရဿတီနတ်သမီး ပြန်ခန်း

ထိုသို့သော ပဥ္စမာလိန်မြို့နန်းပြီးသော်[၁၀] သူရဿတီ နတ်သမီးသည် 'အရှင် သိကြားမင်း ရင်သွေးတော် ကုန္တကုမ္ဘာမင်းသားကို ပဥ္စမာလိန် မြို့နန်းသို့ တင်ရစ်ပါတော့' ဟု မဟာရာဇိန္ဒမင်းကြီးနှင့် အတုလဒေဝီဖုရားတို့ကို မှာ ထားခဲ့ပြီးသော် သီလစန္ဒာမင်းသမီးနှင့် သားတော် ကုန္တကုမ္ဘာမင်းသားကို နှုတ်ခွန်း

၁။ ပွတ်လုံးပွတ်ခုံ–ဝ။
၂။ ရှစ်သွယ်–ပ။
၃။ မြရွှဲရတနာ–ဝ။
၄။ မြရောင်နီလာ–ဝ။
၅။ လောဟိကာဂ်–ဝ။
၆။ စိုရရိ တထိန်ထိန်–ဝ။
၇။ ရွက်ရှင်စက်သွယ်၍–ပ။
၈။ တည်ညံ–ဝ။
၉။ ကြည်းကြပ်မစ၍–ဝ။
၁၀။ တည်ထောင်၍ပြီးသော်–ဝ။





သာယာစွာကို ပြောဆက်ပန်ကြား၍ စံရာဝိမာန် ပြန်လေ၏။ ။ သူရဿတီ နတ်သမီး ပြန်သော အခန်းတည်း။

♦

## ၅။ ကုန္တကုမ္ဘာမင်းသား ကြင်ရာတော်ရှာခန်း

ထိုအခါ ကုန္တကုမ္ဘာမင်းသားသည် သက်တော် တစ်ဆယ့်လေးနှစ်က သက္ကရာဇ် ဦးခေါင်း[၁] ပြောင်းလတ်သည်ရှိသော် မဟာရာဇိန္ဒမင်းကြီးလည်း မြေးတော်[၂] ကုန္တကုမ္ဘာနှင့် ထိုက်တန်သော ကညာကို ရွေးချယ်တော်မူလိုသောငှာ ဇမ္ဗူဒီပါ အပြင်၌ ရှိကုန်သော ထီးနန်းစံသော မင်းအပေါင်းတို့ကို 'ငါ၏မြေးတော် ကုန္တကုမ္ဘာမင်းသားသည် သူရဿတီနတ်သမီး ဆောက်လုပ် တည်ထောင်သော ပဥ္စမာလိန်မြို့နန်းကို သိမ်းမြန်း စံပယ်သည်။ ထိုက်တန်သော ကညာတောင်နန်း မရှိသေးသည်ဖြစ်၍[၃] သမီးသဘော စေတနာရှိရာကို ရွေးချယ်ကောက်ယူစိမ့် မည်။ ရင်၌ဖြစ်သော သမီးတော်ရတနာတို့ကို ကောင်းစွာဆောင်ယူ၍ မြေးတော် ကုန္တကုမ္ဘာမင်းသား ရွှေဖဝါးတော်အောက် ရောက်လာကြစေ' ဟူသော အမိန့် တော်စာနှင့် နန်းနေတစ်ရာသော မင်းတို့ကို[၄] စေတော်မူလျှင် ရွှေဘုန်းအာဏာ တော်ရှိန်ကို မခံဝံ့၍ များမြတ်သော ရှိခိုးလက်ဆောင်တော်များနှင့် သမီးတို့ကို[၅] ကောင်းမွန်လုံခြုံစွာ[၆] ဆောင်ယူလျက် ကိုယ်စီကိုယ်င ရွှေဖဝါးတော်မြတ်အောက် ရောက်လာကြသတည်း။

ထိုသို့ရောက်လျှင်[၇] တစ်ရာသောမင်း၏ သမီးတို့ကို ကိုယ်စီ ဝတ်စား တန်ဆာ ဖွယ်ရာတင့်တယ်အောင် ဆင်ယင်ကြ၍ စ–ဝင်စေလျှင်[၈] သင့်တင့် သောနေရာ၌ စဉ်ကာစီကာ နေစေပြီးသော် 'မြေးတော်မင်း၏ စိတ်ထားစေတနာ၊ မေတ္တာ နှစ်သက်သည်ကို ရွေးချယ် ကောက်ယူတော်မူပါလော' ဟု[၉] ဘိုးတော်၊

၁။ တစ်ဆယ့်လေးနှစ် သက္ကရာဇ်ဦးခေါင်း – ဝ။
၂။ ငါ၏မြေးတော်–ဝ။
၃။ တောင်နန်းစံကညာ မရှိသည်ဖြစ်၍ –ဝ။
၄။ နန်းနေရာ တစ်ရာမင်းတို့ကို–ပ။
၅။ သမီးကညာတို့ကို–ဝ။
၆။ ကောင်းမွန်စွာ လုံခြုံအောင်–ဝ။
၇။ ထိုသို့ သမီးကညာတို့ကို ဆောင်ယူခဲ့ ၍ ရောက်လာကြလျှင်–ဝ။
၈။ ကုန္တကုမ္ဘာရမင်း၏ အထံတော်သို့ ဝင်စေလျှင်–ပ။
၉။ မူပါလော ဟူ၍–ပ။



www.burmeseclassic.com

www.burmeseclassic.com



ဘွားတော်တို့က အမိန့်တော်ရှိလျှင် ကုန္တကုမ္ဗာမင်းသားလည်း တစ်ရာသော ထီးဖြူဆောင်းမင်းတို့၏ သမီးရင်းများသည် အဆင်းပြင်လျာ မျက်နှာထား၏ အရုပ်အရည်ကို ကြည့်ရှုသော် –

''တစ်ဦးထက်တစ်ဦး ထူးပြားသာလွန်လှသည် မရှိ[၁]။ အီအီအဲ့အဲ့ အနွဲ့အပျောင်းနှင့် သူကောင်းသွေးရည် ခြောက်မည် အပြစ်စင်၍ ပဥ္စကလျာနှင့် စုံညီကြသည်ပင် ဖြစ်သော်လည်း သူတကာတို့ထက် အဆတစ်ရာကျူး၍ ထူးဆန်းတင့်တယ် ဘယ်မိန်းမ ဖောက်ထွင်း၍[၂] အဆင်းကျက်သရေ သာပေ၏'' ဟု မချီးမွမ်းလောက်။ တစ်ယောက်နှင့် တစ်ယောက်ကို[၃] မတိမ်းမယိမ်းသာ ရှိသည်ကို သဘောတော်ကျတော် မမူ၍–

'ဇမ္ဗူဒီပါတစ်လျှောက်တွင် တစ်ယောက်တည်းသာ အလုဆုံး၊ စံနှုန်းမရ၊ ရှေးကလည်း မကြားဖူးအောင်၊ နောင်ကိုလည်း ရည်တူ မဖြစ်ထွန်းလာနိုင်သော မိန်းမကိုရမှ ပဥ္စမာလိန်မြို့နန်းတောင်ညာမှာ[၄] ကမ္ဗုလက်ယာပန်းပန်၍[၅] သိမ်းမြန်းစံပယ်ပါတော့မည်။ ဝရဖိန်လက်နက်သခင် ဖြစ်ပါလျက်နှင့်ကို သူ့ထက်မထူးသမျှ မပျော်မြူးချင်ပြီ' ဟု လျှောက်လေသော် ဘိုးတော်၊ ဘွားတော်တို့ကလည်း 'သူရဿတီ နတ်သမီးလည်း မရှိပါ။ မြေးတော် အလောင်းအလျာနှင့် ထိုက်တန်သော အခမ်းအနားကို ငါတို့ မကြံနိုင်ချေ။ တစ်ရာသော မင်းသမီးများတွင်မှ မနှစ်သက်လျှင် အခက်ဆုံးပင် ဖြစ်တော့သည်' ဆိုတော်မူ၍ မရွှင်မလန်းသော မျက်နှာတော်ရှိသည်ကို မင်းသားက 'မည်သည်ကိုမျှ ဘုရားကျွန်တော် အမှုကြောင့် စိုးရိမ်ပူပန်တော် မမူပါနှင့်။ ဘုရား ကျွန်တော်နှင့်ထိုက်တန်ရာကို အလျှောက် ရှာပါမည်[၆]။ နှလုံးတော်ချမ်းမြေ့၍ မွေ့လျော်စွာစံပျော်တော်မူပါ' ဟု လျှောက်ထားပြီးသော်[၇] ကုန္တကုမ္ဗာမင်းသားလည်း တစ်ထောင်သော ဖွားဖက်နှင့် ရဲမက် ကျွန်တော်မျိုး ရှိသမျှကို ရုံးစုစည်းဝေးတော်မူပြီးလျှင်[၈] ဤသို့ မိန့်တော်မူ၏။ 'တစ်ရာသော မင်းသမီးတို့ထက် ထူးထူး လွန်လွန်တင့်တယ်သော မင်းသမီးသည် ငါ့လက်ထက်၌ မပေါ်ရှိဘဲ ရှိနိုင်မည်လော'

၁။ သာလွန်သည်မရှိ–စ။
၂။ ပေါက်ထွန်း၍–စ။
၃။ တစ်ယောက်ထက်တစ်ယောက်ကို –စ။
၄။ တောင်ယံမှာ
၅။ လက်ျာပုံအပ်၍–စ။
၆။ အလျောက် ကြံစည် သွားလာ၍ ရှာပါမည်–ဗ။
၇။ မွေ့လျော်စမှာယ်တော်မူပါ လျှောက်ပြီးသော်–ဗ။
၈။ ရှိသမျှစုရုံး စုပြီးလျှင်–စ။





ဟု မိန့်တော်မူ၏[၁]။ ထိုအခါ ရောပထနဂါးမင်းက 'အခင်းအရေးကို အမေးတော်မရှိ၍သာ သံတော်ဦး မတင်ဝံ့ပါသည်။ သံတော်ဦးတင်မည် အကြိမ်ကြိမ်ကြံစည်ပါလျက်[၂] ရွှေဖဝါးတော်အောက် ရောက်သည့်ရက်ကစ၍ ယခုနေ့တိုင်အောင် ရွှေဘုန်းတော်ရှိန်ကို အလွန်ကြောက်ရွံ့လှ၍ သံတော်ဦးမတင်ရရှိပါသည်။ ရွှေကိုယ်တော်မြတ်နှင့် ထိုက်တန်လှသော ကညာနတ်သမီး စံနေရာကို ဘုရားကျွန်တော် သိပါသည်' ဟူ၍ သံတော်ဦးတင်သော် 'အဘယ်အရပ်မှာ ရှိသနည်း' ဟု မေးတော်မူ၏။

နဂါးမင်းက စီစီစဉ်စဉ် လျှောက်ချင်သော စိတ်ဖြင့် 'ဘုရားကျွန်တော်နဂါးရဲမက် ရှစ်သောင်းနှင့်တကွ ယမုန်နာမြစ်၏ အဖျားအဆုံးကို[၃] သိလိုသောကြောင့် ကြည့်ရှုမည် လျှောက်သွားသည်တွင် တိရစ္ဆာနတောင်[၄] ကသည် ဂင်္ဂါ၊ ဥမင်၊ တိယဂ်လ၊ အာကာသဂင်္ဂါနှင့်တကွ[၅] ခြသေ့်၊ ဆင်၊ မြင်း၊ နွားခံတွင်းတည်းဟူသော ပြွန်ကြီးလေးဝနှင့် တစ်ဆယ့်နှစ်ခွေရစ်ပတ်သော နဝတတ်အိုင်မှစ၍ ဆဒ္ဒန်၊ ရထကာရ၊ ကုဏာလ[၆]၊ မန္ဒာကိနီ၊ သီဟပပါတ၊ ကဏ္ဍမုဏ္ဍ[၇] တည်းဟူသော ခုနစ်အိုင်ကန်တွင် တောင်ယံငါးလုံးကို သိလို၍ သွားပြန်သော် ဂန္ဓမာတောင်ခါးပန်း၌ စခန်းချမိသည်နှင့် တောင်ထိပ်ဦးတွင် အတိုင်းမသိသော နန်းအဆောင်ဆောင်က[၈] ကျောက်ရောင် ရွှေရောင်ထွန်းလင်းသည်ကို ''အဘယ်နတ်မင်း ဗိမာန်ဖြစ်ပါလိမ့်မည်နည်း'' ဟု ကြည့်ရှုတွေးတောနေပါသည်တွင် စတုဒိသာမှန်ဝဲမော်ဆောင်ဦး၌ သောက်ရှူးဥပါကြယ်ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါထွန်းလင်းသော နတ်သမီးမြတ်သည်[၉] ရွှေဖော်အပေါင်းခြံရံလျက် ရွှေတံချူကိုစွဲတော်မူပြီးလျှင် နန်းဆင်ကပ်ရင်း၌ရှိသော ပန်းပွင့်ကို ဆွတ်ယူလာသည်တွင်[၁၀] မြင်မိသည်နှင့် အသက်ရှူများမှား၍ အံ့အားသင့် မိန်းမောလျက် တောင်ခါးပန်းမှ လျှောကျလေလျှင် ခြွေရွေကွဲပြား မကြား မမြင် ကောင်းကင် မိုးမြေရှိလေမှန်း မသိသာ၊ ရောက်လေရာ ရောက်သွားသည်နှင့် မျက်စဉ်းတောင်ခြေရင်းသို့[၁၁] ကျသည်တွင် ဟူရမ္ဗလဂဠုန်တွေ့၍ သုတ်ယူသောကြောင့် ရွှေဖဝါးတော်

၁။ မေးတော်မူ၏–ဗ။
၂။ အကြံအစည် ရှိပါလျက်–ဗ။
၃။ အချားအဆုံးကို–ဗ။
၄။ တိရစ္ဆာနတောင်–ဗ။
၅။ ဂင်္ဂါ၊ တိယဂ်လ၊ အာကာမြစ်နှင့် တကွ–ဗ။
၆။ ကုဏ္ဍလာ–ဗ။
၇။ နန္ဒမူ–ဗ။
၈။ အဆောင်က–ဗ။
၉။ မင်းသမီးမြတ်သည်–စ။
၁၀။ ဆွတ်ယူမည် လာသည်တွင်–စ။
၁၁။ မျက်စိလည်၍ တောင်ခြေရင်းသို့–စ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်အောက် ရောက်ရပါသည်။ နတ်ပြည်တွင် နတ်သမီးများကိုလည်း အသီးသီး ရှုမြင်ကြည့်ရှုရပါသည်။ ဤသို့သော မှုရာနှင့် မြင်သူတကာတို့ ပီတိသည် သန္တိပါတ်နှင့်ယှဉ်သော အယဉ်အကျေးကို အမိမွေးသည်မှ စ၍ တွေ့ရဖူးသည်ကို မဆိုထား၊ သတင်းစကားမှ ကြားရဖူးသည် မရှိပါ[၁]။ ဇမ္ဗူဒီပါဝယ် တစ်ရာသော မင်းတို့၏ သမီးများ အထွားအညက်ကို စံဖက်၍ သံတော်ဦးမတင်ပါပြီ။ နတ်ပြည်ခြောက်ဘုံတွင်[၂] ရှိကုန်သော နတ်သမီးများနှင့်မှ စံထား၍ မတူနိုင်ပါ။ ဓာတာရွှယ်တော်ကို စစ်လျှင်လည်း ဆယ်နှစ်ပီပီက ရာသီသုံးနှစ် စွန်းမည် ထင်ပါသည်။ သူမှုနည်းအတိုင်းကျအောင် သံတော်ဦး မတင်နိုင်ပါဘုရား' ဟု တင်ရာ[၃] ကုန္တကုမ္မာမင်းသားလည်း ဂန္ဓမာတောင်ပေါ်၌ ရှိကြောင်းကို ကြားသိတော်မူလေသော် ဝေဠုမြတ်စွာ မင်းသမီး နုနုနယ်နယ်နှင့်[၄] ရှေးကုသိုလ်ငွေ့ ပါသောကြောင့် မေတ္တာ၊ စေတနာ၊ ကရုဏာ ပွားလျက် စိတ်ထားအာရုံ စွဲငြိတော်မူ၍ မရပ်မတည်နိုင် ရှိတော်မူသတည်း။

ဤကဲ့သို့ ရှိတော်မူရာတွင် ရောပထနဂါးမ င်းကို ခေါ်တော်မူ၍ 'ငါ၏ ဖွားဖက်တော် တစ်ထောင်၊ အဆောင်တော် နှစ်ဆယ့်ခြောက်များနှင့် ဂန္ဓမာတောင်၏ အနီးသို့ အဘယ်မျှသော နေ့ရက်ဖြင့်[၅] ရောက်အောင် ဆောင်ယူနိုင်မည်နည်း' ဟု မေးတော်မူသည်တွင် 'ပဉ္စမာလိန်မြို့နန်းမှာ ဆောက်လုပ်စောင့်နေသော နဂါးဗိသုကာပညာသည်အပေါင်း တစ်သန်းကျော်ရှိသည်အနက် ကျွန်ုပ်၏ တစ်သိန်းမျှလောက်သော နဂါးတို့နှင့်တကွ ဘုရားကျွန်တော် ဆောင်ကြဉ်းရပါလျှင် ခုနစ်ရက်နှင့် ရောက်ပါ၏' ဟု သံတော်ဦးတင်သည်။

'ဤသို့လျှင် ဖွားဖက်တော် တစ်ထောင်၊ အဆောင်တော်များနှင့် အလျင်သွားနှင့်၍ အနဝတတ်အိုင် ခါးပန်းတွင် တဲနန်းတော်ဆောက်ထားနှင့်ရမည်၊ ဆယ်ရက်မြောက်လျှင် ငါနေ့ချင်းရောက်[၆] ရွှေစက်ဖြန့်တော်မူမည်' ဟု မှာတော်မူသည်အတိုင်း ရောပထနဂါးမင်းသည် ကွမ်းလောင်း၊ ကွမ်းခွက်၊ မင်းရွက်၊ မင်းဆောင် များမြောင်သော မင်းခမ်းတော်ကြီးနှင့်တကွ ဖွားဖက်တော် တစ်ထောင်ကို စာမရီဖောင်တော်ကြီးနှင့်တင်ပြီးလျှင် နဂါးတစ်သိန်းဖောင်တော်ကို ဆွဲငင်စေလျက် ရေကြောင်းအလျင် မင်္ဂလာ ကောင်းမြတ်သော နေ့ရက်အခါတွင် ချီနှင့်ရ၏။ တိရစ္ဆာနတောင်ခြေရင်းသို့ ရောက်သော် စာမရီဖောင်တော်ကို ထားခဲ့၍ ကြည်းကြောင်း ဆောင်ယူလေလျှင် နဝတတ်အိုင်သို့ ရောက်၍

---

၁။ သတင်းစကားနှင့် ကြားရဖူးသည်မျှ မရှိပါ—ဓ။
၂။ ခြောက်ထပ်တွင်—ဓ။
၃။ တင်သည်—ဗ။
၄။ မင်းသမီးနုနုနှင့်—ဗ။
၅။ နေ့ရက်မြတ်ဖြင့်—ဗ။
၆။ နေ့ချင်း ရောက်အောင်—ဗ။





အထူးထူးသော အရသာသီးမျိုးနှင့်တကွ ပျံ့မွှေးကြိုင်သင်းလှစွာသော ပန်းပင်မျိုးစုံရံ၍[၁] ပေါက်ရောက်ကုန်သော မြေတလင်းသန့်သန့်ဝယ် နတ်ဗိသုကာတစ်သိန်းတို့သည် ဆဒ္ဒန်အိုင်နားမှစ၍ လှည့်ပတ်ရှာဖွေဆောင်ယူရသောဆင်စွယ်နှင့် မလောက်မပြည့်အထင်နှင့်[၂] ဆင်ရှင်အပေါင်းမှ ချွတ်နုတ်ယူရသောဆင်စွယ်ကို ရတနာပြာသာဒ်မုခ်ကပ်ရှစ်မျက်နှာနှင့် အစိမ်း၊ အပြာ၊ အဝါ၊ အနီ[၃] စုံစီဆေးခြယ်၍ ဆင်စွယ်ပေါင်း အတိုင်းမသိကို မငြိမစွန်း ချူးပန်း၊ ချူးအုံ လုပ်ထု၍ နုနယ်သိမ်မွေ့သော နန်းကို တဲစခန်းတော် ဆောက်ထားနှင့်ရ၏။

ကုန္တကုမ္မာမင်းသားလည်း ဆယ်ရက်မြောက်သောနေ့၌ ဘိုးတော်၊ ဘွားတော်၊ မယ်တော်မြတ်တို့ထံ ထိုက်တန်သောကညာ ရှာပါမည် အကြောင်းနှင့် တောင်းပန်လျှောက်ထားလျှင် အခွင့်ရတော်မူ၍ ဟူရမ္ဗလ ဂဠုန်မင်းထက် စံတော်မူကာ[၄] ဝရဇိန်လက်နက်တော်ကို စွဲကိုင်လျက်[၅] ဂဠုန်ခြွေရံငါးရာနှင့်တကွ[၆] ဆင်စွယ်နန်းတော်သို့ နေ့ချင်းအရောက် ရွှေစက်ဖြန့်တော်မူသတည်း။

နဝတတ်အိုင်ခါးပန်းတွင် ဆင်စွယ်ဖြင့်ပြီးသော နန်းတော်သို့ ရောက်တော်မူလျှင် သစ်သီး၊ ပန်းမန်၊ ရေကန်၊ အိုင်ကြီးများနှင့် သနစ်သနာကို လှည့်ပတ်ကြည့်ရှုတော်မူ၍ စံပယ်ရှင်မြူးနေသည်နှင့် ရွှေပြည်တော်ကြီးမှာ ဖြစ်လျှင် မြင်း၊ ဆင် ခုန်ပြေး၊ ဒိုင်းရေး၊ ကာ၊ လွှား၊ လေး၊ မြား၊ မီးပေါက်၊ အမြောက်၊ သေနတ်တို့နှင့် မျှူးမတ်၊ ရဲမက်အပေါင်းတို့သည် အဲမောင်း လုံချက်တို့ဖြင့် စက်ဝင်အောင်သွင်း၍ မြင်းခင်းသဘင် ပျော်ရွှင်မြဲဖြစ်သော အချိန်ကိုဆင်ရာ တိမ်မိုး မဖျန်းခင်၊ သဖင်နွယ်ပန်း မပေါ်မီ ဆောင်းရာသီလဦး[၇] စိတ်ပျော်မြူးတော်မူ၍ ကေလာနီမည်သော ကြံပင်တောတွင် ကာဠာဝက၊ ဂင်္ဂေယျ၊ ပိင်္ဂလ၊ တမ္ဗ၊ ဥပေါသထ၊ ဆဒ္ဒန်ပြောင်မွန် အစရှိသော ဆင်ဖြူများကို ဖမ်း၍ ဖွားဖက်တော်တစ်ထောင်နှင့် အပြေးပြိုင် အနိုင်ချင်းစမ်း၊ မပန်းမချင်းကို စီးနင်းတိုက်ဇေ့[၈] ကာ ကစားတော်မူ၍ ဆင်စွယ်နန်းဆောင်ရင်းမှာ ပဉ္စင်တူရိယာ အငြိမ့်ခံ၍ ရွှင်စံပျော်ပါးတော်မူ၏။

◆

---

၁။ ပန်းပင် ဝန်းရံ၍—ဗ။
၂။ မလောက်မပြီးမည် အထင်နှင့်—ဓ။
၃။ အစိမ်း၊ အပြာ၊ အဖြူ၊ အနီ—ဓ။
၄။ စံနေတော်မူခါ—ဓ။
၅။ ဝရဇိန်လက်နက်တော်စွဲလျက်—ဗ။
၆။ ငါးရာရံမှ—ဗ။
၇။ ဆောင်းရာသီဦးကို—ဓ။
၈။ မပန်းအချင်းကိုယ်စီနှင့်ဒိုင်ဝေကာ—ဓ။

www.burmeseclassic.com

www.burmeseclassic.com

## ၆။ ဣန္ဒကုမ္ဘာမင်းသား ဝေဠုမြတ်စွာကို တွေ့မြင်ခန်း

ထိုအခါ ဝေဠုမြတ်စွာမင်းသမီးမှာလည်း ငြိုးငွေ့တော်မူသည်ဟု မဥ္စုသက မြချပ်ရံကို ရွှေတံချူတံ လက်တော်စွဲ၍ ဆွတ်မြဲယူမြဲ ရံဖန်ရံခါ ကစားတော် မူတတ်သည်ဖြစ်၍ ကတ္တိပါဖြူ သက္ကလတ်ကို အထပ်ထပ်ထူထူ ခင်းပြီးသော် စတုဒိသာမှန်ဝဲပြန်သို့ ခြွေရံအပေါင်း တွဲမလျက် ပတ္တမြားဥကင် မာရဘင်နန်းမုခ်ဦးမှသည် နာရဏီရွှေထီး[၁] အစင်းတစ်ရာ ကာအုပ်၍ စတုဒိသာမှန်ဝဲမော်[၂] သည် အလျား အနံ ဆယ်လံရှိသော မှန်တစ်ချပ်ကို မစပ်ဘဲ နေရောင်ခံသော ဝဲပြာ ဆောင်တော်သို့ ရောက်အောင် ကြမ်းပြင်နန်းပြင်သို့ ကူးသန်းကြွတော်မူသည်တွင် –

ရွှေရွက်ထီးချင်းအစပ် နဘေထပ်မညီ၍ ဆီးရွက်ခန့်မျှသာ နေရောင်ခြည်ပြောက်သည် ဆံစတော်အောက် တစ်တန်၊ နားပန်တော်စကို နေရှိန်သည်တွင် မငြိမ်မသက်နှင့် ရွှေမျက်နှာတစ်လျှောက်မှာ ချွေးပေါက်ကြီးကျယို၍ ရွှေကိုယ်တော်မြွတ်အသားမှာ[၃] သွေးကစားတော်မူသည်တွင် အကြောနုသေးများဖြာ၍[၄] ကြာဝတ်မှုန်ချပ်ကို ဆွတ်၍ နေဖျန်းလျှင်[၅] နွမ်းလျသည့်အလားသို့ အသားတော်ပြိုသည်တွင် မအိုးအအီ ငြိုးစီစီရှိ၍ အိအိပျောင်းပျောင်း နေလေသော်–

ပတ္တမြားနန်းဆောင်တော်အတွင်းသို့ ပြောင်းသွင်းပိုက်ချီလျက် နီလာသလွန်တော်ပေါ်မှာတင်၍ ရွှေရွက်၊ ရွှေရိုး ယပ်ဆယ်စင်းနှင့် လေညှင်းခတ်ကြကုန်သည်[၆]။ ပဒုမသိင်္ဂီ၊ ကဥ္စနသာရီ၊ သိင်္ဂကလျာဏီ၊ ဘဒ္ဒကဥ္စနီ၊ ဘောဂဝတီ စသော အပျိုတော်အပေါင်းတို့သည်လည်း ခမည်းတော် မယ်တော်တို့ သိတော်မူလျှင် မကြည့်မရှုကောင်းလောဟု အပြစ်တော်တင်မည်ကို ကြောက်လှပါသည်။ အမယ်ဂဏာသီရီ၊ အမယ်မဟာသာလတို့ . . . အကြံပေးတော်မူကြပါဦး၊ ထိပ်ခေါင်တင်ကို ဘယ်သို့ပြုရမည် ထင်ပါသနည်း[၇] ဟု ဆိုကြသော် ဓာယုရတနာ၊ ဒီဃကေသာ၊ ဂန္ဓမာလာ၊ ယောဟနမိတ္တာ၊ သီရိမုတ္တာစသော အပျိုတော် ငါးယောက်တို့က သည်နယ်ဖြစ်လျှင် နဝတတ်အိုင်သို့သွား၍ ကျွန်မတို့ ရေခပ်ဆောင်ယူချိမ့်မည် ဆိုလေသော် မယ်တော် ခမည်းတော်တို့ မသိခင် ထိပ်တင်

---

၁။ ရွှေရွက်ထီး–စ။
၂။ မှန်ဝဲမော်–စ။
၃။ ရွှေကိုယ်မြွသားမှာ–ဗ။
၄။ များပြား၍–စ။
၅။ နေပြုလျှင်–စ။
၆။ လေညှင်းခံကြကုန်သည်–ဗ။
၇။ ထင်ပါသည်ဟု–စ။





သက်သာတော်မူအောင် အဆောတလျင်ခပ်ပါချေ–စေကြသည်နှင့် ခြွေရံတို့ကို ရွှေအိုးမြူတာ တို့နှင့် သွားနှင့်စေ၍ အမှတ်တမဲ့ အပျိုတော်ငါးဦး ကြပ်မတ်လျက် နဝတတ်အိုင်သို့ ရေခပ်မည် လာကြ၏။

ထိုသို့ လာကြစဉ်တွင်[၁] ဣန္ဒကုမ္ဘာမင်းသားလည်း အိုင်ကြီး အစရှိသော ပန်းမန်အထူးအဆန်းများကို လူပျိုတော်ပေါင်း ခြံရံလျက် လှည့်ပတ်ကြည့်ရှုခိုက်နှင့် ကြုံလေလျှင် အလုံးစုံသောအမှုကို ကြားသိတွေ့မြင်ရတော့မည်။ ရေကန်စောင်းတန်းဝက တန့်ရပ်၍နေကြစဉ် အပျိုတော်တို့က တာဝတိံသာ နတ်ပြည်မှ သိကြားမင်းသည် နဝတတ်အိုင်မှာ ကြာရိုး ကြာစွယ်ကို ဆွတ်ခူး၍ ရှင်မြူးပျော်ပါးလာသည် ဖြစ်ချိမ့်မည်[၂] ဟု အရိပ်အခြည်ကို ကြည့်၍နေကြသည်နှင့် ကြာချေလျှင် ထိပ်ခေါင်တင် အမိန်းအမော ရှိ၍ တစ်စုံတစ်ခု ဖြစ်ချေသော်[၃] ရတနာမျက်ရှု ပြုကြစရာမရှိဘဲ ရှိကြတော့မည်–ဟု အပျိုတော်ငါးပါးသည် မင်းသားထံတော်ပါးသို့ ချဉ်းကပ်၍ 'နတ်မင်းအရှင်ဘုရားတို့ . . ဂန္ဓမာမြို့နန်းကို ပိုင်စိုးသော မလ္လာဒေဝနတ်မင်း၏ သမီးတော် မင်းဝေဠုမြတ်စွာသည် စတုဒိသာမှန်ဝဲမော်သို့ ထွက်၍ ရတနာပန်းမဥ္စုကို ရွှေတံချူနှင့် ချူတော်မူလျက်[၄] ဆွတ်ယူကာ ကစားချင်သောကြောင့် ပတ္တမြားမုခ်လိုဏ်နန်းကသည် ဇမ္ဗူရစ်လက်ရန်းနှင့် နန်းကြမ်းပြင်ဦးသို့ ကူးသန်းကြွတော်မူရာ–

ကတ္တီပါအခင်းတွင် နင်းတော်မူ၍[၅] ဇမ္ဗူရစ်ထီးတန့်ဆီးလျက် နေခြည်ကို ပတ်လည်ရစ်ယှက် ရွှေရွက်ဖြန့်အုပ်[၆] မိုးကာသည်ကို ထီးနဘေထပ်ပျက်၍ ဆီးရွက်ခန့်မျှလောက် နေခြည်သည် စော်စော်ကားကား ကိုယ်တော်အသားကို တစ်ကွက်တည်းဆင်းရောက်လေသော်[၇] ရွှေကြေးမုံသန်းသကဲ့သို့ သွေးရက်ကန်းရှယ်ရာတွင်[၈] နွမ်းနယ်ရှိတော်မူသောကြောင့် အပူအနွေးမှသည် ချမ်းအေးစိမ့်သောငှာ သီတာနဝတတ်ရေကို ခပ်ယူမည် လာပါသည်။

'အရှင်ဘုရားတို့ ရေကန်စောင်းတန်းလမ်းတွင် ရှိတော်မူကြ၍ မဝင့်ပါ။ ကျွန်မတို့သခင် နာကျင်အောင်ဖြစ်သော ဝေဒနာကို ညှာတာ သနားသောအားဖြင့်[၉] လမ်းခရီးမှ ခဏတာ ဖယ်ရှားတော်မူကြပါ[၁၀]ဘုရား' ဟု လျှောက်ထား

---

၁။ လာကြသည်တွင်–စ။
၂။ ရှင်မြူးပျော်ပါးလာချိမ့်မည်ဟု–စ။
၃။ ရှိချေသော်–စ။
၄။ ချူတော်မူပြီးလျှင်–စ။
၅။ နေတော်မူ၍–စ။
၆။ ပုံးအုပ်–ဗ။
၇။ ခဝန်းရောက်လေသော်–ဗ။
၈။ သွေးရက်တန်းယှဉ်ရာတွင်–စ။
၉။ ညှာတာသနားကြ၍–ဗ။
၁၀။ လမ်းခဏ ရှားကြပါ–ဗ။



www.burmeseclassic.com

www.burmeseclassic.com



လေသော် မပြောလာခင်က သိချင်သောနှလုံးပေါ် ထားသောကြောင့် အားပါး ရတော်မူလှလျက် ရောပထနဂါးမင်းကို ခေါ်တော်မူပြီးသော် 'မလ္လာယုကျွန်း၌ ရောက်သော ဂေါသီတစန္ဒကူးနံ့သာကို မကြာချက်ချင်း အဆောတလျှင်ယူချေ' ဟူ၍ အလျင်အမြန် စေတော်မူလိုက်၏။

ဖွားဖက်လူပျိုတော်အချို့ကလည်း 'ဘုရားဘုန်းတော်မြတ်ကြောင့် ခေါ်၍မှ မပေးဘဲနှင့် ယဉ်ကျေးသောမှုရာကို လာ၍သံတော်ဦးတင်ပေသည်။ အနောက်က နေပေါ်မှ ရွှေလက်တော်က ထွက်တော့မည်'[1] ဆိုကြ၍ သော်ကပင် ရင်း၌ နွယ်သော စံပယ်ရုံကြီးအကွယ်တွင် မမြင်သာသည့် အရပ်ကပုန်း၍ "ဘုန်းတော်ကံတော်ရှည်မည် နိမိတ်ကို တဘောင်းချင်းများ" ဆို၍ သိုင်းကွက်ကျ နင်းပြီးလျှင် လက်ယှက် လက်ဝန်း ကခုန်နှင့်ကြသည်။ ဗဟုဗလိက၊ သာရစိတ္တ၊ သီရိမင်္ဂလ၊ မဟာဇေယျ အမည်ရှိကုန်သော ဖွားဖက်တော် လူပျိုတော်တို့ကလည်း 'ဇမ္ဗူဒီပါ ကျွန်းလုံးကို အစိုးရသော ရမ္မဏိယပြည်ကြီးသခင် မဟာရာဇိန္ဒမင်းကြီး၏ ရင်သွေးတော် သီရိစန္ဒာမင်းသမီးကို သိကြားမင်း ဆုပေး၍ရသော ဝရဇိန်လက်နက် သခင် ဣန္ဒကုမ္မာမင်းသားသည် ဤဂန္ဓမာတောင်နန်းတွင် ပဥ္စကလျာနှင့်ညီသော နတ်သမီးရှိသည်ကြား၍ နဂါး ဂဠုန်နှင့်တကွ ရွှေစက်ဖြန့်တော်မူလာသည်။ ဂန္ဓမာနန်းသူများဖြစ်လျှင် သိတော်မူနှင့်ရင်းဖြစ်သောကြောင့် မနှောင့်မယှက်ကြ နှင့်။ အလိုရှိရာ သီတာနဝတတ်ရေကို ခပ်ယူကြပါ' – ဆိုလျှင် ငါးယောက်သော နတ်သမီးတို့လည်း ကိုယ်စီကိုယ်စီ မင်းသားကို ရှိနိုးလက်ယှက်၍[2] ရွှေဖော်အခြံ အရံနှင့်တကွ နဝတတ်စောင်းတန်းကို သက်လာ၍ သာယာသောကမ်းဆိတွင်[3] ရွှေမြူတာနှင့်[4] ရေကိုခပ်ယူကြ၏။ ထိုသို့ ခပ်ယူစဉ်ဝယ် ရောပထနဂါးမင်းလည်း မလ္လာယုကျွန်းက ဂေါသီတစန္ဒကူးနံ့သာကို မကြာဆောင်ယူလာရောက်၍ မင်းသား အား ဆက်သသော် မင်းသားလည်း လူပျိုတော် ပညာဟာသကို ခေါ်တော်မူပြီး လျှင် ဂန္ဓမာနန်းသူများကို အကြောင်းသင့်အောင် ပြောဆို၍ သည်နံ့သာကို ပေးအပ်ချေ –စေတော်မူလိုက်လျှင် ပညာဟာသလည်း ရေခပ်ဆိပ်သို့သွား၍ နတ်သမီးများ ရေခပ်သည်ကို ကြည့်လေဟန်နှင့် အမှတ်မထင် အနားသို့ ရောက်သော် အပျိုတော်ကြီးငါးယောက်ထံသို့ ချဉ်းကပ်၍ 'မိမိတို့[5] သခင်သည် နေရောင်စက်သောကြောင့် မသက်မသာ အဖြာဖြာသွေးတန့်၍ မပြန့်ပြူးသည်ကို

[1] ရွှေလက်တော်က ထွက်ကြရမည်–ဝ။
[2] ကိုယ်စီကိုယ်စီ ရှိနိုး၍–ဝ။
[3] ကမ်းဆိပ်တွင်–ဝ။
[4] ရွှေမြူတာအိုးနှင့်–ဝ။
[5] အမယ်တို့–ဝ။





နဝတတ်ရေကြည်နှင့် ဖျန်းဆွတ်လောင်းစိမ်၍ မငြိမ်မပျောက်လျှင် ဘုန်းတော် တောက်၍သာ ရနိုင်သည့် –

ကျွက်ကျွက်ဆူ၍ ပူလှသော ရေကျက်၌ တစ်စက်ခန့်မျှ
ချလျှင်[1] တစ်ခဏချင်းငြိမ်းစေတတ်သော ဂေါသီတစန္ဒကူးနံ့သာကို–
မမတို့ သခင်မသို့[2] ဆက်ပါလေ။ သိကြားမင်းသားတော် ဣန္ဒကုမ္မာ

မင်းသားသည် သူရဿတီနတ်သမီး တည်ထောင်၍ပေးသော ပဥ္စမာလိန်မြို့နန်း ကို သိမ်းမြန်းစံကာ[3] ကညာထိုက်တန် ဂန္ဓမာမင်းသမီး၏ သတင်းကြား၍ နဂါး ဂဠုန်အပေါင်း ခြံရံလျက် ရွှေစက်တော်ဖြန့်လာ၊ သီတာနဝတတ်ကန်ခါးပန်း၌ ဆင်စွယ်နန်းခံ၍ နေကြောင်းများကို ငှလျှောက်ထားကြပါလေ။ ကျေးဇူးရှိလျှင် နောင်ကို သိပါလိမ့်မည်' ဆို၍ ဂေါသီတ စန္ဒကူးနံ့သာကို ပေးအပ်လိုက်သော် အမွှေးအပျံ့ ရန့်ကြိုင်ကြိုင်သင်းလှိုင်သော နံ့သာကို ဂန္ဓမာနန်းသူများ လှမ်းယူ၍ မှာတော်မူတိုင်းပင် ထိပ်ခေါင်တင်မှာ လျှောက်ပါမည်ဟုသာ ကြည်သောစကား ကို ဆို၍ ကိုယ်စီကိုယ်စီ သင်္ဂြိမြူတာနှင့် သီတာရေကြည်ကို ခပ်ယူပြီးလျှင် ခြွေရံနှင့်တကွ ပြန်သွားကြလေ၍ ပတ္တမြားနန်းထက် ရောက်ကြသော် ဥဿဖရား ကျောက်တစ်လုံးကို သုံးရစ်သောလည်ရစ်နှင့် ရွှေအိုးပြစ် အင်ကြီးမှာလောင်း၍ မသာရကန်ဖလားနှင့် မနည်းမများ ခပ်ယူပြီးလျှင် မင်းသမီး ဆွတ်ဖျန်းကြသည်ရှိ သော် ဖျန်းစဉ်နိုက်[4] ကိုသာ ချမ်းမြေ့သည်၊ ရေသွေ့ ပြန်လျှင်[5] အဖန်တလဲလဲ ရှိပြန်၍ အိအိပျောင်းပျောင်း နွဲ့နှောင်းခေါက်ချိုး ညှိုညှိုးနွမ်းနွမ်း[6] နေလေလျှင် ဂဏာသီရိမည်သော အထိန်းတော်က ရေရှိလျှင် ပေးပါဦး–ဟု တောင်းသော် ဇာယုရတနာက မြူတာနှင့် ခပ်ယူခဲ့သော ရေသည် ကုန်ပါပြီ–ဟု လျှောက်လျှင် အထိန်းတော်က 'သည်တစ်ခါ ခမည်းတော် မယ်တော်တို့ ကြားသိလျှင် ပတ္တမြား နန်းတွင် ရှိသမျှအပေါင်းသည် ကောင်းမြတ်နိုင်ကြတော့မည် မဟုတ်၊ သည်ထက် တိုးလျှင် ကိုယ်ကျိုးသာ နည်းရတော့မည်' ဆိုသော် ဇာယုရတနာက နဝတတ် အိုင်အပါးတွင်[7] အတိုင်းမသိ ခြွေရံ ခစားလျက် ဝရဇိန်လက်နက်ရသော[8] ဣန္ဒကုမ္မာမင်းသား ဆိုသသူသည် သခင်ပူ၍ တညည်းညည်း တညူညူ ရှိ လျှင် တပွက်ပွက်ဆူသောရေတွင် တစ်စက်မျှ ချလျှင် ချမ်းအေး၍ ငြိမ်းစေ

[1] ကျလျှင်–ဗ။
[2] မင်းသမီးသို့–ဗ။
[3] သိမ်းမြန်းစဉ်အခါ–ဝ။
[4] သွန်းစဉ်နိုက်–ဗ။
[5] ရေသွေ့ခြောက်ပြန်လျှင်–ဗ။
[6] ညှိုးညှိုးငယ်ငယ်နွမ်းနယ်လျက်–ဝ။
[7] အနားတွင်–ဗ။
[8] ဝရဇိန်လက်နက်သခင်ဖြစ်သော–ဝ။



www.burmeseclassic.com

www.burmeseclassic.com



တတ်သော[၁] နံ့သာကို သွေး၍လိမ်းပါစေတော့ ဆို၍ ပေးအပ်တော်မူလိုက်သော နံ့သာသည် ရာသီမှတ္တာမှာ ပါပါ၏။

သည်မင်းသားသည်လည်း သူရဿတီနတ်သမီး တည်ထောင်၍ ပေးသော[၂] ပဥ္စမာလိန်မြို့နန်း သခင်ပါတဲ့ဘုရားဟု ဓာယုဝဏ္ဏာက လျှောက်လေသော်– အထိန်းတော် မဟာသာလက 'အဘယ်သို့သော လူမင်းသားသည် နဝတတ်အိုင်သို့ ရောက်နိုင်ပါအံ့နည်း။ နဂါး ဂဠုန်များပါလာ၍ မလ္လာယုကျွန်းဦးဝယ် ဘီလူးရက္ခိုဇ်တို့ ဝန်းရံစောင့်ရှောက်သော ဂေါသီတ စန္ဒကူးနံ့သာကို လျက် အဘယ်လူမင်းသား ယူဆောင်ပေးနိုင်ပါအံ့နည်း။ ထိပ်ခေါင်တင် ဝေဒနာရောက်သည်ကို သိကြားမင်း သိတော်မူ၍ သနားကြည်ဖြူသော စေတနာနှင့် ချမ်းသာရာရတည့်အောင် မင်းသားယောင်ဆောင်၍ နံ့သာကို ပေးလာတော့သည် ဖြစ်တော့မည်ပ' ဟု ဆိုကြ၍ အနံ့ အလျှားသုံးတောင်ရှိသော မြကျောက်ပြင်မှာတင်၍ ရှုပသာရမည်သော အထိန်းတော်ကြီးသည် နဝတတ်ရေကြည်နှင့် ဂေါသီတစန္ဒကူးနံ့သာကို သွေးလျှင် ပဒုမသိင်္ဂီမည်သော အပျိုတော်က ဓောတိရည်ပန်းကန်နှင့် ထည့်ယူ၍ မဥ္ဇူချပ်ဝတ်ဆံနှင့် တို့လျက် မြကြောသေးတို့၏ အဖြာဖြာအယုက်ယုက်ရှိသော အရာကို ဆွတ်သည်ရှိသော် သီရိကျက်သရေ မြူတေညီညီ ခြင်ဆိရိုးတွင်းငြိမ့်၍[၃] စိမ့်စိမ့်ချမ်းချမ်းအေးလျက် ပျံ့မွှေးသောရနံ့ တပျံ့ပျံ့ တသင်းသင်းနှင့် ချက်ချင်းသက်သာ ကျန်းမာပကတိ ရှိတော်မူလေသည်။

ထိုအခါ မင်းသမီးလည်း ရာသီမုတ္တာကိုခေါ်၍ 'ရွှေနံ့သာမြတ်ကို အဘယ်မှာ ရခဲ့ပါသနည်း' ဟု မေးတော်မူသော်– ဇမ္ဗူဒီပါကျွန်းထက် လက်နက် ဝရဇိန်ရှင် ဣန္ဒကုမ္ဘာမည်သော မင်းသားသည်[၄] နဂါးကိုစေ၍ မလ္လာယုကျွန်း၌ရောက်သော ဂေါသီတစန္ဒကူးနံ့သာကို ပေးတော်မူလိုက်သော အကြောင်းအရာကို စုံစီနဖာ လျှောက်လေ၏။

ထိုသို့လျှောက်လေသော် အထိန်းတော်တို့ကလည်း 'သိကြားနတ်မင်းသည် ရာဇပရိယာယ်ကို အလွန်လိမ္မာသည် မဟုတ်ပါလော၊ အသူရာနတ်မင်း၏ သမီး သုဇာတာကို သူအိုယောင် ဖန်ဆင်း၍ သိကြားမင်း ယူဖူးသော ထုံးစံရှိပါသည်။ မှုရာရုပ်ရည်၊ အခြည်အဝါ သုဇာတာနတ်သမီးပင် အသွင်မခြားအထင်မှားလောက်သော ထိပ်ခေါင်တင်ကို နတ်ရှင်သိကြားသည် မင်းသားယောင်ဆောင်၍ ရအောင်ယူမည်ပင် ကြံခြင်းလက္ခဏာရှိပါသည်။ သည်နေရာ

၁။ ညိမ်း၍ ချမ်းသာစေတတ်သော–ဗ။
၂။ တည်ထောင်ပေးရသော–ဗ။
၃။ မြူတေညိမ့်ညိမ့် စီးယိုအိမ့်၍–စ။
၄။ ဣန္ဒကုမ္ဘာ လူမင်းသားသည်–စ။





ဒေသသို့ ဘယ်ကလူမင်းသား ရောက်နိုင်အံ့နည်း' ဟုဆိုသော် အပျိုတော် ယောဟနမိတ္တာက 'အမယ် မဟာသာလင့် .. ဤကဲ့သို့ မိန့်တော် မမူပါနှင့်၊ တောင်နန်းမတော် မယ်တော်မြတ်ဖျားသည် ထိပ်တင်ကို နှုတ်ငုံရမည့်ကာလ အိပ်မက်မြင်မက်သည်မှာ[၁] –

တာဝတိံသာ နတ်ပြည်စောင်းတန်းက နေမင်း လမင်းတို့သည်
အခြွေအရံနှင့်တကွ ဆင်းသက်ခဲ့၍ ရွှေမဥ္ဇူပင်ဖျားတွင် နားနေပြီးသော်
နေမင်းသည် လူ့ပြည်သို့ ရွေးရှုကြွသွားသည်ကို[၂] လမင်းသည် ကြည့်
မျှော်လိုက်သည်နှင့် မျက်စိဆုံးသော် မယ်တော်ရင်ထဲသို့ ခွဲ၍ဝင်သည်
ကို–

မြင်မက်သောကြောင့် မစက်ပျော်တတ် လန့်ဖျပ်၍ နိုးတော်မူသည်နှင့် မိုးသောက်လျှင် ကျွန်မ ခမည်းတော် ဒေဝဓီတာကို ခေါ်တော်မူ၍ ကိုယ်တော်မြတ် မေးတော်မူသည်။

'ဝသဝတ္တီ နတ်ဘုံက စုတေသော နတ်သမီးမောင်နှံသည် ခြွေရံနှင့်တကွ မဥ္ဇူသကပင်မှာ အတူဝင်၍ နားသည်နှင့် မင်းသားသည် လူ့ပြည်သို့ ကြွ၍ ပဋိသန္ဓေယူသည်ကို လ–မည်သော မင်းသမီးသည် ဘုန်းကြီးသော အရှင်မိဖုရားမှာ ထိုနေ့ပင်[၃] ပဋိသန္ဓေနေကြောင်းကို ဟောသည်နှင့်[၄] မြတ်သော တောင်နန်းရှင်၏ ရွှေစင်ဂဏ္ဍီ တသိင်္ဂီမှာ ဝဇီရာရွှဲပြည့်သကဲ့သို့[၅] နှုတ်ငုံတော်ရသည်နှင့် ကိုယ်တော်သန့်စင် ဖွားမြင်တော်မူသည့် အကြောင်းများကို ကျွန်မ ခမည်းတော် ပြော၍ကြားဖူးပါသည်။ လက္ခဏာသည်အရေးကို ထောက်တွေးဆင်ခြင်သော်[၆] ခုရောက်သော မင်းသားသည် သိကြားဟုတ်ဖွယ်မရှိ[၇]၊ ဇာတိဘဝက ပုညတော်ဖန် ပြုဖူးသူမှန်လျှင်[၈] သမုဒ်မြစ်ကိုမဆို – မြင်းမိုရ်ကိုပင် ရောက်သော်လည်း ရောက်လာမည် အမှန်သာ။ ထိပ်ထားသခင်နှင့် ထိုက်တန်၍ ချစ်ခင်ရန်[၉] မင်းသားဖြစ်လျှင် ကေရာဇ်တကာအခေါင် ဘုန်းရောင်လွှမ်းပတ်၍ မန္ဓာတ်စကြာ အလောင်းအလျာမှသာ ထိုက်တန်ရမည်။ ခု ရောက်လာသော မင်းသားသည် နဂါး ဂဠုန်နှင့် ဂုဏ်၊ အာဏာရှိန်၊ ဝရဇိန်လက်နက်ကို ရသောသူ ဆိုပါသည်။ အထင်ကြီးမားလှ၍ သိကြားနတ်မင်းဖြစ်မည် တွေးတော[illegible]လျှင်

၁။ အိပ်မက်မြင်ပါသည်–ဓ။
၂။ ပြန်သွားသည်ကို–ဗ။
၃။ ထိုညဉ့်ပင်–စ။
၄။ မိန့်တော်မူသည်နှင့်–စ။
၅။ ယှန်ပြည်သကဲ့သို့–စ။
၆။ အရေးကုန်ထောက်သော်–ဓ။
၇။ ဟုတ်ဟန်မရှိ–စ။
၈။ ပုညတော်ဖန်ကြသူဖြစ်လျှင်–ဓ။
၉။ ချစ်ရန်–ဗ။



www.burmeseclassic.com

www.burmeseclassic.com



သဘောကျတော် မမူပေဘူးလား' ဟူ၍ ဒေဝဓိတာနတ်၏ သမီးတော် ယောဟန မိတ္တာက ဆိုသော် –

အထိန်းတော် မဟာသာလက 'ပဝေသနီကပင် လူသားတို့ မရောက်နိုင်သော ဒေသဝယ် ဂေါ်သီတ စန္ဒကူးနံ့သာများကို ရနိုင်ပေသည်လည်း အံ့တစ်ပါး၊ နဂါးဦးနှိမ်၍ ဝရဖိန်လက်နက်ကို ရသည်လည်း တစ်သွယ်၊ ဆင်စွယ် နန်းစံသည်များကို သိကြားမိုးနတ်ဟု တွေးယူထင်သည်ဖြစ်၍ လူမင်းစင်စစ် မှန်မည်။ ထက်နတ်ပြည်ထွတ်ဖျားက သိကြားဖြစ်မည်ကို သိရအောင် လက်ဆောင်တော်ပဏ္ဏာ[၁] နှင့် ရာသီမုတ္တာကို သိသာအောင် စေတော်မူပါ ဘုရား' ဟု နို့ထိန်းကြီးများက မင်းသမီးမှာ လျှောက်ထားကြလေသော်–

မင်းသမီးလည်း ရှေးကဇာတိဟောင်းကို စိတ်စွဲ၍ သိရှိရအောင် ကလိသလို ပြောသော ယောဟနမိတ္တာ၏ စကားကို ကြားတော်မူကတည်းကပင် သံသရာအငွေ့ကို အောက်မေ့ပြန်မိ၍ ဥပါဒါန်မပြယ်သော်လည်း ယဲရွယ်တော်မူသေး၍ ချစ်ခင်ရေးအကြောင်းများကို နားမလည်သည်လည်း တစ်ပါး၊ ပတ္တမြားလျှံဖိတ် နန်းရိပ်ခို[၂] နေ မင်းကေရာဇ်သွေးမို့ ကလေးကလားမရှိသည် တစ်ချက်၊ ကြောက်–ရှက်တတ်သော စိတ်နေတွင် ဣန္ဒြေဟန်ယူ၍ မိန့်မြွက်တော်မူသော စကားမှာ 'နားဆီကို နေရှိန်ပူ၍ သွေးပင့်ကူအိမ်တန်းရာတွင် ကျန်းမာပျောက်ကင်းအောင် သင်းသင်းကြိုင်အေး မွှေးမွှေးပျံ့ပျံ့ ဂေါ်သီတ စန္ဒကူးနံ့သာကို ပေးလိုက်သောကြောင့် ချမ်းမြေ့သက်သာ မထောင်းတာရှိပေသည်။ သူ့ကျေးဇူးကို[၃] ဆပ်သင့်ပေ၏' ဟု မိန့်တော်မူပြီးသော် ရွှေမဥ္ဇူနစ်ပွင့်ကို မြနန်းသေးနှင့် အညှာတွင်ရစ်၍ ရာသီမုတ္တာကို နံ့သာပေးသော မင်းသားကို 'ဆက်ပါချေ[၄]' စေတော်မူ၏။

ရာသီမုတ္တာလည်း ရွှေဖော်တို့နှင့်တကွ လျှောက်ပတ်အောင်[၅] သွားလေ၍ နဝတတ်အိုင်ခါးပန်းဝယ် စံနန်းတော်ဆင်စွယ်နန်းသို့ တက်လေလျှင် မင်းသားလည်း မှန်တံခါးအထွက်၊ ယွန်းဆက်ဆောင်အလွှဲ၊ ဝဲပြန်ဆောင်တော်အောက်တွင် ရာဇနာသဏ္ဌာလီပေါ်၌ စံတော်မူစဉ်ကို လူပျိုတော်တွေစုရုံး၍ ရွှေနှလုံးတော် ဖြေဖျော်အံ့သောအမှု[၆] နှင့် ရတုယဉ်သာပြန်၍[၇] သံတော်ဦးတင်ကြနိက်တွင်ကို ရာသီမုတ္တာ ရောက်လာသော် ရှေ့တော်မှာ ဂေါ်မုတ်ကလပ်ဖြင့်

၁။ လက်ဆောင်တော်ပန်း–ဗ။
၂။ ပင်ရိပ်ခို–ဗ။
၃။ သို့ ကျေးဇူးကို–ဝ။
၄။ သွား၍မအေ–ဆက်ပါချေ–ဝ။
၅။ လျှောက်ပတ်တင့်တယ်အောင်–ဝ။
၆။ ဖြေဖျော်အံ့သောအမှု–ဝ။
၇။ ရတုရင်သပြန်နှင့်–ဝ။





ရွှေမဥ္ဇူပွင့်ကို တင်လျက် 'ကိုယ်တော်မြတ် သနားတော်မူသော နံ့သာကို ရတနာမင်းသမီး လိမ်းသပ်ရာတွင် ရောဂါသန့်ရှင်း ချက်ချင်း ချမ်းမြသည် ဖြစ်၍ ကျေးဇူးတော် ကြီးကြောင်းများကို အတန်တန်[၁] ပြောပလျက် မဥ္ဇူသကပန်းတော်ကို[၂] ဆက်ချေ–စေ၍ ရွှေဖဝါးတော်မြတ်အောက် ရောက်ရပါကြောင်း' ကို တင်လေသော် ရှင်လှသော နှလုံးထားနှင့် အားပါးရတော်မူ၍ မဥ္ဇူအညှာ ရစ်သော[၃] မြနန်းသေးကို မြင်လျှင် 'မေတ္တာရစ်ပါက နှစ်ပါးအတူ ဖြစ်မည်ကို မှာလိုက်ချေသည်' ဟု ရွှေဉာဏ်တော်ချင့်ယူ၍ ရွှေမဥ္ဇူပန်းပွင့်ကို လက်ဝါးပေါ် တင်ပြီးသော် အတန်တန်[၄] ရှုတော်မူလျက် ကလူကစားတော်မူပြီးလျှင် ပညာဟာသကို မျက်ရိပ်တော်ပေးခဲ့၍ စံနန်းတော် ဆင်စွယ်လက်ရန်းနှင့် အဆောင်တော် ခါးပန်းအတွင်းသို့ ကြွဝင်တော်မူလေ၏။

♦

## ၇။ ဝတ္ထုပုံပြင် အချေအတင် စကားဆိုခန်း

ပညာဟာသလည်း ရာသီမုတ္တာထံပါးသို့ ချဉ်းနေပြီးသော် ဤသို့ ဆို၏။ 'သိကြားနတ်မင်းသည် အာသာဝတီနွယ်သီးနှင့် မိဗ္ဗာန်ခဲ၍ မယ်တော် ဖွားမြင်လျှင် ဇမ္ဗူဒီပါတစ်ပြင်လုံးက ညွတ်ရုံးဦးနှိမ်ရသော ဝရဇိန်လက်နက်သခင် အရှင်မင်းသားသည် သူရဿတီနတ်သမီးက သုဒဿနမြို့သဏ္ဌာန် ပဥ္စမာလိန်မြို့ နန်းဆောက်၍ ဆက်သည်တွင် – ထိုက်တန်သော ကညာနှင့် ရွှေဥကာသံဖွင့်လို၍ ရှာသော် ဂန္ဓမာနန်းဝယ်ရှိကြောင်းကို[၅] ကြားသိရသဖြင့် နဂါး ဂဠုန်တို့ .. ကျွန်တော်မျိုးတို့မှစ၍ ဖွားဖက်တော် တစ်ထောင်နှင့်တကွ ကန္တာရခရီးကို ဘုန်းကြီးသော အရှင် ဖြစ်၍သာ နေ့ချင်းရောက် ရွှေစက်ဖြန့်လာနိုင်သည်။

'သီတာနဝတတ်အိုင်[၆] ခါးပန်းတွင် ဆင်စွယ်နန်းစံ၍ နေသည်မှာ[၇] ရွှေမျက်နှာတော်နှစ်ပါးသည် လားလားမျှ မြင်တော်မမူဖူးကြလေသေး။ အရေးတော်ကြာချေလျှင် အနားမှာရှိသော ကျေးကြီးကျွန်ကြီးတို့သည် အရှင်နှစ်ပါး အမှုကို ပြေကုန်အောင် မဆောင်မရွက်သည် ဖြစ်ရာချေ၏။

၁။ အပန်ပန်–ဗ။
၂။ ပန်းပွင့်ကို–ဝ။
၃။ မဥ္ဇူပန်းပွင့်မှာအညှာတွင်ရစ်သော–ဝ။
၄။ အပန်ပန်–ဗ။
၅။ ရှိကြောင်းနှင့်–ဝ။
၆။ သီတာနောတတ်အိုင်–ဝ။
၇။ ဆင်စွယ်နန်း၌ နေတော်မူသည်မှာ–ဝ။



www.burmeseclassic.com

www.burmeseclassic.com



'ဂန္ဓမာနန်းရှင်တွင်လည်း မရှင်တို့သည်[၁] နားမျက်စိကဲ့သို့ ထံရင်းမကွာ စေပါယ့်မှတ်သူ ဖြစ်ပါတော့သည်။ ပဌမာလိန် ရွှေမြို့ရှင်မှာလည်း ကျွန်ုပ်တို့သည် ရွှေလက်ရုံးတစ်ဖက်ကဲ့သို့ စကြာတော်ရင်းမှာ မကင်းခစားသူ ဖြစ်ပါတော့သည်။ ''ချည်မျှင်နှင့်အပ်ရှိမှ ကလနားနှစ်ဖက်[၂] စပ်မိသကဲ့သို့'' အရှင်ကောင်းအောင် ရွက်ဆောင်၍ စပ်ကြားစပ်လယ်တွင် ကူညီရိုင်းပင်း[၃] ပါလျှင် ကျွန်ကောင်း အရှင်– အရှင်ကောင်းကျွန် ခံကြရ၍ နောင်သောအခါ စည်းစိမ်ဟောင်းတွင် စည်းစိမ်အသစ် ထပ်တိုး[၄] မြတ်မြင့် အရှင့်အချီးအမြှောက်ကို ခံရမည့်သူ ဖြစ်ပါတော့သည်။

'ကျွန်ုပ်တို့အရှင် မင်းသားမြတ်သည် နဝတတ်အိုင်ခါးပန်း၌ ဆင်စွယ်နန်းစံ၍ နေသည်၊ မမေ့မလျော့ပါနှင့်'ဟူ၍ ရာသီပါစကားနှင့် ပညာဟာသက ဆိုလေလျှင် စကားအရာကို ပြန်လိုသောကြောင့် ရာသီမုတ္တာက ပန်းတင်၍ ဆက်သော ဂေါ်မုတ်ကလပ်ကိုယူ၍ သီရိမန္တာမည်သော အပျိုတော်ငယ် နောက်က နေသည်ကို[၅] ကမ်းသော် သီရိမန္တာက ကမ်းယူမည်ပြုစဉ်ပင်[၆] ရာသီမုတ္တာက ဂေါ်မုတ်ကလပ်ကို လွှတ်လိုက်သော် ဆင်စွယ်နန်းကြမ်းပေါ်သို့ ကျ၍ ကလပ်ကျိုးလေသည်ကို ပညာဟာသမြင်လျှင် 'မရှင်ငယ်[၇] .. ကလပ်ကျိုးသည်လား' မေးသော် ရာသီမုတ္တာက 'ဟိုက မလှမ်းခင် ယူစေချင်သော စိတ်တမ်း၍ အကမ်းအလျင်လိုလှသောကြောင့် ကလပ်ကျ၍ ကျိုးချေသည်' ဟု ဆိုသော် ပညာဟာသကလည်း ''ငါ ပြောသောစကားက[၈] အရှင့်သားအရေးကို ဆိုထည့်သည်၊ အလျင်လိုစွဟူသော အရာကို ဥပမာဖြင့်[၉] သိသာအောင် ကိရိယာဆင်ချေသည်'' ဟု ဆင်ခြင်မိ၏။

'မရှင်ငယ် ... မကမ်းခင်က အလျင်ကြို၍ လှမ်းနှင့်ပြီး တကား။ ကလပ်ကျသင့်သည် မဟုတ်ပါပြီ။ တညီတညာ ဥပမာတူမည်ကို တွေးယူဆင်ခြင်လျှင် ချစ်ခင်သည်ဖြစ်သော မေတ္တာစိတ်သည် ဂေါ်မုတ်[၁၀] ကလပ်နှင့် တူ၏။ ကမ်းမည့်သူဖြစ်သော ကျွန်ုပ်တို့အရှင်က မကမ်းခင်ကို လှမ်းတော်မူနှင့်အောင် ပုံဆောင်၍ မရှင် လျှောက်တော်မူပါလော့' ဟု စကားချိတ်ငင် ဆိုလေသော်– ရာသီမုတ္တာကလည်း ''ငါကိရိယာဆင်ပါသော အမှုသည် သူ့ဖို့ ဖြစ်ပြန်လေသည်''

၁။ မင်းရှင်တို့သည် –ခ။
၂။ အနားနှစ်ဖက် –ခ။
၃။ ဆောင်ရွက် –ခ။
၄။ တက်တိုး –ခ။
၅။ နောက်နေသည်နှင့် –ခ။
၆။ ပြုစဉ်တွင် –ခ။
၇။ မင်းရှင်ငယ် –ခ။
၈။ စကားကား –ခ။
၉။ ဥပမာနှင့် –ခ။
၁၀။ ဂေါ်မိတ် –ခ။





အောက်မေ့၍ သိမ်မွေ့သော မျက်နှာထားနှင့် စကားအသစ်တက်သည်မှာ 'ဘုန်း အာဏာကြီးသော အရှင်စကားကို လျှောက်ထားမည်ဟူ၍လည်း အာမ မခံဝံ့ပါ။ မှာတော်မူသမျှကို စပ်ကြား စပ်လယ်တွင် မသွယ်မဝယ် တကယ်မလျှောက်ထားဘဲလည်း မနေသာပါ။ ရွှေစကြာတော်ရင်းမှာဖြစ်လျှင် ဖျော်ဖြေ[၁] ဦးတိုက်လိုက်ပါ၏။ သို့ရာတွင် ထွေလာစကားရှိမည်ကို တည့်တည့် မလျှောက်သာသောကြောင့် ဥပမာဆောင်ရေးဖြင့် ရှေးထုံးစံလို လျှောက်ပါမည်။ ဖွေနည်းစဉ်းစား၍ အလားတော်ရာသာ ပညာနှင့် ဆင်ခြင်တော်မူပါတော့' ဟု ဆို၍ ဥပမာကို ဆောင်တော်မူသည်မှာ –

## ဖြစ်လွယ်ပျက်လွယ် ပုံပြင်ဝတ္ထု

ရှေးသောအခါ ဇေယျပူရပြည်ကို အစိုးရသော လောကကေတု မင်းကြီးတွင် မလ္လာဝတီ မည်သော မိဖုရားကို တောင်နန်း[၂]၊ သီရိဝတီ[၃] မည်သော မိဖုရားကို မြောက်နန်း ထားလေသတည်း။ မလ္လာဒေဝီမိဖုရားကြီးက ဂန္ဓမာယာ မည်သော သမီးတော်ကို ဖွားမြင်၏။ သီရိဝတီမိဖုရားကလည်း စန္ဒမာယာ သမီးတော်ကို ဖွားမြင်လေသည်[၄]။ ပဉ္စကလျာနှင့် ပြည့်စုံသောကြောင့် တောင်ပန်းခုံ မြောက်ပန်းခုံဝယ် တပင်တိုင်နန်း တစ်ယောက်တစ်ဆောင်စီ ဆောက်၍[၅] ခြွေရံ ငါးရာစီနှင့် ထားလေ၏။

ထိုအခါ ဥတ္တမရဋ္ဌပြည်ကို အစိုးရသော သုဘာသိတ[၆] မင်းကြီး ဇမ္ဗူသော်တာ[၇] မိဖုရား၏သားတော် အသေဝန၊ သေဝန မည်သောမင်း သားတော် ညီနောင်တို့ ကြားသိလေလျှင် နောင်တော်အသေဝန မင်းသားသည် ခြွေရံတစ်ထောင်နှင့်တကွ ယူဖနောငါးဆယ် ကွာသော ဇေယျပူရပြည်သို့ အလျင်သွားနှင့်လေ၏။ ဂုမ္ဗစိတြမည်သော ငှက်မုဆိုးအိမ်တွင် တည်းနေလေ၏။ ထိုပြည်မှာ မင်းသမီးရှိသည် ကြားသောကြောင့် မိမိသနစ်ကို ထုတ်ဖော်ပြောသော် မုဆိုးက 'ကျွန်တော်တွင် သကုဏာမည်သော ငှက်မင်းသည်[၈] လူကဲ့သို့ လိမ္မာသည် ဖြစ်၍ တမန်စေတော်မူပါတော့' ဟု ဆိုသော် အကြောင်းသင့်လှပေပြီဟူ၍[၉]

၁။ ပျော်မွေ့ –ခ။
၂။ တောင်နန်းထား၏ –ခ။
၃။ သီရိဝတ –ခ။
၄။ ဂန္ဓမာယာ၊ စန္ဒမာယာမည်သော သမီးတော်တစ်ပါးစီ ဖွား၏ –ခ။
၅။ တပင်တိုင်နန်းနှင့် သမီးတော်နှစ်ပါး ကို တစ်ဆောင်စီ၊ တစ်ဆောင်စီ ဆောက်၍ –ခ။
၆။ သုဘာသိတ –ခ။
၇။ ဇမ္ဗူသောတ –ခ။
၈။ ငှက်သည် –ခ။
၉။ ဆိုသောကြောင့်သင့်လှပေပြီဟူ၍ –ခ။



www.burmeseclassic.com

www.burmeseclassic.com



ဥတ္တမရဖွဲ့ပြည်က အသေဝနမင်းသားသည် သတင်းကြား၍ ရောက်လာပါကြောင်းကို မေတ္တာစကားဖြင့် ရွှေပြားတွင် စာရေး၍ သကုဏာငှက်တွင် ဆွဲပြီးလျှင် တောင်ပန်းခုံ တပင်တိုင်နန်းရှင် ဂန္ဓမာယာမင်းသမီး အထံသို့ စေလိုက်၏။

မင်းသမီးလည်း မိန်းမတို့ဣန္ဒြေဖြင့် ချော့သောစကားကိုသာ ပြန်ကြားလေသောကြောင့် တစ်နှစ်ပတ်လုံးကြာအောင် မင်းသားက အကြိမ်ကြိမ် အဖန်ဖန် တမန်ငှက်ကို စေ၍ စာပေးကမ်း[၁] သဖြင့် အခွင့်သာ၍ မေတ္တာရည်ဖွဲ့လေသတည်း။

ဥတ္တမရဖွဲ့ပြည်က ညီတော်သေဝနလည်း နောင်တော် ဖွေရှာရသို့ သွားလေသည်၊ မည်ကဲ့သို့ မသိရ၊ နေ့ လ ကြာမြင့်သည် - ဟု ယူဖနောငါးဆယ်ကွာသော ခရီးကို ခြေရုံတစ်ထောင်နှင့် လာ၍ ရောက်လေသော် ကေဝလရဂုံမည်သော ဥယျာဉ်တွင် မြောက်ပန်းခုံ တပင်တိုင်ရှင် စန္ဒမာယာမည်သော မင်းသမီး ပန်းတော်ဆွတ် ပုပ္ဖသာရီအိမ်၌ တည်းနေလေ၏။

နောင်တော်အကြောင်းအရာတို့ စုံစမ်းမေးမြန်း၍ ကြားရလျှင် နောင်တော် အကြံမမြောက်ချေသေး - ဟု အမှတ်ရှိလေသည်နှင့် စန္ဒမာယာမင်းသမီး အထိန်းတော် သုခပိယသည် ပန်းတော်ပန်း ဆွတ်မည် လာသည်တွင် မင်းသားနှင့် တွေ့ကြလေသောကြောင့် ဇာတိကိုပြော၍ ပတ္တမြားတစ်ချည် အထိန်းတော်ကို ပေးပြီးမှ 'မင်းသမီးကို ရအောင် ကြိုးစားပါလေ' မှာလိုက်လျှင် အထိန်းတော် သုခပိယလည်း အထူးထူးသော ပုံစံနည်းနာဖြင့် မင်းသမီးထံမှာ ကွေ့ကွေ့လည်လည် ဖျောင်းဖျ လျှောက်ထား၏။ ချက်ချင်းပင် စကားအခွင့် ရလေ၏။

သေဝနမင်းသားလည်း နောင်တော် အသေဝနမင်းသားကို မေးမြန်းရှာဖွေသော် ဂုမ္ဘစိတြမည်သော ငှက်ခတ်မုဆိုးအိမ်တွင် တွေ့၍ အကြောင်းအရေး[၂] ကို မေးလျှင် 'တစ်ဆယ့်နှစ်ရာသီပတ်လုံး ငှက်တမန်ကို အတန်တန်[၃] စေလွှတ်သောကြောင့် မင်းသမီး နားဝင်လျှင် ချစ်ခင်သောမေတ္တာပင် ရှိသော်လည်း နှစ်ဦးဆုံ၍ ကြုံရမည်ကို မကြံမဆောင်နိုင်အောင် ရှိတော့သည်' ဟု ဆိုလေသော် ညီတော်သေဝနက 'ဤပြည်သို့ ကျွန်ုပ်ရောက်သည်မှာ ဆယ့်ကိုးရက်ခန့် ရှိပါသေးသည်။ တစ်နေ့က စန္ဒမာယာမင်းသမီး အထိန်းတော်သို့ ပတ္တမြား တစ်ချည်ပေး၍ ဆိုစေသည်တွင်[၄] ချက်ချင်းပင် အခွင့်ရလေသည်ဖြစ်၍

၁။ ရွှေပေကမ်း-ဗ။ ၃။ အဖန်ဖန်။
၂။ အကြောင်းအရာ-စ။ ၄။ စေသည်တွင်-ဗ။





နောင်တော်လည်း ကျွန်တော့်နေရာသို့ လိုက်ခဲ့ပါ' ခေါ်သော် သကုဏာငှက်ကို မုဆိုးမှာ ပတ္တမြားတစ်ချည်နှင့် ဝယ်၍ ညီတော် နေရာသို့ လိုက်လေ၏။ မိုးသောက်လျှင် အထိန်းတော် သုခပိယလည်း ပန်းတော်ပန်း ယူမည်လာ၍ တွေ့ပြန်သော် ညီတော်က 'ကျွန်ုပ် နောင်တော်မှာလည်း တောင်ပန်းခုံ တပင်တိုင်နန်းရှင် ဂန္ဓမာယာမင်းသမီးကို တစ်နှစ်ပတ်လုံး ငှက်တမန်ကိုစေ၍ အခွင့်သာရလေပြီကို[၁] ညီနောင်နှစ်ပါး လက်သို့ရောက်အောင် အမယ်ကြံပါဦး' ဆို၍ ပတ္တမြားတစ်ချည်ပေးပြန်သော် သုခပိယလည်း 'အရှင့်နောင်တော်ကသာ ငှက်တမန်ကို စေ၍ ဥယျာဉ်သို့ ထွက်လာပါမှ တွေ့မြင်ရပါမည်၊ မှာထားပါစေတော့၊ ကျွန်မတို့ သခင်နှင့်တကွ နှစ်ပါးစလုံး ဥယျာဉ်သို့ထွက်လာအောင် ကျွန်မလျှောက်ထား၍ ထွက်လာပါစိမ့်မည်၊ ယင်းသို့ ထွက်လာကြလျှင် နေပြည်တော်သို့ ဆောင်ယူကြပါတော့' စကားချိန်းချက်၍ မြောက်ပန်းခုံနန်းသို့ အထိန်းတော်ပြန်လေ၏။ နောင်တော်အသေဝနလည်း ဥယျာဉ်မှာ ရှိကြောင်းကို သကုဏာငှက်ကို စေ၍ မင်းသမီး ထွက်လာအောင် လျှောက်နှင့်စေ၏။

သုခပိယအထိန်းတော်လည်း စန္ဒမာယာမင်းသမီးကို 'ယနေ့သည် အစ်မတော်တောင်ပန်းခုံ တပင်တိုင်နန်းရှင် ဥယျာဉ်တော်ကြီးသို့ ထွက်မည်ဟူ၍ ပြည်သူပြည်သား[၂] လမ်းပြင်ရပါသည်။ ထိပ်တင်လည်း သေဝနမင်းသားမျက်နှာ[၃] ကို ကြည့်ရှုရအောင် အစ်မတော်ဘုရားနှင့် အတူ လိုက်ပါတော်မူပါတော့လား' ဟု လျှောက်လေသော် 'အစ်မတော်ဘုရား ထွက်တော်မူလျှင် လိုက်တော်မူမည်' ဟု ဆို၏။

အထိန်းတော် သုခပိယလည်း တောင်ပန်းခုံသို့သွားပြန်၍ 'ညီမတော် မြောက်ပန်းခုံမင်းသမီးက[၄] ကေဝလရဂုံဥယျာဉ်ကြီးမှာ ရထားနှစ်ဆူနှင့် အတူ ကစားရအောင် ထွက်တော်မူပါ လျှောက်ချေ - စေ၍ လာရပါသည်' ဟု လျှောက်သော်၊ ဂန္ဓမာယာမင်းသမီးလည်း ဥယျာဉ်မှာ မင်းသားရှိကြောင်းကို သကုဏာ လာ၍ ပြောလာသဖြင့်[၅] အသင့်ကြိမ်ကြိုက်ငြားလေလျှင် ရထား တစ်ယောက်တစ်ဆူစီ[၆] စီးတော်မူကြ၍ ခြေရုံငါးရာစီရံလျက် ဥယျာဉ်တော်သို့ ထွက်လာကြသတည်း။

သုခပိယ အထိန်းတော်လည်း လမ်းကပင် မင်းသားညီနောင်၏ ဘုန်းတန်ခိုး၊ အာဏာတော်ကို ချီးပ၍ ရိပ်ကာ၊ ဝဲကာ ပြောပြီးသော် 'ယနေ့

၁။ အခွင့်သာယာလေပြီကို-ဗ။ ၄။ မင်းသမီးသည်-စ။
၂။ ပြည်သူအများ-ဗ။ ၅။ ရောက်လာသဖြင့်-ဗ။
၃။ လက္ခဏာ-စ။ ၆။ တစီးစီ-စ။



www.burmeseclassic.com

www.burmeseclassic.com



သည်ကား နေကြွတ်သည့်နေ့ ဖြစ်တော့သည်၊ အမှုအခင်း ရှိသူတို့သည် ယနေ့ ဆောင်၍ မအောင်လျှင် နောင်ခါ မဖြစ်နိုင်ပြီ' ဟူသော စကားအမှတ်ပေး၍ ထွက်လာခဲ့ကြသည်နှင့် ဥယျာဉ်တော်သို့ ရောက်ကြသော် မင်းသားညီနောင်လည်း မင်းသမီးနှစ်ပါးနှင့် ရထားနှစ်ဆူကို နေပြည်တော်က ပါသော ရဲမက်တော် နှစ်ထောင်ကျော် ကြပ်မတ်၍ ဥတ္တမရဖွဲ့ပြည်သို့ ဆောင်ယူကြလေ၏။

ယူဇနာသုံးဆယ်ကွာသော ခရီးသို့ရောက်သော် ညောင်ပင်ကြီး အရိပ်၌ ရထားချွတ်၍နေစဉ်ဝယ် ဖွေ့ပူရပြည်ကို အစိုးရသော လောကကေတုမင်းကြီး သည်လည်း 'သမီးတော်နှစ်ပါးကို မင်းသားညီနောင် ဆောင်ယူသွားကြောင်း'နှင့် ကြားလေသော် မှူးမတ်တို့ကို စစ်အင်္ဂါလေးပါးစီရင်၍ လိုက်လေစေတော်မူ၏။ ယူဇနာသုံးဆယ်ရှိသော ခရီး၌ တွေ့ကြလျှင် ရပ်ခံ၍ စစ်ပြိုင်ကြသည်။ ထိုအခါ ညီတော်သေဝနက နောင်တော်အသေဝနမင်းသားကို ဆို၏။ 'ယခုသည်ကား စစ်ကိရိယာ, လှံ, ဓားလက်နက်တို့သည် သူတို့က စစ်သည်တို့ကဲ့သို့ မစုံမလင်၊ ရပ်ခံ၍နေလျှင် သေကျေပျက်စီးခြင်းသို့ ရောက်ရာသည်။ အရှင့်သမီးနှစ်ယောက် တို့ကို သူတို့သို့ ပေးလိုက်ပါဘိတော့' ဆို၏။

နောင်တော် အသေဝနကလည်း 'တစ်ဆယ့်နှစ်ရာသီပတ်လုံးလုံး ကြိုးစားပါသော[၁] လုံ့လဝီရိယသည် အတွက်မရှိဘဲ ဖြစ်တော့မည်၊ အသက်ပင် သေသော်လည်း သေစေတော့၊ မင်းသမီးကို မပေးဘူး' ဆိုလျှင် ညီတော်က 'နောင်တော် အသေဝန ... မယားတစ်ယောက်ကို မရပြီကဲ့သို့ အသက်ကို ပင်[၂] မစွန့်ပါနှင့်၊ နောင်တော် အမိုကောင်းကို မသိ၍သာ တစ်နှစ်ပတ်လုံး ကြိုးစားရခြင်း ဖြစ်ပါသည်။ အမိုကောင်းကိုတွေ့သော် ကျွန်ုပ်မှာ လေးငါးရက် ခန့်နှင့်သာ ရပါသည်တကား။ မင်းသမီးကို လွှတ်လိုက်ပါဘိ' ဆိုသော်လည်း 'ယခုမှာ ကိုယ့်အစွမ်းကို မလျှော့ပြီ၊ သေသော်လည်း အတူ သေတော့မည်' ဆိုရာတွင် ညီတော် သေဝနမင်းသားသည် စန္ဒမာယာမင်းသမီးကို ခေါ်၍ 'မင်းသမီး ခမည်းတော်သည် ငါတို့ကို သေကျေ ပျက်စီးလေအောင် ရန်သူ ရန်ဘက်ကဲ့သို့ လက်နက်ကိရိယာ[၃] ဗိုလ်ပါရဲမက်တို့ကို တိုက်ခိုက်[၄] လာစေသည်။ သူမချစ်ဘဲကို ချစ်နိုင်မည်လား၊ မယားတစ်ယောက်ကို ဆယ့်ကိုးရက်ခန့် ချော့မော့လျှင် ရတော့ သည်၊ ရှားပါးသမို့လား'ဆို၍ မင်းသမီးကို လက်ဆွဲပြီးလျှင် ဖွေ့ပူရ စစ်သည် တို့ကို 'နင်တို့မင်းသမီး လိုချင်လျှင် ယူလေတော့' ဆို၍ လွှတ်လိုက်ပြီးသော်

၁။ ကြိုးစားလုံ့လပါသော—ဗ။
၂။ အသက်ကိုစင်—ဗ။
၃။ ကရိယာအစုံအလင်—စ။
၄။ တိုက်ဖျက်—ဗ။





'နောင်တော်မှာ မယားတစ်ယောက်နှင့် အသက်ကို အသေခံရစ်တော့' ဆို၍ ရဲမက်တော် တစ်ထောင်နှင့်တကွ ထွက်သွားလေ၏။

နောင်တော် အသေဝနမင်းသားလည်း 'ဥတ္တမရဖွဲ့ပြည်တော်မှာ အကြောင်းအရာကို ခမည်းတော်အား ပြောပါချေ' ဆို၍ သကုထာငှက်ကို အလျင်အမြန် စေလွှတ်ရာတွင်[၁] သုဘာသိတမင်းကြီးလည်း စစ်အင်္ဂါလေးပါးနှင့် တကွ မှူးမတ်တို့ကို အလျင်အမြန်ခန့်၍ လွှတ်လိုက်လေသည်နှင့် အသေဝန မင်းသားမှာလည်း ရဲမက်တစ်ထောင်နှင့် ရပ်ခံစွန့်စား၍ နေစဉ်တွင် နေပြည်တော် က စစ်အကူများ လာရောက်လျှင် ဖွေ့ပူရပြည်သားတို့လည်း မင်းသမီးတစ်ပါးကို ရပြီဖြစ်သောကြောင့် ပြန်လေ၏။

ပြည်သို့ရောက်လျှင် လောကကေတုမင်းကြီးသည် သမီးတော် စန္ဒ မာယာကို မေးမြန်းစိစစ်သော် အထိန်းတော် သုခပီယ အပြစ်ကို[၂] လျှော့က် ထားလေ၏။ ဤသို့သော အထိန်းတော် သုခပီယသည် မင်းမျက်ခံရလေ၏။ အသေဝနမင်းသားနှင့် ဂန္ဓမာယာမင်းသမီးတို့လည်း တစ်နှစ်ပတ်လုံး ကြိုးစား၍ ကံတော်နှစ်ပါးဆုံသည် ဖြစ်သောကြောင့် မပစ်ခွာရက်ဖြစ်၍ အသက်ထက်ဆုံး ပင် နှစ်ပါးအတူ စံပျော်ရှုလေသည်။

ဤသို့လည်းကောင်း အရှင်နှစ်ပါးသည် မင်းသမီးလည်း ဘုန်းကြီးသော အရှင်ချင်းကို "ခရေတွင်းတူး၍ ခရေကြည်သောက်" ဆိုသကဲ့သို့ အရေးတော် မဆောင်ရွက်သာပါ။ ဖြစ်လွယ်လျှင် ပျက်လွယ်သည် ဆိုသော စကားထုံးစံများ ကို မှတ်သားဆင်ခြင်၍ ပညာရှင်ချင်း ဖြစ်ကြပါသည်။ စေရမည့် နေရာသို့ ရောက်မှ စေတော်မူပါ။ သည်သောအခါမှ ဘုန်းကြီးသော အရှင် မင်းသားမြတ်၏ ကိုယ်တော်ကျိုးကို လိုမှန်း သိသာပါမည်။ ကျွန်ုမတို့ အရှင်မင်းသမီးလည်း သက်ရှယ်တော် နုနယ်တော်မူလှသေးသည်၊ ပွေပွေလီလီ ကွေ့ကွေ့လျှောက် သော စကားသည် အပါးနီးနီးရှိပါလျှင် ရက်ကြောက်တော်မူသောကြောင့် အယူ တိမ်းတိမ်း ကစိမ်းကဝါးနှင့် မကြည်[၃] မည်သို့ မည်ညာ၊ ငယ်ရာ ငယ်မူ မိန့်တော်မူချေလျှင် လျှောက်မိသူ၊ ထားမိသူ ခက်တော့မည်ဟူ၍ ရာသီမုတ္တာက ဥပမာ ပုံစံများနှင့်ဆိုသော် လှုပျိုတော် ပညာဟာသက "မိန့်တော်မူပေသော စကားမှာ နားသာ၏၊ နေးကြာမည်ကြောင့်[၄] စိတ်မတူနိုင်" ဆိုသကဲ့သို့ ဖြစ်ပါ တော့သည်။ မေတ္တာအရှည်ဆက်ရမည်ကို ရည်၍ ဤသို့ အလွန်ခက်ခဲလှသော ခရီးစဉ်ကို အိမ်တွင်းနှင့်ကြမ်းပြင် ထင်တော်မူပါလျက် ရွှေစက်ခြေပြုဟာ၍ သီတာ

၁။ စေလိုက်ရာတွင်—ဗ။
၂။ အပြစ်ကို—ဗ။
၃။ မျက်နှာလည်းညို၍—ဗ။
၄။ နေးကြာမည်ကြောင့်—စ။



www.burmeseclassic.com

www.burmeseclassic.com



အိုင်နားတွင် ပတ္တမြားရွှေနီ ကိုယ်စီခြယ်သော ဆင်စွယ်နန်း စံပယ်တော်မူသည်။ ကြာကြာအမူကိုဆောင် တာရှည်အောင် ပေါင်းရသော ထုံးဟောင်း ပုံပြင်နှင့် မိန့်ဆိုသည်မှာ[၁] အတူမကွာစံချင်သော စိတ်ထားသည် မတည်ကြားနိုင်အောင် ရှိလျှင် မသိတန် မသိခဲ့ပြီလော။ လျင်သောအခွင့်နှင့် အရေးတော်ကုန်မှ အလုံးစုံ စိတ်ချရအံ့သည်သာ။ နေ့ရက်လျှားသော်[၂] အကြံအားဖြင့် လားလား ကိုယ်ကျိုးမရှိကြောင်းများကို ထုံးဟောင်းပုံပြင် ရှိပါသည်။ သတိနှင့် နားတင်တော်[၃] မူပါဦး။

### နေးဖြည်းဆောင်ရွက် အရေးပျက် ပုံပြင်ဝတ္ထု

ရှေးသောအခါ မင်္ဂလာနဂရ ပြည်ကို အစိုးရသော ရာဇကာရှည မင်းကြီးသည် ပဉ္စာလမန္တာ မိဖုရားနှင့် နှစ်ပါးရွှင်ပျော်၍ မွေ့လျော် ယှဉ်နွဲ့ကြသဖြင့် သုဝဏ္ဏရာဇ်မည်သော သမီးတော်ကို ဖွားမြင်၏။ အရွယ်ရောက်သော် အဆင်း ပြင်လျာ ရှိသောကြောင့် ပြာသာဒ်သုံးဆောင်မှာ ငါးရာခြွေရံနှင့် ထားသည်ကို ငါးပါးသော ကြန်စုံညီ၍ ဇမ္ဗူဒီပါ တစ်ကျွန်းလုံး ကျော်စောသတည်း။

ထိုအခါ ဣန္ဒပထန[၄] ပြည်ကို အစိုးရသော ဒသဓမ္မရာဇ်မင်းကြီးနှင့် ခေမာသန္တိ[၅] မိဖုရား သားတော် အာဝဇ္ဇမင်းသားသည် ခြွေရံငါးရာနှင့်တကွ မင်္ဂလာနဂရပြည်သို့ သွား၍ မာဃရီ[၆] ပြုစုထားသော ဥယျာဉ်၌ ရပ်တန့်လေ၏။ မင်းဧကရာဇ်သား ဖြစ်၍ ရူဥသတ္တရဂါထာ၊ ဘရိပပ္ပတာယဂါထာတို့ကို နေ့တိုင်းမပြတ် သရဇ္ဈာယ်သတည်း။

ထိုသရဇ္ဈာယ်သော အသံကို မာဃရီသီတင်းသုံး ကြားလေသော် 'ထိုဗေဒင်ကျမ်းကို အကျွန်ုပ်အား သင်ပါ' ဆို၏။ 'သီတင်းသုံးမှာ ဗေဒကျမ်းကို သင်၍ အဘယ်ပြုမည်နည်း' မေးလျှင် 'ပြာသာဒ်ခုနစ်ဆောင်[၇] ကို နေ့တိုင်း သွား၍ သုဝဏ္ဏရာဇ်မင်းသမီးကို စာပေးသင်ရပါသည်။ ထိုဗေဒင်ကျမ်းကို မင်း သမီးအား ကျွန်ုပ်သင်ချင်ပါသည်' ဆိုလျှင် အာဝဇ္ဇမင်းသားလည်း 'မင်းသမီး ကို သီတင်းသုံး သင်သည်ထက် ကျွန်ုပ် သင်သော် သာ၍ မတတ်လွယ်ပါလား' ဟု ဆို၏။

'ယောက်ျားနှင့် စပ်သည်ကို မကပ် မချည်းသာအောင် ခမည်းတော်

၁။ မိန့်ရာမှာ–ဗ။
၂။ ရှည်လျားသော်–စ။
၃။ နားထောင်တော်–ဗ။
၄။ ဣန္ဒပဋ္ဌန–စ။
၅။ ခေမာသန္တာ–ဗ။
၆။ မာဂရီ–စ။
၇။ ပြာသာဒ်ဆောင်ကို–စ။





မင်းကြီးက အဆီးအတား အစောင့်အနေထားသည် များပြားသောကြောင့် ဝင်၍ မသင်ရသောအကြောင်း' ကို ပြော၏။ 'သည့်ကဲ့သို့ ဖြစ်လျှင် သီလရှင် ဗေဒင် သင်၍ နေခိုက်ကို မင်းသမီးမှာ အသူ[၁] စာချမည်နည်း။ တပည့် မင်းသမီးကို တတ်စေလိုလျှင် အပျိုတော်ကြီးများကိုသာ သင်လာပါစေတော့' ဟု ဆိုလျှင် ဆိုသည်အတိုင်း မင်းသမီးမှာ ပြောသည်နှင့် ဗေဒင်ကျမ်းကို တတ်ချင်လှသဖြင့် မလ္လာဒိယ အထိန်းတော်ကို သင်စေ၏။

ဗေဒင်သင်၍ အကျွမ်းတဝင်ရှိကြသော် အာဝဇ္ဇမင်းသားကလည်း မိမိသနစ်အဖြစ်ကို ပြောပေ၏။ 'မင်းသမီး သတင်းကျော်ကြားသဖြင့် အထံတော် သို့ ရောက်လာရပါသည်။ ရအောင် ကြိုးစားနိုင်ပါမည်လား' ဟု မေး၏။ အထိန်းတော်လည်း 'အရှင်မင်းသား .. အလျင်သာ မလိုပါနှင့်၊ တဖြည်းဖြည်း ဖျောင်းဖျောင်းဖျဖျ နေ့ကြာ ရက်ကြာ နူးနူးညံ့ညံ့ ပြောဆိုရမှ တင့်တယ် ဖွယ်ရာအောင် အလိုတော်ရှိရာသို့ ရောက်ချိမ့်မည်' ဆိုသည်နှင့် မလ္လာဒိယ အထိန်းတော်သည် နေ့ကို[၂] မင်းသားအထံမှာ ဗေဒင်သင်၍ ညရောက်လျှင် ပြာသာဒ်ခုနစ်ဆောင်သို့ ပြန်သည်။

ဣန္ဒပထနပြည်ကို အစိုးရသော ဓမ္မရာဇ်မင်းကြီးသားတော် အာဝဇ္ဇ မင်းသားသည် ဗေဒင်ကျမ်းကိုသာ တတ်သည်မဟုတ်၊ အတတ်တကာ အဋ္ဌာရသ ကိုပင် တတ်သည်။ ရုပ်ရည်ဆင်းပြင်လည်း နတ်ရုပ်၊ နတ်ဆင်းကဲ့သို့ ဖွယ်ရာ ယဉ်ကျေးသည်။ ဘုန်းကြီးသော ကေရာဇ်[၃] မင်းမြတ် ရင်သွေးတော်ပီကြောင်း[၄] များကို ချီးမြှောက်၍ နေ့တိုင်းမပြတ် ပတ်ပတ်လည်လည် ချစ်ကြည်ရန်အခွင့် ကို တော်သင့်သည်ပင်– အရှင်သမီးတော်နှင့်ဖြစ်လျှင် ဇမ္ဗူရာဇ်မြဟန် ထိုက်တန် သည် ထင်ကြောင်းများကို ဖျောင်းဖျလျှောက်တင်၍ မင်းသမီးလည်း နားဝင်လု ဝင်ခင်[၅] တွေးတောလျက် ရှိလေ၏။

ထိုအခါ ပရာယန[၆] ပြည်ကို အစိုးရသော မဟိဒ္ဒိကာမင်းကြီး မိဖုရား ဇေတာသန္တိ သားတော် ဝိသာရဒ[၇] မင်းသားသည် ရဲမက်တစ်ထောင်နှင့်တကွ မဟာန္တသီတာကန်ကြီး၌ ရေကစားစဉ်ဝယ် ခီရံယက္ခ၊ ဂန္ဓကုဋ္ဌိ[၈]မည်သော ဘီလူးမောင်နှမတို့သည် အနုကာမည်သော သားငယ်ကို ရေချိုးလာသည်[illegible] လက်ကလွှတ်၍ ရေနက်သို့ လားလေသော် ဒိုမြည်တမ်းလျက် ဝိသာရဒ

၁။ ဘယ်သူ–စ။
၂။ နေ့တိုင်း–ဗ။
၃။ ရာဇာ–စ။
၄။ ဖြစ်ကြောင်း–စ။
၅။ ဝင်လုဝင်ချင်–ဗ။
၆။ ပရာနီ–ဗ။
၇။ ဝိသာရဒ–ဗ။
၈။ ခီရံယက္ခ၊ ဂန္ဓပ္ပကုဋ္ဌိ–စ။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားထံလာ၍ 'ကျွန်ုပ်တို့သားငယ်ကို ဆယ်ယူ[၁] ပေးတော်မူပါ။ လိုသောကျေးဇူးကို ဆပ်ပါမည်' ဆိုလျှင် ရဲမက်တော် တစ်ထောင်တို့ကို ရေကန်သို့ဆင်းငုပ်စေ၍ အနုကာယဘီလူးငယ်ကို ရလေသော် ဒီရဲယက္ခ၊ ဂန္ဓကုမ္ဘီတို့လည်း ဝမ်းသာအားရလျက် 'လိုအပ်သော ကျေးဇူးကို အမိန့်ရှိပါ' ဆိုလျှင် 'မင်္ဂလာနဂရပြည်၌ သုဝဏ္ဏရာဇ်မည်သော မင်းသမီးသည် အဆင်းပြင်လျာ[၂] နှင့် ပြည့်စုံသောကြောင့် ပြာသာဒ်ခုနစ်ဆောင်နှင့် ထားကြောင်းကို သတင်းကြားသဖြင့်ယောက်ျားတို့ အစွမ်းအလျောက်[၃] လှည့်ပတ်ချင်သော်လည်း ယူဇနာတစ်ထောင်မျှသော ခရီးကွာဝေးခဲ့သည်ဖြစ်၍ မရောက်ထည့်နိုင်ရှိသည်ကို ထိုမင်္ဂလာနဂရပြည်သို့ နေ့ချင်းရောက်နိုင်သော အတတ်ကို တတ်လို၏' ဆိုသော် ဘီလူးမောင်နှမတို့လည်း ဥပ္ပဒ္ဓဝ[၄] မည်သော ကော်ဇောပျံကို ပေး၏။

ထိုမင်းသားလည်း ခြွေရံတစ်ထောင်နှင့် နေပြည်တော် ပရာယနသို့ပြန်ပြီးလျှင် ခမည်းတော်၊ မယ်တော်တို့၌ အခွင့်ပန်၍ ဥပ္ပဒ္ဓဝမည်သော ကောဇောပျံ၌စံပယ်လျှင် စိတ်ရွှယ်သောအရပ်သို့ ရောက်စေတတ်သည် ဖြစ်၍ မင်္ဂလာနဂရပြည်သို့ ညဉ့်အခါ ရောက်လေ၏။ ရွှေမြို့ပြည်နန်းကို ကောင်းကင်ကကြည့်ရှုလျှင် ခုနစ်ဆောင်သော ပြာသာဒ်ကို မြင်ရ၏။ "ထိုပြာသာဒ်သည် သုဝဏ္ဏရာဇ် မင်းသမီး နန်းမှန်ပြီ" ဆင်ခြင်လေ၍ မင်းသမီးကို ရှာဖွေကြည့်ရှုသော် အလယ်ပြာသာဒ်ဆောင်ဝယ် ဖန်ရောင်၊ မှန်ရောင် တောက်သော ခန်းပွင့်ကျယ်ကျယ်၌ ဆင်စွယ်ဖန်တိုင်းပတ်လည်[၅] ကို ကြာခြည်ယဉ်ထောင်ဖြင့်ရွှေတန်းဆောင် ငွေတန်းဆောင်ထွန်း၍ လဝန်းကဲ့သို့ တထိန်ထိန် တင်းထိမ်ကာရံလျက် အိပ်ဖန်စောင့် ခြွေရွေ အပျိုတော်အပေါင်းနှင့် စက်လျောင်း ပျော်နိုက်ကို မြင်လေသော် ရွှေဖော်စောင့်နေသူတို့ မသိအောင် ကွယ်ရာက ချောင်း၍ဝင်သွားလေ၏။

သုဝဏ္ဏရာဇ် မင်းသမီးနှင့် မနီးမဝေးသော အရပ်တွင် မည်ကဲ့သို့ဆောင်ရွက်ရပါမည်-ဟု မှိုင်၍ ကြံနေစဉ် သုဝဏ္ဏရာဇ်မင်းသမီးမှာလည်း ညဦးက အထိန်းတော် မလ္လာဒီယသည် ဗေဒင်ဆရာအာဝဇ္ဇညမင်းသား၏အကြောင်းကို ဖျောင်းဖျောင်းဖျဖျ သွယ်သွယ်ငင်ငင် နားဝင်အောင် လှည့်ပတ်လျက်ပြောဆိုလျှောက်ထားလေသည်ကို မနောစေတနာ၊ မေတ္တာဖြေဖျော်[၆] စိတ်တော်သဘောတူ၍ နှလုံးစွဲယူမိသဖြင့် ဝမ်းထဲက တိတ်တိတ် ချစ်စိတ်အလိုလို

၁။ ကယ်ယူ-စ။
၂။ အဆင်းပညာ-ဗ။
၃။ အစွမ်းဖြင့်-ဗ။
၄။ အဗ္ဗဒ္ဓဝ-စ။
၅။ ဆင်စွယ်အတိုင်းပတ်လည်-ဗ။
၆။ မေတ္တာဖြော်ဖြေ-ဗ။





ကြည်ညိုမြတ်လေး အဝေးက ရမ်းရော်၍ နေတော်မူလျက် ဥပါဒ်ါန်တမ်း၍စက်ပျော်တော်မူလေသော် ဣန္ဒပထနပြည်က မင်းသား၏ အရုပ်သဏ္ဌာန်ကိုအထိန်းတော်မလ္လာဒီယ ပြောသည်အတိုင်း အိပ်မက်မြင်လာသည်နှင့် လန့်၍နိုးတော်မူသော် ပရာယနပြည်က ကော်ဇောပျံ စီး၍ လာသော ဝိသာရဒမင်းသားကို သလွန်တော်နှင့် မနီးမဝေး ခြွေရွေတင်းထိမ်နားမှာမြင်လျှင် မင်းသမီးလည်းဗေဒင်ဆရာ အာဝဇ္ဇညမင်းသား ရောက်လာချေသည်ဟု ထတော်မူ၍ 'အရှင့်သား ကြွရောက်လာမည်ကို အမယ်မလ္လာဒီယ မပြောပါ။ နေပြည်တော် သာယာကြောင်းများကိုသာ ပြောသည်ဖြစ်၍ အမှတ်မဲ့နေသည်နှင့် အိပ်ပျော်လေတော့သည်' ဟု ဆိုသော် ဝိသာရဒမင်းသားလည်း တစ်ပါးပြည်က မင်းသားတို့သည်စကားရောက်ပေါက်နှင့်ဟန် ရှိချေသည်ဟု နှလုံးချင့်မိ၍ မင်းသမီး၏[၂] စကားအရိပ်နိမိတ်ကို ရောယောင်လိုက်ပြီးမှ အရိပ်အခြည်ကိုဖမ်း၍ ပညာတွေးတောဆင်ခြင်မိတိုင်း ပြောဆိုလေသော် မင်းသမီးလည်း အထိန်းတော် မလ္လာဒီယကို မနိူးမပြော၊ ဆရာအာဝဇ္ဇညမင်းသား* အမှတ်ဖြင့် သလွန်တော်ပေါ်မှာနှစ်ပါးအတူ စက်ကြ၏။ မိုးလင်းခါနီးလျှင် မင်းသမီးကို ဥပ္ပဒ္ဓဝကော်ဇောပျံနှင့်တင်၍ စက်ပျော်စဉ် ပရာယနပြည်သို့ ဆောင်ယူသွားလေ၏။

နေးနေးဖြည်းဖြည်း ကြိုးစားရှာသော အာဝဇ္ဇညမင်းသားမှာလည်းမလ္လာဒီယသည် မင်းသားထံ ဗေဒင်သင်၍ ဖျောင်းဖျ လျှောက်ပါစဉ်ကိုပင်သမီးပျောက်လေသော် မိမိနေရာ ဣန္ဒပထနပြည်က အနှံ့အပြားကြားသိမည့်အရေးကို တွေးမိတိုင်း ရှက်သောကြောင့် မော့တော့ လက်ချည်းသာ ပြန်ရမှုးလေသည်။

ဤသို့ နေးနေးဖြည်းဖြည်း ဆောင်ရွက်၍ အရေးတော်ပျက်ကြောင်းများကို ထုံးဟောင်းပုံပြင် ရှိပါသည်။ မင်္ဂလာဦးဖြစ်သော တွေ့သစ်၊ မြင်သစ်၊ချစ်စဖြစ်၍ မေတ္တာနှစ်ပါးသည် ကစားကျီစယ်တော်မူသောစိတ်ဖြင့် တိတ်တိတ်နှလုံး အတွင်းပုန်းစေတနာဖြင့် ရွှေလိပ်ပြာချင်း ဆုံမိမည် ပြုနိုက်ကို လု၍တစ်ပါးက ဆောင်ယူသွားခဲ့သော် ကိုယ်ကျိုးတော် မယိုယွင်းခဲ့ပြီလား။ မသိသင့်၊ မမြင်သင့်၊ မကြားသင့်သူတို့ကို မသိ၊ မမြင်၊ မကြားခင်က အလျင်တဆောပြီးလွယ်မှ စိတ်ရွှယ်ရာသို့ ရောက်တော်မူကြမည်။ "ပန်း၏သတင်းကိုလည်းလေညင်းဆောင်သည်၊ လူ့သတင်းကိုလည်း လူချင်းဆောင်သည်" ဆိုသကဲ့သို့

၁။ မင်းသမီးပြောသည့်- ဗ။
* မှတ်ချက် ။ ။ [ အာဝဇ္ဇညမင်းသား မှ - စာမျက်နှာ (၇၆) ၌ ရှိပါ၏ဟု မှာထား၍ အထိ ပေမူ၌ မပါ။]



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို မမြင်ရ၍ မသိကျွမ်းသော်လည်း သတင်းစကားဖြင့် မကြွင်းမကျန် ကြားတတ်ပါသည်။ ရောထွေရာရာ နှောင့်ယှက်၍ အမှုခက် အရေးပေါ်လျှင် နှလုံးတော် ချမ်းမြေ့နိုင်တော့မည်လော။ သို့စင် အရေးပျက်သည်ကို မဆိုပါပြီ။ အလိုတော်ရှိရာ မရောက်သည်အချက်ကြောင့် အမျက်တော်ရှိဖူးသည်ကို လျှောက်ထားပါဦး။။

အချိန်ကြန့်ကြာ လိုရာမပြီး ပုံပြင်ဝတ္ထု၊

နေပြည်တော်မှာ စံတော်မူသောအခါ တာဝတိံသာ နတ်ပြည်က ဒေဝသန္တိက မည်သော နတ်မင်းသားသည် သိကြားမင်း သားတော် ဖြစ်ပေသည် ဟူ၍ ရွှေဘုန်းတော်ကြီးသော အရှင့်စကြာတော်ရင်းတွင် မပြတ်နေ့တိုင်း ခစားလာ၍ တစ်ရံရောအခါ တာဝတိံသာနတ်ပြည်၌ ရောက်သော ပင်လယ်ကသစ်ပွင့်ကို လိုတော်မူသောကြောင့် ထိုနတ်သားကို ဆွတ်ယူချေစေသော် 'ယနေ့ကကို ခုနစ်ရက်မြောက်လျှင် ရွှေဖဝါးတော်အောက် လာပါမည်' သံတော်ဦးတင်၍ နတ်ပြည်သို့ တက်လေ၏။

ခုနစ်ရက်လည်လျှင် ဒေဝသန္တိက နတ်မင်းသားလည်း ပင်လယ်ကသစ်ပွင့်ကို ဆောင်ယူလာခဲ့ရာ မဟာသမုဒ္ဒရာနားသို့ ရောက်လျှင် ကောင်းကင်ပြင်မှ ဆောင်ယူခဲ့သည်နှင့် တိမ်မှောင် တိမ်ညိုး သင့်သည်ကို စင်ကြယ်သန့်ပြန့်အောင် မျက်နှာရချင်သဖြင့် လှပဆင်ပြင် ရေဆေးရာ ယူဇနာတိုင်တိုင် တကြိုင်ကြိုင်ပျံ့ ရနံ့ထူးသော ပန်းဖြစ်၍ တိပိဂံလင်ါးကြီးသည် ဟပ်မျိုသွားခဲ့သော် ရွှေဖဝါးတော်အောက်သာအရောက် လက်ချည်းလာ၍ အကြောင်းကို သံတော်ဦးတင်လျှင် ဆင်တော်မူရန် ပန်းကို သတိ ဝီရိယ ပေါ့တန်ရမည်လော ဟူ၍ ရယ်တော်မူလျက် အရိန္ဒမာကြိမ်လုံးဖြင့် ဒဏ်ခတ်သည်။ ထိုနတ်သားလည်း နာကျင်လှသောကြောင့် နတ်ပြည်သို့ မတက်နိုင်ပြီ။

သည်အရာများကို မြင်ရဖူး၍ အရှင် အမျက်တော်ရှိမည်ကို ကျွန်တော်တို့ ကြောက်ရန်မှာ ပြောစရာ မရှိပါပြီ။ မိုးရိပ် လေရိပ်တို့ အလွန်သိသာ၏။ မင်းရိပ်မင်းခြည်ကို ''ပေါက်ပင်နှင့်ကျေး၊ တိမ်မေးနှင့် ကြက်ဥ'' ကဲ့သို့ မြင်ခဲ့သည် ဖြစ်၍ အရေးတော်အမှုရှိသမျှကို ရွှေနှလုံးတော်မြတ်နှင့် သင့်လျော်အောင် ကြည်းဆောင် ကူးသန်း၍ ရွက်ထမ်းဝီရိယ လုံ့လပြုကြရပါတော့သည် ဟူ၍ ပညာဟာသက ဆိုလျှင် ရာသီမုတ္တာကလည်း 'မိန့်တော်မူပေသော စကားမှာ အမှန်ပင် ဖြစ်ပေတော့သည်။ နေ၊ လကဲ့သို့ ဘုန်းတော်ကြီးသော အရှင်နှစ်ပါးဖြစ်၍ အလျှင်အမြန် ကံတော်နှစ်ပါး ယှဉ်မိအောင် ကြံဆောင်၍ မလျှောက်မတင်ဝံ့





သောကြောင့် ဆိုရခြင်းဖြစ်ပါတော့သည်။ လည်လည်ကွေ့ကွေ့ စေ့စေ့စုံစုံ ထုံး၊ ပုံ၊ ဥပဒေ အသီးသီးကို မငြီးငွေ့ရအောင် နားထောင်ချင်သောစိတ် ရှိသော်လည်း အမှုအခင်းများ၍ မလပ်မအားနိုင်ပါ။ ဂန္ဓမာဗိမာန်သို့ ပြန်ပါဦးမည်' ဆို၏။

ပညာဟာသက 'ကျွန်တော်တို့မှာ အရှင့်ရွှေဘုန်းတော်မြတ်ကြောင့် ပျော်ရွှင်ရမည် အမှုမှတစ်ပါး တခြားအမှုအခင်း မရှိပါပြီ။ ဂန္ဓမာရွှေတောင်နှင့် ပတ္တမြားနန်းတော်သူများမှာ အမှုအခင်းများ၍ မလပ်မအားနိုင်အောင် ရှိတော်မူကြပေသလား' ဟု မေး၏။

ရာသီမုတ္တာအပျိုတော်က ကိုယ်ရေးကိုယ်တာကြောင့် မအားစရာအခင်း မရှိပါ။ အရှင်သမီးတော်၌ မပြတ်စောင်မ ကြည့်ရှုရန် သရက္ခန်နံ့သာဆီကို နန်းသေးပီပီ ငင်သကဲ့သို့ မြချည်ကေသာ သုံးထောင်ထွာဆံမြတ်ကို နဝရတ်ပန်းကန်နှင့် သရက္ခန်ဆီကို လိမ်းဆွတ်၍ အသွားစိပ်စိပ် ဂေါမိတ်ဘီးတော်ဖြင့် ချောကြောင်းသင်လျက် သန္တာချည်မျှင် ပန်းစည်းကြိုးကို စည်းတော်မူပြီးသော် ကိုယ်တော်မြတ်က သနားတော်မူသော ဂေါသီတစန္ဒကူးနံ့သာကို မသာရကန် ရွှေခွက်နှင့် ဆက်၍ မွှတ်ညက်သော အသားတော်ဖပ်ဖပ်မှာ သုံးသပ်လိမ်းတော်မူပြီးလျှင် ပုလဲမုတ္တာချည်ဖြင့် ပြီးသော တိမ်ညွှန့်လက်ကျပ် လျှပ်လျှပ်လွှာလွှာပါး၍ ကိုယ်သားတော်အင်္ကျီနှင့် စိန်စီ၍ ပန်းပျောက်ကြသော ဝတ်လဲတော်ကို ဆင်လျက် မာရဘင်တံခါး ပတ္တမြားလိုဏ်နန်း ဝက်ပါဝယ် ဣန္ဒနီလာသလွန်တော်ပေါ်၌ စံတော်မူနေစဉ် ကဋ္ဌနသာရီ အပျိုတော်က ထိပ်တင်ကို ဝတ်လဲတော် အင်္ကျီတိမ်ညွှန့်ကို ဆက်မည် ဟူ၍ ယူသွားပါသည်။

ပုလဲမုတ္တာ ရတနာအသားနှင့် ကိုယ်တော်မြတ်အသားလည်း မခြားမနား အတူတူတွင် လိမ်းတော်မူသော နံ့သာသွေး၍ ကိုယ်တော်ငွေ့ကပ်လျှင် လျှပ်လျှပ်လွှာအောင် ပါးသောကြောင့် ခြားခြားနားနား မသိမမြင်သာသည်။ ပလာစံတော်မမူဘူး ဟူ၍ ဟေမာဝတီက ပြောသည်ကို ကဋ္ဌနသာရီသည် သိဂ်ကလျာဏီ ဆက်သည့်အင်္ကျီကို ကျွန်မ မမြင်ပါတကားဟု ဆို၍ ထံတော်ပါးသို့ချဉ်းပြီးလျှင် နာရဏီရွှေယပ်နှင့် အသာအသာခတ်၍ လေညင်းပေးသော် ပျံ့မွှေးလှစွာသော နံ့သာရည်သွေးရာတွင် ရွှေလက်မောင်းတော် နှစ်ဖက်အောက်မှာ အင်္ကျီအလက်မြတ်သည် ရိပ်ရိပ်ကလေးလျှပ်၍ နေအလျှံအရောင် မိုးနိုးအညွှန့်ကဲ့သို့ မြင်ရာတွင်မှ ဩော် .. ဝတ်လဲတော် ဆင်တော်မူပေ၏– ဟု သတိရ၍ သိဂ်ီရွှေယပ်ကို မခတ်ဘဲ နေလေ၏။

ထိပ်ထားသခင်လည်း ဆင်တော်မူသောအင်္ကျီသည် တစ်နာရီကိုပင် ဆယ်လီဆယ်ပြန် အတန်တန်လဲလှယ်၍ ဆင်ယင်တော်မူမြဲဖြစ်သောကြောင့်

www.burmeseclassic.com



ဘဒ္ဒဇနီ မည်သော အပျိုတော်သည် ပတ္တမြားချည်ဖြင့် ပြီးသော လျှပ်ပန်းအင်္ကျီကို ယူ၍ ဆက်လာသည်နှင့် ပုလဲသုံးထည်ကို ချွတ်တော်မူသော် အသားတော်မှာ ကပ်၍ စပ်စပ်ရှိရာတွင် ကဥ္စနသာရီသည် နံ့သာမသွေးခင် ယပ်ခတ်၍ နေသောကြောင့် အင်္ကျီအခါတွင် နာနာပင်ရှိသည် မိန့်တော်မူလိုက်သည်ကို ကဥ္စနသာရီသည် အကြောင်းမဆန် ကြောက်၍ မောင်းမလယ် နှစ်ဆောင်ကြားတွင် မဝင့်ဝံ့ နေရှာတော့သည်။

ပလာစံတော်မူသည်မှတ်၍သာ လေညင်း ယပ်ခတ်မိကြောင်းများကို သံတော်ဦးတင်ပါ– ကျွန်မကိုဆိုသည်နှင့် တင်မည်ရှိသည် အတွင်းပင် ကိုယ်တော်မြတ် ရွှေဖဝါးတော်အောက် ပန်းတော်ဆက်ချေ–စေပြန်၍ လာရောက်ရပါသည်။ သံတော်ဦးတင်စရာ ရှိပါသောကြောင့် နေ့နေ့မနေသာ၊ ပြန်ရပါဦးတော့မည် ဆို၍ မင်းသားစံရာ ဆောင်မနန်းတော်ကို ရည်ရော်၍ ဦးချလေသော် ဣန္ဒကုမ္ဘာမင်းသားလည်း ဇာတာအိမ်သဖွယ် ဆင်စွယ်ချင်း ချုပ်စပ်၍ တရုတ်ကပ်စီသော ဇာလီခန်းသာတွင် မလ္လာပုပ္ဖပန်းသလွန်ပေါ်က ဖွားဖက်တော် ပညာဟာသနှင့် ရာသီမုတ္တာ ပြောကြသော စကားကို နားတော်တင်၍ နေသည်ဖြစ်သောကြောင့် ချောင်းသံညင်းတော်မူလိုက်လျှင် သတိပေးတော်မူသည် ဟု ဤသို့ ဆိုပြန်လေ၏။

'အကြောင်းအရာကို အရှင်က စေတော်မူ၍ ကျွန်တော်တို့ လာရလျှင် မရှင်တို့ကိုသာ တွေ့ပါမည်လော' ဟုမေးလျှင် ရာသီမုတ္တာက 'ဂန္ဓမာမြို့င်လယ်တွင် စတုသာခါဗိမာန်နှင့် ဘုံချင်းယှဉ်ပြိုင်လျက်ရှိသော သာလာယဗိမာန်သည် ဣန္ဒိဒေဝါမည်သော ကျွန်မ ခမည်းတော်ဗိမာန် ဖြစ်ပါသည်။ ကြွလာတော်မူလျှင် မေးမြန်းကြွတော်မူခဲ့ပါတော့။ ပတ္တမြားနန်းတော်သို့လည်း မပြတ်မလပ်ဝင်ထွက်သသူ ရှိပါ၏' ဟု မှာထား၍ *မင်းသား ရှိရာသို့ ဦးချပြီးသော် ငါးရာသော ရွှေဖော်တို့နှင့်တကွ ဂန္ဓမာနန်းတော်သို့ ပြန်သွားလေ၏။

စတုသာခါ[၁] မှန်ဝဲမှန်ဦး၌ ခြူးရုပ်၊ ပန်းခက်တို့ကို စာမရိကွန့်မြူး၍ ကစားဟန် ထုလုပ်၍ထားသော လှေကား၊ စောင်းတန်းက တက်လေသော် ဝေဠုမြတ်စွာ မင်းသမီးမှာလည်း ပြာသာဒ်အဆောင် သုံးဆယ်တွင် ဆောင်ငယ်ငါးရာ စိန်မသံ စံနန်းထက်မှာ[၂] ဖန်ရွှက်၊ မှန်ရွှက်တံခါး၌ သခွားပြေုတ်မျ

* မှတ်ချက်။ ။ စာမျက်နှာ ၇၃ စာကြောင်းရေ ၁၃–အာဝဇ္ဇည်မင်းသားမှ စာမျက်နှာ ၇၆–စာကြောင်းရေ ၂၂ 'ရှိပါ၏ဟု မှာထား၍' အထိ ပေမူ၌ မပါ ။ ။'ဂေ' နှင့် 'ဝဲ' နှစ်ချပ် ပျောက်နေ၏။

၁။ စတုဒီသာ–ဗ။ ၂။ စိန်မှင်သေးခံသောနန်းတက်မှာ–စ။





လောက်သော ဂေါမုတ်ဇောတရည်တို့ကို တရုတ်ကပ်မွတ်လုံးစီ၍ နာရကာတွင်လက်ရန်းနှင့် နန်းကြမ်းပြင်တစ်ဆင့်တွင် ကတ္တီပါပွင့်သလွန်ပေါ်မှာ ဖဲမှော်ရာအုံးကတီတွင်[၁] မမိုတမို နောက်ဆီကို ခပ်တွဲ့တွဲ့နှင့် နွဲ့နွဲ့ပျောင်းပျောင်း လျောင်းစက်မလို စံစားပြီးလျှင် အပျိုတော်ကြီးတို့ကို ခေါ်တော်မူ၍ ရွှေမဥ္ဇူသက ပန်းပွင့်ကို တစ်ယောက်တစ်ပွင့်စီ သနားတော်မူလျက်နေစဉ်ကို ရာသီမုတ္တာ ရောက်လာ၍ 'ကံကောင်းလို့မှ မီတော့သည်၊ ဆိတ်စီမှ အပါးကခွာလျှင် ကြာကြာတစ်ပါးမှာ အလကား နေတတ်လုလို့ ပေးပင် မပေးချင်ပြီဘူး'[၂] ဟု မိန့်တော်မူလျက် ရွှေမဥ္ဇူပွင့်ကို မြကတော့နှင့်တကွ ရာသီမုတ္တာရှေ့သို့ ပစ်လိုက်၏။

ယောဟာနမိတ္တာမည်သော အပျိုတော်က 'စေတော်မူ၍ သွားရသည်ကို မေ့လျော့သည်ဟူ၍ ရာသီမုတ္တာကို အပြစ်တော်တင်ချေသည်' ဟု သတိရအောင် သံတော်ဦးတင်၏။ 'ရာသီမုတ္တာမှာ သနားတော်မမူ၍ ရွှေမဥ္ဇူပန်းပွင့်ကို မပန်မဆင်ရသော်လည်း ကျွန်မတို့တစ်စုထက် ဂုဏ်ကျက်သရေ သာပေသည်' ဟု လျှောက်သော် မင်းသမီးကလည်း 'ဘာပြုလို့ ဂုဏ်ကျက်သရေ သာသနည်း' ဟု မေးတော်မူ၏။ 'နဝတတ်အိုင်နားမှာ ဆင်စွယ်နန်းစံတော်မူသော မင်းသားထံမှာ ပန်တော်ပန်းဆက်မည်သွားသည်တွင် စကားစမြည်ပြော၍ အရောတဝင်ရှိခဲ့သောကြောင့် ဂုဏ်၊ ကျက်သရေ သာပေသည် ထင်ရပါသည် ဘုရား' ဟု လျှောက်လျှင် 'သြော် .. ငါ စေလိုက်ပေသည်' ဟု သတိရတော်မူသည်နှင့် ကလူကျီစယ်၍ ရယ်ချင်တော်မူပြန်သောကြောင့် 'ရာသီမုတ္တာကို ယောကျ်ားရှိရာ စေလိုက်လျှင် လျှင်လျှင်ပြန်ချင်တော့သမို့လား၊ စကားကို ဆန်းပြား တာရှည်၊ လည်လည်ကွေ့ကွေ့ ပြော၍တစေ နေလိမ့်မည်' ဟု မိန့်တော်မူသော်–

ရာသီမုတ္တာက 'ကျွန်မက ချိုချိုသာသာ ငြိကာခဲ့၍ နွဲ့နွဲ့ယဉ်ယဉ် စီစဉ်စကားကို လျှောက်ထားချင်သော်လည်း ခြသေ့်နှို၏ အဆီမှ မဟုတ်ဘဲကို သိင်္ဂီရွှေခွက်၌ ထည့်၍ တည်မည်အရာ မဟုတ်ပါ။ ထွေထွေရာရာ လျှောက်ဆိုရမည်ထား၍ ဝရဖိန်လက်နက်ရှင် မင်းသား၏အပါးမှာ နဂါး၊ ဂဠုန် အစရှိသော လူပျိုတော်တွေ ခြွေရွေ အတိုင်းမသိ ဝန်းရံ၍ ဝဲပျံပတ်လည်တွင် မာရ္ဂဝင်ဆောင်ကျယ် ဆင်စွယ်ပြာသာဒ်အောက်မှာ ရတနာသဥ္ဇာလီပေါ်တွင် စေတော်မူ၍နေစဉ်[၃] ကို ရွှေကိုယ်တော်မြတ်က ထွားသနှင့် သိကြားမင်းပင် မှတ်ထင်မိသောကြောင့် ဖြောင့်ဖြောင့်သဘောနှင့် အဆောတလျင် မောင်မချဉ်းထည့်ဝံ့ ခပ်ရွံ့ရွံ့နှင့် တွန့်၍ မနည်းကြာအောင် ရင်မှာ ထုတ်ထုတ်ပြားခုန်၍ တုန်တုန်ယင်

၁။ ဖဲမှော်ရော်အုံးဝန်း–ဗ။ ၂။ မေးပင် မပေးချင်ပြီဘူး–ဗ။ ၃။ နေသည်ကို–ဗ။

www.burmeseclassic.com



ယင်နှင့်ပင် အရှင်က စေတော်မူသောအရေး ဖြစ်ချေသည်ဟု ဖွတ်နှစ်၍[၁] ဝင်ပြီးလျှင် ခပ်ကွာကွာကနေ၍ ရွှေမဥ္ဇူပန်းမြတ်ကို ဂေါ်မုတ်ကလပ်ဖြင့် တင်ထားသော် ဖွားဖက်တော် လုလင်ပျိုတော်များက အပါးကို ချဉ်း၍ မေးလာလျှင် စုံစီနဖာ မျက်နှာကို အောက်ချလျက် ကျွန်မက ပြောပလျက်နေပါသည် အခိုက်တွင်[၂] နဝတတ်အိုင်၌ စောင့်သောနတ်ကြီးကို ဖွားဖက်တော် လုလင်ပျိုတော်တစ်ထောင်က သူတို့ဝတ်ဆင်ရန် ပုဆိုးကို မြောက်ကျွန်းသို့သွား၍ ပဒေသာပင်မှာ ဆွတ်ယူချေစေသောကြောင့် သူ့ခမျာသည် ဝတ်လဲတော်တစ်ထောင်ကို ယူဆောင်၍ ချက်ချင်း လာပါသည်ကို နာရဏီရွှေ ထောင်မျှသာ အဖိုးထိုက်သော ပုဆိုးကို တို့ခါးမှာ တင်ရသင့်သလား၊[၃] တစ်သိန်းထိုက်သောပုဆိုးကို မဆွတ်မယူခဲ့ရကောင်းလားဟူ၍ လေးညှင်းပင်ကြီး အကွယ်တွင် မြတ်လေးဖြူနွယ်နှင့် တုပ်၍ ထားသည်ကို ထိုနတ်ကြီးသည် နာကျင်လှ၍ ဟစ်ပါအော်ပါသော်လည်း ကံ့ကော်ဝတ်ဆံနှင့် ခံတွင်းသို့ ဆို့ပြန်ကြ၍ တလွန့်လွန့်နှင့် နေရှာသည်[၄]။ ကယ်တော်မူပါ ဟူ၍ အခါခါဟစ်သောအသံကို ရွှေနားတော်ကြားရာတွင် နတ်သားတို့၊ မပြုပါနှင့်။ နေပြည်တော်မှာ စံပယ်စဉ်က ဖြစ်လျှင် ငါ့ဘုန်းတော်ရိပ်ကြောင့် တိမ်လိပ်ပုဆိုး အသံချေတန်ကို အမှန်ဝတ်ဆင်မြဲ ဖြစ်သည်။ ယခုမူ အတူတူ မဝတ်ဆင်ကြပါနှင့်တော့။ မင်းတို့အရှင် ငါ့မှာသော်လည်း ချစ်တော်ကြင်လှာသည် စေတနာပြန့်ပြူး၍ နှစ်ဦးမေတ္တာ ကရုဏာရည်တူခဲ့သည်နှင့်[၅] ယှဉ်၍ မစံစားရခင် ပဉ္စမာလိန်ရတနာမြို့နန်းကို ပစ်ပယ်၊ ဆင်စွယ်တဲနန်းနှင့် စခန်းပြု၍ နေရသည်ကို မမြင်ကြလားဟူ၍ မိန့်တော်မူရာတွင်မှ နတ်သားချမ်းသာရာ ရပါသည်တကား။ သည်အရာများကို မြင်ခဲ့ရသည့်တွင် ရင်မှာခုန်၍ သက်လုံငင်ရှိုက် လှိုက်လှိုက်ဆာဆာ၊ ပျာပျာထိတ်ထိတ် မင်းကြောက်စိတ်[၆] ကြီး၍ ကြက်သီးများ ဖြန်းသည်နှင့် လမ်းကိုမျှ ကျွန်မ မမြင်ရပါ ဘုရား၊ တစ်ပါး စကားကို သွယ်ငင်၍ ချေချေတင်တင် မလျှောက်ထားခဲ့ပါရ၊ ပဥ္စသကပန်းကိုသာ ရွှေမျက်နှာမှာအပ်၍ နေတော်မူပါသည်နှင့် ဘုရားကျွန်မ လာခါနီးတွင် "နတ်သမီးများသည် အမှုသွားကို နားလည်လျှင် တာရှည်အောင် မဆိုင်းမတွကြပါနှင့်၊ ကြေကြေကွဲကွဲ ဝမ်းနည်းစိတ်ငယ်တတ်လှပါသည်" ဟု ဗျာဒိတ်တော်ရှိလိုက်ပါသည်။ မည်ကဲ့သို့ အရေးအရာကို မှာတော်မူမှန်း မသိရသည်နှင့် ဦးချ၍သာ ရွှေဖဝါးတော်အောက်မှ လာခဲ့ရပါတော့သည်'ဟု လျှောက်သော် ဝေဠု

၁။ စုတ်နှစ်၍–ဗ။
၂။ ပြန်မပြောပေ၍ နေသည် အခိုက်တွင်–စ။
၃။ ဆင့်ရသင်သလား–စ။
၄။ ငိုရှာသည်–ဗ။
၅။ ရေတူခဲ့သည်နှင့်–စ။
၆။ ပင်ကြောက်စိတ်–ဗ။





မြတ်စွာမင်းသမီးလည်း ပြန်၍ လျှောက်ထားသည်နှင့်ပင် သလွန်တော်ပေါ်၌ စက်လျှောင်း စံပယ်တော်မူ၏။

မိုးသောက်လျှင် ဇာနကုမ္မာမင်းသားလည်း လုလင်ပျိုတော် ပညာဟာသကို ခေါ်တော်မူ၍ 'ဂန္ဓမာမြို့သို့ ဝင်စမ်းချေ' မိန့်တော်မူလျှင် ရမ္မဏီရာ[၁] ဗလနန္ဒာ[၂] ဒိဗ္ဗသောတာ[၃] ဓမ္မဝတာ၊ သစ္စံအာဇာ၊ သမ္ဘဝရာ၊ သုခမနာ၊ သဗ္ဗဓေယာ၊ ပုရိသရ[၄] အစရှိသော လုလင်ပျိုတော်အပေါင်းနှင့်တကွ ခြွေရံတစ်ထောင်ရံ၍ ပညာဟာသ သွားလေသော် အပျိုတော်ပဒ္ဓသိဂီ[၅] နှင့် ရာသီမုတ္တာတို့ နှစ်ယောက်လည်း စတုသာခါ သာလာယဗိမာန်ကို ဂန္ဓမာနန်းတော်က ဆံလျှော်မည် ထွက်လာသည်နှင့် အသင့် ကြိမ်ကြိုက်ငြားလေလျှင် လုလင်ပျိုတော် ပညာဟာသလည်း သာလာယဗိမာန်ကို မေးမြန်း၍ ဝင်လေသဖြင့် တွေ့လေ၏။

ရာသီမုတ္တာလည်း တော်သင့်သော နေရာမှာ နေစေ၍ လုလင်ပျိုတော်များကို လျှောက်ပတ်သော[၆] ဝတ်ကိုပြု၍ (၏)။ ထိုသို့ပြုစဉ်တွင် ပညာဟာသက 'ကျွန်တော် တစ်နေ့က လျှောက်လိုက်သော စကားသည် မင်းသမီး နားကြားအောင် အရိပ်အခြည်ပြ၍ မတင်ဖြစ်၊ တင်ဖြစ်ကို သိလိုငြား၍ အရှင့်သားက စေတော်မူလိုက်သောကြောင့် လာရပါသည်။ ရှာဖွေမေးမြန်းသည်နှင့် လမ်းပန်းပင်တွင်ရစ်တော့သည်' ဆိုလျှင် ရာသီမုတ္တာက တစ်ယောက်တည်း ပြောသည်ထက်ကို လျှောက်ထားရန် အဖော်ရပါစေ–ဟု စတုသာခါဗိမာန်တွင် ပဒုမသိဂီကို မင်းသားလုလင်ပျိုတော်များ လျှောက်လာသည်[၇]။ အရေးအရာများကို ကူညီ၍ စီစီလျှည်လျှည်ပြောရအောင် လာခဲ့ပါ–ဟု အမှတ်မဲ့စေလိုက်လျှင် ပဒုမသိဂီလည်း ခြွေရံငါးရာနှင့်တကွ သာလာယဗိမာန်သို့ ရောက်လာသော် ပညာဟာသလည်း ဂန္ဓမာ တောင်ဖျားဝယ် ပတ္တမြားနန်းတော်သူများဖြစ်၍ ကျစ်လျစ်ဖွယ်ရာလျက် ကလျာငါးမည်နှင့် အရုပ်အရည် ယဉ်ကျေးသည်သာ မဟုတ်ပေ၊ ဇာန္ဒြေ မျက်နှာထား စကားချိုသာ ဩဇာ သတိနှင့် ခွင့်သိလိမ္မာ ပညာအမြော်အမြင်နှင့် ဆင်ခြင်၍ အရေးကို တွေးတောတတ်သည့် လက္ခဏာရှိပေသည်။ သို့ရာတွင် သမ္ဘာရင့်၍ ပွင့်တော်မူမည့် အလောင်းအလျာ[၈] ဖြစ်သောကြောင့် နဂါး၊ ဂဠုန်၊ လူ့ဘုံ၊ ရေ၊ မြေကို ပိုင်မြန်း၍ ဘုန်းတန်းတေဇာ၊ အာဏာကြီးမားအောင် သိကြားမင်းမှ မ စ ကြည့်ရှု၍ ရန်သူအပေါင်းကို နှိမ်နင်းနိုင်သော ဝရမိန်

၁။ ရမ္မနရာ–ဗ။
၂။ ဗလနန္ဒာ–စ။
၃။ ဒိဗ္ဗယောကာ–စ။
၄။ ပုရိသာ–ဗ။
၅။ ပဒုမ္မသိဂီ–ဗ။
၆။ လျှောက်ပတ်အောင်–စ။
၇။ ရောက်လာသည်–စ။
၈။ ပွင့်တော်မူသော အလျာ–ဗ။



www.burmeseclassic.com

www.burmeseclassic.com



လက်နက်နှင့် ဘယက်ကိုးပါးမျက်ရှင်ကို ဆက်တော်မူရသော[၁] မင်းသားသည် ပဏ္ဏမြားနန်းရှင်ကို ချစ်ခင်လိုသော စေတနာကြောင့် ဝေးလှစွာသော ခရီးကို အနီးပြု၍ လာရောက်ပါလျက် ရတနာမင်းတစ်စုတို့က အမှုသာထည့်အောင်[၂] ဆိတ်စာမျှ လုံ့လပြု၍ မ စ တော်မမူကြပါ။ သည့်နယ်သာ ကြည့်၍ နေကြလျှင်–

ကောင်းကင်ကို ပျံ၍ ဂန္ဓမာနန်းထက်သို့ ရွှေစက်ဖြန့်ပြီးသော် မင်းသမီးကို ဆောင်ယူ၍ သွားတော်မူမည့် အရာကို မြင်ပါကြလို သလော၊ ယင်းသို့ မဟုတ်လျှင် နှစ်သိန်းလေးသောင်း အထုရှိသော မြေကို သားရေစက္ကူကဲ့သို့ လှန်၍ ဂန္ဓမာမင်းသမီးကို မြေကြီးထဲက လျှိုး၍ ဖက်နိုးဆောင်ယူ သွားတော်မူမည့် အရာကို မြင်ပါကြလို သလော၊ သဘောစိတ်ထားက မင်းသား၊ မင်းသမီးပြိုပြိုင်[၃] မေတ္တာညီညီ ဆက်၍ မင်းရွက်၊ မင်းဆောင်၊ မင်းခမ်းနှင့် ချစ်ကျွမ်းစံပယ်ချင်သော ကြောင့် နားဝင်မည့်အရာကို သာယာသောအရေးဖြင့် ယဉ်ကျေးဖွယ်ရာ အောင် ကြံဆောင်တော်မူသည်ကို ဆိတ်စာမျှစကားကို သားနားစနစ်၍ ဖျောင်းဖျနားသွင်းမည့်သူ မရှိပါ။ အာဏာတော်တန်ခိုးနှင့် မြေ၊ မိုး၊ ကောင်းကင်က လျှိုးပျံသွား၍ ကြိုးစားဆောင်ရွက်မှ အရေးတော် မပျက် ရှိမည် လက္ခဏာ ထင်တော့သည်'

ဟူ၍ ပညာဟာသကဆိုလျှင် ပဒုမသိင်္ဂီကလည်း 'အရှင်သားတို့ကမူ တန်ခိုးအာဏာ ကြီးမြင့်သော အရှင်ဘုန်းတော်နှင့် ဖိ၍ မိန့်တော်မူကြလျှင် ကျွန်မတို့စပ်ကြား၊ စပ်လယ်တွင် ခံနိုင်မည် မဟုတ်ပါ။ သမ္မာရင့်သော မင်းသား ဖြစ်၍ ကျစ်လျစ်ဖွယ်ရာအောင် ရွက်ဆောင်ဖျောင်းဖျနှင့်၍[၄] အခွင့်သာခါမှ[၅] စေတနာရစ်ထုံးလျက် နှလုံးအသည်းထဲမှာ စွဲတော်မူမိမှ ဓာတီ၊ ကရုဏာ၊ မေတ္တာ သဘောစွဲနှင့် မြဲတော်မူကြမည်အကြောင်း ဖြစ်ပါသည်။ ကြာကြာမနေဘူး–ဟူ၍ ရအောင်ယူမည် တစေနှင့် မြေထဲများကို လျှိုးလို့ မိုးကပျံ၍ ယူဆောင်သော် လည်း တော်လျော်ခဲလှပါသည်။ ကွေ့ကွေ့လည်လည်အမှုကို အနုအနယ်ဖြင့် သာ ကြံပါရမည်အခွင့်သို့ အတင်းပြုသော်လည်း အလွယ်တကူ ရတော်မူလိမ့်မည် အပြီး–ဟု ဘုန်းကြီးသော အရှင်ဖြစ်၍ စင်စစ်ပင် ယုံ၏[၆] ။ ထုံး၊ ဥပဒေ၊ သက်သေ၊

[၁]။ ဆင့်တော်မူ–ဗ။
[၂]။ အမှုတော်ကိုသာ တာရှည်အောင်–စ။
[၃]။ ပိပိ–ဗ။
[၄]။ ဆောင်ပြင်ပြန်နှင့်၍–စ။
[၅]။ အခွင့်တကာမှာ–စ။
[၆]။ ယူပါ၏–စ။





မော်ကွန်း၊ ငြိမ်း၊ နိသသရည်းများတွင်[၁] စိတ်သွားတိုင်း ကြိမ်းပ၍ လက်ရုံးလှဆောင် သူသည် လူချင်းသဘောတူ၍ ဖျက်ဆီးသူများသောကြောင့် အနှောင့်အယှက် တစ်ခုနှင့် အရေးပျက်တစ်စုတွင် နုနုနယ်နယ် တင့်တယ်ရှင်ပြုံး နှလှပြုသူသာ[၂] ကြာကြာသင့်ကြောင်းကို ထုံးဟောင်း တွေ့ဖူးချေသည်။ ပညာဟာသ ... စိတ်နှလုံးနှင့်[၃] ဆင်ခြင်၍ နားတင်တော်မူပါဦး။

## အကြမ်းဖက် အကျိုးပျက် ပုံပြင်ဝတ္ထု

ရှေးသရောအခါ[၄] ရတနာမရီ မည်သော ကိန္နရာမသည် ဗိဿနိုးနတ်မင်းထံ၌ ယဉ်ပါးလတ်၍[၅] သမီးခြောက်ပါး ဖွားမြင်၏။ ထိုဖွားမြင်သော သမီးကား–စန္ဒဟောမာ၊ သိမ်အံဇာ၊ သောတကလျာ၊ ပုပ္ဖသိတာ၊ ရမ္မကီဝါ၊ ဂန္ဓသူရာ–ဟူ၍ ခြောက်ယောက် သော သမီးတို့သည် ကောင်းကင်ပြင်၌ ထွန်းတောက်ပသော ခြောက်လုံးသော ကြတ္တိကာကဲ့သို့[၆] တင့်တယ်စုံညီ၍ ဗိဿနိုးနတ်မင်းသည် ဟေမဝန္တာအရပ်၌ အနံ၊ အလျား ယူဇနာတစ်ရာရှိသော ဒေသတွင် ဖန်အတိ[၇] ဖြင့် ပြီးစေလျက် အကောက် တစ်ထောင်ချိုး၍ ဝက်ပါမြို့တည်ပြီးသော် အလယ်၌ ဗိမာန်ခြောက်ဆောင် ဆောက် လုပ်၍ မင်းသမီး ခြောက်ပါးကို ခွဲရုံတစ်ထောင် စီနှင့်[၈] ထား၏။ ဂုဏ်ထင်ပေါ်လှ သောကြောင့် ဝက်ပါမြို့ အကောက်တစ်ထောင် ရှိသည်တွင် အချိုးအလိမ် တစ်ထောင့်တစ်ထောင့်၌ ဘီလူးခြောက်ကျိပ်စီ စောင့်နေစေ၏။ တံခါးဝလည်း တစ်ပေါက်သာ ရှိစေသတည်း။ ထိုမြို့ပြင်ကို သုံးဂါဝုတ်မျှ ကျယ်သော မြစ်ရေလည်း ရစ်ရံစီးကာ လေသတည်း။ ထိုကဲ့သို့ စီရင်ဖန်ဆင်းပြီးလျှင် ဗိဿနိုး နတ်မင်းကြီး သည် ငါ့သမီးများထံသို့ တစ်ပါးက ယောက်ျားသည်[၉] မလာရောက်နိုင်ပြီ–ဟူသော အမှတ်ဖြင့် စိတ်ချ၍ သုံးရာသီပတ်လုံးကို စက်တော်ခေါ်၍ နေလေ၏။

ထိုအခါ သိင်္ဂီနိယ[၁၀] ပြည်ကို အစိုးရသော ကုသလမင်း၊ ပစ္စယဖလိ[၁၁] ပြည်ကို အစိုးရသော သစ္စာရမင်း၊ အတ္တိတာရပြည်ကို အစိုးရသော သက္ကစွမင်း၊ သုဝဏ္ဏိပြည်ကိုအစိုးရသော ကထာနမင်း၊ မနိတပြည်ကိုအစိုးရသော သဟာဝမင်း[၁၂]၊

[၁]။ ဥဒါးနိသသယဉ်းများတွင်–ဗ။
[၂]။ နှလုံးလှ မြှုသူသာ–စ။
[၃]။ မင်းပညာဟာသစိတ်နေနှင့်–စ။
[၄]။ ရှေးသောအခါ–ဗ။
[၅]။ ယဉ်ပါးလှ၍–စ။
[၆]။ ကြယ်ကျတ္တိကာကဲ့သို့–စ။
[၇]။ သံအတိ–စ။
[၈]။ ငါးရာ–ဗ။
[၉]။ တပါးက မင်းများသည်–ဗ။
[၁၀]။ သိမ်ဏိယ–ဗ။
[၁၁]။ ပစ္စပြလိ–ဗ။
[၁၂]။ သဟာဒ–ဗ။



www.burmeseclassic.com

www.burmeseclassic.com



သံယမောပြည်ကို အစိုးရသော စရိယမင်း၊ ထိုခြောက်ပြည်ထောင်သော မင်းတို့သည် စစ်အင်္ဂါ လေးပါးနှင့်တကွ တောကစားကြသည်တွင် ခရီးလွန်၍ ဟေမဝန္တာသို့ ရောက်လေသော် အကောက်တစ်ထောင်ရှိသော ဝက်ပါမြို့ကို တွေ့ကြလေ၏။ ဖန်အတိဖြင့် ပြီးသောကြောင့် တစ်မျက်နှာအရပ်က ကြည့်လိုက်လျှင် စောင့်နေသော ဘီလူးခြောက်သောင်းနှင့်တကွ ပြာသာဒ်ခြောက်ဆောင်ဝယ် အသုံးအဆောင် အခြွေအရံနှင့် တကွ မင်းသမီးခြောက်ပါးကို ယူဇနာတစ်ရာ ခရီးမှ ထုတ်ချင်းခပ်၍ မြင်လေ၏။

အလွန် စေတနာ၊ မေတ္တာပြန့်ပြောသည်ဖြစ်၍ ခြောက်ပြည်ထောင်သော မင်းတို့သည် မရပ်မတည်နိုင်ရှိလေသော် ဘီလူးအစောင့်အနေ များပြားလှ၍ မဝင်မယှဉ်သာသောကြောင့် ဝိဇ္ဇာတို့အထံ အတတ်ပညာသင်ကြားအံ့သည်–ဟု တိုင်ပင်၍ သွားကြလေ၏။ ဒိဋ္ဌာဒူရမည်သော တောင်ခြေရင်းသို့ ရောက်လျှင် ဂဇလိဂ်[၁]၊ ဟတ္ထိလိင်္ဂမည်သော ငှက်ဆင်မောင်နှံသည် တောင်ခြေရင်း၌ အသိုက်ပြုထားသော ငှက်ငယ်တို့ကို တွေ့လေလျှင် ဒရယ်၊ သမင်သားတို့နှင့် မွေးကျွေး၍ ငှက်ဆင်မောင်နှံသည် ညဥ့်သို့ရောက်သော် မိမိတို့အသိုက်သို့ အစာရှာရာက ပြန်လာ၍ သား၊ သမီး ဝလင်ကြောင်းကို မြင်လျှင် 'အရှင်သားတို့၊ ဘယ်ကိစ္စရှိ၍ သည်အရပ်သို့ ရောက်လာသနည်း' ဟု မေး၏။

ခြောက်ပါးသော မင်းတို့ကလည်း သူယောင်ပင်ရှိရာသို့ ရောက်လိုပါသည်–ဆိုလျှင် သားငယ်၊ သမီးငယ်တို့ကို ရေစာဝအောင် ကျွေးမွေးပေသည်ဖြစ်၍ နက်ဖြန်ခါမှ သူယောင်တောသို့ ရောက်အောင် ပို့လိုက်ပါမည်–ဆိုသည်နှင့် မိုးသောက်လျှင် ရဲမက်တော်တို့ကို တောင်ခြေရင်း၌ တပ်တည်၍ ထားခဲ့ပြီးမှ ဂဇလိဂ်ငှက်ဆင်မှာ မင်းသုံးပါး၊ ဟတ္ထိလိင်္ဂငှက်ဆင်မှာ မင်းသုံးပါးစီ စီးကြစေ၍ သူယောင်တောသို့ မင်းခြောက်ပါးကို ပို့လိုက်လျှင် ညချမ်းမှ ရောက်လေ၏။ ငှက်ဆင်မောင်နှံကို 'မပြန်ပါနှင့်ဦး၊ မိုးသောက်မှ ပြန်ပါတော့' တောင်းပန်လျှင် သန်လျက်ကိုယ်စီစွဲ၍ သူယောင်ပင်ထက်သို့ တက်လေ၏။ အကိုင်း၊ အခက်တို့၌ တွဲရရွဲ ဆွဲ၍ နေကြစဉ်ဝယ် ဝိဇ္ဇာမိုရ်တို့လည်း သူယောင်သီးကို အသက်သွင်းပြီးလျှင် ခုနစ်ရက်တွင်း၌ မွေ့လျော်မြဲ ဖြစ်သောကြောင့် ဝိဇ္ဇာမိုရ်တို့ ချဉ်းလာကြပြီးလျှင်[၂] ကျပ်လှစွာဖက်၍ ထားကြ၏။ ဝိဇ္ဇာမိုရ်တို့ကလည်း ငါတို့ကို လွှတ်ပါ၊ အလိုရှိသော အတတ်ကို သင်ယူကြပါလော–ဟု ဆိုသော် –

၁။ ဂဇလိဂ်–ဝ။ ၂။ ကြည့်လာလျှင်–ဓ။





၁။ ကုသလမင်းက ယူဇနာတစ်ရာရှိသော အရပ်ကို ခုန်လွှားနိုင်သော အတတ်ကို သင်ခဲ့၏။
၂။ သဟာဝမင်းမှာ ရုပ်ပြောင်းနာမ်ပြောင်း အတတ်ကို သင်ခဲ့၏။
၃။ စရိယမင်းမှာ အသံကြားလျှင် သူတစ်ပါးတို့ သနား ချစ်ခင်စေတတ်သော အတတ်ကို သင်ခဲ့၏။
၄။ သစ္စာရမင်းမှာ မြေကိုလျှိုးနိုင်သော အတတ်ကို သင်ခဲ့၏။
၅။ သက္ကစ္စမင်းမှာ နာနာရုပ်အတတ်ကို သင်ခဲ့၏။
၆။ ကထာနမင်းမှာ လေးအတတ်ကို သင်ခဲ့၏။

ထိုသို့သော အတတ်များကို အခြား အခြား သင်ခဲ့ကြပြီးသော် ငှက်ဆင်မောင်နှံကို စီး၍ ဒိဋ္ဌာဒူရတောင်သို့ ပြန်လာခဲ့သတည်း။

ရောက်လျှင် ခြောက်ပြည်ထောင်သော စစ်သည်တို့ကို ရုံးစုလျက် ပြန်သွားလေဦး–စေ၍[၁] လူချင်းနီးသော အရပ်တွင် သစ်တပ်တည်၍ ထားခဲ့လေသော် မင်းခြောက်ပါးသာလျှင် သန်လျက်ကိုယ်စီစွဲ၍ ဝက်ပါမြို့သို့ လာခဲ့ကြသည်နှင့် ဖန်တံတိုင်းနားသို့ ရောက်လျှင် ကုသလမင်းကား[၂] ကောင်းကင်သို့ ခုန်၍ သွားလေသော် စန္ဒဟေမာမင်းသမီး ပြာသာဒ်သို့ ကျလေ၏။ နီလာ ပန်းဆိုင်း ပုဆိုး[၃] နှင့် မင်းသမီးကိုရစ်လျက် တစ်ချက်တည်း ခုန်လွှားထွက်ရာတွင် လေ၏အဟုန်ဖြင့် ဝတ်လဲပန်းဆိုင်း ပုဆိုးပြုတ်၍ ဝက်ပါမြို့ပြင်က မြစ်ထဲသို့ ကျလေသော် ကုသလမင်းသားလည်း ကျင်နာလှသောကြောင့် ဆင်း၍ ငုပ်စမ်းလေသည်နှင့် နှစ်ပါးစလုံး ဆုံးလေ၏။[၄]

သစ္စာရမင်းမှာ မြေကိုလျှိုး၍ သွားလေသော် သိခ်အံဇာမင်းသမီးဗိမာန်သို့ ရောက်လေ၏။ မင်းသမီးကို မြေထဲသို့ ငုပ်လျှိုးဆောင်ယူခဲ့ရာတွင် ဘူမိပါလမည်သော နဂါးမင်းနှင့်တွေ့၍ သစ္စာရမင်းသားကို ပေါက်သတ်ပြီးလျှင် သိခ်အံဇာမင်းသမီးကို သိမ်းယူထားလေ၏။

သက္ကစ္စမင်းမှာလည်း နာနာရုပ်အတတ်ဖြင့် မြွေဟန်ဆင်၍ ဝင်လေလျှင် သောဘကညာ မင်းသမီးဗိမာန်သို့ရောက်၍ ဆောင်ယူသွားအံ့သော [illegible] မင်းသမီးကို အမြီးဖြင့်ရစ်ရာတွင် ရုန်းရင်းဟစ်အော်ပြုလေသောကြောင့် [illegible] အပေါင်းတို့သည် လုံကန်ဖြင့် မြွေကို ပုတ်ခတ်ကြ၍ မင်းသား အ[illegible]ဆုံးရလေ၏။

၁။ ပြန်သွားလေဦး–ဗ။
၂။ မင်းက–ဓ။
၃။ နီလာဆိုင်ပုဆိုး–ဓ။
၄။ ဆုံးသွားလေပါ–ဗ။



www.burmeseclassic.com

www.burmeseclassic.com



ကထာနမင်းမှာ လေးအတတ်ကို တတ်သောကြောင့် မြားကို တမန်ပြု၍ ဝက်ပါမြို့လယ်မှာ ပြာသာဒ်နှင့်စံသော မင်းသမီးကို ရအောင် ဆောင်ယူချေ–စေလွှတ်လျှင် ပုပ္ပသီတာမင်းသမီးကို ဆောင်ယူခဲ့သည်နှင့် ကောင်းကင်ပြင်ခရီးမှာ ဝိဇ္ဇာမိုရ်နတ်နှင့် ရင်ဆိုင်တွေ့ကြုံမိကြ၍[၁] မြားလက်နက်ကို ချိုးဖျက်ပြီးသော်[၂] မင်းသမီးကို ဆောင်ယူသွားလေလျှင် ကလျာဏမင်းသည် စေလွှတ်သည့်မြားလက်နက် ပြန်မရောက်လာ၍ တစ်ထပ်တစ်ဖန် စေရန်မရှိသောကြောင့် နွမ်းရိညှိုးငယ် ကြံဖွယ်မရှိ ဖြစ်ရလေ၏။

သဟာဝမင်းမှာ ကိုယ်ကို ဟေမဝန္တာ၌ ထားခဲ့ပြီးသော် အသက်ချည်းသာ[၃] ဝက်ပါမြို့သို့ ဝင်လေ၏။ ရမ္မဂီဝါ မင်းသမီးဗိမာန်သို့ ရောက်လေသော် အဘယ်ကဲ့သို့ ဆောင်ယူရပါမည်–ဟု ကြံစည် တွေးတောစဉ်၌ နန်းလှေကားရင်းတွင် ခြသေ့ရုပ်ကြီးကိုမြင်၍ ၎င်းခြသေ့မှာ မိမိအသက်ကိုဝင်သော် ခြသေ့ရုပ်ငေါက်ခြည်းထ၍ အရှင်ဖြစ်သည်နှင့် မင်းသမီးကို ပွေ့ချီ ခုန်ခဲ့သော် ဝေးစွာသော ခရီးသို့ရောက်လေ၍ တိဏ္ဍုကာနီမည်သော သစ်ပင်ခွပေါ်တွင် ရမ္မဂီဝါ မင်းသမီး တင်ထားခဲ့ပြီးလျှင် မိမိရုပ်ကို ထားခဲ့ရာအရပ်သို့ လာခဲ့ပြီးသော်[၄] ရုပ်အကောင်ကို တောကျားစား၍ သွားခဲ့သောကြောင့် ရှာဖွေမရ ရှိလေသည်နှင့် မင်းသမီးလည်း သစ်ပင်ခွပေါ်တွင် အစာအာဟာရပြတ်၍ အသက်ဆုံးလေ၏။

စရိယမင်းမှာ အသံကြားလျှင် သနား ချစ်ခင်သော သျှိအတတ်ကိုတတ်သည်ဖြစ်၍ ဖန်တံတိုင်းပြင်က သုံးဂါဝုတ်ကျယ်သောမြစ်ကို ကူးမည်ဆင်းသော် အသံကြားလေလျှင် ရေမိကျောင်းသနား၍ ကမ်းတစ်ဖက်သို့ ရောက်အောင် ပို့လိုက်၏။ တစ်ပေါက်မျှရှိသော ဝက်ပါတံခါးက ဝင်သွားလေသော် တစ်ထောင့်သောအချိုးကို ရောက်လေလျှင်[၅] ဘီလူးခြောက်ကျိပ်နှင့် တွေ့လေလျှင် ချိုသာသောစကားဖြင့် အကြောင်းအရေး[၆] ကို ပြောလေသည်နှင့် သနား၊ စုံမက်၊ နှစ်သက်လုသောကြောင့် ဘီလူးတို့သည် သုတ်သင်ကျွေးမွေး၍ လွှတ်လိုက်၏။

ဤကဲ့သို့ အကွေ့အကောက် တစ်ထောင်ရှိသော ဝက်ပါအချိုး၌ ရှိသမျှ ဘီလူးခြောက်သောင်းတို့ကို အကျွမ်းဝင်ခဲ့သဖြင့် မှီခိုတန်နား၍ သွားလေသော် သုံးလနှင့် အရက်နှစ်ဆယ်ရှိမှ ဂန္ဓသူဇာမင်းသမီး စံရာ ပြာသာဒ်သို့ ရောက်သတည်း။ ခြွေရံငါးရာတို့လည်း မင်းသားအသံကို ကြားရလျှင်ပင် သနား စုံမက် ရှိကြသဖြင့် အစားအသောက် ပို့ဆက်လာသည်တွင် စိတ်ရှိရာသဘော

---

၁။ တွေ့ကြုံမိကြသည် ဖြစ်၍–ဗ။
၂။ ချိုးဖဲ့ဖျက်ဆီးလျက်–ဓ။
၃။ အသက်ဖြင့်သာ–ဓ။
၄။ လာခဲ့သော်–ဗ။
၅။ ရောက်လေ၍–ဗ။
၆။ အကြောင်းအရာ–ဓ။





ကို ရောပွမ်းစနှ၍ ချိုမြသာယာအောင် ပြောလျှင်[၁] မင်းသမီးထံကို ရောက်အောင် ဆောင်ယူ၍ ကုက္ကုမမ ဖျောင်းဖျလျှောက်လေသောအားဖြင့်[၂] နှစ်ပါးသော စေတနာ၊ မေတ္တာ အသက်နှင်း၍ အချစ်ချင်းရည်တူသော် ပြန်ချင်တော်မူကြောင်းကို ကြားလျှင် မင်းသမီးနှင့်တကွ ခြွေရံငါးရာတို့သည် သဘောစိတ်တူ အတွင်းလူချင်း ဖြစ်ကြ၍ ဗိမာန်သို့ ရောက်အောင် ပို့လိုက်ကြလေ၏။

အကောက်တစ်ထောင်ရှိသော ဝက်ပါအချိုး၌ စောင့်နေသော နတ်ဘီလူးခြောက်သောင်းနှင့် တွေ့သော်လည်း[၃] အထက်ကပင် ကျွမ်းဝင်ကြသဖြင့် ကြင်နာသနားကြသောကြောင့် မဆီးမတား လွှတ်လိုက်၍ ဝက်ပါမြို့ကသည့်[၄] သံယမောပြည်သို့ ရောက်၍ အသက်ထက်ဆုံး အတူ စံပျော်ရဖူးလေ၏။

ဤကဲ့သို့လည်းကောင်း သာသာယာယာ ကြံဆောင်၍ အစောင်အမရှိသော ရွှေဖော်ခြံရံအပေါင်းတို့ကို အကြောင်းသင့်ပြုတော်မူ၍ အတွင်းလူချင်း ဖြစ်ကြမှ ရွှေမေတ္တာ မသွေမလှန် ကံတော်နှစ်ပါးဆုံ၍ အစဉ်ကောင်းမည် ဖြစ်ပါသည်။ ဘုန်းသမ္ဘာနှင့် ပြည့်စုံသော အရှင်တို့ကား ''စိတ်သွားတိုင်း မရောက်ရှိရမည်လော'' ဟူ၍[၅] ဆောင်ရွက်တော် မူချေလျှင် အခွင့်မှ မပိုင်သည်ကို[၆] အနိုင်အတင်းကျင့်၍[၇] မတင့်မတယ်၊ မလျောက်ပတ်ရှိတတ်လှပါသည်။ စစ်ရေးစစ်ရာကဲ့သို့ တေဇာလက်ရုံးကောင်း မလိုပါ။ သာသာယာယာ ဩဇာမွှေးပျံ့လျက် အညံ့အနုသာ လိုပါသည်။

နောက်ကိုကြံလျှင်[၈] တစ်လံပို၊ တိုး၍ကြံလျှင် တစ်လံဆုတ်၊
သစ်ခုတ် ယောက်ျားကို ပမာမှီ၊ သစ်ကြီး သစ်လတ် သစ်ငယ်နှင့်
စပ်သော်လည်း တစ်ဖက်ရပ်ကသာ တစ်ဌာနတည်း မခုတ်သင့်၊ လှည့်
လည်၍ အားစိုက်ထုတ် ခုတ်မှသာလျှင် ကြိုးစားရည်တူကြောင်းကို[၉]
စာဟောင်းတွေ့ဖူးရချေသည်–

ဟူ၍ ပဒုမသိင်္ဂီ စီစီစဉ်စဉ် ပြောဆိုသော် လူပျိုတော် ပညာဟာသကလည်း ''သာသာကြည်ကြည် လည်လည်ပတ်ပတ် ကြံတတ်ပါစေ၊ ခြွေရွှေအပေါင်းနှင့် အကြောင်းသင့်တိုင်ပင်၍ အကျွမ်းဝင်ကြမှ ကိစ္စအမှု အောင်မြင်ရန်[၁၀] လက်ရုံးကြံ၍ အကျိုး အကြောင်း မအောင်ကြောင်း'' ကို ပုံစံနည်းနှင့်

---

၁။ ပြောလျှင်ပင်–ဓ။
၂။ လျှောက်ထားသောအားဖြင့်–ဓ။
၃။ ခြောက်သောင်းတို့တွေ့သော်လည်း–ဓ။
၄။ ရဲမက်တော်တို့ ထံကသည့်–ဗ။
၅။ ရှိမည်လော၊ ဟူ၍–ဓ။
၆။ အခွင့်မပိုင်သည်–ဓ။
၇။ အနိုင်အတင်း ဆောင်ကြဉ်း၍–ဓ။
၈။ နောက်ဘို့ကြံလျှင်–ဓ။
၉။ ကြိုးစားရေးတူကြောင်းကို–ဗ။
၁၀။ အောင်မြင်ဟံ–ဓ။



www.burmeseclassic.com

www.burmeseclassic.com



မိန့်ရာမှ နွေကြာရက်များ စောင့်စားသူတို့သည် ကြပ်မတ်သူတို့နှင့် အတူတူ ရောနှော၍[၁] စိတ်သဘောတမ်းဖြင့် အကျွမ်းဝင်အောင် လုပ်ဆောင်ကြစည်တုန်းကို လက်ရုံးလှမင်းသားသည် စပ်ကြားက ယူနှင့်၍ ဆာပူညှိုးနွမ်းသောစိတ်ဖြင့် ပဒ္မိဂ္ဂမင်းသား၏ အခြင်းအရာကို မကြားတော်မူဖူးသလော[၂]၊ မြင့်မြတ်သော မင်းသမီး၊ ဘုန်းကြီးသော မင်းသားကို ရက်များ မကြာစေရ၊ လောကတွင် ပြက်ပြက် ပုံသက်သေကို ရှာလျှင် အရသာနှင့်ပြည့်စုံသော သစ်သီးကို မကြီးခင် ဆွတ်ယူ၍ လူတို့လက် ရောက်မှ အလျှောက်ရှုကြည့်၍ မှည့်အောင် လှုံ့လပြုသည် သာ။ သစ်ပင်မှာ ရင့်စေ၍ အကြွေကို ငံ့လင့်နေမည် ဖြစ်လျှင် တိရစ္ဆာန်မည်သော ကျေးငှက်က စောင့်ကြလျက်ရှိပေသည်[၃]။ (အသရေဆောင်မည် တကားဟု မစားဘဲ သုန်ဘီ၍ ပဥ္စသီစောင့်သည်ကို မကြားဖူး။ ပကတူးက ထုံးဟောင်းလည်း အကြောင်းသင့်ဆောင်ရွက်၍[၄] ပေါင်းဖက်ရမည်တွင် တစ်ဖက် လှည့်ယူနှင့်သော ဥပဒေသကို သဘောကျအောင် လျှောက်ပမည်။ မဟုတ်သည် မှန်သည် ထင်လျှင် မရှင်တို့ အလို လိုက်ပါဦး။

ဆောလျှင်မပြု အမှုပျက် ပုံပြင်ဝတ္ထု

ရှေးသောအခါ ဟေမဝန္တာအရပ်တွင် သီတင်းသုံးနေသော နာဂတ်သရသေ့ကို[၅] ဆဒ္ဒန္တဂဇ မည်သော ဆင်မင်းသည် နေ့တိုင်း လုပ်ကျွေးစမှတ်ပြုလျက် တစ်ရံရောအခါ မနောနန္ဒာရေကန်က[၆] ကြာရိုး၊ ကြာစွယ်၊ အင်၊ အဖူးတို့ကို ဆွတ်ယူခဲ့သည်တွင် ကြာပြာသာဒ်ထဲက သံသေဒဇ ပဋိသန္ဓေ တည်နေသော အင်ကြီးကို[၇] နာဂတ်သ ရသေ့မြတ်သည် ကောင်းစွာ သိထားလေသည်နှင့် အချိန်၊ နေ့ရက်စေ့ရောက်လျှင် လှပသော အဆင်းပြင်လျာနှင့် ပြည့်စုံသော သတို့သမီးငယ်ကို ထိုကြာပွင့်ထဲမှ ရ၏။ နာဂတ်သရသေ့လည်း မိန်းမဖြစ်သောကြောင့် ဆဒ္ဒန္တဂဇ မည်သော ဆင်မင်းကို ကြာရိုး၊ ကြာစွယ်နှင့်တကွ ဆောင်ယူခဲ့စေ၍ မနောနန္ဒာရေကန်သို့သွားပြီးသော် ထိုရသေ့ကြီးသည် ကြာရိုး၊ ကြာစွယ်တို့ကို ရေကန်ထဲသို့ ချ၍ သတို့ဒါမီး နေလောက်အောင် ဗိမာန်ဖြစ်စေသော–ဟု မိဋ္ဌာန်လျှင် သစ္စာအာနုဘော်၊ ဂုဏ်တော်ကြောင့် သံတောင်တစ်ရာ မြင့်သော ကြာဆင့်ပြာသာဒ်[၈]

၁။ အတူတူရောနှော–စ။
၂။ မကြားတော်မူဘူး ပါသလော–စ။
၃။ စောင့်ကြပ်လျက်ရှိပေသည်–ဗ။
၄။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ်များ စာအုပ်မူတွင် မပါ။
၅။ နာဂတ် ရသေ့ကို–စ။
၆။ မနောဒန္တာရေကန်–ဗ။
၇။ တည်သော အင်ကြီးကို–ဗ။
၈။ ကြာဆင့်ငယ်ပြာသာဒ်–ဗ။





ပေါက်လေ၏။ (ထိုသို့ပေါက်လာလျှင် နာဂတ်သ ရသေ့သည် ဆင်မင်းကို ဤကဲ့သို့ မိန့်တော်မူ၏။ 'ချစ်သား ဆဒ္ဒန္တဂဇ . . . ဤ သတို့သမီးငယ်ကို ချစ်သား မမွေးမကျွေးပါသော် ပျက်စီးခြင်းသို့ ရောက်တော့မည်။ ငါသည်လည်း ရဟန်းသီလ မိန်းမနှင့်)[၁] မနီးစပ်အပ်[၂] ။ ငါတို့ ချမ်းသာအောင် လုပ်ကျွေးသော အတွက်ကို ဤဒကာမငယ်၌ စောင်မ ကြည့်ရှုပါ။ (မေတ္တာ နေ့တိုင်းပို့မည်)[၃] ဟူ၍ မိန့်တော်မူလျှင် ဆင်မင်းလည်း ကောင်းစွာ ဝန်ခံပြီးသော် သတို့သမီး ရေကန်နား၌ စာရေ မွေးမြူ၊ လူတို့ စာရိတ္တဖြင့် လှုံ့လတစ်ခု ပြုစုနေသည်နှင့်[၄] သံသေဒဇ လုပယဉ်ကျေး ကြောသေးနုနု အရပ်သို့ နီလုမ္ပနီ[၅] ဟူသော အမည်တွင်၏။ အရွယ်သို့ရောက်သော် နတ်လောက်ပင် ယဉ်ကျေးလှပပြန်သောကြောင့် ဆဒ္ဒန္တဂဇ ဆင်မင်းသည် သမီးရင်းမက ချစ်လှသောစေတနာနှင့် သံတောင်တစ်ရာမြင့်သော ကြာဆင့်ပြာသာဒ်ဝယ် စောင့်မှတ်အမြဲနေ၍ လုပ်ကျွေးပြုစုလေ၏။ နာဂတ်သ ရသေ့လည်း နတ်ဝတ်၊ နတ်ပုဆိုး၊ နတ်တန်ဆာတို့ကို ယူ၍ ဆဒ္ဒန္တဂဇဆင်မင်းသို့ ပို့လာ၏။

ထိုအခါ ရထပူရပြည်ကို အစိုးရသော ဓမ္မသိဋ္ဌမင်းကြီး၊ ဝဏ္ဏာဝတီ မိဖုရားရင်သွေးတော် ပဒ္မိဂ္ဂမင်းသားသည် တောကစားအံ့သည်ဟူ၍ ဟေမဝန္တာ တောအရပ်သို့သွားသည်တွင် သီတလဆာယာမည်သော[၆] သစ်ပင်ကြီး၌ စခန်းပြု၍ နေစဉ် သာမာရဋ္ဌမည်သော ကျေးသားမောင်နှံတို့သည် ထိုညောင်ပင်အခေါင်း၌ အသိုက်ပြု၍နေရာ ကိဿမည်သော ကျေးငယ်(မောင်နှံ)ကို ထား၍ ယောရမည်သော စွန်ငှက်သည် ကိဿမည်သော ကျေးငှက်ကို သစ်ခေါင်းထဲမှ ထုတ်ယူသွားလေ၍ သာမာရဋ္ဌကျေးသားမောင်နှံတို့သည် ပဒ္မိဂ္ဂမင်းသားထံ၌ 'အရှင့်သား . . ကယ်ပါ' ဟူ၍ ငိုမြည်တမ်းကြသော် မင်းသားလည်း ဓနုဂ္ဂဟလက်နက်ဖြင့်[၇] ပစ်လွှတ်လိုက်လျှင် ယောရစွန်ငှက်၏ရင်ကို ဖောက်ထွင်းသွားလေသောကြောင့် မြေသို့ ကျလာ၏။ (ပဒ္မိဂ္ဂဟမင်းသားလည်း ကိဿကျေးငယ် ယူ၍ မိဘဖြစ်သော ကျေးသားမောင်နှံတို့ကို ပေးအပ်သော်)[၈] အလွန်အားရ၍ 'အရှင်မင်း

၁။ ( ) ဤကွင်းပိတ် အတွင်းရှိ အပိုဒ်များ စာအုပ်မူတွင် မပါ။
၂။ မနီးစအပ်–စ။
၃။ ( ) ဤကွင်းပိတ် အတွင်းရှိ အပိုဒ်များ စာအုပ်မူတွင် မပါ။
၄။ လှလှပြုစုလေသည်နှင့်–ဗ။
၅။ နီလုပ္ပနီ–ဗ။
၆။ သီမာယဆာယာ မည်သော–ဗ။
၇။ ဓနုဂ္ဂဟာ လက်နက်ဖြင့်–ဗ။
၈။ ကိဿကျေးသား မောင်နှံတို့ကို ပေးအပ်သော်–စ။



www.burmeseclassic.com

www.burmeseclassic.com



သားကြောင့် ကျွန်ုပ်တို့ သမီးငယ်ကို[1] အသက်မသေ ရပေသည်။ ကျေးဇူးတော်နှင့် ထိုက်လျော်ဆပ်စရာ ဖွေရှာ၍ မရနိုင်ပါ။ နတ်သမီးကဲ့သို့ အဆင်းပြင်လျာလှသူ၏ စံနေရာအရပ်ကို သိပါ၏။ အရှင့်သား .. လှည့်ပတ်တော်မူလိုသလော' ဟုဆိုလျှင် မင်းသားက 'သည်ကျေးဇူးကိုပင် ခံလိုသည်၊ အတီအရပ်မှ ရှိသနည်း' ဟု မေး၏။ ကျေးသားမောင်နှံက 'ဟေမဝန္တာအရပ်၌ မနောနန္ဒာ ရေကန်အလယ်မှာ သံတောင်တစ်ရာမြင့်သော ကြာဆင့်ပြာသာဒ်၌ နီလုမ္ပနီမည်သော မင်းသမီးသည် နတ်မျှမက လှပသောအဆင်းကြောင့် ဆင်မင်းကို ရသေ့က အစောင့်ထားပါသည်။ အရှင့်သား လှည့်ပတ်တော်မူလိုသော် ထိုဆင်မင်းနှင့် အကျွမ်းဝင်အောင် (ပြုပါလော' ဟု ဆို၏။ 'မင်းသမီး)[2] မှာ ကျွန်ုပ်တို့ စုံစမ်းပါချိမ့်မည်' ဆိုလျှင် ပဋိဂ္ဂမင်းသားလည်း ဝမ်းသာအားရ၍ ရဲမက်တော်တစ်ထောင်နှင့်တကွ သာမာရဋ္ဌ ကျေးသားတို့ကို ဆောင်၍ မနောနန္ဒာရေကန်သို့ သွားကြလေ၏။ ရေကန်နားသို့ရောက်သော် ကျေးသားမောင်နှံတို့က 'အရှင့်သား .. ဆင်မင်းနှင့် အကျွမ်းဝင်အောင်သာ လုပ်ကျွေးနှင့်ပါ။ မင်းသမီးထံမှာ ကျွန်ုပ်တို့သွား၍ ဖြားယောင်းပြောဆိုပါမည်။ နေ့ရက်ကြာသည်ဟူ၍ စိတ်မငယ်ပါနှင့်' ဆိုသော် 'မင်းသမီးရမည်ကို စိတ်ငယ်သာမည်လား၊ နှစ်ပင်လည်သော်လည်း လည်ပလေစေ' ဆို၍ ကျေးသားမောင်နှံတို့ ဆိုသည့်အတိုင်း[3] ရဲမက်တို့ကို ပပြားကိုင်းနွယ်၊ သက်ငယ်မြက်နု ရိတ်ယူခဲ့စေ၍ ဆဒ္ဒန္တဂဇ ဆင်မင်းကို လက်ဆောင်ပြု၍ ဆင်မင်းက 'အဘယ်အလို့ငှာ ရောက်သနည်း' ဟု မေးလျှင် 'အဆွေခင်ပွန်းဖြစ်လို၍ ရောက်ကြောင်း'ကို လျှင် နေ့တိုင်းနေ့တိုင်း အစာရေစာ ဝအောင် အလိုရှိတိုင်း ရှာဖွေ၍ ကျွေးမွေးလာသည်။

သာမာရဋ္ဌ ကျေးသားလည်း မင်းသမီးထံပို့၍ ပဋိဂ္ဂမင်းသား အကြောင်းအရာကို နေ့တိုင်း နေ့တိုင်း နားချလျက် ရွှေပြည်ရွှေနန်းနှင့် မယ်တော်၊ ခမည်းတော်တို့ ဘုန်းအာဏာကို ချီးပ၍ စုံမက်ကြည်ညိုအောင် ဖြားယောင်းပြောဆို၏။ နီလုမ္ပနီမင်းသမီးလည်း လှည့်ပတ်ပြောဆိုဖန်များလျှင် မင်းသား၌ တပ်မက်၍[4] 'ဆင်မင်း၌သာ အကျွမ်းဝင်ပါစေတော့' မှာလိုက်လျှင် ပဋိဂ္ဂမင်းသားလည်း ကြိုးစား၍ အစဉ်မပြတ် ကျွေးမွေးလျက် အခင်းအရေးကို ဆင်မင်းမှာ ပန်ကြားသော် ဆင်မင်းလည်း မင်းသမီးနှင့် အခွင့်သာလျှင် ငါတို့မှာ မလုပ်ကျွေးလာပြီဟု အမှတ်ရှိ၍ 'အဆွေလှမင်းသား[5] ... မင်းသမီးကို ငယ်ငယ်

၁။ သမီးငယ် သားငယ်ကို - စ။
၂။ ( ) ဤကွင်းပိတ် အတွင်းရှိ စာပိုဒ်များ ဗမ္မတွင် မပါ။
၃။ ကျေးသားမောင်နှံတို့သည် ဆိုသည့်အတိုင်း—စ။
၄။ မင်းသား၌ တပ်မက်မော၍—စ။
၅။ အဆွေမင်းသား - စ။





ကပင်[1] ရသေ့အာဏာကြောင့် ငါ လုပ်ကျွေး၍ နေရသည်။ ယခု အရွယ်သို့ ရောက်လေပြီ။ မင်းသမီးကို ကောင်းမွန်စွာ ငါ လုပ်ကျွေးပါသကဲ့သို့ ငါ့ကိုလည်း အဆွေ လုပ်ကျွေးပါဦး။ သို့မှ ငါ မွေးစားကျိုးနပ်တော့မည်[2] ဆိုလျှင် ပဋိဂ္ဂမင်းသားလည်း ကြိုးစား၍ ကောင်းမွန်စွာ ကျွေးမွေးနေရလေ၏။ သို့နှင့် နေ့၊ ရက် ကြာမြင့်လေသော် မိမိနှင့်အတူ ပါခဲ့သော ရဲမက်တချို့သည် ဆင်းရဲ မခံနိုင်၍[3] မင်းသား မသိ၊ မမြင်အောင် ထွက်ပြေးကြလေသည်နှင့် မနောရမ္မာ ပြည်သို့ ရောက်ကြလေသော် ထိုပြည်ကို အစိုးရသော သမုတိရာဇာမင်းကြီးနှင့် ပုပ္ဖဝတီမိဖုရား၊ သားတော် ဂုဏသာရမင်းသား ကြားသိလျှင် အခြင်းအရာတို့ကို ကုန်စင်အောင် မေးမြန်းစစ်ကြောသဖြင့် ပဋိဂ္ဂမင်းသား ရဲမက်တို့လည်း အကြောင်းရှိမှုကို ပြောလေ၏။

ဂုဏသာရမင်းသားလည်း ရဲမက်တော်တစ်ထောင်နှင့်တကွ လိုအပ်သော ပစ္စည်းတို့ကို ဆောင်ယူပြီးလျှင်[4] ထွက်ပြေးလာသော သူတို့ကို အတူ ခေါ်တော်မူခဲ့၍ ဟေမဝန္တာသို့ သွားလေ၏။ မနောနန္ဒာရေကန်သို့ ရောက်သော် ဆဒ္ဒန္တဂဇဆင်မင်းနှင့်တွေ့၍ 'အဘယ်အရပ်သို့ သွားမည်နည်း' မေးလျှင် 'ဆင်မင်းကို အဆွေခင်ပွန်းဖွဲ့လို၍ ရောက်ပါသည်။ ပဏ္ဏာကာရ ဆောင်ယူခဲ့ပါသည်။ ထူးပြားသော လက်ဆောင်ဖြစ်၍ အဆောတလျင် မပေးမဆက်ထည့်သာပါ' ဟု မင်းသားက ဆိုသော် ဆင်မင်းက 'အဘယ်သို့ ထူးပြားသနည်း' မေးလျှင်၊ 'အချိုအဆိမ့်နှင့် နှစ်သိမ့်ဖွယ်သော အရသာဖြင့်[5] လျှာပေါ်၌ တင်မိသော် ရိုးတွင်း ခြင်ဆီစိမ့်၍ အကြောတို့သည် အတုံးအတုံး ပြတ်ရာသည်ဖြစ်၍ နတ်သုဓာနှင့် တူသော အရသာမြတ်၏[6] စည်းစိမ်ကို ခံစားလိုသောအကြောင်းရှိလျှင်[7] သံချိတ်ဖြင့် သိပ်ငင်တည်းတွပြီးမှ[8] ထိုအရသာကို စားရပါမူကား အသံသာခြင်းလည်း တစ်ပါး၊ အင်အားကြီးခြင်းလည်း တစ်ချက်၊ အသက်ကြီးရင့်သူတို့ ပျိုငယ်စေတတ်သည် တစ်မျိုး[9]၊ အကျိုးတစ်ဆယ့်နှစ်ပါးကို ပေးတတ်သော အရသာကို စား၍ပြီးလျှင် သံချိတ်တို့သည်လည်း အလိုလိုလျော့၍ ကျွတ်ရကုန်၏။ အမာ အရာလည်း မထင်ပါ။ အတပ်နားလည်မှ အစာမြတ်[10] ဖြစ်ကြောင်းကို သိရာ မည်' ဟု ဆိုလျှင် 'အဆွေလှမင်းသား .. ဤကဲ့သို့ ဖြစ်လျှင် ကျွန်ုပ် အသား။

၁။ မင်းသမီးကို ငယ်သည်ကပင်—ဗ။
၂။ မွေးစားကျိုး နပ်ပမည်—ဗ။
၃။ အဆင်းရဲ မခံနိုင်၍—ဝ။
၄။ လုပ်ဆောင်ယူခဲ့ပြီးလျှင်—စ။
၅။ နှစ်သိမ့်ဖွယ်ရာသော အရသာဖြင့်—ဗ။
၆။ အရသာဖြစ်၏—စ။
၇။ အကြောင်းတို့ကို—ဗ။
၈။ ဆိုင်းငင်တည်းတွပြီးမှ—စ။
၉။ ပျိုငယ်စေတတ်သည်တမျိုး—ဗ။
၁၀။ အစာမြတ်—ဝ။



www.burmeseclassic.com

www.burmeseclassic.com



အကြောတို့ကို သံချိတ်ဖြင့် ချိတ်လော၊ ယခု အသက်ကြီး၍ အရွယ်အိုသည်ကို နုပျိုလှပသော အဆင်းနှင့် တစ်ဆယ့်နှစ်ပါးသော အကျိုးတို့ကို ပေးတတ်သော သုဓာကို စားချင်ပါသည်' ဆိုသော် အစင်းရှစ်ဆယ်သော[၁] သံချိတ်တို့ဖြင့် တစ်ကိုယ်လုံးတွင် အချက်တို့ကို ရွေးချိတ်၍ ထားလေ၏။ ဆဒ္ဒန္တဂဇဆင်မင်းလည်း နာကျင်ခြင်းရှိသော် 'အဆွေမင်းသား .. နတ်အစာကို ပေးပါလော' ဟု တောင်းလျှင် ပကတိသော သစ်ရွက်ခြောက်တို့ကို ပေးခဲ့၏။ ဆင်မင်းသည် ပြင်းပြစွာ အမျက်ထွက်သော်လည်း ရှန်းရင်းခြင်းငှာ မတတ်နိုင်၍ မင်းသားအလိုသို့ လိုက်ရချေ၏။ ယင်းကာစ၍ ဆင်တို့တွင် ချွန်းချက် ရှစ်ဆယ်ရှိသတည်း[၂]။

ပဋိဂ္ဂမင်းသားမှာလည်း ဆင်မင်းသည် ရှေးအတိုင်း အလွန်ခက်ထန်ဦးမည်ဖြစ်၍ အဆွေခင်ပွန်း ဖြစ်စိမ့်သောငှာ အစာပို့ကျွေးနေလေ၏။ ဂုဏာသာရမင်းသားမှာ ရဲမက်တစ်ရာ့ရှစ်ဆယ်တို့ကို[၃] 'ဆင်မင်း၌ ချိတ်ထားသော သံချိတ်ကို တောင်သို့ရွေ့လျှင် မြောက်က၊ အရှေ့သို့ရွေ့လျှင် အနောက်က ဆွဲလေကုန်' ဟု ကြိုးစကို လက်ကိုင်စေ၍ ထားခဲ့ပြီးလျှင် မနောနန္ဒာရေကန်သို့ ရဲမက်တော် အပေါင်းနှင့် ဖောင်ဖွဲ့၍ကူးပြီးသော် သံတောင်တစ်ရာမြင့်သော ကြာဆင့် ပြာသာဒ်နန်းသို့တက်၍ နီလုမ္ဗနီ မင်းသမီးထံမှာ ဆင်မင်း၌ အခွင့်ရကြောင်းကို[၄] ပြော၍ ပျော်ပါးနေလေ၏။ နီလုမ္ဗနီမင်းသမီးလည်း သမာရွှေကျေးသားမောင်နှံတို့ လျှောက်ပြောလာသော ပဋိဂ္ဂမင်းသားအမှတ်ဖြင့် စိတ်သဘောညီလေသည်နှင့် မင်းသမီးကို ကြာနန်းပြာသာဒ်က ဆောင်ယူခဲ့၍ မနောနန္ဒာရေကန် ခါးပန်းသို့ ရောက်သော် ဆင်မင်း၏အဖြစ်ကို မင်းသမီးမြင်မှ တစ်ပါးမင်းသားမှန်း သိသည်နှင့် ကျွမ်းဝင်မိပြီဖြစ်သောကြောင့် မနောရမ္မာပြည်သို့ ဆင်မင်းနှင့်တကွ ဆောင်ယူရာ ပါလေ၏။[၅] ပဋိဂ္ဂမင်းသားလည်း အကြောင်းအရေးများကို[၆] မတွေးမတော၊ အရောတဝင် ရှိအောင်သာ နေ့များ ရက်ကြာမိတ်ဖွဲ့၍ အကျိုးမဲ့ရှိလေသည်။ ပညာရှင်[၇] သဘောနှင့် အဆောတလျင် မပြု၍ အမှုပျက်ကြောင်းကို ထုံးဟောင်းပုံပြင် ရှိပါသည်။[၈]

မရှင်တို့က မိန့်ဟသော ထုံးနည်းပုံစံမှာ လက်ရုံးလုစီရင်၍ ကောင်းကင်ပျံတစ်မျိုး၊ မြေလျှိုးပညာ၊ နာနာရုပ်တစ်ကြောင်း၊ နံပြောင်းအသက်သွင်း၊

၁။ အစင်းတစ်ထောင်သော -ဗ။
၂။ တစ်ရာ့ရှစ်ဆယ်ရှိသတည်း -ဗ။
၃။ ရဲမက်တစ်ထောင်တို့ကို -စ။
၄။ ဆင်မင်းနှင့် အခင်းအကြောင်းကို -စ။
၅။ ဆောင်ယူပါရ လိုက်ဘူးလေသည် -ဗ။
၆။ ထိုကဲ့သို့ အရေးများကို -ဗ။
၇။ ပညာရှင် -ဗ။
၈။ ထုံးဟောင်းရှိသည် တပုံ -ဗ။





မြားစကြာရှင်တို့[၁] အားအင်ကို ကိုးစားသောကြောင့် အကျိုးတန်ရာတွင် အသံကြားလျှင် သနား ကြည်ညိုရသော သျှိုတတ်သော မင်းသားသာ စီးပွားဖြစ်ကြောင်းကို ထုံးဟောင်းရှိသည်ဟူ၍ အယူတော် ရှိကြရာမှာ သာသာယာယာအလိုလိုက်၍ ချစ်ထိုက်၊ ခင်ထိုက်သော ကျေးဇူးဖြင့် တစ်ဦးနှင့် တစ်ဦးကို တွေ့ဖူးမှ ချစ်စေတတ်သောအရာ၊ မြင်ကာနှင့် သနားစေတတ်သော စွမ်းအန်၊ အသံကိုကြားအောင်ပြုလျှင် ကရုဏာသက်စေတတ်သော ဂုဏ်နှင့် မမြင်ဘဲလျက်သက်သက်ရန့်ကြောင့်[၂] မဆုံမချို ဖြစ်စေတတ်သော[၃] အဌာရသ ကာယကိုယ်ငွေ့သည်[၄] အတွေ့ညွှန့်နူး၍ သူတစ်ထူး ချစ်ခင်သောပညာ၊ ကြည်ညိုရသည် သျှိုတစ်ပါး၊ အပါးပါးနှင့်ပင် ကြိုးစား ကြစည်သော်လည်း နေးဖြည်းသော အရာနှင့် နေ့ကြာ၊ ရက်များ ရှိလေလေ စိတ်အထွေထွေ ကစား၍[၅] အလကား အမှုလစ်လပ်ရာသည်။ တာရှည်အောင် ဆောင်ရသော ကံအရေး နေးနေးဖြည်းဖြည်းပြု၍ အမှုမကုန်ရာသောထုံး[၆] နှလုံးလှုကြရာလည်း တတည်၊ လက်ရုံးရည် ဆောင်ရာသည်လည်း တခြား၊ သို့အပြားပြားရှိသော ပုံစံများကို မှတ်သား ဆင်ခြင်နိုင်၍ ဆိုင်ရာဆိုင်ရာ တော်ရာသင့်ရာ အမှုအင်ကို ဆင်ခြင်တော်မူပါဦး။ တွေ့ဖူးကြားဖူးသော ဥပဒေများနှင့်သာ အလားတူကြရမည်–ဟူ၍ ဥပါဒါန် မစွဲမယူကြပါနှင့်။ ထုံးစံအနည်းနည်း ရှိသည်[၇] သတိရတော်မူကြအောင် အလားတူရာပုံဆိုပါဦးအံ့။

## အချိန်ကြာမြင့် အရွယ်ရင့် ပုံပြင်ဝတ္ထု

ရှေးသောအခါ ပဉ္စာလဝီ ပြည်ကို အစိုးရသော ဇာတရူပ မင်းကြီး[၈]နှင့် ကဥ္စနဒေဝီ မိဖုရားကြီး၊ သမီးတော် ဂမ္ဘတ္တဂီဝါ ရှိ၏။ အရွယ်တော်ရောက်သော် အဆင်းအင်္ဂါ ကြွန်အင်လက္ခဏာနှင့်ညီ၍ နာရဏီရွှေနန်းတွင် ရွှေဝန်း ငါးရာနှင့် ထားသတည်း။ ထိုအခါ ဂန္ဓဗ္ဗနတ်သမီးဖြစ်သော ဘိရဏီ၊ သုခန္တီ၊ ကလျာဏီ၊ ဝိပဓိ[၉] မည်သော ညီအစ်မလေးယောက်သည် မနုသီဟနတ်မင်းကြီး၌ ယဉ်ပါး ကြ၍ ပဋိသန္ဓေတည်နေကြလေ၏။ ဆယ်လမြောက်၍ အချိန်စေ့သော် ဘိရဏီကား ရွှေအဆင်းနှင့်တူ၍ သူတကာတို့ထက် ကြည်ညိုစရာ[၁၀] လှပ ယဉ်ကျေး

၁။ မျှားစကြားရှင်ထိုး -စ။
၂။ သက်သက်ကယ ရန့်ကြောင့် -စ။
၃။ ချစ်စေတတ်သော -စ။
၄။ ကာယကိုယ်ရွှေသည် -စ။
၅။ စိတ်သထွေထွေ စဉ်းစား၍ -စ။
၆။ မကုန်ရသောထုံး -စ။
၇။ ထုံးပုံအနည်းနည်း ရှိသည့်ကို -စ။
၈။ ဇာတဒေဝမင်းကြီး -စ။
၉။ သိရနီ၊ သုခန္တီ၊ ကလျာဏီ၊ ဝိဂဓိ -စ။
၁၀။ လူတတာတို့ ကြည်ညိုစရာ -စ။



www.burmeseclassic.com

www.burmeseclassic.com



အဆင်းရှိသော သတို့သားကို မျက်နှာမြင်လျှင် ရူပသာရ တွင်စေ၏။ ကလျာဏီကား ကရဝိက်ငှက်မင်း၊ ဗြဟ္မာမင်းတို့ကဲ့သို့ နှစ်လိုစရာ[၁] သာယာညင်းပျစွာ အသံရှိသော သတို့သားကို မျက်နှာမြင်လျှင် သဒ္ဒသာရ တွင်စေ၏။ ဝိပဿီကား ကတ္တိပါနိုင်၊ ဂွမ်းစိုင်ပုံတွေ့၊ သိမ်မွေ့နူးညံ့စိတ်ပြန့်ပြူးစရာ ဖြစ်သော သတို့သားကို ဖွားမြင်လျှင် ဖောဋ္ဌဗ္ဗသာရ တွင်စေ၏။ သုခန္တိမှာ ခပ်သိမ်းသော လူအပေါင်းတို့ ချစ်ခင်လေးမြတ်လှသော အနံ့နှင့် ပြည့်စုံသော သတို့သားကို ဖွားမြင်လျှင် ဂန္ဓသာရ တွင်စေ၏။ ထိုဂန္ဓဗ္ဗနတ်သမီးလေးပါးသည် သားတော်လေးပါးကို ဖွားမြင်၍ အရွယ်သို့ ရောက်ကြသော် ခမည်းတော် မနုသီဟမင်းကြီးသည် 'ချစ်သားတို့. . . လူ့ပြည်သို့သွား၍ အိမ်ထောင်ဖက် ရှာကြလေ' ဟု ဆို၏။ မင်းသားလေးပါးလည်း သန့်လျက် ကိုယ်စီစွဲ၍[၂] လူ့ပြည်သို့ လာခဲ့ကြသည်နှင့် ပြည်ကြီးပဥ္စာလဝီသို့ ရောက်လျှင် လူအပေါင်းတို့လည်း[၃] မင်းသားများသည် အဆင်းလှသည်၊ မွှေးလှစွာသော အနံ့ရှိသည်၊ သာယာသော အသံရှိသည်၊ နူးညံ့သောအတွေ့ ရှိသည်ဖြစ်၍ တစ်ပြည်လုံးပင် ကျော်စောထင်ရှား ရှိ၏။

ဇာတရူပမင်းကြီးလည်း ထိုသူလေးယောက်တို့၏ အခြင်းအရာကို မေးသော်[၄] 'မနုသီဟနတ်မင်း၏ သားဖြစ်ကြောင်း'ကို ရှိမဲ့ ပြောလေ၏။[၅] ထိုမင်းကြီးလည်း 'နတ်မြတ် အနွယ်အဆက်တကား' ဟု ထံတော်ပါးတွင် မပြတ်နေစေ၏။ အခါတစ်ပါး မင်းကြီးသည် ညီနောင်လေးပါးစလုံးကို အလွန် သဒ္ဒါလေးမြတ်လှသည်ဖြစ်၍ သမီးတော် ဂမ္ဘဏ္ဍကီဝါနှင့် ပေးထိမ်းမြားမည် ကြံသည်ကို အချစ်မေတ္တာ၊ ကရုဏာ ရည်တူလှရာတွင် တစ်ဦးတည်းကိုသာ ကောက်၍ မပေးစားရက်သောကြောင့် ညီနောင်လေးပါးကို ခေါ်ပြီးလျှင် 'မောင်တို့လေးယောက်ကို သားကဲ့သို့ ငါချစ်သည်ဖြစ်၍ သမီးတော်နှင့် ထိမ်းမြားမည် အကြံရှိသည်၊ တစ်ယောက်နှင့် ပေးစားလျှင် သုံးယောက်သားက ဝမ်းနည်းတော့မည်၊ သဘောတော်မှာ ငါညီမျှ၏။ သမီးတော် နှစ်သက်သောသူကို ဘုန်းတန်းရှင် ဖြစ်စေလော[၆] သမီးတော် နန်းသို့သွား၍ ဖြားယောင်းကြချေ' စေတော်မူသော် ညီနောင်လေးပါးလည်း နာရဏီရွှေနန်းသို့ သွားကြလေ၍ နန်းထက်သို့ ရောက်လျှင် သဒ္ဒသာရမင်းသားက နန်းတော် သာယာကြောင်းကို အထူးထူးသော စကားဖြင့် ချီးမွမ်းပြောဆိုထည့်လျှင် သာသာယာယာ မေတ္တာရောက်စရာအသံကို မင်းသမီး ကြား

၁။ နှစ်လိုဖွယ်ရာ—စ။
၂။ သံလျက်ကိုယ်စီ ကိုင်စွဲ၍—စ။
၃။ သူတကာတို့လည်း—ဗ။
၄။ ထိုသူလေးယောက်တို့ကို မြင်တော်မူသော် —စ။
၅။ အလုံးစုံ ပြောလေ၏—စ။
၆။ ဘုန်း တန်လျှင် ဖြစ်စေတော့လော—ဗ။





သော် ဆွတ်ဆွတ်လွတ်လွတ် ကြည်ညွတ်သော စေတနာသည် အလွန်တရာ စုံမက်သည်ဖြစ်၍ ခြသေ့ခံသော လေသာနန်းတံခါးကို လှစ်ဖွင့်လျက်ကြည့်သော်[၁] ရူပသာရမင်းသား၏ အဆင်းသဏ္ဌာန်ကို မြင်ပြန်မိ၍ မချိမဆံ့အောင် ကြည်ညိုခြင်း၊ သနားခြင်း ပြင်းသည်ဖြစ်၍ တိမ်းတခိုက်ခိုက် ရှိပြန်ပါသည်ကို လေညာက ဖြိုးတည်[၂] ဂန္ဓသာရ မင်းသား၏ ကိုယ်ရနံ့က စိတ်ပြန့်ပြူးအောင် မွှေးတည့်ပြန်သော် ဥပါဒါန်တွေ စု၍ ကရုဏာသက်ခြင်း၊ တပ်မက်ခြင်းသည် ပြင်းပြစွာ ပွားများသောကြောင့်[၃] ထပ်၍တိမ်းတခိုက်ခိုက် ရှိပြန်၏။ ဖောဋ္ဌဗ္ဗသာရမင်းသားက ''သုံးယောက်စလုံးကိုပင် မင်းသမီး စိတ်ညွတ်လေပြီ ငါလည်း နှစ်သက်အောင် ပြုကောင်း၏'' ဟု ကြံ၍ မင်းသမီး မောသည်ကို မ စ ဟန်နှင့် လက်ကို ဖက်ယောင်ပြု၍ ထိစေသော်[၄] နူးညံ့သိမ်မွေ့သော အတွေ့ကို တွေ့ခြင်းကြောင့် ရိုးတွင်းခြင်ဆီ စိမ့်ပြန့်၍ ချစ်ခြင်း၊ သနားခြင်းဖြင့် အလွန်တစ်ဖန်၍ တိမ်းတခိုက်ခိုက် ရှိပြန်၏[၅]။ မင်းသားညီနောင်တို့လည်း ဂမ္ဘဏ္ဍကီဝါမင်းသမီးကို လေးဦးစလုံး နှစ်သက်၍ ချစ်စေတတ်သော မိမိအစွမ်းဖြင့် လှုံ့လပြုကြ၏။

မင်းသမီးလည်း[၆] မင်းသားတစ်စုမှာ ဘယ်သူ့ကိုသာ စေတနာပိုင်းခြား၍ မှန်းထားစရာမရှိ[၇]၊ ကြားမိလျှင် ကြည်ညိုခဲ့၊ မြင်တဲ့ပြန်လျှင်လည်း စိတ်မြတ်လေ၊ ပျံ့မွှေးသည်မှာလည်း ချစ်ခင်မိ၍၊ အတွေ့နှင့် ကြုံပြန်လျှင်လည်း အာရုံမပြယ်၊ ပစ်ပယ်စရာ လားလားရွေး၍ပင် မရနိုင်ပြီ။ ညီညီမျှမျှသာ ချစ်ရှာရသည် အမှုနှင့် ဘယ်သူ့ကိုမှ မပစ်ပယ်ရက်အောင် ရှိလေသော် စိတ်နေရာ ကစားလျက် စဉ်းစားဆယ်ဆယ်ခါ ဆပြီးလျှင်[၈] တစ်ဦးတည်း၌ အာရုံမသတ်နိုင်ခြင်းကြောင့် တပင်တိုင် နန်းလယ်မှာ အရွယ်တော်ယွန်းယွန်းပင် ရှိလေသည်နှင့်[၉] မင်းသားညီနောင်လေးပါးသည် အလကား ဖင့်၍ ကြာမြင့်သော နေ့ရက်ဖြင့် အသက်တော်ရင့်ရင့် ရှိကြလေသော် မင်းသမီးကို ငြီးငွေ့လှအောင် မြင်ဖန်များ၍ သနားသောစိတ်သည် တဆိတ်တပေါက် ပြယ်ကြလေလျှင်

၁။ လှစ်လျက် ကြည့်သော်—ဗ။
၂။ လေညာဖြိုးတည့်၍—စ။
၃။ ကရုဏာ သက်ခြင်းသည် ပြင်းစွာ ပွားများ တပ်မက်မောသောကြောင့် —စ။
၄။ အယောင်ပြု၍ သိစေအောင်—စ။
၅။ ချစ်ခင်သနားခြင်းသည် အလွန်ထက်တိမ်းတခိုက်ခိုက် ရှိပြန်၏—ဗ။
၆။ ဂမ္ဘဏ္ဍကီဝါ မင်းသမီးလည်း—စ။
၇။ မှန်းထားစရာ နေရာ မရှိ—စ။
၈။ စိတ်နေက ရထားလျက် စဉ်းစားလီဆယ်ပါ မကြည်ကို—ဗ။
၉။ အရွယ်တော် လွန်လွန်ဝင် ရှိလေသည် —စ။

www.burmeseclassic.com



တိုင်ပင်စဉ်းစား၍ မင်းသမီးတစ်ပါးကို လေးယောက်သားစု၍ လုသလို ရှိကြတော့မည်။ တစ်ပါးတစ်ပြည်မှာ လှည့်လည်ရှာလို၍ ညီအစ်ကို မင်းသား လေးယောက်တို့သည် ထွက်သွား စွာဆုတ်ကြလေသော် ဂမုတ္တဂီဝါမင်းသမီးလည်း သပြေသီးကို စားရသော သူငယ်ကဲ့သို့ လေးယောက်ဝယ်သာ စုံမက်၍ အသက်သို့တိုင်ဖူးရလေသည်။

ဤကဲ့သို့လည်းကောင်း အကြောင်းအရေး၊ အသွေး အရည်၊ အတည်းအစွမ်း၊ ဂုဏ်ချင်းမျှသူ အကြံတူ မင်းသားသည် သုံးလေးပါး စုရုံး၍ နှလုံးစိတ်က အရချောင်းမြောင်းလျက်[1] သျှိကောင်းချင်းဆုံမိလျှင်[2] နေမိသည့် ကျေးဖူးသုံးလေးဦးစလုံးမှာ မေတ္တာထပ်မွှမ်း၍ တပြွမ်းတည်းအချစ်ညီလျှင် ပဥ္စာလဝီနာဂရမှာ ဂမုတ္တဂီဝါမင်းသမီးကဲ့သို့ စိတ်ပြီးခဲ့သော အခင်းကြောင့် ဘယ်မင်းသားကိုမျှ သဘောမကျ မလျာထားနိုင်၍[3] တပင်တိုင်နန်းလယ်တွင် အရွယ်တော်လွန်းဖူးသကဲ့သို့ ရှိချေလျှင် ကျက်သရေတော်ယွင်းမည်အမှုကို မင်းတစ်ခု ကိုယ်စားစပ်ကြားက စိတ်ပူနှင့်တော့သည်။ အပြည့်ပြည့် အတိုင်းတိုင်းက ဝိုင်း၍ အုံညီသော်လည်း ဖမ္မူဒီအဝန်း လေးကျွန်းလုံးသားကို မဆိုထားနှင့်ဦး။ အထူးထူးသော စကြဝဠာကပင် အရာအထောင်ပြိုင်၍ ဆိုင်လာနှုန်းလာသော်လည်း ရွှေဘုန်းတော်ရှိန်ကို ခံ့ဝံ့မည့်သူ ရှိမည်လော[4]။ သို့စင်သော မင်းသားမြတ်ကို ထား၍ စွမ်းအားရည်တူသော မင်းသားချင်းပင် ဖြစ်သော်လည်း လ နှစ် မများသင့်၊ ချင့်လွန်းတွေးလွန်း၍ အရေးမရနိုင်သော မင်းသားတို့ထုံးပုံကို နှလုံးကျအောင်[5] လျှောက်ပါတော့သည်–ဟူ၍ ပညာဟာသက ဆိုသော် ရာသီမုတ္တာကလည်း 'မရှင်မဒုမသိင်္ဂီငယ် .. အရှင့်သားတော် သမီးတော် ဖြစ်ကြ၍ ရွှေမေတ္တာ မယွင်းယိုလျှင် ကာသိုလ်တော် နှစ်ပါးဖန်အောင် ကြံဆောင်လျှောက်ချင်စိတ်နှင့် အရိပ်အခြည်ကြည့်ရှု၍ တော်မည့်အခိုက်တွင်မှ တိုက်ရိုက်တစ်ချက်၊ ပြက်ရယ်တစ်သွယ်၊ ကျီစယ်သလိုလို[6] မျက်နှာတော်ချိုချိုနှင့်[7] ရယ်ဆို ရယ်မောခိုက်တွင် လျှောက်မိအောင် လျှောက်မည်။ ကြံစည်ဆင်ခြင်၍ ပုံပြင်နှင့် ဆိုသော်လည်း အလျင်လို

၁။ နှစ်စိတ်လှ အလှအရ ချောင်းမြောင်းလျက် –တ။
၂။ ဆိုင်မိလျှင်–စ။
၃။ မရတည့်နိုင်၍–တ။
၄။ ရွှေဘုန်းတော်ရိပ်ကို မခံ့မည်သူ ရှိမည်လား–စ။
၅။ နှလုံးချောအောင်–စ။
၆။ အပျက်အပြည် ကြည်ဆယ်သလိုလို – တ။
၇။ မျက်နှာထားတော် ချိုချိုနှင့် – စ။





မင်းများက စကားတတ်တော်မူကြတိုင်း စံနှိုင်းသော ဥဒါန်းကို[1] လွန်ဆန်အောင် ပုံဆောင်၍ပြောလျှင် လောဦးမည်ပင် ကြံသော်လည်း ဆန္ဒရှိရာနှင့် မတူသော်ကူညီ၍ မလျှောက်မထားဘူး မှတ်တော့မည်။ စကားတတ်ရည်မမျှ[2] မင်းမိန်းမဖြစ်ချေသည်ကိုကား (တတ်တော်မူကြတိုင်း ပြောဆို၍)[3] ပတ္တမြားနန်းထက်တွင် မရှင်ရို၊ ကျွန်မရို့သည် တချို့တစ်ဝက် ကျမ်းထွက်ဂန်ထွက် ရှိလျှင် ဖတ်မိ၊ ကြည့်မိ၍ သတိရသမျှတွင်ရွှေ့သာ စာတွင်ရှိသည့် အတိုင်းကိုသာ ပုံနိုင်း၍ လျှောက်ရချေသည်။

'ပွေပွေလီလီ လူတို့ပြည်က[4] ရှေ့နေတော်မင်းများမှာ စကားအရာဒွ ပဒေသာကဲ့သို့ လျှောက်ပါသမျှဥပဒေကို ဆင်ခြေကြေအောင် ချေသကဲ့သို့ သူတို့အလိုလို စကားကိုဖန်၍[5] ပုံစံနည်းနာ၊ ဒဏ္ဍာရီ ဝစန၊ လောကဝေဝုစ်[6] ကို ထုံးတမ်းလုပ်၍ ပြောနိုင်သော ပညာရှင်ကို တဆိတ်တပေါက်မျှ မလျှောက်မထားဘဲ မင်းသားမြတ်၏ ရွှေမျက်နှာတော်ကိုလွှဲ၍[7] နေရာရောက်လျှင် ရှိင်းပေါက်ဖြစ်သည့်အင် အပြစ်တင်ရန် ရှိတော့မည်။ တစ်နေ့က ရောဟနမိတ္တာနှင့် ဂန္ဓမာလာတို့ စကားတွင် အရှင့်သားဆီသို့ ရိပ်၍[8] တစ်ဆိတ်ကယ်စနလိုက်သော်[9] ချစ်ကြိုက်သည့် စိတ်ထားပင် ရှိသော်လည်း ထိထိရောက်ရောက်အမှုကို ရှက်ကြောက်တော်မူတတ်၍ လတ်တလော ညှိုးနွမ်းမည်အရာကိုသာ စုံစီနဖာ လျှောက်ပါလိုက်ပါဘိ။ သို့မှုပင် မပေါ့မလျော့ကြောင်းကို သိ၍ သတိရချင်တော် မူကြတော့မည်' ဟူ၍[10] ရာသီမုတ္တာက ပဒုမသိင်္ဂီကို စကားကမ်းသော် ပညာဟာကလည်း 'အရှင့်အရေးတော်ကို ဆောင်ရွက်ပေသော မင်းရတနာတို့သည် ဥပမာကိုညွှန်သော ကျမ်းဂန်၊ ပေစာနှင့်[11] သည်က လျှောက်ပါသော စကားပုံစံများကို စကားကုန်တတ်၍သာ ပွေပွေလီလီပြောဆိုသည်ဟူသော စိတ်အနေနှင့်[12] ရှေ့နေမဖြစ်ကြောင်းများကို[13] နားသာချိုရုံ မိန့်တော်မူကြမှ "အနှစ်

၁။ စံနှိုင်းသောဥပါဒန်ကို–စ။
၂။ စကားတတ်ရင်း မမျှ–စ။
၃။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ် များ – ဇမ္ဗူ၌ မပါ။
၄။ ဖွေဖွေနည်းနည်း လူပြည် အောက်ပြည်က–တ။
၅။ သူတို့အလိုလိုက်က စကားကိုဖန်၍–တ။
၆။ ခန္ဓာရိပနှာသ လောကဝေဝုမ်–တ။
၇။ ရွှေမျက်နှာတော်ကို ခွဲ၍–စ။
၈။ အရှင့်သားထံသို့ ရမ်း၍–စ။
၉။ တဆိတ်ကယ်စမ်းလိုက်သော်–စ။
၁၀။ သတိချင့်တော်မူကြတော့မည် ဟူ၍–စ။
၁၁။ ဥပမာကို ညွှန်သော် အရသာ ကျမ်းဂန် ပေစာနှင့်–တ။
၁၂။ ပုံစံများသည် စကားကုန်း မှတ်ယူသော စိတ်နေဖြင့်–တ။
၁၃။ ရှေ့နေဖြစ်ကြောင်းများကို–စ။



www.burmeseclassic.com

www.burmeseclassic.com



မပါသော ဖော့အူနှင့် ကလူကစားသည့် နတ်သည် သွေးစက်စက်ယိုသည်'' ဟု ရေးဆိုသော ထုံးဟောင်းနှင့် အကြောင်းတူရာ ရောက်မည်ကြောင့် မလျှောက် မထား နေချင်လျှင် မရှင်တို့ မိန့်တော်မူသော ပုံစံနှင့်နည်းတူ အယူတော်စွဲကြ၍ နေလွှဲ ရက်ကြာ ရှိမည်ကို စိုးရိမ်ကြောင့်ကြ၍ တတ်သမျှသော ပုံစံကို မကျန်မကြွင်း လျှောက်ခြင်းအကြောင်း ဖြစ်ပါသည်။

'သို့ရာတွင်[၁] ထွေထွေရာရာ ပြောသော်လည်း သဘောမပေါက်ပြီ လျှောက်တော်မူကြသည်တွင် အရှင်မင်းသမီး အမိန့်ကိုသာ ခံလိုပါတော့သည်' ဟူ၍ ပညာဟာသက ဆိုသော် ပဒုမသီဂီကလည်း 'လူပျိုတော်ပညာဟာသ၊ မြကို ကြိုးလိမ်၍ စိန်နှင့်တစ်တန့်စီ ဖောက်လျက် ကျောက်ကိုးပါးအစုံကို ပန်းအုံကြီး လုပ်၍ အဆုပ်အဆုပ်စီသော မှန်ဖလီပျဉ်ထောင်နှင့် ပယင်းနန်းတော်ဆောင်မှာ စံပယ်တော်မူမည့် အဆင်အယင် မျက်ရှင်ပတ္တမြား အလျားတစ်ဆယ့်နှစ်ထွာ၊ အနံမှာ လေးတောင်ရှိသော ဖောတိရသရတနာကို ခြေလေးချောင်းမှာ မနုသီဟ ကြုကြုရှုရှုထိုင်ဟန်နှင့် မသာရကန်ကျောက်ကို အစွယ်၊ အသွား၊ နရားစွယ်ထုတ်၊ တိုးရှပ်မှာ[၂] လက်တော်တင်၊ အုံးတားတော်တွင် ကရဝိက် လည်ချိတ်၍ နေဟန်နှင့် သလွန်တော်ရတနာမှာ ရွှေကြာငုံထွတ် နနွှမ်တ်ကဲ့သို့ နတ်ဝတ်လဲ ဆင်စေလျက်[၃] ခြင်္သေ့ရေအပေါ်မှာ စာမရီသားမွေး အသေးအညှံ့ကို အကန့်သဖင်ခွေလိုက်၍ စာပေါင်းသိုက်ကဲ့သို့သော ကမ္ဗလာအုံးဝယ် ဂျုန်ပြည်၌ ရောက်သော လက်ပံပွင့်လဲဝါကို အခေါက်တစ်ရာ ထပ်၍ထားမှ မျက်ပါးရွှေ တစ်လွှာခန့် နုသည့်)[၄] အထူးထူးသော နတ်ပိတ်ဖြူပါးပါးကို များများထပ်၍ ခင်းသော ပယင်းနန်းဆောင် သလွန်တော်ဝယ် စက်တော်ခေါ်၍ ပျော်တော်မူစဉ် မှန်ပျဉ်တောင်ဖလီနှင့် ကတ္တီပါမျက်နှာကြက်အောက်မှာ ဘယ်ကရောက်သည် မသိ၊ သတိမရ လုပသော အဆင်းသဏ္ဌာန် တောင်ပံသိဂ်နိုက်လိုနှင့်[၅] လိပ်ပြာကလေးသည် –

တောင်ပြေး မြောက်ပြေး ဖွေရှာ၍ လူးလာတုံ့ပျံ[၆] မြည်သံ
တဖျတ်ဖျတ်နှင့် တောင်ဟန်ခတ်၍ ဝဲရာတွင် ဖွဲဖွဲငွေ့ငွေ့ မွေ့မွေ့
ညက်ညက် အသက်ရှူသည်လောက် လာသော လိပ်ပြာကောင်က
လေးညင်းပြုသောကြောင့် ညှံ့နုလှသော နတ်စက်ရာသလွန်သည်

၁။ ထိုအရာတွင်—စ။
၂။ နရာစွယ်ထိုး၊ နရားရှပ်မှာ—စ။
၃။ ရွှေကြာငုံဦးပွင့် နနွှမ်တ်မွတ်ကဲ့သို့ ဝတ်လဲခင်းစေလျက်—ဗ။
၄။ ( ) ဤကွင်းစိတ်အတွင်းရှိ စာပိုဒ်များ၊ စာအုပ်မူ၌ မပါ။
၅။ လည်ဆံသီဂီနိုက်လိုနှင့်—ဗ။
၆။ လူးလာတုံ့ပြန်—ဗ။





တံခွန်လှိုင်းအိ ထ သည်နှင့် ဖောတရမြပွင့် ပန်းရင်းဆီ တစ်ခိုမှာ
ရွှေကိုယ်တော် အေးချမ်းအောင် ပျံသန်းလာရှိရာတွင် ချမ်းပါဘိသည်
မိန့်တော်မူ၍ ပင့်ကူချည်သေးထက် လေးငါးဆသာကျူး၍ ညှံ့နုသော
အကြောတော်ကို လေဆော်၍ တဖျတ်ဖျတ် ကျောက်စုံရောင်ဟပ်ရာ
တွင်[၁] အထပ်ငါးရာ မုခ်ပါပြတင်းကို လေညင်းလာလို့မှ မပိတ်ပါဘဲ
နေကြလေသည် –

မိန့်တော်မူသော် အပျိုတော်များ တန့်နားတဲ့ချင်၊ လာတဲ့ချင်ဖြစ်၍[၂] လေပြည်ပကတိ မထင်သောကြောင့် စိန်မင်စံရွဲကို ဆွဲသည့် အထက်က[၃] မျက်နှာကြက်ပေါ်ကို ကြည့်မျှော်ကြရာတွင်မှ လိပ်ပြာကလေးကို မြင်သော် 'မျက်ရှင်ဝင်းပြောင် အဆောင်ငါးရာတွင် မုခ်ပါပြတင်း[၄] ကို တစ်ပေါက်ကယ်မှ မဖွင့်မလှစ်ကြပါ။ ပရမာဏုမြူကိုမှ လေယူ၍ မလာနိုင်သော နန်းရိပ်ကို ဘယ်နိမိတ်၊ ဘယ်သြဘာကြောင့် လိပ်ပြာကလေး မျက်နှာကြက်က ဝဲလျက်နေသည် မသိ။ ထိုလိပ်ပြာကလေး၏ လေပြည်တောင်ဟန်သံဖြစ်ပါသည်' ဟူ၍[၅] ဇမ္ဗူသုန္ဒရီတို့က သံတော်ဦးတင်ကြသော် ထိပ်ထားသခင်လည်း ကြည့်ချင် မြင်ချင်သော ဆန္ဒရှိသောကြောင့် 'ထွန်းညီရောင်မြူး ဆန်းထူးသော သည်အကောင်ကို ရအောင်ဖမ်းလို့ ပေးကြပါ' မိန့်တော်မူလျှင် ဇာယုရတနာ၊ ဒီဃကေသာတို့သည် ပဝါရွှေချည်မိတ်ကို အမြိတ်စွန်ဖျားက လက်ဆုပ်လျက်[၇] စုပ်စက်ခေါ်လို့ပင် ဖမ်းကြပါသော်လည်း မျက်နှာကြက်ပေါ် ကြာယပ်ကို ဆင်းတဲ့၍ မင်းသမီးမြတ်ကို လေးငါးပတ် လှည့်ကာ ဝဲကာ ပျံသည်နှင့် မြပွင့်ပြောက်စုံဝယ် ဝတ်မှုန်အင်္ကျီ တိမ်နီလက်ကျပ် အတောင်ခတ်သော လေချိုကြောင့် ခွာသလို ကျွတ်ရာတွင် –

လိပ်ပြာပလီသည် အင်္ကျီလယ်ခွံကြား၌ ဝင်၍နားလေသည်နှင့်
မပျံမသွား နေလေသော် အထိန်းတော် ဂဏာသီရိက 'လှပါဘိသည်
ဘုရားငယ် ... သနားကမား' ဆို၍ လိပ်ပြာကို လက်နှင့်တို့မိသော်[၈]

၁။ လေးငါးဆထက် ဥသော မြူ ကျောက်စုံ ညည်ရုံသင်တိုင်း တပိုင်း အမြိတ်စွန်က တန်လုပ်သလို လုပ်ရာတွင်—ဗ။
၂။ ရတနာတဲချည်ပြင့်—ဗ။
၃။ စိန်မင်ခံ ရွှေရွက်ဆွဲသည့် အထက်က—စ။
၄။ မှတ်ပါပြုထောက်—စ။
၅။ မျက်နှာကြက်ပေါ်က ဝဲလျက်နေရာတွင် လေပြေတောင်ဟန်သံ ဖြစ်ပါသည် ဟူ၍—ဗ။
၆။ ထွန်းညီလှံ့မြူး ဆန်းထူးသည့် အကြောင်းကို—စ။
၇။ ပဝါရွှေချည်ပိတ်ကို အမြိတ်စွန်းက လက်ဆုပ်လျက်—စ။
၈။ လက်နှင့်တိုက်မိသော်—ဗ။



www.burmeseclassic.com

www.burmeseclassic.com



မငြိမ်မတန့် လန့်ဖျပ်၍ပျံရာတွင် ဗိမာန်ဆောင်လုံ ရွှေဘုံ ရွှေနန်းတော်အောက်မှာ ပျောက်၍ သွားလေလျှင် ထိပ်ထားတင်မှာလည်း 'ငါလိုချင်သည့် လိပ်ပြာကို အမယ်ဂဏာသီရိ ယူလို့ပေးပါ' အသံကလေးတစာစာနှင့် ငယ်ရာငယ်မူ တပူဆာဆာနွဲ့လေသော် အထိန်းတော်ဂဏာသီရိလည်း 'တို့မိလေခြင်း' ဆို၍ ကိုယ်တော်ပါးမှာမှ မနေဝံ့ရှာ၊ ပျာယာပျာယာနှင့် ဖွေရှာကျွန်များပြုသော်လည်း ခုတင်ခုသာပြော၍ တောင်းတော်မူပြန်ရာတွင် ရောဟနမိတ္တာက 'ဒေဝမီတာ ဟောပြောချက် အိပ်မက်ခန်းဆီများက သီကာရီကာ သွယ်ငင်လျက် သံသရာတစ်ဘဝက တူကွစံပျော် ကြင်ဖော်ဖြစ်ခဲ့ဖူး၍[၁] ရွှေမေတ္တာမပြယ်ဆင်စွယ်တဲနန်းက ရော်ရမ်း၍ နေရှာရသော အရှင့်သားသည် ကိုယ်ခြား၍ ကွာသော်လည်း စေတနာတော်နှစ်သက်၍ ကာသိုလ်ဆက်ဖန်ဟောင်းကို ဥပါဒါန်ချစ်စိတ်ကြောင့် လိပ်ပြာအရင်တင်၍ ထိပ်တင်ကို ဖြေဖျော်လာပါသည်။[၂] မတည်မကြာ မင်းသားရှိရာ သွားမည်ကြောင့် နေရာသို့တစ်ဖန် လိပ်ပြာကို ပြန်ပါလေစေတော့ဘုရား' ဟူ၍ ရောဟနမိတ္တာအပျိုတော်က သွယ်သွယ်ငင်ငင် လျှောက်စဉ်တွင်–

ရာသီမုတ္တာက 'မရှင်ငယ်ႉ လိပ်ပြာသည် သို့ရောက်လျှင် အရှင်မင်းသားကြွတော်ထည့်လာအောင်[၃] ရည်စောင်၍ အပါးမှာထားတော်မူသည်ကို နေရာပံ့ပူလို့ အမယ်က သူငယ်ထက် ဆော့ချင်၍[၄] တွင်ကျယ်လိုသောအတွက်ကြောင့် လက်မနေနိုင်သည်ကို ရှာပလေစေ စိတ်တော်ပြေအောင် အထွေထွေ သံတော်ဦးမတင်နှင့်' ဆိုသော် ဂန္ဓမာလာကလည်း 'ဣန္ဒကုမ္မာမင်းသားသည် ထိပ်ထားကို စုံမက်၍ တသက်သက်ပင် မြင်ချင်သော ဆန္ဒနှင့်[၅] နွေည ဆွေးနွေး အရေးတော်စောင်မနေသည်ကို လာပေရသည်ဖြစ်လျှင်[၆] ဝမ်းသာလွန်းလို့ မချိပြီ။

'ဂဏာသီရိတို့ မိသောလိပ်ပြာကို မင်းသား လာအောင် အနားမှာဖမ်း၍ ထားသည်ထက် ကျွန်မကိုယ်တိုင် သွား၍ လျှောက်ရပါမူ လိပ်ပြာမဆိုကားနှင့်၊ အရှင့်သား ကြွရောက်လာပါစိမ့်မည်။ နေရာတော်သာ မရှင်တို့က ခင်းနှင့်ကြပါ။ ကျွန်မတာ ရှိပါစေတော့' ဆို၍ အပျိုတော်ချင်း အခင်း

---

၁။ သံသရာဘဝက ထူပစံဖျော် ကြင်ဖော်ဖြစ်ခဲ့ဖူး၍–စ။
၂။ ပြန်ပြောလာဟန် ရှိပါသည်–စ။
၃။ အရောက်မင်းသား၊ ကြွလာတော်မူတည့်အောင်–စ။
၄။ သူငယ်ထက် သာခြင်၍–စ။
၅။ ဖူးချင်သောဆန္ဒနှင့်–ဗ။
၆။ လာရမည်ဖြစ်လျှင်မှာ–စ။





အရေးကို အဝေးကရော်ရမ်း အကျော်အငန်းချောင်းမြောင်းလျက် စကားစောင်းပစ်ကြရာတွင်[၁] 'စိတ်ပါ မာန်ပါ ငယ်ရာငယ်မူနှင့် သူတို့စိတ်ရှိတိုင်း ထိထိရောက်ရောက် မြှောက်တင်နိမ့်ချ အစစ စကားကို ဆိုရလျှင် ငါ ငိုမိတော့မည်' ဟု ပျောင်းအိယဲ့ယဲ့ နွဲ့သံ မပီတပီနှင့် တီတီတာတာ လည်ခါ ဦးခါ မိန့်တော်မူသော် ပြောမိသူ ဂန္ဓမာလာတို့မှာ လျှာကိုထုတ်၍ နောက်ကို ဆုတ်ရှာ၊ လက်ဖျားခါ၍ နေရာ မရအောင် ကြောက်လန့်ကြသည်နှင့် ထိပ်တင်ရွှေမျက်နှာတော်မှာလည်း အာနီပုလဲဥကဲ့သို့[၂] မွေးနုရှင်ရှင်နှင့် ပါးပြင်ဆီတစ်ခိုမှာ နှင်းရည်ယိုဖျန်းလာသော ရန့်ကြိုင်မွှေး ချွေးစီစီစုတဲ့၍ ညိုညိုရှိသော ရွှေမျက်နှာတော်ရိပ်ကြောင့် တိတ်တိတ်ပင် ကျွန်မရို့ တစ်စုလုံး ရှိရချေသည်။

ပြေပြေလည်လည် တာရှည်အောင် စကားကို ပျော်ပျော်ပါးပါး မလျှောက်ထားရ၊ ရေးကာလများကဖြစ်လျှင် လက်ယုက် ကချေ၊ ပလွေမိကျောင်း၊ စောင်း ပတ္တလား၊ ရွှေနားတော်သွင်း သံညင်းသံလွင်ပါ ပုံသာသီချင်းနှင့် နှစ်သိမ့်အောင် အငြိမ့်စုံခံသော[၃] ညဦးယံပွဲတော်ပြီးလျှင် တစ်ချက်တီးကျော်မှ သလွန်တော်ရတနာမှာ ညီလာခံ၍ စံတော်မူသည်တွင် ရယ်ရွှင်ရယ်ရွှင်နှင့် ကျွန်မတစ်စုတို့ အမူမူဦးနိုက်၍[၄] စိတ်ကြိုက်ပင် လျှောက်သော်လည်း တစ်ယောက်ကိုတစ်ယောက်ကသာ တဖွာဖွာတက်အောင်[၅] ငြင်းကြ၍ မင်းထိုက်သော၊ စိုးထိုက်သောဟု ရယ်မောပျော်ပါး၍ ကျီစားကြသည်ကို သည်နည်းတစ်ခါမှ မနာလိုဟန်မပြု၊ တုပ၍ စကားကို ကျီစားလျှင် ကျီစားခြင်း (ငြင်းလျှင် ငြင်းခြင်း၊ လိုက်လျှင် လိုက်ခြင်း၊ စရောစလိုက်၊ ပျော်ပိုက်စိတ်လို၊ ရယ်ဆို ရယ်မောနှင့်)[၆] တသောသောရွှင်မြူးနေကြ ဖြစ်ပါသည်ကို[၇] ယမန်က နေခြည်ရှိန်ရာတွင် ရွှေနံ့သာ ဂေါသီတကိုသနားတော်မူသောကြောင့် ရွှေမဥ္ဇူပန်းကို ဆက်၍ ရွှေစကြာရင်းက အပြန်တွင် မရှင် ရာသီမုတ္တာသည် အထွေတစ်ရာ ရာသီပါစကားနှင့် ဆန်းပြားထွေထူး ရေကူးညာတင် လျှောက်ပန်ဆင်သည်ကို[၈] အရိပ်အခြည် ဖမ်းမိ၍ ထိထိရောက်ရောက် ရက်ကြောက်စရာ ထွေရာလေးပါး ကျီစားကြမည်စိုး၍[၉] စိတ်ဆိုးကျွန်သာပြုသည်နှင့်[၁၀] လူစုများလျှင် စကားမုကြာကြာ ရယ်ကာ မောကာ မမိန့်တော်မူလိုပြီ။

---

၁။ အဝေးက ရမ်းရော်လျက် အတွင်းတော်ကနေ၍ ချောင်းမြောင်းလျက် စကားစောင်းပြစ်ကြရာတွင်–စ။
၂။ အနီပုလဲဥကဲ့သို့–ဓ။
၃။ တစိမ့်စိမ့်နှင့် အညိမ့်စုံခံသော–ဗ။
၄။ ကျွန်မတစ်စု သူ့ဆီကိုနိုက်တိုက်၍–ဗ။
၅။ ဖွာဖွာတက်အောင်–စ။
၆။ ( ) ငင်းကွင်းစိတ်အတွင်းရှိ [illegible] များ ဗမူ၌ မပါ။
၇။ ရွှင်မြူးနေကြပါသည်ကို–စ။
၈။ ရေကူးညာတင် လျှောက်သည်ကို–ဗ။
၉။ ကြည်စားကြမည်ကို စိုး၍–စ။
၁၀။ စိတ်ဆိုးငြင်သာ ပြုသည်နှင့်–စ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စိကို ထိမည်ကြောင့်[၁] အခွင့်သိနှင့် နေသည်ကို[၂] အထွေထွေစနစ်၍ ကျွန်မရှိ လျှောက်ထည့်သော်[၃] မာန်တော်ပေါက်ပြန်လျှင်[၄] မခံနိုင်အောင် ရှိမည်ကို ကြံစည်မျှော်တွေး၍ အရေးစောင့်ရသည်ပုလဲ မြဲသည်မရှိ။ သတိတော်ပြတ် မေ့တတ် လျော့တတ်သည် တစ်သွယ်၊ ယေ်စိတ် ယေ်လက်ကို မဖျက်တတ်သည် တစ်ပါး၊ အလျှောက်အထား ခဲယဉ်း၍[၅] အခင်းသိပေါင်းကို[၆] ချောင်းမြောင်းတော် သင့် အခွင့်သာယာလျှင်[၇] ကျွန်မတို့ နောက်ယို့၍ မနေပါ[၈]၊ တစ်ခါတည်းနှင့် ပြီးအောင် ကြံဆောင်၍ လျှောက်ထားပါမည်။ အရှင်သား ရွှေဗျာဒိတ်ကို ဦးထိပ် ရွက်ဆင်၍ ယခုပင် မင်းသမီးနားကြားအောင်[၉] လျှောက်ထည့်လျှင် အလျှောက် အခွင့်သာ၍ ဂန္ဓမာ နန်းထက်သို့ ရွှေစကြာ ဖြန့်တော်မူလို့[၁၀] အတူနှစ်ပါး စံစား ရွှင်ပျော်သည်ကို ကျွန်မများ တစ်စုက သေလုအောင် ရှုချင်လိုပါသည်။[၁၁]

အခွင့်မသာ၍သာ နှေကြာ ရက်ဝေး နှောင့်နှေးရှိနိုင့်ရသည်–ဟူ၍[၁၂] နှလုံးတော်အယူရှိကြပါမှ[၁၃] ကာလအရှည် ချစ်ကြည်ယုံမှတ် ရွှေစက်တော်ကို ထိပ်ပေါ်မှာတင်ရွက်၍[၁၄] တစ်သက်ပတ်လုံး[၁၅] ရွှေဘုန်းတော်ရိပ်ကို ခိုလှုံရတော့ မည်–ဟူ၍ ပဒုမသီဂီ၊ ရာသီမုတ္တာတို့က လူပျိုတော် ပညာဟာသကို ပြောဆို သော် ဖွားဖက်တော် ပညာဟာသတို့ကလည်း[၁၆] ရတနာမင်းနှတို့ ယခု မိန့်တော် မူသည်မှာ ဆိုဖွယ်ရာမရှိအောင် ဇာတိမြတ်မြင့် အရှင့်အသရေနှင့် ဆေးလေး ယဉ်ယဉ်[၁၇] အစဉ်ကိုယ်ဖို့ မချို့တဲ့အောင် (ကြံဆောင်ထမြောက်)[၁၈] နောင်ကိုလည်း

---

၁။ သူ့စိကို ထိမည်ကြောင့်–စ။
၂။ အခွင့်သင့် သိနှင့်၍ နေသည်ကို–စ။
၃။ စနလျက် ကျွန်မတို့ လျှောက်တည့်သော်–စ။
၄။ မာန်တော် ဖောက်ပြန်လျှင်–ဖ။
၅။ အလျှောက်ထား ခဲယဉ်း၍–စ။
၆။ အစည်သိပေါင်းကို–ဖ။
၇။ ချောင်းမြောင်း၍ တော်ရာတွင် အခွင့်သာလျှင်–စ။
၈။ ကျွန်မရှိ နောက်ရိုး၍ မနေပါ–ဖ။
၉။ ယခုပင် မင်းသမီး နားကျအောင်–စ။
၁၀။ ရွှေစက်ဖြန့် ကြွတော်မူလို၍–စ။
၁၁။ သေလုအောင် မြင်လိုပါသည်–စ။
၁၂။ နှေကြာ ရက်ဝေး ရှိနေနိုင့်ရသည်ဟူ၍–စ။
၁၃။ အယူရှိကြမှ–ဖ။
၁၄။ ထိပ်ပေါ်ရွက်၍–ဖ။
၁၅။ တသက်ပန်းလုံး–စ။
၁၆။ ပညာဟာသကလည်း–စ။
၁၇။ ဇာတိ မျက်မြင် အဆင်အရေးနှင့် ဆေး လေးလျှပ်လည်း–စ။
၁၈။ ( ) ဤကွင်းပိတ်တွင်းရှိ အပိုဒ် ဗမူတွင် မပါ။





ထောက်မျှော်[၁] ပညာတော်၊ သတိရှိတော်မူကြ၍ လူတကာနား ကြားတိုင်း ကြည်ညွတ်[၂] အရှင့်ဝတ်ကုန် နှစ်ပါးစုံအကျိုးရှိ[၃] သုတိသြဇာ ဖြစ်ပါတော့သည်။ သူ့အကျိုးကို လိုလျှင် ကိုယ့်အကျိုးဖြစ်မြဲ[၄] မလွဲသချာ သို့အရာတွင်မှုကား သဘောထားစေတနာနှင့်[၅] သချာမြဲမြဲ မှန်ကန်ဖြောင့်မတ် မရပ်မဆိုင်း သည် အတိုင်း အယူရှိကြပေလျှင် အထွေထွေ နှောင့်ယှက်စရာ မရှိပါပြီ[၆]။ အမီရောက် လျှင် ထမြောက်အောင် လုံ့လပြု၍ ဝီရိယထုတ်သူတစ်ဦး၊ သူတစ်ထူး အမှုကို ကိုယ့်မှုလောက် ရှိသေသော အဆွေခင်ပွန်းတစ်ယောက် မျက်မှောက် မှာသော ခါ တစ်သွယ်၊ ကွယ်ရာ မှာသောခါ တခြား၊ လျှာဖျားချိုချိုနှင့် ကိုယ် မပါသော သူတစ်မျိုး ဆိုရိုးစကားရှိသည်တွင်[၇] မရှင်ရတနာတို့မှာ[၈] စိတ်ပါ ကိုယ်ပါ စေတနာ ရှိတိုင်း ဝီရိယထုတ်၍[၉] ကုတ်ကတ်ကြိုးစားအံ့သောကိစ္စမှာ[၁၀] ရှေးကာလက[၁၁] စိတ္တစူဠလိပ်မင်းကဲ့သို့ ပွင့်လင်းမြင့်မြတ်၍[၁၂] အရှင့် အချီးအမြှောက်ကို လျှောက် ပတ်အောင် ခံစားရမည်သူ ဖြစ်ပါသည်။ အထည်ချင်းတူဟန်ကို ပုံစံနိုင်းနှိုင်း ဆင်ခြင်သော်လည်း[၁၃] ချဲ့ထွင်ပြုသူသာ မနာလိုသံ ပေါက်၍[၁၄] အလျှောက်အထား ပင် ကပ်ချေသည်။ အစောင့်အနေ ထားလေသောအမှုကြောင့်[၁၅] သံသုမာရစီး၍ မင်းသဒ္ဒမွှသည် သောကဝေဖြန်း[၁၆] မပန်းမပင် အလျင်တဆော ချော့ချော့ရောက် သင့်လေလျက် ပန်းမောလေပြန်ရရှာသော ဇာတိကို သတိရစေချင်လှ၍ ပုံပြင်ထုံးများကို လျှောက်ထားလိုလှပါသည်[၁၇]။ ထိုဥပမာကို နားတင်တော် မူပါဦး။[၁၈]

---

၁။ နောက်ကိုလည်း ထောက်မျှော်–ဖ။
၂။ လူတကာ နတ်ကြားတိုင်းကြည်ညွတ် –ဖ။
၃။ နှစ်ပါး အကျိုးရှိ–ဖ။
၄။ သူ့အကျိုးကို လိုလျှင် ကိုယ်လည်း အကျိုးဖြစ်မြဲ–ဖ။
၅။ သဘောသွား စေတနာနှင့်–ဖ။
၆။ မရှိပါပေပြီ–စ။
၇။ ကိုယ်မပါသော သူတချို့ ဆိုဖို့စကား ရှိသည်တွင်–စ။
၈။ မင်းရှင်ရတနာတို့မှာ–ဖ။
၉။ ဝီရိယအားထုတ်၍–စ။
၁၀။ ကုပ်ကပ်အံ့သော ကိစ္စမှာ–စ။
၁၁။ ရှေ့အခါ ကာလက–စ။
၁၂။ ပွင့်လင်းမျက်မြင်–စ။
၁၃။ ပုံစံနှိုင်း ဆင်ခြင်သော်–ဖ။
၁၄။ မနာလိုဟန် ပေါက်၍–စ။
၁၅။ အစောင့်အနေ ထားလေသည့်အမှု ကြောင့်–စ။
၁၆။ သောကဝေမြန်း–ဖ။
၁၇။ ပုံဖြင်ထုံးကို လျှောက်လို ပြောလို လှပါသည်–ဖ။
၁၈။ နားဝင်တော်မူပါဦး–စ။



www.burmeseclassic.com

www.burmeseclassic.com



**အမှုဆောင်က အကျိုးရ ပုံပြင်ဝတ္ထု၊**

ရှေးသောအခါ မလ္လာဘုမ္မိ[၁] ပြည်ကို အစိုးရသော သူရိယစန္ဒာ[၂] မင်းကြီးသည် ဓာရုနန္ဒာ[၃] မိဖုရားနှင့် မခြားနှစ်ကိုယ် ကြည်ညိုနွဲ့မို၍ သိင်္ဂိကြငှန်း ရွှေနန်းရွှေဘုံတွင် အာရုံငြီးငွေ့သောကြောင့်[၄] တစ်နေ့သ၌ မောင်းမမိဿံ ခြွေရံကာလျက် ဗိုလ်ပါရဲမက်နှင့်တကွ (သဘော်နှင့်)[၅] မှော်ရုံတောခြေ[၆] ဝေဠုရိယ[၇] ဆိပ်ဖြစ်သော ကျွန်းဦး၌ ခပ်သိမ်းသော ပျော်မြူးရွှင်ဖွယ်တို့ဖြင့်[၈] ရောင့်ရဲ မွေ့လျော်လျက် စံပယ်တော်မူခြင်းကို ပြုသတည်း[၉]။

တစ်ရံရောအခါ သမုဒ္ဒရာရေကြောသို့[၁၀] သဘော်လွှင့်ခဲ့သည် ရှိသော် ပြင်းပြစွာသော လေမုန်တိုင်း[၁၁] မှိုင်းမှိုင်းသည်းထန်စွာ ဆင်၍ ကောင်းကင်အုံ့အုံ့မြူမှုန်ဝေဝေနှင့်[၁၂] လေပွေကြီးကျလာရာတွင်[၁၃] တောင်ထွတ်မျှလောက်သော[၁၄] ပင်လယ်လှိုင်းတံပိုး ထလေသော် သူရိယစန္ဒာမင်းကြီးနှင့်တကွ မိဖုရား၊ မောင်းမမိဿံ၊ ခြွေရံရဲမက်အပေါင်းတို့သည် သဘော်ပျက်၍ သမုဒ္ဒရာမြစ်လယ်တွင် ကိုးကွယ်ရာမရ တသမပြေ မိတ်ဆွေနှစ်ပါးလည်း[၁၅] တစ်ပါးကို တစ်ပါး ဖန်များ ဟစ်ခေါ်သံသည် တညံညံနှင့် အန္တရာယ်ဘေးမှ မထမြောက်နိုင်သော အဖြစ်ကို ထင်၍ မင်းကြီးလည်း 'ဤသမုဒ္ဒရာရေသည် ဘဝအဆက်ဆက် ငါတို့အား မနိုပ်စက်နိုင်သည် ဖြစ်စေသော၊ နှမြောတော်မူလှသော မိဖုရားသည်လည်း နှစ်ပါးမကွဲ ကြင်မြဲကြင်ရစေသတည်း[၁၆]' ဟု ဆုယူမိဋ္ဌာန်လျက် ရေအန္တရာယ် နစ်မွန်း၍ ရွှေခွန်းမပီတပီ ဖန်တီဖန်တွတ် ဆွတ်လွတ်သနားစရာနှင့် သေရှာရလေသည်[၁၇]။

သူရိယစန္ဒာမင်းကြီးလည်း ထိုကိုယ်၏ အဖြစ်မှ စုတေသော် သီရိရတနာပြည်ကို အစိုးရသော ဓနုဇာန[၁၈] မင်းကြီး မိဖုရား ကလျာဏာစာရီတွင်

---

၁။ မလ္လာဘုမ္မိ–စ။
၂။ စန္ဒာသူရိယ–စ။
၃။ ဓာယုနန္ဒာ–ဗ။
၄။ အာရုံညီးငွေ့နှီးသောကြောင့်–ဗ။
၅။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ် (စ) မှု၌ မပါ။
၆။ မှော်ရုံတောင်ခြေ–ဗ။
၇။ ဝေဠုရိ–ဗ။
၈။ ပျော်မြူးဘွယ်တို့ဖြင့်–ဗ။
၉။ စပွယ်ပြုသတည်း–ဗ။
၁၀။ ရေကြောင်းသို့–စ။
၁၁။ ပြင်းစွာသော လေပါမုန်တိုင်း–ဗ။
၁၂။ မှုံဝေဝေနှင့်–စ။
၁၃။ ကျရာတွင်–ဗ။
၁၄။ တောင်ထွတ်ဖျားမျှလောက်သော–စ။
၁၅။ မိတ်ဆွေနှစ်ပါးသည်–စ။
၁၆။ မြဲ့မြဲ ကြင်ရစေသတည်း–ဗ။
၁၇။ ခန္ဓ ဆုံးလေ၏–ဗ။
၁၈။ ဓာဆက္က–ဗ။





ပဋိသန္ဓေတည်၍ ဖွားလျှင်[၁] သဒ္ဓမ္မမင်းသား–ဟု တွင်စေ၏[၂]။ များစွာသော ဗိုလ်ပါရဲမက်တို့လည်း တစ်ချက်တည်း ထိုပြည်ဝယ်[၃] တရည်အတု[၄] နှဲ့ယူသန္ဓေ တည်နေကြသဖြင့် သဒ္ဓမ္မမင်းသား အခြွေအရံ ဖြစ်ပြန်ကြသတည်း။

ဓာယုနန္ဒာမိဖုရားမှာ ငါးရာသော အခြွေအရံနှင့်တကွ ဇမ္ဗူဒ္ဒီပ ဝဇီရာရေမြှုပ်ဖြစ်သော သမုဒ္ဒရာရေဝယ် သံသေဒဇဖွဲ့ယူ၍[၅] ပုလဲဖြူအညို၌ ပဋိသန္ဓေတည်လေသော် မဏိမေခလာနတ်သမီးလည်း[၆] နေ့တိုင်း စောင်မကြည့်ရှုသည်နှင့် အချိန်နေ့ရက် စေ့သော် သိမ်မွေ့သော ရေမြှုပ်ဝယ် နဝရတ်ဂုဏ်တန်ကဲ့သို့[၇] ခြွေရံငါးရာနှင့်တကွ မင်းသမီးကိုရလျှင်[၈] မဏိမေခလာနတ်သမီးလည်း မဏိမေခလာမြစ်လယ်ကောင်း၌ အဆောင်သုံးဆယ်သော ပြာသာဒ်ကို ဖောတိရသ ရတနာ အောက်ကခံ၍ ပျံကြွနိုင်သော တန်ခိုးအာနုဘော်ဖြင့် ရေပေါ်မှာ တင်၍ ထားပြီးလျှင် နတ်သမီးသည် နေ့ ညမှစ၍ လှံ့လတစ်ခု ယုယ မွေးကျွေးသည်နှင့် အရွယ်သို့ ရောက်လေသော်[၉] ကင်းခြောက်ပြစ်လွတ်[၁၀] ညှံ့မွတ် ဖြူထွားငါးပါးကြွန်ညီ၍ သီတလပပ္ပါ[၁၁] ဟူသော အမည်တွင်စေ၏။

မဏိမေခလာနတ်သမီးလည်း 'ထိုသူ၏ ဖာတိသည် သူရိယစန္ဒာမင်းသား အဖြစ်က ရေနစ်သောခါ[၁၂] ခံရာနတ်ပွဲ[၁၃] ပျော်မြခုနစ်ရက်ကို စုံမက်စရာ ဗိမာန်တွင် ရံဖန်စံပယ်နိုက်မို့ မဆယ်မတင်လိုက်ရ၍ ဘဝပြောင်းရှာသော[၁၄] မင်းသားသည် ဘယ်တိုင်းကား ဘယ်ပြည်၌ ဖြစ်လေသည်မသိ' ဟု နတ်မျက်စိဖြင့် ကြည့်ရှုသော် သီရိရတနာပြည်မှာ သဒ္ဓမ္မမင်းသားအဖြစ်ကို မြင်သည်နှင့် ထိုသူ ရောက်လိုသော စိတ်ဖြင့်[၁၅] လာကုန်အံ့လောဟု ဆင်ခြင်ပြန်လျှင် ဖာတိသရဏ္ဍာဏ်ကို မင်းသားရကြောင်းကို သိရသဖြင့်[၁၆] မြင့်မြတ်သော ကုသိုလ်ကံသည်[၁၇] နဂိုသန်ရင်းရှိသောကြောင့် မဏိမေခလာနတ်သမီးသည် သီတလပပ္ပါ

---

၁။ ကလျာဏာခါရီ ဝမ်း၌ ပဋိသန္ဓေ တည် ချိန်ရောက်၍ ဖွားလျှင်–ဗ။
၂။ သဒ္ဓမ္မမင်းသား တွင်စေ၏–စ။
၃။ တစ်ချက်တည်း ထိုမြို့ဝယ်–ဗ။
၄။ တယည်အတု–စ။
၅။ သန္ဓေတဇ ဖွဲ့၍–စ။
၆။ နတ်သမီးသည်–စ။
၇။ နဝရတ်ကုံးကဲ့သို့–စ။
၈။ ခြွေရံငါးရာနှင့် မင်းသမီးကို ရလျှင် –စ။
၉။ အရွယ်သို့ ရောက်သော်–ဗ။
၁၀။ ကောင်းသောပြစ်လွတ်–စ။
၁၁။ သီတလပဗ္ဗာ–စ။
၁၂။ ရေနစ်သောအခါ–စ။
၁၃။ စံရာနတ်ပွဲ–စ။
၁၄။ ဘဝပြောင်းရှာသော်–ဗ။
၁၅။ စိတ်နှင့်–ဗ။
၁၆။ သိသဖြင့်–စ။
၁၇။ မျက်မြင်သော ကုသိုလ်ကံသည်–စ။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးကို[၁] သဒ္ဓမ္မမင်းသား၏ ရှေးအတ္တုပ္ပတ္တိ[၂] ကို ဖော်၍[၃] စေ့စုံစွာပြောလျက် ထိုမင်းသားရောက်လာမည် မချွတ်ဟု[၄] မှာထားနှင့်၏။ နတ်သမီးလည်း[၅] သံသုမာရ မိကျောင်းမင်းကို ခေါ်၍[၆] 'အသင်သည် ခြွေရံအပေါင်းနှင့်တကွ သမုဒ္ဒရာကမ်း ဆိပ်၌ စောင့်၍ နေရမည်။ ရတနာဗိမာန်သို့ ကူးလိုသော မင်းသား မြစ်ဆိပ်သို့ ရောက်လာလျှင်[၇] ရဲမက်တို့နှင့်တကွ ပြာသာဒ်ပျံနန်းသို့[၈] ရောက်အောင် ပို့ရမည်။ ငါသည်မူကား နတ်တို့၏ စည်းစိမ်၌ မွေ့လျော် စံပယ်ဦးမည်[၉]' မှာထား၍ မဏိမေခလာနတ်သမီးသည် မိမိဗိမာန်၌ ပျော်စံ၍ နေလေ၏။[၁၀]

ထိုအခါ သီရိရတနာပြည်က ဇေဂ္ဂဇာနမင်းကြီးနှင့် ကလျာဏစာရီ မိဖုရား ရင်သွေးတော် သဒ္ဓမ္မမင်းသားလည်း[၁၁] ရှေးဘဝက မိမိ၏အဖြစ်ကို ဇာတိသရဉာဏ်ဖြင့် မြင်၍ မြောက်သားတော် ဇာယုနန္ဒာသည် သမုဒ္ဒရာမြစ်လယ်၌ ပြာသာဒ်ပျံနှင့် ရှိသည်ကို သိရသဖြင့် မယ်တော်၊ ခမည်းတော်တို့ကို အခွင့် ပန်ကြားပြီးသော်[၁၂] ရဲမက်တော်တို့နှင့်တကွ ဇောတိရသနန်းသို့ သွားသောဌာ မဟာ သမုဒ္ဒရာ မြစ်နားသို့ ရောက်လာ၏။ သံသုမာရ မိကျောင်းနှင့် တွေ့ လျှင်[၁၃] ပြာသာဒ်နန်းသို့ ပို့ပါမည်အကြောင်း[၁၄] ခွင့်ပန်သော် မိကျောင်းမင်းက 'အရှင့်သား ကြွလာလျှင် ပို့ရမည်ဟု မဏိမေခလာ နတ်သမီးက အမှာ အထားရှိ၍[၁၅] အစောင့်ထားသောကြောင့် ကမ်းစမြစ်ဆိပ်ဝယ် စောင့်နေရပါ သည်[၁၆]။ သို့ရာတွင် ယနေ့သည် ဘယ်အစာမျှ မစားရသေးပါသောကြောင့် အင်အား နွမ်းလျ ရှိပါသည်[၁၇] ။ ပို့စေလိုသော်[၁၈] ရဲမက်တွင် တစ်ကျိပ်ကို တစ်ယောက်ကျ အစာပြုပေးပါလော' ဟု တောင်းလျှင် သဒ္ဓမ္မမင်းသားကလည်း 'အဆွေ မိကျောင်းမင်း ‥ ကျွန်ုပ်အတွက်ကြောင့် ရဲမက်တို့ မသေစကောင်း[၁၉]၊ ကြိုးစား၍သာ ငါတစ်ယောက်ကို ပို့ပါလော၊ နေပြည်တော်သို့ ရောက်သောအခါ

၁။ မင်းသမီးသို့—ဗ။
၂။ အတ္တုပ္ပတ္တိ—ဗ။
၃။ ကို ခေါ်၍—ဗ။
၄။ ရောက်လျှင်မည် မချွတ်—ဗ။
၅။ မဏိမေခလာ နတ်သမီးလည်း—စ။
၆။ မိကျောင်းကို ခေါ်၍—စ။
၇။ ရောက်လျှင်—ဗ။
၈။ ပြာသာဒ်ပျံသို့—စ။
၉။ စမ္မာယ်ဦးအံ့။
၁၀။ ပျော်စံနေလေ၏—ဗ။
၁၁။ မင်းသားသည်—စ။
၁၂။ အခွင့်ပြန်ကြားပြီးသော်—ဗ။
၁၃။ တွေ့လျှင်—ဗ။
၁၄။ ပြာသာဒ်ပျံသို့ တွေ့ပါမည် အကြောင်း နှင့်—ဗ။
၁၅။ အမှာအစောင့် ထားသောကြောင့်—ဗ။
၁၆။ ခေါ်၍ နေရပါသည်—ဗ။
၁၇။ ရှိပေသည်—ဗ။
၁၈။ ပို့စေလိုသော—စ။
၁၉။ မသေကောင်း—ဗ။





အမဲဟင်းမျိုး ပံ့သကူ[၁] အသားတို့ဖြင့် နေ့တိုင်းမပြတ် စားလိုရာရာကို ကျွေးမွေး ပါမည်။ အခုနေ အခါသာ စားရမည်ထက် တစ်သက်လုံး အစဉ်ဝစွာ စားရ မည်ကို ထောက်၍ ကြိုးစားပို့ပါလော[၂]' ဆိုသော်လည်း မိကျောင်းက 'အစာ ပေးမှ ပို့နိုင်မည်' ဆိုသောကြောင့် မင်းသားလည်း လှိုင်းတံပိုးတို့သည် ငါ၌ အန္တရာယ်ပြုဝံ့မည်လော အမှတ်ပြု၍[၃] ကိုယ်အတွက်ကြောင့် အသက်ကို စွန့် ကောင်း၏ဟု 'ရဲမက်တော်တို့မှာ သည်အရပ်တွင် မကွဲမပြား ရုံးစည်းနေရစ် ကြရမည်' မှာထားခဲ့ပြီးလျှင်[၄] သန်လျက်စွဲယူ၍ ကြီးစွာသော လှိုင်းတံပိုးတို့နှင့် အပြောကျယ်စွာသော သမုဒ္ဒရာကို မိမိအစွမ်း ခွန်အားရှိတိုင်း ကမ်းကခုန်လိုက် သော်[၅] တဥသဘသို့ ရောက်လေလျှင် ရေအပြင်၌ ကူးသန်း၍ နေစဉ် သီတလ ပပ္ပါ မင်းသမီးလည်း မဏိမေခလာ မှာထားခဲ့သော မင်းသားသည် မြစ်ကမ်းနား သို့ ကြွလာပြီးသော် မရောက်သေးလော (ဟု သိချင်သောကြောင့်)[၆] ပတ္တမြား ဗိမာန်ပြာသာဒ်ပျံနန်းက နေ၍ အချင်းယူဇနာတစ်ရာကွာခရီးကို အနီးကြပ်ကြပ် တပ်တပ်ထင်ထင် မြင်စေရသော[၇] စန္ဒရကန်မှန်ပြောင်းနှင့် ချောင်း၍ ကြည့် တော်မူသော် ရေပေါ်အပြင်၌ ပင်ပင်ပန်းပန်း ကူးသန်းနေရရှာသော[၈] မင်းသား ၏ အဖြစ်ကိုမြင်မှ ရွှေရင်ကို လက်သပ်လျက်[၁၀] စိတ္တစူဠကိုခေါ်၍ ရေပေါ်မှာ ကူးသော မင်းသားကို သွား၍ဆောင်ယူပါချေ– စေတော်မူမှ[၁၁] စိတ္တစူဠ ဆောင် ယူ၍ အတူနှစ်ပါး ပတ္တမြား ပြာသာဒ်ပျံဝယ်[၁၂] စံပယ်တူစုံ[၁၃] အာရုံနှစ်သက်ကြ သဖြင့် ခုနစ်ရက်မြောက်လျှင် မဏိမေခလာနတ်သမီးလည်း[၁၄] နတ်တို့ဗိမာန် ပျော်စံနေသော နေရာမှ[၁၅] သမုဒ္ဒရာသို့ ဆင်းခဲ့၍[၁၆] မင်းသား၊ မင်းသမီးတို့ကို ဆောက်နှင်းလေ၏။

အစောင့်ထားသော မိကျောင်း၏အဖြစ်ကို နတ်သမီး ကြားသိလျှင်

၁။ ပင့်သကူ—ဗ။
၂။ ကြိုးစား၍ ပို့ပါလော—စ။
၃။ နတ်သမီး အာဏာနှန်ကို ငါ၌ အန္တရာယ်ပြုဝံ့မည်လော အမှတ် ပြု၍—ဗ။
၄။ နေရစ်ကြ မှာထားပြီးလျှင်—ဗ။
၅။ အစွမ်းဖြင့် ကမ်းပြင်က ခုန်လိုက် သော်—ဗ။
၆။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ် (စ)မူတွင် မပါ။
၇။ အနီးကျပ်ကျပ် ထင်ထင်မြင်စေရ သော—ဗ။
၈။ စန္ဒကံမှန်ပြောင်းဖြင့်—ဗ။
၉။ ကူးသန်း၍ နေရရှာသော—စ။
၁၀။ လက်တီးလျက်—စ။
၁၁။ ဆောင်သွားယူချေ စေတော်မူမှ—စ။
၁၂။ ပြာသာဒ်ဝယ်—စ။
၁၃။ စမ္မယ်နိုလုံ့—စ။
၁၄။ နတ်သမီးသည်—စ။
၁၅။ နေရာမှ—ဗ။
၁၆။ သမုဒ္ဒရာဝသို့ ဆင်းခဲ့၍—စ။



www.burmeseclassic.com

www.burmeseclassic.com



သံသုမာရနှင့်တကွ ရှိသမျှ မိကျောင်းတို့ကို မင်းသားကို ပို့ပါမည်- ဝန်ခံချက် စကား ကတိပျက်ရာ ကောင်းသလောဟူ၍[၁] အရသာဖြင့် ခံစားသောလျှာကို အရင်းမှနုတ်၍ ပစ်လေ၏။ သမုဒ္ဒရာမြစ်ဆိပ်၌ ရဲမက်တို့ကို ဆောင်ယူပြီးသော် ပြာသာဒ်နှင့်တကွ မင်းသား၊ မင်းသမီးတို့ကို သီရိနဂရ ပြည်တော်သို့ရောက် အောင် နတ်သမီးတန်ခိုးဖြင့် ဖန်ဆင်း၍ ပို့လိုက်လေ၏။[၂] သဒ္ဓမ္မမင်းသားလည်း စိတ္တစူဠကျော၌ တင်ပို့သောကျေးဇူးကြောင့် ကြာရိုး၊ ကြာစွယ်တို့နှင့် အလွန် ပြည့်စုံ သာယာသော[၃] အချင်းယူဇနာတစ်ရာရှိသော[၄] သုစိဂိမ္ဘာန်ရေကန်ကို[၅] အပိုင် စားပေးပြီးလျှင် ရေသတ္တဝါအပေါင်းတို့ကို[၆] အစိုးရသော စိတ္တစူဠရာဇာအမည်နှင့် လိပ်မင်း ဖြစ်ဖူးလေသည်။ မဏိမေခလာ နတ်သမီးကိုလည်း ရွှေနန်း ‌ေလျှာင်း တော်ဦးဝယ် တပင်တိုင်နတ်နန်း ဆောက်၍ မပြတ် ရှိသေစွာ ကိုးကွယ်ထား လေသတည်း။[၇]

သည်ဥပမာများကို စာနာပုံနှိပ်၍[၈] စိတ္တစူဠသော်မှ ဤကဲ့သို့ ဖြစ်လေမူ[၉] ဇမ္ဗူဒီပါတစ်ကျွန်းလုံး အရှင်ဖြစ်သော မင်းသား၏ အကျိုးစီးပွားကို ဆောင် ရွက်သူမှာ ဆိုဖွယ်ရာ မရှိပါပြီ။ သီကာ ရီကာ စနစ်၍ လျှောက်ကြဖူးသော အရာကို တစ်ခါတစ်ကြိမ်လောရလျှင် သဘောစိတ်ကျအောင် ပျောင်းပျသွယ်ငင် လိမ့်မည်ဟု ပညာရှည်[၁၀] ဆန်းပြားချက်ကို ထောက်၍ နောက်လျှောက်မည့် အရေးကို တွေးလျက် စိတ်ချပါတော့မည်။ ယုံကြည်ကေန် အရှင့်ထံသို့[၁၁] ကျွန်တော်တို့ရောက်လျှင် ယခုပင် ကြွလာပါတော့ဟူ၍ အခွင့်သာယာခဲ့သော အကြောင်းကို သံတော်ဦးတင်သည် ဖြစ်မှုလည်း ရွှေမေတ္တာစုံမက် ရွှေမျက်နှာ တော် ရကြမည်ဟာ ရပ်ထည့်ပါဦး။ ထူးထူးမရှိ မသိမသာ[၁၂] စကားများကို လျှောက်ထားထည့်ရလျှင် အရှင်ရာဇဝတ် မလွတ်ပြီ။ ဆက်ဆက်ထိပ်ထက်မီးစု အမှုမကုန်ရှိလျှင်[၁၃] သိသိမွမွ ကြေရတော့မည်ပင်[၁၄]။ အဆွေခင်ပွန်းကောင်းကို

---

၁။ ကတိဝန်ခံချက် ဖျက်ရာသလော ဟု-စ။
၂။ ဖန်ဆင်း ပို့လိုက်၏-ဗ။
၃။ ပြည့်စုံရာသော-စ။
၄။ အချင်းယူဇနာရှိသော-ဗ။
၅။ သုစိဂိမ္ဘရေကန်ကို-ဗ။
၆။ အစုံပေါင်းကို-ဗ။
၇။ မပြတ်ရှိသေ စာရေတင်ပို့ ထားလေ သတည်း-စ။
၈။ နားနာပုံနှိပ်၍-စ။
၉။ စိတ္တစူဠမျှ သည်မျှခန့် ဖြစ်လေမူ-ဗ။
၁၀။ ပညာရှင်-စ။
၁၁။ အရှင့်ထံကို-ဗ။
၁၂။ မရပ်တည်ပါဦး ထူးထူးမရှိ မသိသာ - ဗ။
၁၃။ ဆက်ဆက်လိဂ်တက် စိစုအမှု မကုန် ရှိလျှင်-စ။
၁၄။ ကျေတော့မည်ပင်-ဗ။





မကြုံတောင်း ကြုံရပေ၍[၁] မရှင်တို့ကို[၂] အကျွမ်းဝင်မိကြထည့်သောကြောင့် သတိ မပျက် အသက်ရှူများ ဖြောင့်ပါတော့သည်။ နောက်တစ်ခါ ကျွန်တော်ကို လာရချေလျှင် ရွှေကိုယ်တော် ပါလာမည် မချွတ်ပြီ။ ညီညီမျှသာ ဟိုမှာ သည်မှာ ကို ပညာကို[၃] မှန်းထား၍ အလားသင့်ကြအောင်[၄] ရွက်ဆောင်စီရင်ပါမှ တိုးဝင် ကျိုးနပ်ပမည်ဟူ၍[၅] ပညာဟာသကဆိုသော် ပဒုမရာသီကလည်း ‘နေ့ရာသီစ ဂိမ္ဘန္တရတု[၆] ရွက်နု ရွက်ညောင်း၊ တပေါင်းမာသ ရောက်မှပွင့်ရန် ဝတ်ဆံသိုက် ရွှေသရဖီမည်သောပန်းကို ရွှေနန်းတော်မှာသုံးဖို့ တန်းဆောင်မုန်းဆီလက ပန်ရ ဆင်ရအောင်[၇] လက်ဆောင်ဆက်စရာ ယူခဲ့နိုင်လျှင် ထွတ်ခေါင်အဖျား အရှင့် သားကို သွေးဆောင်ခဲ့ပါတော့။ အခွင့်သာအောင်[၈] လျှောက်ပါနှင့်ရတော့မည်’ ဟု ဆိုသော် လူပျိုတော် ပညာဟာသက (ဆီးတဲ့၍)[၉] နေရာတွင် သာ၍ ယုံမှတ် ရအောင် လက်ဆောင်တော်ပန်းများနှင့် စကားချိန်းချက်သည်မှာ အခွင့်သာ အံ့သော အရေးရောက်၍ ဝမ်းမြောက်ပါလှတော့သည်။ နေပြည်တော်မှာ စံတော်မူသောအခါ ရေသဖန်းပင်တစ်ပင်ကို ယခုပင် ပွင့်ရမည် ရွှေအာဏာ တော် ထားလျှင် ကားကားဆင့်ဆင့် ပွင့်ထည့်ရသောဇာတိကို မျက်စိထင်ထင် ရှုမြင်ဖူးရ၍ အလိုတော်ရှိကြလျှင် သရဖီမာလာကို[၁၀] ရမည်ကေန် ချိန်မတန် ချိန်တန်သည်-ဟူ၍ အယူတော် မစွဲလမ်းကြပါနှင့်[၁၁] ။ တစ်ခါတစ်ကြိမ်တုံသော် လည်း ဥယျာဉ်တော်မြောက်က ပိတောက်ပင်ကြီး[၁၂] မသီးဘဲ နေရသည်[၁၃] ၊ ကာလရှည်ပြီဖြစ်၍ သပြေပင်၌ သစ်ပင်ရှိသမျှကို[၁၄] တစ်ခဏချင်း ယခုသီးရ မည်ဟု[၁၅] အရိန္ဒမာလုံဖြင့် ခတ်လျှင်[၁၆] အပွတ်ပွတ် အခိုင်ခိုင်နှင့် အဆိုင်ဆိုင် စုဝေး၍ ခွေးသငယ်နို့စို့သကဲ့သို့ သစ်သီးမျိုးအစုံ သီးရလေသည်ကို ထောက် လျှင် မှာတော်မူသမျှမှာ စိတ်ချတော်မူနှင့်ပါ။ စေတနာတော်သန်၍[၁၇] မနောကဲ

---

၁။ ကြုံရချေ၏-ဗ။
၂။ မင်းလုရှင်တို့ကို-ဗ။
၃။ သည်ကို မှာသည်ကိုပညာ-စ။
၄။ အမှားသင့်ကြအောင်-စ။
၅။ တိုးဝင်ကျိုးနပ်မည် ဟူ၍-ဗ။
၆။ ဂိမ္ဘရတု-ဗ။
၇။ တဆောင်မုန်းသည်လက်ကို ပန်ဆင်ရ အောင်-စ။
၈။ အခွင့်သာယာအောင်-စ။
၉။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ် (စ)မူ၌ မပါ။
၁၀။ သရဖီမလွယကို-ဗ။
၁၁။ အယူစွဲလမ်းပါ-ဗ။
၁၂။ ပတောက်ပင်ကြီးကို-ဗ။
၁၃။ မသီးဘဲ နေလေသည်-စ။
၁၄။ သစ်ပင်တာတာ ရှိသမျှ-ဗ။
၁၅။ တစ်ခဏချက်ချင်းပင် သီးရမည်-စ။
၁၆။ အရိန္ဒမာကြိမ်ဖြင့် ခတ်လျှင်-ဗ။
၁၇။ စေတနာသော် သန်လှ၍-စ။



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တောင့်တလျှင် စိတ်တိုင်းကျ နေကြအရှင်ကို သည်တစ်ခါ အရှင်မင်းသမီး[၁] အရေးတွင်မှ နှောင့်နှေး ခဲယဉ်းသည်အချက်ကြောင့် စိတ်လက်ပင် ကျွန်တော်တို့ ငယ်ကြလှပြီ–ဟူ၍ ဆိုပြန်သော်၊ အပျိုတော်ကလည်း အမှုစက်၍ အနက်သမ္မန် ရွှေညာဏ်တော်ချင့်မိအောင် လျှောက်သည်ကို ဘုန်းတောက်သော မင်းသား၏ အာဏာတော်ရှိန်နှင့် နှိမ်တော်မူကြဖြစ်လျှင်[၂] ကျွန်မတို့တစ်စုမှာ ဥပဒ်ရောက်ရ ပါတော့မည်။ ဘုန်းရည်မြင့်မြတ် နေနတ်သားနှင့် လနတ်သားကို နှစ်ပါးဂဟေ နှဘောထပ်မိအောင် စေ့စပ်ဆော်ရမည်–ဆိုသော်[၃] အလိုလို သိုင်းဝိုင်း၍ ကြမ်မိတိုင်း လက်ချသည် ဆိုသကဲ့သို့ ခဏလွယ်ကာ ဘယ်မှာ ဖြစ်ထည့်ပါမည်နည်း[၄]။ ဖြည်းဖြည်းကြစည်၍ ကြိုးရှည်နှင့် လှန်ထားသော[၅] သတ္တဝါကို ပါမှန်းမသိ ပါ အောင် ဆိတ်စာစီ ငင်သကဲ့သို့ နားဝင်အောင် ပျောင်းပျ၍[၆] ရမှ အကြောင်း သင့်မည်ကို ထောက်၍ မလျှောက်ဘဲ မနေပြီဘူး။ ညွတ်နူးသော စကားဖြင့် အရှင့်သားမှာသာ သံတော်ဦး တင်နှင့်ကြပါ။ လျှောက်စရာ ရှိသမျှကိုလည်း ပျောင်းပျသွယ်ငင် နားဝင်အောင် လှည့်ပတ်ပါတော့မည်ဆိုပြီးလျှင်[၇] လူပျိုတော်၊ အပျိုတော်တို့သည် အထူးထူးအပြားပြား များစွာသော ပုံစံ နည်းနာတို့ကို နာသာလှယ်ပယ်[၈] သွယ်ဝယ် ပြောဆိုကြ၍ ညနေသို့တိုင် ရောက်လေသော် ဖွားဖက်တော် ပညာဟာသလည်း လူပျိုတော်အစု အခြံအရံနှင့် ဂန္ဓမာမြို့က ထွက်လာ၍ နဝတတ်အိုင်နား ရွှေဖဝါးတော်အောက် ပြန်လေ၏။

ဏ္ဍကုမ္ဘာမင်းသားလည်း ဖွားဖက်တော် လူပျိုတော်တို့နှင့် ဟေမဝန္တာ တောက သစ်၊ ကျား၊ ခြင်္သေ့တို့ကို ဖမ်း၍ ရှုံးတမ်း၊ နိုင်တမ်း အစွမ်းချင်း စမ်းမည်–ဟု တစ်ကောင်နှင့် တစ်ကောင်ကို ကိုက်စေလျက် မောဟိုက်ပင်ပန်း သည်များကို သူ့ကျား၊ ငါ့ကျား မှန်ထားကြ၍ တိုက်သည်နှင့် ပျော်ပိုက် ရွှင်မြူး၍နေစဉ်ဝယ် ပညာဟာသတို့ ရောက်လာသော် အမေးတော်မရှိ၍ အခွင့် မသိ နေရာတွင် ညနေဝင်ပြီဖြစ်သောကြောင့် ရတနာဆင်စွယ်နန်းသို့ ရွှေစက် ဖြန့်တော်မူသည်။ အဆောင်တော်ဝဲပြန်မှာ ညီလာခံ၍ စံပယ်တော်မူစဉ် ကုန်ကုန် စင်စင် အခင်းကို မကြွင်းမကျန် ယဉ်ဟန်နုဟန်နှင့် သလွန်တော်ရတနာမှာ လိပ်ပြာတော်ကလေး လေခတ်သောကြောင့်[၉] အင်္ကျီလက်လပ်လေလျှင်[၁၀] ငယ်

---

၁။ အရှင်သမီး–စ။
၂။ ဖြစ်၍–ဗ။
၃။ စေ့စပ်ရမည် ဆိုသော်–ဗ။
၄။ ဖြစ်တည့်ပမည်နည်း–ဗ။
၅။ လန်းစားသော–ဗ။
၆။ နားဝင်အောင် ပျောင်းမျှရမှ–ဗ။
၇။ လှည့်ပပါတော့ ဆို၍–ဗ။
၈။ နာသာလှယ်ပယ်–ဗ။
၉။ လိပ်ပြာတောင်ကလေး ခတ်သောကြောင့်–စ။
၁၀။ အင်္ကျီလပ်လေလျှင်–ဗ





စိတ် ငယ်လက်တော် ထွက်တော်မူလေသည်[၁] အကြောင်းများကို မချန်မထား သံတော်ဦးတင်သော် ဝရဇိန်လက်နက်သခင် မင်းသားလည်း အားပါးရတော် မူလှ၍ မောင်ဟလူ ပညာဟာသ...[၂] မဟာဓေယျတို့ကို ကြားအောင် ပြောပါဦး– ဟု လက်ခုပ် လက်ပန်း[၃] များ တီးလျှင် ကွမ်းရည်များ သီးအောင် ရယ်ကြီး ရယ်မောများနှင့်[၄] အားပါးရတော်မူ၍ ခုတင်ခု မေးတော်မူမှ ကြည်ဖြူဦးနှိမ် အကြိမ်ကြိမ် သံတော်ဦးတင်ရလေသည်။

♦

## ၈။ ဝေဠုမြတ်စွာမင်းသမီး ဖျော်ဖြေခန်း

ပဒုမသိင်္ဂီနှင့် ရာသီမဏ္ဍာတို့မှာလည်း လသာနေဝင်ကျော်မှ ပတ္တမြားနန်းတော်သို့ ဝင်ကြလေသည်နှင့်[၅] ရွှေစတီလေ့ကား နဂါးလိမ်၊ ကိန္နရာ အတောင်ယှက်သော မှန်တက်စောင်းတန်း[၆]က တက်လေသော် ဝေဠုမြတ်စွာ မင်းသမီးမှာလည်း ရတနာ ပြာသာဒ်မှာ နဝရတ်ပြတင်း လေညင်းခံတံခါးတွင် ကိုးပါးသော ကျောက်စုံတို့ သည် ရွှေဖရုံသီးတစ်ပိုင်းလောက်ကို[၇] မြောက်ကညီညီ[၈] စီသည်အဝ[၉] မြအတွင်းခံ[၁၀] ပြင်စိန်ရံသော[၁၁] ဝဲပြန်ရှစ်မျက်နှာနှင့် ပလ္လင်နန်းတော် ပြာသာဒ်အောက်တွင် ကတောက်ပွင့်အဆင်းနှင့်တူသော[၁၂] ရောင်ဖြူကမ္ဗလာစစ်ကဲ့သို့[၁၃] နူးညံ့လှစွာသော ရွှေနေရာအလယ်တွင် ရွှေနှယ်ဝင်းလျှံ သက်တံထဘီညွန့်ကို[၁၄] ခါးတွင် တွန့်တွန့် ကလေး ချီး၍[၁၅] မြကြိုးရစ်သီ အင်္ကျီနတ်သမီးချုပ်နှင့် ဖော့ရုပ်ကလေးသဏ္ဍာန် ခြွေရံအပေါင်းအလယ် စံပယ်ပျော်မြူးစဉ်တွင် –

---

၁။ ငယ်လက်ဘော်ထွက်လေသည်–ဗ။
၂။ မောင်ပညာဟာသ–စ။
၃။ လက်ခုပ်–လက်ဘက်–ဗ။
၄။ ကွမ်းရေတော်သားများ သီအောင် ရယ်ကြီးရယ်မောနှင့်–စ။
၅။ ဝင်ကြသည်နှင့်–စ။
၆။ အတောင်ယှက်သော စောင်းတန်း –စ။
၇။ အပိုင်းများလောက်ကို–ဗ။
၈။ မြှောက်ကာညီညီ–စ။
၉။ စီသည်အရ–စ။
၁၀။ ပြအတွင်းခံ–ဗ။
၁၁။ ပြင်ပက် စိန်ရံသော–စ။
၁၂။ ကဲ့ကော်ပွင့် အဆင်းနှင့် တူသော–စ။
၁၃။ ရောင်ဖြူလာသစ်ကဲ့သို့–ဗ။
၁၄။ သက်တန့်ဝိတ်ညွန့်ကို–ဗ။
၁၅။ ခါးတွင် တွန့်ချီ၍–စ။



www.burmeseclassic.com

www.burmeseclassic.com



အယဉ်အနု[၁] ရှင်မှုရှင်ရန်တို့ကို ဟေမမလ္လာ၊ ဝဏ္ဏာဓောတ[၂] ဟေမဝေလာ၊ နေဇာတို့တစ်စုသည် တူရိယာအငြိမ့်ကို တစိမ့်စိမ့် တီးမှုတ်၍ စည်တုပ် ပုံသာ[၃] တူရိယာတယော သာမောမိကျောင်း (စောင်ငြင်းပတ္တလားတို့ဖြင့် ရွှေနားတော်သွင်းကြသော်)[၄] စောင်းငြင်း ချိုသာ၊ တေးတျာ ကြိုးသံတို့က မြည်ကြသည်မှာ ကြာချပ်ရုံအင့်မှာ ဝတ်မှုန်တွေစုသကဲ့သို့ အနုအတွဲ၊ အနွဲ့အယိမ်း၊ အတိမ်းအပျောင်းနှင့် အယဉ်ပေါင်းစုရုံးသော[၅] တစ်နန်းလုံးသခင် ထိပ်ခေါင်တင်ရွှေသားကို ယခုများအနယ်တွင်[၆] ဘယ်ပြည်၊ ဘယ်နိုင်ငံက ရွှေနန်းရံအရှင်သား သည် ပျော်ပါးနွဲ့မှီ၍[၇] စိန်စီသည့်နန်းရိပ်နှင့် ပတ္တမြားစီသော သလွန် တော်ပေါ်မှာ[၈] ပါးတော်ချင်းအပ်ကြလို့[၉] ထပ်ကာရွှေရင်၊ စံရှင်နိုက်များ ကို ထံပါးတော် ခြေရင်းက လေညင်း ယပ်ခတ်စမ်းချင်လှတယ်– ဟူ၍[၁၀] အသံချို အသံသာနှင့် တေးတျာဖွဲ့၍ နေကြစဉ်–

အပျိုတော်ပဒုမသိဂီ၊ ရာသီမုဏ္ဍာတို့ ရှေ့တော်သို့ ရောက်လာသော်– ရိပ်ကာပျောင်းပျုလျက်[၁၁] သာလှသော အသံကလေးနှင့်[၁၂] အမေးတော်ရှိသည်မှာ 'နံနက်က ထွက်ကြသည်၊ ညမှ ယခု ဘာပြုလို့ ဝင်လာရသည်နည်း' ဟု အပြစ်တော်တင် မိန့်တော်မူရာတွင်[၁၃] ရာသီမုဏ္ဍာက 'ဘုရားကျွန်မတို့မှာ နေရာ နေမိ သတိမရ၊ ညဖြစ်သည် နေ့ဖြစ်သည်–ဟူ၍ ခွဲယူ မချင့်နိုင်အောင် ဗျာလိုင်၍ ရတက်များသောကြောင့် ထံပါးတော်ကို မရောက်နိုင်ပါ။ ဘယ်မှာ တွေဝေ၍ နေမိကြောင်းများကို မလျှောက်ထားတတ်အောင် ရှိပါသည် ဘုရား' ဟူ၍ သံတော်ဦးတင်သည်။[၁၄]

မင်းသမီးက 'မကြီးသက်ရှယ် နုနယ်လှသေး၍ အကလေး[၁၅] ဘာသာ ရတနာရွှေနန်းတွင်းဝယ် ယင်မင်း[၁၆] ကစားသည်တစ်သွယ်၊ ဇယ်တောက်လို့ အလဲ

၁။ အရင့်အနု–ဗ။
၂။ ဝဏ္ဏာဓောတ–ဓ။
၃။ စည်ဆုတ်ပုံသာ–ဗ။
၄။ ( ) ဤကွင်းပိတ်အတွင်း ပါသော အပိုဒ်များ၊ (ဗ) မူတွင် မပါ။
၅။ စုရုံးသော်–ဗ။
၆။ အနွယ်တွင်–ဓ။
၇။ နွဲ့မှီသည်နှင့်–ဗ။
၈။ ပတ္တမြားသလွန်တော်ပေါ်မှာ–ဓ။
၉။ ကပ်ကြလို့–ဓ။
၁၀။ လေညှင်း ရပ်ခံချင်လှတယ်ဟူ၍–ဗ။
၁၁။ ယိမ်းကာ ပျောင်းပျုလျက်–ဗ။
၁၂။ အသံကလေးများနှင့်–ဗ။
၁၃။ မိန့်တော်မူလျှင်–ဓ။
၁၄။ သံတော်ဦးတင်လေသော်–ဓ။
၁၅။ ကလေး–ဓ။
၁၆။ ရစ်မင်း–ဗ။





လဲ၊ ဖဲရိုက်အတန်တန်[၁]၊ ပျော်ရန်ပျော်မှုနှင့် ငယ်မူ့ဘာသာ[၂] နေကျကို[၃] မနက်က ဝင်းပြင်သို့ ထွက်ကြသည်။ အိမ်က ပြန်လာသော် ဘယ်မှာနေကြောင်းကိုလည်း မသိ၊ သတိလည်း သူ မရ၊ ယခုမှ နန်းထက်သို့ တက်လာသည်။ ငါ မယုံချင်ပါဘူး။ ပဒုမသိဂီနှင့် ရာသီမုဏ္ဍာတို့ကို အမယ် မဟာသာလက စကားစ ပေါ်အောင် မေးရမည်' ဟူ၍[၄] မျက်ရိပ်ပေးလိုက်သော် မဟာသာလလည်း အစဉ်ကပင် နှုတ်ချော်၍[၅] ရယ်တော်မူစရာ ပြု[၆] တတ်လှသောကြောင့် မိန်းမချင်းကို အကြွင်းအကျန်မရှိ။ 'အမိအမယ် ... ဘယ့်နှယ်များ ဖြစ်ပါစ[၇]၊ မူလ ချွတ်ယွင်း မျက်တွင်းများ ချောင်ပါပြီ။ ပလီလို့တကယ် ငယ်ငယ်နုနုက လူကြီးလူမ သင်းဝင် လို့ ကျွမ်းကျင်ကြပြီလား၊ ဟမာ ပြစမ်းတဲ့[၈]'' ဆိုပြီးလျှင်[၉] 'အလို .. သူ့ မေး အောက်[၁၀] တစ်မိုက်လောက်အကွာတွင် ဆိတ်ရာဆွရာ ရှိပါ ဘုရား' ဟု တချိချိ တသောသောနှင့် ရယ်မောကျီစား၍[၁၁] အထပ်ထပ်သာ မေးရာတွင် ရာသီမုဏ္ဍာက 'မှန်းစရာအမယ့်မှာ သူငယ်ဖော်ရောယောင်၍[၁၂] ထောင်တန်သည့်အရေးကို ရယ်သွမ်းမသွေးနေပါနှင့်' ဟု[၁၃] ဆိုလေသော် အထိန်းတော် မဟာသာလက ''ဂေါသီတန့်သာကို ယမန်ခါရှေးပကတူးက ပေးဖူးသော ဝရဖိန်လက်နက်သခင် မင်းသား၏ စကားကို လျှောက်ထားစရာ ပါဟန်လက္ခဏာ ရှိချေသည်'' ဟု သတိရ၍ ဤကဲ့သို့ သံတော်ဦးတင်၏။

'ပဒုမသိဂီ၊ ရာသီမုဏ္ဍာတို့ကို စုံစီနဖာ မေးစစ်ရမည် အမိန့်တော်ရှိ၍ စေ့ငုစေ့ရာ စစ်ကြောပါသော် မပေါ်မရပါ။ ကိုယ်ရေးကိုယ်တာနှင့် ဗျာပါသောက များကြဟန်မရှိပါ ဘုရား။ အခြားသူတို့ အရေးကြောင့် ပူဆွေးနွမ်းနယ် တကယ် စိတ်များဟန် ရှိပါသည်ဘုရား' ဟု မဟာသာလက လျှောက်ရာတွင် 'အခြားသူ တို့ ကိစ္စအမှုနှင့် ဘာပြုလို့ သူတို့ ညှိုးငယ်ရသနည်း။ ပြောစေ ပြောစေ' ဟု အထပ်ထပ် အမိန့်တော်ရှိသော် ရာသီမုဏ္ဍာက 'ကျွန်မရို့မှာ ထိပ်မှာထားတင်[၁၄] အရှင်တစ်ပါးကိုသာ ကိုးကွယ်ရာ ရှိသည်ဖြစ်၍ အခြား အလွတ် သူတို့ကြောင့် စိတ်ပူခြင်း မရှိပါပြီ။ အရှင်နှင့်နီးသော အမှုကြီး အမှုမြွတ်တို့ကို ပြတ်ပြတ်

၁။ အဖန်ဖန်–ဗ။
၂။ ငယ်သူ့ဘာသာ–ဗ။
၃။ နေကြပါသည်ကို–ဓ။
၄။ မေးတော်မူရမည် ဟူ၍–ဓ။
၅။ နှုတ်သော၍–ဓ။
၆။ ရယ်တော်မူရာ–ဗ။
၇။ ဘယ်နှင့်များ ဖြစ်ပါစစ်–ဗ။
၈။ အမားမြဲဆန်တဲ့–ဗ။
၉။ ဆိုပြန်လျှင်–ဓ။
၁၀။ အလိုသူ့အောက်–ဓ။
၁၁။ ရယ်မောကစား၍–ဗ။
၁၂။ သူငယ်ပေါရောင်၍–ဓ။
၁၃။ ရယ်သွန်းတော်မသွေးပါနှင့်ဟု–ဓ။
၁၄။ ထိပ်ထားတင်–ဗ။



www.burmeseclassic.com

www.burmeseclassic.com



သားသား ညွတ်တွားရှိခိုး အကျိုးတော်အောင်မြင်အောင် မရွက်မဆောင်နိုင်သောကြောင့် အရှင်ကောင်းကျွန် မဟုတ်သကဲ့သို့ ရှိရလေသည်ဟု နေသမျှ ထိုင်သမျှပင် သောကရတက်များ၍ အလကားပင်ပန်းတော့သည်' ဟု လျှောက်လေသော် မင်းသမီးက 'ရိပ်ကာ ဝဲကာ မြွက်ကာ[၁] သည့်နယ်သာ စ၍ပြောကြလျှင် တွေးတော၍ မကြံစည်နိုင်ပါ။ ဘယ့်နယ်ဟာ ဘာပြုလို့ ဘယ်အမှု ဘယ်အခင်းရှိသည်ဟု လင်းလင်းပြောကြပါမှ[၂] စည့်စည့်ရှားရှား[၃] နားပါးလည်ရတော့မည်ပင်' ဟူ၍ မိန့်ပြန်သော်၊ ရာသီမုတ္တာက အရေးအရာကို သတင်းရလျှင် အရှင်ကောင်းမှ[၄] ကျွန်ကောင်းမည်ကို ရည်၍ သင့်သည်၊ မြတ်သည်ကို ကြံစည်လျှောက်ထားသော်လည်း ရွှေစိတ်သွားနှင့် ညီခဲ့လျှင် ပီပီဆိုဖွယ်ရာ မရှိပါ။ ထိပ်ချာထိပ်ထား[၅] ရွှေနားမနာပျော်၍ မာန်တော်ပေါက်ချေလျှင် လျှောက်မိသည့်အတွက်ကြောင့် အမှုခက် ရောက်တတ်လုပါသည်။ တည်တည်တံ့တံ့ ဆိုင်းငံ့၍ လျှောက်စရာကို ဥပမာရှိပါ၏။ သတိထားတော်မူမိအောင် ဘုရားကျွန်မ တင်ပါမည်။

## အရှင်မာန်ပေါက် အလျှောက်ဘေးမြစ် ပုံပြင်ဝတ္ထု

ရှေးသရောအခါ[၆] ပေါက္ခရဏီ[၇] မည်သော ရေကန်၌ အဥ္စနီ[၈] မည်သော ရွှေဟင်္သာမသည် ခြွေရံငါးရာနှင့်တကွ အမြဲ စံပျော်စမှတ် ပြု၏။ နိယဝတ္တမည်သော ရွှေကြိုးကြာမင်းလည်း များစွာသော ခြွေရံနှင့် သဗ္ဗကာလရေကန်[၉] အစဉ် ပျော်ပါး ကျက်စားစမှတ်ပြု၏။ တစ်ရံရောအခါ ပေါက္ခရဏီရေကန်က ဥယနီ[၁၀] ဟင်္သာမယ်သည် မုန်တိုင်းလေပြင်း သည်းထန်စွာ လာရာတွင် လန့်၍ ပျံမိလေသဖြင့် ပေါက္ခရဏီရေကန်၌ ရှာ၍မတွေ့နိုင်သောကြောင့် သဗ္ဗကာလရေကန်သို့ ရောက်လေသော် ငါးပါးသောကြာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍[၁၁] နပျိုသာယာလှသောကြောင့် ကြည့်ရှုမမေ့လျော့၍ နေစဉ် နိယဝတ္တရွှေကြိုးကြာမင်းသည် ဟင်္သာမယ်ကို မွေ့လျော်စေခြင်းငှာ[၁၂] မေတ္တာစကားဖြင့် မေးသော် ဥယနီဟင်္သာမယ်က 'ရွှေကြိုးကြာမင်း . . . အဥ္စနီရွှေဟင်္သာမသည် အခြံအရံ

၁။ ရိပ်ကာ မြွက်ကာ—စ။
၂။ လင်းလင်းပြောကြပါမှ—စ။
၃။ စည့်စည့်ကားကား—စ။
၄။ အရှင်ကောင်းလျှင်—စ။
၅။ ထိတ်ထား—စ။
၆။ ရှေးသောအခါ—ပ။
၇။ ပေါရာဏ—ပ။
၈။ အဥ္စလီ—စ။
၉။ သမ္မကာရရေကန်—ပ။
၁၀။ ဥရနီ—စ။
၁၁။ တန်ဆာဆင်သည် ဖြစ်၍—ပ။
၁၂။ မွေ့လျော်လိုခြင်းငှာ—ပ။





ငါးရာနှင့်တကွ ပေါက္ခရဏီရေကန်တွင် ရှိပါ၏။ ထိုသူသာလျှင် ရွှေကြိုးကြာမင်းနှင့် ထိုက်တန်သည်' ပြောပြီးသော် မိမိနေရာ ပေါက္ခရဏီရေကန်သို့ ပျံသွားလေ၏။[၁]

နိယဝတ္တရွှေကြိုးကြာမင်းလည်း ထိုစကားကို ကြားရသည့်နေ့မှစ၍ မမေ့မလျော်နိုင်အောင် စိုက်ခေါ်[၂] တသခြင်းရှိသောကြောင့် တစ်နေ့သ၌သော် ကြိုးကြာအခြံအရံ ငါးရာနှင့်တကွ ပျံသွားကြလေ၍ ပေါက္ခရဏီရေကန်သို့ ရောက်လေသော်[၃] ဆင်း၍ ကျက်စားကြလေ၏[၄]။ အဥ္စနီဟင်္သာမလည်း 'ထိုရေကန်မှာ ကြိုးကြာတို့ ကျက်မစားလာ[၅] နှင့်' ဆိုသော် ကြိုးကြာမင်းက 'အဆွေ ဟင်္သာမ . . . သင်တို့ ရေကန်ထက် အလွန်နုပျိုသော သဗ္ဗကာလရေကန် သည် ကြာငါးပါးဖြင့် တန်ဆာဆင်အပ်၏။ ထိုရေကန်မှာ ကျွန်ုပ်တို့နှင့်အတူ လိုက်၍ ပျော်မွေ့ပါလော့' ဟု ခေါ်သော် အဥ္စနီဟင်္သာမလည်း 'ကြိုးကြာနှင့် ဟင်္သာတို့ အမျိုးကွဲပြားကြသည်၊ မလိုက်ချင်' ဟု ဆိုသော် ဥယနီ[၆] ဟင်္သာမ ယ်က 'ယမန်တွင် လေပြင်းလာ၍ လွင့်ပါသောကြောင့်[၇] သဗ္ဗကာလရေကန်သို့ ရောက်ချေသည်။ ရေလည်းကြည်သင်း ဟင်းရန့်[၈] ရွှေကြာတို့ဖြင့် တန်ဆာဆင်သော ရေကန်မြတ်သည် ထက်နတ်ပြည်မှာ နန္ဒာကန်ကဲ့သို့ အလွန်သာယာ နုပျိုသည်။ နိယဝတ္တရွှေကြိုးကြာမင်းလည်း ခြွေရံများအလယ်တွင် စံပယ် ပျော်ပါး၏။ နှစ်ပါး အတူ နေကြသော် ရွှေနှင့်မြကဲ့သို့ ရှိတော့သည်[၉]။ သဗ္ဗကာလ ရေကန်သို့ စံလျှင်လည်းစံ၊ သည်ရေကန်မှာ နေလိုလျှင်လည်းနေ၊ မိတ်ဆွေဖွဲ့တော်မူပါလော့' ဟု သူ့သခင် အဥ္စနီရွှေဟင်္သာမကို လျှောက်သော် 'ကြိုးကြာနှင့် ဟင်္သာတို့ ပဇာဇာတ်[၁၀] တူရမည်နည်း' ဟူ၍ ဥယနီဟင်္သာမကို ဟင်္သာမတွေ အတောင်ဖြင့် ရိုက်ခတ်စေသည်။ လက်ဆစ်ပင် ကျိုးချေ၏။ နိယဝတ္တရွှေကြိုးကြာလည်း ကြိမ်ဖန်များစွာ ဖျောင်းဖျ၍ အခွင့်မရသော် သဗ္ဗကာလရေကန်သို့ ပြန်လေ၏။[၁၁]

တစ်ရံရောအခါ ဗာရာဏသီပြည်က ဗလဗေဒမည်သော မုဆိုးသည်[၁၂] ပေါက္ခရဏီရေကန်[၁၃] သို့ လာပြီးသော် ညွတ်ကွင်းပိုက်ကွန်တို့ဖြင့်[၁၄] ဟင်္သာ

၁။ ပျံပြန်လေ၏—ပ။
၂။ စိတ်မျှော်—စ။
၃။ ရောက်ပြန်လေသော်—စ။
၄။ ဝင်၍ ကြက်စားလေ၏—ပ။
၅။ ကျက်စားမလာ—စ။
၆။ ဥရုဏီ—စ။
၇။ လွင့်သောကြောင့်—ပ။
၈။ ရေလည်း ကြည်လျက်ရှိသည်—စ။
၉။ ရှိတော့မည်—စ။
၁၀။ ဘယ်ဇာတ်—ပ။
၁၁။ ပျံလေ၏—ပ။
၁၂။ မုဆိုးသည်လည်း—ပ။
၁၃။ ပေါ်ရာဏရေကန်—ပ။
၁၄။ မြှားမြှုပိုက်ကွန်တို့ဖြင့်—ပ။



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့ကို ထောင်လေလျှင်[၁] နေ့တိုင်းမိသော ဟင်္သာကိုသတ်၍ ချက်ပြုတ်စားလေ၏။ အဋ္ဌနီဟင်္သာမနှင့်တကွ ခြေရံဟင်္သာတို့ မြင်လေသော် ပေါက္ခရဏီရေကန်တွင် မနေဝံ့၍ ပျံကြလေ၏။ ရေမတွေ့လျှင် မမွေ့နိုင်သည် ဖြစ်သောကြောင့် သဗ္ဗကာလရေကန်သို့ဝင်၍ ကျက်စားကြလျှင် နိယဝတ္တရွှေကြိုးကြာမင်းသည် ကြာငါးပါးနှင့်ပြည့်စုံသော ရေကန်အပြင်၌ ခြေရံကြိုးကြာအပေါင်းတို့နှင့်[၂] နေသည်ကို မြင်ရာတွင်မှ[၃] အဋ္ဌနီရွှေဟင်္သာမသည် ကရုဏာနှစ်သက် တပ်မက်သော[၄] စိတ်ရှိသည်ဖြစ်၍ နိယဝတ္တကြိုးကြာမင်းထံသို့ ခြေရံဟင်္သာနှင့်တကွ အစဉ်ခစား မှီခိုသည်နှင့်[၅] နှစ်ပါးမေတ္တာ စေတနာစုံမက်၍ အသက်နှံကြသော် ရွှေဖော်ကြိုးကြာအပေါင်းတို့ အလယ်တွင် တင့်တယ် ထူးခြား စံစား၍[၆] မငြီးမငွေ့နိုင်အောင် အလွန်ပျော်ပါး၏။ ထိုသို့ စည်းစိမ်ကို[၇] ချမ်းငြိမ်းနှစ်သက်ရာတွင်မှ အဋ္ဌနီရွှေဟင်္သာမသည် ဥယနီဟင်္သာမငယ်အဖြစ်ကို အောက်မေ့မိ၍ နေ့တိုင်းတသက်သက်နှင့် စုံမက်ယူဆ နှောင်တကြီးစွာ ရှိဖူးလေသည်။

'ဤဥယနီဟင်္သာမငယ်သည် အရှင်၌ အကျိုးလိုသည်'ဟု[၈] အမှုလျှော်စွာ လျှောက်၏။ အရှင် မာန်ပေါက်လျှင် အလျှောက်ဘေး ဖြစ်ဖူးသည်ကို လျှောက်၍ လျှောက်စရာ၊ ထားစရာရှိသော်လည်း သတိနှင့် ဆင်ခြင်ရတော့သည်။ နေခြည်နေရှိန်ကို ပြတ်ဖြင့်မိုးကာလျှင် လွတ်ဖွယ်ရာသော အကြောင်းရှိ၏။ အစိုးပိုင်သော အရှင်မင်း၏ အမျက်တော်ရှိသည်ကို မလွတ်နိုင်ရာ။ ကြောက်စရာ၊ လန့်စရာဖြစ်သောကြောင့်)[၉] ဝှက်ထားဝမ်းထဲ စွဲ၍နေရပါတော့သည်[၁၀]။ ပြေလည်အောင် အခင်းကို မကြွင်းမကျန် သံတော်ဦးမတင်ဝံ့ပါ–ဟူ၍ ရာသီမုတ္တာက လျှောက်သော် မင်းသမီးက 'အမယ်တို့ကို[၁၁] ဖြစ်လျှင် ငယ်ငယ်ကပင် အတူကြည်ဖြူ၍ နေကြသည်ကို ကြံစည်တွေးတော[၁၂] ပြောရာပြောမိ စိတ်ရှိတိုင်း လျှောက်သော်လည်း ဘေးရောက်အောင် တကယ် ဘယ့်နှယ် ကျွန်မ ပြုရက်ပါမည်နည်း[၁၃]။ အပြစ်နည်းသောစကား၊ အကျိုးများသောအရာ

---

၁။ ထောင်လေသော်–စ။
၂။ အပေါင်းနှင့်–စ။
၃။ မြင်မှ–ဘ။
၄။ တပ်မက်မောသော–ဘ။
၅။ အစဉ် ခစားရှိခိုးသည်နှင့်–စ။
၆။ ထူးခြားစံစား၍–စ။
၇။ ထိုသို့သော စည်းစိမ်ကို–စ။
၈။ အကျိုးကို လိုသည်ဟု–စ။
၉။ ( ) ဤကွင်းပိတ်အတွင်းတွင် ပါသော အပိုဒ်များ (ဗ)မူတွင် မပါ။
၁၀။ ပြကာ ဝမ်းလဲစွဲ၍ နေရပါတော့သည် –ဗ။
၁၁။ အမယ်ရီကို–ဘ။
၁၂။ ကြံစည်တွေလာ–ဘ။
၁၃။ ပြောရက်ပမည်နည်း၊–ဘ။





ဘယ်မှာမဆို ပြောလိုသမျှ ပြောကြပါတော့' ဟူ၍ ငယ်မူငယ်ရာ ချိုသာသော အခွင့်ကို လွှတ်၍ တီတီတွတ်တွတ် မိန့်တော်မူလျှင် ရာသီမုတ္တာက ရာသီလေးမြွတ် ဖြောင့်မတ် တည်ကြည်သကဲ့သို့ အယူရှိပါလျှင် စုံစီနဖာ မလျှောက်ဝံ့သော်လည်း[၁] တော်တော်သင့်သင့် အခွင့်ရိုးရိပ် တဆိပ်တပေါက် လျှောက်ထုံ့ထားဝံ့ပါတော့မည်။

သာကြည်ထွေလာ လျှောက်ထားစရာ အချက်ရှိသည်မှာ နံနက်အခါက ဝင်းတော်အပြင်သို့[၂] ပဒုမသိင်္ဂီနှင့်ထိပ်တင် သံတော်ဦးတင်ခဲ့၍ ခဏပင် ထွက်ပါသော်လည်း[၃] စတုသာခါ ဗိမာန်နှင့် သာလာယဗိမာန်တွင် ဆံလျှော်၍ ပြီးသစ်စ ဖြစ်သောကြောင့် အမှတ်တမဲ့ နေကြပါခိုက်ကို နဝတတ်အိုင်နားမှာ ဆင်စွယ်နန်းစံသော ဝရဇိန်လက်နက်သခင် မင်းသားက ထိပ်ထားဖို့ ဆက်စရာ အာသာဝတီ နွယ်ပန်းကို[၄] ဆေးဒန်းမြင်းသီလာတောင်က နတ်မောင်နှမကို ခေါ်တော်မူ၍ ဆွတ်ယူချေရမည်[၅] နတ်ပြည်သို့ စေလိုက်ရာ ဣန္ဒာသိကြားက[၆] 'ငါ့သား ... လိုသည် ဆိုလျှင် ယူလော့'ဟု ပေးလိုက်သော[၇] ပန်းပွင့်ကို တောင်စောင့်နတ်ယူ၍ လာသည်ကို[၈] စတုမဟာရာဇ် နတ်မင်းကြီးသမီးက 'အသင်နတ်ကြီး၊ အသင့်ပန်းကို ဘယ်နန်း ဘယ်ပြည်သို့ ဆောင်ယူမည်နည်း' မေးသော် 'ဂန္ဓမာတောင်ပေါ်ဝယ် ပတ္တမြားနန်းတော်နှင့်[၉] စံသော မင်းသမီးကို ဘုန်းတော်ကြီးလှသော ဝရဇိန်လက်နက်သခင် မင်းသားက လက်ဆောင်တော်ပါးစရာ စေတော်မူ၍ ဆွတ်ယူခဲ့ရပါသည်' ဟု ပြောလျှင် 'သြော် ... တို့ သိပြီ၊ ရမ္မဏီယပြည်က ဣန္ဒကုမ္ဘာမင်းသားသည် ပတ္တမြားနန်းသူကို ကြည်ဖြူ လေးမြွတ်သတဲ့လား' မေးလျှင် မြတ်လေးမေတ္တာ ကရုဏာသက်ကြောင်းကို ပြောမိ၍[၁၀] စတုမဟာရာဇ် နတ်မင်းကြီးသမီးက 'နတ်ကြီးတို့သခင်၊ အရှင်မင်းသားကို ရောင်ပြားရွှေလွှာ[၁၁] သည်စာကို ဆက်ပါလေ' မှာ၍ ဆက်လိုက်သည့်စာမှာ "အာသာဝတီပန်းကို[၁၂] ဂန္ဓမာနန်းသူဖို့[၁၃] သနားတော်မူမည်ဖြစ်၍ ကျွန်မ ယူသိမ်း

---

၁။ စုံစီနဖာ လျှောက်ဝံ့ ထားဝံ့တော့မည်–စ။
၂။ လျှောက်ထားစရာ ရှိသည်အချက်လည်း မနေ့က ပင့်ပြင်ကို–ဘ။
၃။ ထွက်ကြပါသော်–စ။
၄။ အာသာဝတီ နွယ်နီနတ်ပန်းကို–စ။
၅။ ဆွတ်ယူစေရမည်–ဘ။
၆။ ဣန္ဒာသိကြားမင်းက–ဘ။
၇။ ပေးလိုက်သော်–ဘ။
၈။ လာ၍ယူသည်–ဘ။
၉။ ပတ္တမြားနန်းတော်၌–ဘ။
၁၀။ ပြောဆိုမိ၍–စ။
၁၁။ ရောင်ပြားရွှေလွှာ–စ။
၁၂။ အာသာဝတီ နွယ်နီနတ်ပန်းကို–စ။
၁၃။ နန်းသူကို–ဘ။



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပေသည်။ စော်ကားရမည်လား–ဟု အယူတော်ရှိ၍ မျက်ငြိုးထားတော်မူလျက်[၁] ရန်သူတစ်စု စတုမဟာရာဇ်နန်းပေါ်ကို ပန်းတော်တောင်းမည်ကြွလာလျှင် ကြောရွှေဖဝါးကို ဆံဖျားနှင့်ပွတ်၍ မလွှတ်ဘဲ ထားရတော့မည်'' စကားမှာစာကို ဖမ္ဗူရာဇ်ရွှေပြားမှာရေး၍ နတ်ကြီးတွင် ပေးလိုက်သော်၊ ဖဝါးတော်အောက်[၂] ရောက်လာ၍ ဆက်စာကို ကြားသည်နှင့်[၃] ပန်းမပါကြောင်းများကို သံတော်ဦးတင်သော် 'လက်ဆောင်တော် ဆက်စရာ ပန်းတော်ကို မိန်းမမြင်တိုင်းမှာ[၄] ပေးခဲ့ကောင်းသလော' ဟူ၍[၅] ဖမ္ဗူရာဇ်ရောင်ပြားနှင့် မှာထားလိုက်သည့် စာများကို ဆုတ်ဖွဲ့၍[၆] လွှင့်လိုက်ပြီးသော် နတ်ကြီးကို ဒဏ်ပေးလေသည်။

သွေးသားနှင့် ကျောပြင်မှာ မြင်သူ မကြည့်ရက်အောင် နှက်လေသည့်အရာ နာကျင်လှသောကြောင့် နတ်မောင်နှမ ထွက်၍ ပြေးလေသော် သာလာယဗိမာန်သို့ရောက်မှ နောက်က လူပျိုတော်များ ခေါ်သည်ဆို၍[၇] လိုက်လာရာတွင် ယမန်အခါက ကျွန်တော်မ ပန်းဆက်သွားလေသောအခါ မျက်နှာဝါးဝခဲ့သော[၈] ဖွားဖက်တော် ပညာဟာသဖြစ်သည်နှင့် ဇာစ်မြစ်ကို မေးမြန်းလျှင်[၉] နတ်တန် နတ်မိုက်ကို ရိုက်ဦးမည် နာနာ၊ ဒဏ်ရာဖဝတ်မှ မလွှတ်နိုင်ဦး။ မိန့်တော်မူသောကြောင့် ဖမ်းယူမည်လာရကြောင်းကို ပြောလျှင် ကျောမှာ အနာက ရောင်သနှင့် နတ်မောင်နှမတို့ ကယ်တော်မူကြပါ– ဆိုလျက် ဒိုယိုသောအသံနှင့် တောင်းပန်တော်မူကြပါ–ဟု ကျွန်မတို့တစ်စုကို[၁၀] ရှိခိုးလျက် တိုးဝင်မှိုနိုလာသောကြောင့် ဝေဒနာပြင်းလှ၍ ကျွန်မတို့ သနားမိရာတွင် 'သည်းခံပါတော့ လူပျိုတော်မင်း' ဟု (အတင်းရော အဓမ္မ ပညာဟာသကို)[၁၁] တောင်းပန်လျှင် 'မင်းသမီးထံတွင် မကျန်မကြွင်း ဝင်စင်းခစား စေတနာပွားများ၍ စိတ်ထားညွတ်ညွတ်[၁၂] အခွင့်လွှတ်တော်မူပါအောင် ရွှေနားတော်ကြား လျှောက်ထားနိုင်ကြပါလျှင် ချမ်းသာရာ ရပါစေတော့' ဟူ၍ ဆိုသောကြောင့်[၁၃] အနာက သွေးစက်စက် ယိုကျရှာသော မောင်နှမ နတ်သားကို သနားကြည်ညွတ်မိ

၁။ ထားတော်မူလျှင်–စ။
၂။ ဘဝါးတော်အောက်သို့–ဓ။
၃။ ဆက်စရာ ကြားသည်နှင့်–စ။
၄။ မိန်းမမြင်တိုင်းကို–ဓ။
၅။ ပေးခဲ့ကောင်းသည်လားဟူ၍–စ။
၆။ ဆုတ်ခွဲ၍–စ။
၇။ ခေါ်လေသည် ဆို၍–စ။
၈။ မျက်နှာပါး ဝခဲ့သော–ဓ။
၉။ မေးပြန်လျှင်–စ။
၁၀။ ကျွန်မရို့ကို–ဓ။
၁၁။ ( ) ဤ ကွင်းပိတ်အတွင်းရှိ အပိုဒ် များ (ဓ) မူတွင် မပါ။
၁၂။ မကျန်မကြွင်း၊ မင်းသား၌ စေတနာ မေတ္တာညွတ်၍–ဓ။
၁၃။ ချမ်းသာရပါစေတော့ ဆိုသောကြောင့်–ဓ။





သည်နှင့်[၁] လွှတ်ပါ–ဟု[၂] မနေနိုင်သော ကိစ္စကြောင့် အာမခံလိုက်မိသည်ကို သိထည့်အောင် သံတော်ဦးမတင်ဝံ့သည်တစ်ပါး၊ မလျှောက်မထားနေလျှင် ယွင်းသွေမှုသား ပြောကြားရာရောက်မည်တစ်ချက်၊ နှစ်ဖက်ညှပ်အလိုလို ကိုယ်ကိုကိုယ်လျှင်[၃] ပူပင်အောင်ရှာ၍ မှာလိုက်ပေသည့် စကားများကိုမှ[၄] မချန်မထားမလျှောက်ထည့်ဝံ့ကြောင်း[၅] ပျောင်းနွဲ့ညှိုးနွမ်း ပင်ပန်းစိတ်ညစ်ရပါတော့သည်–ဟု ရာသီမုတ္တာက စေ့စုံစွာ သံတော်ဦးတင်လေသော် –

မင်းသမီးလည်း[၆] ရွှေနေရာသလွန်တော်ပေါ်က ပျောင်းတော်အိတော်မူလျက်[၇] ရွှေမျက်နှာခပ်ချိုချိုနှင့် ရယ်သလို ပြုံးတော်မူ၍[၈] အုံးတော်မွှတ်မွှတ်မှာ[၉] ညွတ်လှသော ရွှေလက်တော်မြတ်ကို ခပ်နွဲ့နွဲ့ထောက်ပြီးလျှင် 'ငြိုးငွေ့စရာ စေတနာနှင့်[၁၀] ကျွန်မအတွက်ကြောင့် ရတက်တစ်ခု အမှုရေးရာ ပူဆာသောက ရှိရလေသကဲ့သို့ အမယ်တို့တစ်စုမှာ[၁၁] လူကို ကျီစားရအောင် စကားပြစ်တင်ပေ၊ တတ်တိုင်းရတိုင်း[၁၂] စကားစ မဖော်ပါနှင့်တော့။ ယမန်တွင်[၁၃] ပန်းနှင့်ရွှေမဉ္ဇူကို တံချူနှင့်ချူစဉ်တွင် နေပူသောအရာမှာ ရွှေနံ့သာပေးလိုက်သည့်အတွက်ကြောင့် ပန်းဆက်လိုက်မိသည်။ မင်းသားကို အားလုံးကာပင်သွန်သင်လက်တို့ကြ၍ အနို့မှိုပင် ကျွန်မဆီကို သိကာရိကာ စနေ၍ စကားစသာ ကြားရပါတော့သည်[၁၄] ။ ပဒုမသိင်္ဂီနှင့် မယ်ရာသီမုတ္တာတို့မှာ သီတာနဝတတ် အိုင်ခါးပန်းတွင်[၁၅] ဆင်စွယ်နန်းစံသော မင်းသားကြောင့် အလကား စိတ်ပူသည်ကို ကျွန်မကြောင့် ပူသည် မဟုတ်ပါ။ အခြားမှာသာ သူ့အတွက်ကို ကျေးဇူးတင်ရမည် မခက်ပါလား'ဟု မင်းသမီးက ဆိုသော်–

၁။ သနားကြည်ညှိုမိသည်နှင့်–စ။
၂။ လွှတ်ပါ လွှတ်ပါဟု–စ။
၃။ ကိုယ်ကို ကိုယ်ရှင်–ဓ။
၄။ မှာလိုက်ပေးလိုက်သည့် စကားများကို–ဓ။
၅။ မလျှောက်တည့်ဝံ့သောကြောင့်–ဓ။
၆။ မင်းသမီးသည်–ဓ။
၇။ သလွန်တော်ပေါ်ဝယ် လျောင်းစက်တော်မူလျက်–စ။
၈။ ရွှေမျက်နှာချိုချိုကို ရယ်သလို ပြုံး၍–စ။
၉။ အုံးဝန်းမွှတ်မွှတ်မှာ–ဓ။
၁၀။ စေတနာ နှစ်သက်၍–စ။
၁၁။ အမတစုမှာ–ဓ။
၁၂။ စကားဖြင့် တတ်ကြပါပေ၊ တတ်ကြသည်အတိုင်း သိုင်းဝိုင်းဖွဲ့ညား–စ။
၁၃။ ယမန်နေ့က–စ။
၁၄။ စ နေသော စကားများကိုသာ ကြားရပါတော့သည်–စ။
၁၅။ သီတာနဝဒတ်ကန်၌–ဓ။



www.burmeseclassic.com

www.burmeseclassic.com



ပဒုမသိင်္ဂီက[၁] ထိပ်တင်ငယ် .. အရှင်မင်းသား[၂] ဆိုသည်မှာ ကိုယ်တော်ကသာ မှီ၍[၃] ဇမ္ဗူဒီပါအဝန်းနှင့် လေးကျွန်းနိုင်ငံကို နောင်ဖန်စိုးတော်မူ၍[၄] မောင်မယ်နှစ်ပါး[၅] စံစားမွေ့လျော်ကြလျှင် ကျွန်မတို့သည် နှစ်လိုစုံမက် ရွှေစက်တော်ပါးက ထိပ်ထားကျေးဖူးတော်ကြောင့်သာ ရယ်ပြုံးရယ်ရွှင် အရှင်ကောင်းတိုင်း ကိုယ်ကောင်းလိမ့်မည် ရှယ်ရှည်စိတ်ထားနှင့် များများပင် သန်သော်လည်း[၆] ကတော်နှစ်ပါးသည် စပ်ကြားမှာကြာ၍ မေတ္တာညွတ်ရှုံး[၇] ရွှေဘုန်းတော် ဖန်ခဲလှသောကြောင့် ကြေကွဲလှပါသည်[၈]။ အလိုလို အလျှောက်အဆိုက ခက်သနင့်မို့ စိတ်စက်ငယ်ခြင်း ဖြစ်ပါသည်။ တူမည် ဥပဒေကို ဖွေရှာ၍ ရွေးချယ်ရလျှင်[၉] မဏ္ဍာကဖားငယ်နှင့် ကျွန်မတို့သည် မချို့အောင် ပုံတူ တော့သည်။ ကြည်ဖြူသောနှလုံးဖြင့် ထိုထုံးစံကို နာခံတော်မူပါဦး။

နှစ်ဦးစပ်ကြား ဇာပါများ ပုံပြင်ဝတ္ထု

ရှေးသောအခါ သန္တက မည်သော[၁၀] ချောင်းငယ် တစ်ခု၌ နာလိကာယ[၁၁] သိဂ်နိက္ခမ မည်သော ရွှေငါးရံ့မောင်နှံသည် ခြွေရံအပေါင်းနှင့် မွေ့လျော်၏။ တစ်ရံရောအခါ ကြီးစွာသော မိုးကြီးရွာ၍[၁၂] အကြေအညာ ချိုင့်ဝှမ်းရာအရပ်သို့ ရေအတိပြည့်လျှံသဖြင့် နာလိကာယမည်သော ငါးရံ့မသည်[၁၃] ရွှင်ပျမြူးထူး[၁၄] လှသောကြောင့် ချောင်းငယ်တစ်ခုသို့ ဝင်မိလေ၍ ဂန္ဓာယမည်သော[၁၅] အိုင်ငယ်၌ ပျော်မွေ့စဉ်ဝယ်[၁၆] မိုးစဲသောကာလ ဂိမ္ဟန္တအချိန် သောင်တိမ် ကမ်းတိမ်[၁၇] ပေါ်ထွန်းသည်နှင့် နာလိကာယ ငါးရံ့မသည် သန္တကမည်သောချောင်းသို့ ရောက်အောင် မလာနိုင်၍ ဂန္ဓာယအိုင်ငယ်၌ နေရလေ၏။ သိဂ်နိက္ခမငါးရံ့မင်းသည်[၁၈] ငါးရံ့မကို ရှာလျက် စုန်ကာ ဆန်ကာ သိတာရေပြင်၌ မမြင် မတွေ့ နှမ်းသွေ့မူရာ ဇာပါတစ်ခု ရှိလေ၏။

၁။ ပဒုမ္မသိင်္ဂီလည်း—ဓ။
၂။ အရှင်မင်းသမီး—ဗ။
၃။ ကိုယ်တော်ကသာ—ဗ။
၄။ နောင်ပံစိုးတော်မူ၍—ဗ။
၅။ အာတွနှစ်ပါး—ဗ။
၆။ များများကြီးပင် သွန်သင်သော်လည်း—ဓ။
၇။ မေတ္တာသွယ်ရန်—ဓ။
၈။ ကြေကွဲ၍သာ—ဗ။
၉။ ရွေးချယ်လျှင်—ဗ။
၁၀။ သိတာမည်သော—ဗ။
၁၁။ နာဠိကာရ—ဓ။
၁၂။ ကြီးစွာသောမိုးကြီး ရွာ၏—ဓ။
၁၃။ နာဠိကာယမည်သော ငါးရံ့မင်းသည်—ဓ။
၁၄။ ရွှင်ပမြူးထူး—ဓ။
၁၅။ ဂန္ဓာမည်သော—ဓ။
၁၆။ ပျော်မြူးစဉ်ဝယ်—ဓ။
၁၇။ သောင်တိမ်ကမ်းထိုက်—ဓ။
၁၈။ ထိုနာလိကာယ ငါးရံ့မင်းလည်း—ဓ။





ငါးရံ့မမှာလည်း ဟိုက်မောတန့်ကာ[၁] လာရာသောလမ်း၌ ကမ်းထိပ်မှာ မေးတင်၍[၂] ပူပင်ညှိုးမြန်း တမ်းလျက်မပြေ ရှိလေကြသောကာလ[၃] မဏ္ဍာကမည်သော ဖားသငယ်သည် ဂန္ဓာယအိုင်သို့ ဆင်းလာသော် နာလိကာယကို မြင်၍ 'အသင်သည်ကား ဥပျိုင်း၊ တင်ကျိုး အစရှိသော ဘေးရန်တို့ကို မလေးမစား ကမ်းနား၌ မေးတင်၍ အဘယ်ကြောင့်နေသနည်း' ဟု မေးသော် ငါးရံ့မလည်း မိမိအဖြစ် ပြန်ပြော၍ 'အဆွေမဏ္ဍာက .. ငါ၏အကြောင်းကို သန္တကချောင်းသို့ သွား၍ သိဂ်နိက္ခမ ငါးရံ့မင်းကို ပြောပါချေလော' ဆိုသော်[၄] မဏ္ဍာက ဖားသငယ်လည်း သနားလှ၍ သန္တကချောင်းသို့ သွားလေ၍[၅] ငါးရံ့မ မှာသည်အတိုင်းကို စေ့စုံစွာ ငါးရံ့မင်းအား ပြောလေသော် သိဂ်နိက္ခမငါးရံ့မင်းက 'အဆွေမဏ္ဍာက ... အဆွေတို့ အမျိုးအမည်ကား သာယာသောအသံကို ကျူးရင့်၍ ဟစ်ကြော်သော် မိုးခေါ်သောအသံမှတ်၍ မိုးနတ်ပဇ္ဇုန်တို့သည် က ခုန် ရွှင်လန်းလျက် ရေပန်း ရေပေါက် ဖြောက်ဖြောက်ရွာလာရသတည်း[၆]။ အဆွေမဏ္ဍာကသည် ငါတို့နှစ်ပါးကို သနားသဖြင့် အသံဟစ်ကြော်၍ မိုးခေါ်ခြင်းသို့ ပြုပါလော' ဟု ဆိုသော် ထိုမဏ္ဍာကလည်း ငါးရံ့မနှင့် ငါးရံ့ဖိုတို့ကို ကြည်ညိုစုံမက်လှ၍ အတွက်ကိုယ်မှာမရှိဘဲ ပေါင်းမိအတူ ချစ်သူမိတ်ဆွေ တွေ့မြင်လှသော ကရုဏာကြောင့် သံသာတကြော်ကြော် ခေါ်ပါ ဟစ်ပါလျက်လည်း[၇] ရွာဆင်လက္ခဏာ အုံ့ကာမှိုင်းကာ ပြုတိုင်းပင် မဏ္ဍာကဖားငယ်သည် စပ်ကြားက အားနာ၍ သည်တစ်ခါ အတူ ချစ်သူချင်း[၈] ပေါင်းမိပါစေဟု မရပ်မနေ ကြိုးစား၍ အသံတကြော်ကြော် ဟစ်အော်ဖန်များသဖြင့် အလကား ရင်ကွဲ၍ ဆုံးပူးလေသည်။

ဤ မဏ္ဍာကဖားကဲ့သို့[၉] ထိပ်ထားနှင့် ဟိုသခင်ကို[၁၀] ကျွမ်းကျင် နှစ်သက် စုံမက်ကြည်ညို နှစ်ကိုယ်ဖက်ပိုက် 'စိတ်ကြိုက်ယှဉ်နွဲ့'[၁၁] မရောင့်ရဲရာ ရတနာစည်းစိမ်ကို တင်းမတိမ်အောင် မွေ့သိမ်နှစ်ပါး စံစားကြည်ဖြူ အတူ ပျော်စေချင်လွန်းလို့ ပင်ပန်း၍စပ်ကြားက မင်းနှစ်ပါးအတွက်ကြောင့် စိတ်လက်

၁။ ဇိုက်ခေါ်တမ်းကာ—ဗ။
၂။ ကမ်းဆိပ်မှာ မေးတင်၍—ဗ။
၃။ ပူပင်ညှိုးနွမ်း မည်တမ်းအောက်မေ့လျက် မပြေရှိလေကြသော ကာလ—ဓ။
၄။ ပြောပါချေ စေသော်—ဓ။
၅။ သွားလေ၏—ဓ။
၆။ ကြွလှာရသတည်း—ဗ။
၇။ ဟစ်ပါလျှင်လည်း—ဗ။
၈။ ချစ်သူနှင့်—ဓ။
၉။ ဖားသူငယ်ကဲ့သို့—ဓ။
၁၀။ ထိုသခင်ကို—ဗ။
၁၁။ စိတ်ကြိုက်ရှည်ပြ—ဓ။



www.burmeseclassic.com

www.burmeseclassic.com



များ ပူသည်ကို အခြားလူမသိအောင် အတွင်းရှိ ရိလုခဲ့ပြီဟူ၍ ပဒုမသိင်္ဂီက လျှောက်သည်[၁]။

မင်းသမီးက သည်အရာကို မယ်ပဒုမသိင်္ဂီနှင့် မယ်ရာသီမုတ္တာတို့ ဖြစ်လျှင် ဆင်စွယ်နန်းစံသော[၂] မင်းသားအကြောင်းကို ပျောင်းပျ၍ ကျွန်မထံမှာ ပြောလာသည်။ အကြိမ်တစ်ရာလောက်မှ မကပါဘူး။ ပျော်မြူးစေလို[၃] ဆိုသည် မှတ်၍သာ ရယ်ကာမောကာ နေကြသည်။ ယခုများအရွယ်က[၄] ကျွန်မသည် စိတ်ကို တစ်ဆိတ်ကလေးမှ မပေါက်ပါဘူး[၅]၊ ကြောက်ပါသည်၊ ရှက်ပါသည်။ တစ်ခါတလေ ထွေထွေကျီစားသည့်မှ ကျွန်မတိတ်တိတ်ကယ် စိတ်အထဲ ဆိုးပါသည်[၆]။ မြတ်နိုးစေတနာ၊ မေတ္တာရစ်နှောင်[၇] လျော်အောင်ချစ်သည့်သူများ ဖြစ်သောကြောင့် အောင့်၍ အသက် ပြင်မထွက်ရအောင် ရယ်ဟာရယ်ပြုံးနှင့် မျက်မှန်းမကျိုးဘဲ စိတ်ဆိုးခြင်းအရာကို[၈] အရာမထင်စေရပါဘူး[၉]။

စိတ်ကူးမိတိုင်း[၁၀] ငိုင်း၍သည့်နှယ် သွယ်ဝယ်သီးကျူး တစ်ဦးကမြွောက်၊ တစ်ယောက်ကတို့၊ တချို့ကပင့်၊ အဆင့်ဆင့်အုံညီ၍ ကိုယ်စီလုည့်ပတ် အထပ်ထပ် လျှောက်ဖန်များသောကြောင့် မှား၍တကယ် ငယ်စိတ်ငယ်လက် ထွက်မိသောအခါ မလိမ္မာကိစ္စ အစ်မတို့စကားကို ယောင်၍ နားထောင်မိသဖြင့် မေတ္တာသွယ်လှယ်[၁၁] တကယ်ပင် ဟုတ်ကြကတဲကို[၁၂] အရှင်ဘုရားက လက်ဖျားမျှ ကျွန်မကို မထိပေဘူး[၁၃]။ အစ်မတို့ကိုသာ[၁၄] စပ်ကြားမှာ လမ်းထွင်၍ သွန်သင် ဖျက်ဆီးသူ ဖြစ်သည်ဟု[၁၅] အယူတော်ရင့်ရင့်နှင့် အခွင့်မလွှတ် ရာဇဝတ်တော် ပေးလျှင် မြတ်လေးနှစ်သက် စုံမက်နှမြော သဘောတမ်း ကြည်ညိုသည် ဖြစ်၍ ကိုယ်မှာသာ အပြစ်ရှိမည်ကို သတိကျွန်မ ယခုက ပေးပါသည်- မင်းသမီးက ဆိုလေသော် ရာသီမုတ္တာလည်း မျက်နှာကို အောက်ချ၍ နေသောကြောင့်[၁၆] ရောဟာနမိတ္တာက 'ဘုရား ကျွန်မတို့ တစ်စုမှာ ကောင်းအောင် ပြုလျှင်လည်း

၁။ ပဒုမ္မသိင်္ဂီက လျှောက်သည်တွင်-စ။
၂။ ဆင်စွယ်နန်းစံသည့်-စ။
၃။ ပျော်မြူးစံလို့-ဓ။
၄။ ယခုများနှယ်-ဓ။
၅။ မပေါက်ဘူး-ဓ။
၆။ တိတ်တိတ်အထဲဆိုးဆိုးပါသည်-ဓ။
၇။ မေတ္တာရစ်ဖြင့်-စ။
၈။ စိတ်ဆိုးခြင်း သည်အရာကို-ဓ။
၉။ အရာမထင်ရပါဘူး-ဓ။
၁၀။ စိတ်ကြံမိတိုင်း-ဓ။
၁၁။ မေတ္တာသက်လှယ်-ဓ။
၁၂။ ဟုတ်ကြသကဲ့သို့-ဓ။
၁၃။ လက်ဖျားမျှ မတို့ရသေးဘူး-ဓ။
၁၄။ အမတို့သာ-စ။
၁၅။ ဖျက်ဆီးသူဟု-စ။
၁၆။ မျက်နှာကို ချ၍နေသောကြောင့်-စ။





အရှင်၊ ခုပင် ရာဇဝတ် မလွတ်အောင် ထားလျှင်လည်း သနားတော်မြတ်သာ ဖြစ်ပါတော့သည်' ဟု တင်လေသော်-

မင်းသမီးက 'ကျွန်မ မာန်ပေါက်၍ ရာဇဝတ်ရောက်မည် ဆိုသမို့ လား၊ ဘဘုရားက အမျက်တော်ဝင်မည်၊ ဆင်ခြင်ကြပါ ချမ်းသာ အောင် ဆိုသည်ကို သူတို့ကို စိမ်းကား၍ ငြိုးထားမျက်လို ဆိုသည့် နှယ်ပင် ထင်မြင်ခဲ့ပြီ[၁]။ ငါကဲ့ငယ်[၂] ဟု မိန့်တော်မူသော် -

ရောဟာနမိတ္တာက 'ကိုယ်တော်စင်စစ် ချစ်၍ကေန် မှန်သည်ကို ဝီရိယ နှင့် ကျွန်မတို့မှာ ညှာတာထောက်ထားသည်ကို ခမည်းတော်ဘုရား အပြစ် တင်နိုင်မည်လား' ဟု လျှောက်ပြန်လျှင် 'သမီးတော် ဖြစ်ရလို့ ကျွန်မတို့ကို ပိုင်သည်ကို နိုင်အောင် ဘယ့်နှယ် ဆီးကွယ်ဖိထားနိုင်ရိုးလား' ဆိုပြန်သော် 'ကိုယ်တော်မြတ် စေတနာနှင့်[၃] မေတ္တာကြဲစည် လှည့်လည်စကား ဝှက်ထား မိန့်တော်မူပါက ရာဇဝတ်တော် ကင်းလွတ်လှပါသည်။ ထောက်မ ကူညီမှသာ တကား'ဟု[၄] လျှောက်ထားပြန်သော် 'အရှင်ဘုရား စိတ်ထားမစွန်းငြိအောင်[၅] အစ်မတို့က ဘယ်သို့ဘယ့်နှယ် သွယ်၍ လျှောက်ထားစရာရှိလျှင်[၆] သတိခုက ရအောင် ပြောတဲ့ကြစမ်းပါ' ဟု မိန့်တော်မူသည်တွင် ရောဟာနမိတ္တာက ထောက် မ စရာ အခင်းကို လင်းလင်းမတင်သာပါ။ သီကာရိပ်ကာ ဥပမာစကားရပ်ကိုသာ ပညာတော်ဟောင်းတွင် လောင်း၍[၇] ဆင်ခြင်တော်မူပါဘုရား။ ပုံစံရှာ၍ တင်ပါမည်။

ဘာမိနှစ်ပါးပြော မာယာနော ပုံပြင်ဝတ္ထု

ရှေးသရောအခါ ရမ္မာပူရ ပြည်ကို အစိုးရသော ဗဟုသုတ[၈] မင်းကြီးသည် စိတ္တဂန္ဓီမိဖုရားနှင့် နှစ်ပါးရွှေရင် ပျော်ရွှင် ရှင်နွဲ့သဖြင့် သမီးတော်တစ်ပါး ဖွားမြင်၏။ အရွယ်ရောက်သော် ဆန်းပြားလိမ္မာ ပညာနှင့် ပြည့်စုံလှသောကြောင့် နန္ဒမာယာဟု တွင်စေ၏။ အဆင်းသဏ္ဌာန်သည်လည်း အလွန်အကြူး ထူးပြား တင့်တယ်သောကြောင့် ခမည်းတော် ဗဟုသုတမင်းကြီးသည် ငါ့သမီးတော် လူနှင့်မထိုက်တန်ဟူ၍[၉] နန်းမတော်ဆောင်က အပေါက်ကိုဖောက်၍[၁၀] တစ်မျက်နှာ

၁။ ထင်ပြန်ခဲ့ပြီ-ဓ။
၂။ မအောင့်-စ။
၃။ ကိုယ်တော်စေတနာနှင့်-ဓ။
၄။ ထောက်မရည်မှာသာစကားဟု-ဓ။
၅။ မစွန်းညှိုးအောင်-ဓ။
၆။ အမတို့ကို ဘယ့်နှယ်သွယ်ဝယ်၍ ကျွန်မ လျှောက်စရာရှိလျှင်-ဓ။
၇။ ပညာတော်ဘောက်ဖွေ၍လောင်း၍-စ။
၈။ ဗဟုသောတ-ဓ။
၉။ လူနှင့်မထိုက်တန် ဟူ၍-စ။
၁၀။ အပေါ်ကို ဖောက်၍-စ။

www.burmeseclassic.com



သော လေကားနှင့် တံခါးတစ်ဝသာထားသော[၁] တပင်တိုင်နန်းမြင့် ဆောင်၍[၂] (ယောက်ျားကို မမြင်သာအောင်)[၃] လုံ့စွာ ကာရံစေပြီးလျှင် ထိုမင်းကြီးလည်း သမီးတော်ကို ချစ်မြတ်နိုးလှသောကြောင့် နေ့တိုင်း ညတိုင်း တပင်တိုင်နန်းသို့ တက်၍ ကြည့်ရှုစမ့တ် ပြု၏။

ထိုအခါ ဗေယျာဘူမိပြည်ကို အစိုးရသော နရာသဘမင်းကြီးနှင့် ကောသနီမိဖုရားရင်သွေးတော် ဇာနေယျမင်းသား ကြားသိလေလျှင် ခမည်းတော်၊ မယ်တော်တို့၌ ခွင့်ပန်၍ ခြွေရံငါးရာနှင့်တကွ ရတနာ ရွှေ ငွေတို့ကို ယူ၍ ရမ္မာပူရပြည်သို့ သွားလေ၏။ ထိုပြည်သို့ ရောက်လေသော် လျှောက်ပတ်သော နေရာက ဖွေရှာမေးမြန်း စုံစမ်းသည်နှင့် မင်းသမီး အထိန်းတော် ပဏ္ဍာမကို တွေ့လေ၍ စေ့စေ့စုံစုံ အကြောင်းကုန် ပြန်ပြောမှ[၄] လှပသောလက်ဆောင်ကို ပေး၍ 'မင်းသမီး စိတ်ကျအောင် အမယ် လျှောက်ထားပါ။ နောင်ခါ အထ မြောက်ပါလျှင် စိတ်ရောက်သောနေရာနှင့်[၅] ကြီးစွာ သူကောင်းပြုပါမည်' ဆိုသော် အထိန်းတော်ပဏ္ဍာမလည်း အာမခံလေသည်နှင့် တပင်တိုင်နန်းသို့ ဝင်ခဲ့၍ ရောက်လျှင် တဆိတ်တပေါက်စကားကို တစ်နေ့တစ်ပါး စနလျက် ပျောင်းပျ စိတ်နူး အထူးထူးသော ပုံစံနှင့် ကြိမ်ဖန်များစွာ လျှောက်လေလျှင် နန္ဒမာယာ မင်းသမီးလည်း ဇာနေယျမင်းသားကို တပ်မက်မောသော စိတ်ရှိသည်ဖြစ်၍ အခွင့်လွှတ်လျှင် အထိန်းတော်ပဏ္ဍာမသည် မင်းသားထံသို့လာ၍ အရေးတော် သာခဲ့ကြောင်းများကို စေ့စုံစွာပြောသည်နှင့် သဘောစိတ် ညီညာသဖြင့်[၆] ခရီး လမ်းများကို ပုံဖမ်း၍ ပြသခဲ့ပြီးလျှင် နန်းတော်သို့ ဝင်၏။

ညဥ့်အခါသို့ ရောက်သော်[၇] ဇာနေယျမင်းသားလည်း သန်လျက်တော် ကို စွဲကိုင်၍[၈] အထိန်းတော် မှာထားခဲ့သည့်အတိုင်းပင် သွားလေသော် တပင် တိုင် နန်းတော်သို့ရောက်လျှင်[၉] ကိုယ်တော်မြတ်ကို ရတနာရွှေကြိုးတို့ဖြင့် ဆိုင်း၍[၁၀] နန်းကြမ်းပြင်ကိုဖွင့်ပြီးလျှင် မင်းသမီးအပျိုတော်များလည်း[၁၁] မင်းသား ကို ငင်၍ ယူလေ၏။ နန်းထက်သို့ ရောက်လျှင် ၊မပေါက်စကား မှာထား နှုတ်ပိတ်၍ ချစ်စိတ်နှစ်ကိုယ် ပျိုစဉ် နုစဉ်က အရွယ်ရည်စည်းစိမ်ကို[၁၂] မွေ့သိမ်

၁။ တဝသာထားသော—ဗ။
၂။ နန်းမြင့်ဆောက်၍—ဗ။
၃။ (  ) ဤကွင်းပိတ်အတွင်းပါသော အပိုဒ်မှာ (စ)မူတွင် မပါ။
၄။ ပြန်ပြောပြီးလျှင်—ဓ။
၅။ စိတ်ရောက်နေရာနှင့်—ဓ။
၆။ သဘောစိတ်ညီလာမည်—ဗ။
၇။ ညရောက်သော်—ဗ။
၈။ သန်လျက်စွဲတော်မူ၍—ဗ။
၉။ နန်းတော်သို့ ရောက်အောင်—ဓ။
၁၀။ အောက်ကိုယ်မြားလွှပ်ကြိုးတန်းနှင့်—ဗ။
၁၁။ အပျိုတော်များသည်—ဓ။
၁၂။ အရွယ်ရင့် စည်းစိမ်ကို—ဓ။





စံပယ်ကြသည်နှင့် ခမည်းတော် အကြည့်အရှု လာချိန်တန်လျှင် ပြန်ရာသော နန်းကြမ်းပြင်ကိုဖွင့်၍ ကြိုးဖြင့် ငင်ချသဖြင့် နေရာသို့ တစ်ဖန် ပြန်လေသော ခဏ၌[၁] နန္ဒမာယာမင်းသမီးလည်း အမယ်ပဏ္ဍာမ[၂] ကို ခေါ်၍ အထိန်းတော် မင်းသားလည်း လက်ဖျားခြေဖျားက ဆော့သနှင့်[၃] ချော့မော့၍ လူကို[၄] စိတ်လို တိုင်း စံရွေးလျက် အမွှေးရနံ့ ရှုလေသည်။ ညည်းညည်းညူညူ ဆာပူ ညှိုးနွမ်း လှအောင်[၅] ပန်းဖြစ်လျှင် ညစ်ကရော့မည်၊ လူဖြစ်၍သာ မထောင်းတာ ကြွင်းကျန် ပါတော့သည်ဟူ၍ အပျိုတော်များအလယ်တွင် ရယ်ရွှင်ပေါက်လွှတ် အမှတ်တမဲ့ ပြောနေကြစဉ် ခမည်းတော် ဗဟုဿုတမင်းကြီးသည် သမီးတော်ကို ကြည့်ရှု မည်အလာတွင် မကွာများများ လေကားဆီတစ်ခိုက ပြောဆိုသော အသံများကို ဆတ်ဆတ်ကြားတော်မူသည်နှင့် 'ဘယ်ကမင်းသား မားမားဖွဖွ ဘယ်ကဘယ်သူ ဆောင်ယူ၍[၆] ရောက်သနည်း' ဟု အလန့်တကြား နန်းပေါ်သို့ တက်၍ ရှုတ် တရက်မေးတော်မူသော်[၇] သမီးတော် နန္ဒမာယာက မျက်နှာမပျက် ငြိမ်သက် သော ကျွန်နှင့်[၈] 'ဖွေဖွေရှာရှာ ရတနာသလွန်တော်ဝယ် အိပ်ပျော်ရင်း စမ်းမိသော် မရှိမတွေ့မှ လန့်၍သွားသည်နှင့် နိုးရပါသည်' ဟု အလျင်အမြန် သံတော်ဦး တင်ထည့်သော် ခမည်းတော် ဗဟုဿုတမင်းကြီးလည်း အိပ်မက်မြင်သည်အလား မေးတော်မူ၍သာ သညာတင်၍ ဆိုသူကို မသိလိုသော အဖြစ်[၉] မစစ်မကြောဘဲ သဘောကျေနပ်၍ အမှတ်မထင်သာ[၁၀] စံရာနန်းတော်သို့ ပြန်သွားလေ၏။

ဇာနေယျမင်းသားလည်း နေ့တိုင်း နေ့တိုင်း နိုင်းနှိုင်းမရှိ သတ္တိရဲဆုံး လက်ရုံးတော်ကို ဆန့်၍[၁၁] မလန့်မထိတ် စိတ်မတွန့်တို ထိုကဲ့သို့ ညဉ့်နက် သန်လျက် စွဲကိုင်၍[၁၂] တပင်တိုင်နန်းရိပ်ကို တိတ်တိတ်ခိုးသာ တက်၍လာသည် နှင့်[၁၃] နှစ်ပါးစုံမက် နှစ်သက်မွေ့လျော် စံပျော်ဖန်များသောကြောင့် (နန္ဒမာယာ မင်းသမီးမှာ နှုတ်ငုံတော် ရှိလေသော် အပျိုတော်များနှင့် တိုင်ပင်၍ ခမည်း တော်တွင် လျှောက်ရမည်များကို စကားချိန်းချက်ကြပြီးလျှင် နေပြည်တော်

၁။ ပြန်ပို့လေသော ခဏ၌—ဓ။
၂။ မယ်ပဏ္ဍာမ—ဓ။
၃။ ဆော့လေဆနှင့်—ဓ။
၄။ ယူတို့—ဗ။
၅။ ဆာပူညှိုးမြန်းလှအောင်—ဝ။
၆။ ဆောင်၍—ဗ။
၇။ ရှုတ်တရက်ချင်း၊ မေးတော်မူလေသော်—ဓ။
၈။ ငြိမ်သက်ကျွန်နှင့်—ဓ။
၉။ သညာထုတ်၍ ထိုသူကို မသိလိုသော အဖြစ်နှင့်—ဗ။
၁၀။ အမှတ်မထင်သော—ဗ။
၁၁။ လက်ရုံးတော်ဆန့်၍—ဓ။
၁၂။ ထိုကဲ့သို့ ညဉ့်နက်သော် သန်လျက်ကို စွဲကိုင်၍—ဗ။
၁၃။ တပင်တိုင်နန်းကို တိတ်တိတ်ခိုးသာ တက်သည်နှင့်—ဗ။



www.burmeseclassic.com

www.burmeseclassic.com



ဓေယျာဘူမိသို့ ဇာနေယျမင်းသားကို ပြန်သွားစေပြီးမှ[၁]) နန္ဒမာယာမင်းသမီးသည် အကြောင်းအရာကို ခမည်းတော် သိအောင် ပြုလေသည်။

ဗဟုဿုတမင်းကြီးလည်း 'အဘယ်ပြည်က မင်းသားကို အဘယ်သူများ သွေးဆောင်၍[၂] သည်နန်းတိုင်အောင် ရောက်လာနိုင်သနည်း' ဟု အခြွေအရံတို့ကို စစ်မေးတော်မူသော် 'မသိမမြင်ကြရပါ' ဟု ညီညီညာညာ သံတော်ဦးတင်ကြ၏။[၃] သမီးတော်ကို ချော့မော့ပျောင်းပျ၍ ခမည်းတော် မေးတော်မူရာတွင်မှ[၄] ဘုရားကျွန်မ ပြာသာဒ်သို့ တပ်တပ်ထင်ထင် မြင်ရအောင် လာသောသူသည် ဘယ်သူမျှ မရှိပါ[၅]။ အစွာက ညဦးခါတိုင်ရောက်၍ နေခြည်ပျောက်ပြီဆိုလျှင် လူလိုစကားပြောတတ်သော ပိတုန်းတစ်ခု ရောက်လာ၍ မွေ့ရာပေါ်မှာ နားပြီးလျှင် 'ဓေယျာဘူမိပြည်ကို အစိုးရသော နရာသဘမင်းကြီးနှင့် ကေသနီမိဖုရားခေါင် တောင်ဆောင်နန်းမတော်ရှင်၏ ရွှေရင်သွေးတော်ဖြစ်သော[၆] ဇာနေယျမင်းသားနှင့် နှစ်ပါးအတူ ကြည်ဖြူ့ရွှဲ့မို ဖမ္ဗုဒီပါ တစ်ကျွန်းလုံးကို အုပ်ဖုံးပိုင်စိုး[၇] မြတ်နိုးစံပယ်ပါ' ဟူ၍[၈] တပူဆာဆာ ညအခါတိုင်းပင် အပါးတွင် ဖန်ဖန် တောင်သံတဟုန်းဟုန်းနှင့် ထိုပိတုန်းဝဲ၍ ပြောလာသောကြောင့်[၉] စေတနာ ရောက်သည် ဆိုလျှင် ပိတုန်းညို့ ဘာပြုမည်လဲ မေးလျှင်-

ပိတုန်းကလည်း 'ဇာနေယျမင်းသားကို ကြည်ညိုစိတ်စော[၁၀] သဘောတူ၏ ဟူ၍သာ အခွင့်လွှတ်ပါတော့' ဆိုပြန်လျှင် တိရစ္ဆာန်ကိုကား အောက်မေ့၍ ငြီးငွေ့စရာ ပူဆာမေးလှသောကြောင့်[၁၁] ဖြောင့်ဖြောင့်ရည်မှတ်၍ 'ချစ်ပါတော့မည်' ဆိုလိုက်မိသည်နှင့် ထိုပိတုန်း ကွယ်ပျောက်ပါလေတော့သည်။

နေခြည်ဝင်ပျောက်၍ ညရောက်လျှင်[၁၂] သလွန်ပေါ်မှာ အိပ်ပျော်စဉ်ကာလမှ[၁၃] ဇာနေယျမင်းသားသည် ယဉ်ပါးပျော်ပိုက်လာသော မှုရပ်ကို တပ်တပ်အိပ်မက် မြင်သောကြောင့် နိုးလျှင်[၁၄] ကြည့်ထည့်ပါသော်လည်း ရှာဖွေမရရှိ ပြန်လေသည်နှင့် စောင့်မည်ဟု ညဦးသို့တိုင်လျှင်[၁၅] ထိုင်၍

---

၁။ ( ) ဤကွင်းပိတ်တွင်းရှိ အပိုဒ် (ဗ)မူတွင် မပါ။
၂။ အဘယ်သူ သွေးဆောင်၍-ဗ။
၃။ သံတော်ဦး တင်ရ၏-ဗ။
၄။ ခမည်းတော် စစ်မေးသည်မှ-ဗ။
၅။ ဘယ်မျှ မရှိပါ-ဗ။
၆။ ရွှေရင်တော်ဖြစ်သော-ဗ။
၇။ အုံးအုံးပိုင်စိုး-ဓ။
၈။ စမှာယ်လေ ဟူ၍-ဗ။
၉။ ထိုပိတုန်းသွယ်ဝယ်၍ ပြောလှာသောကြောင့်-ဓ။
၁၀။ ကြည်ညိုစိတ်စော၍-ဗ။
၁၁။ ပူဆာမေးမြန်းလာသောကြောင့်-ဓ။
၁၂။ ညညဦးရောက်လျှင်-ဓ။
၁၃။ သလွန်တော်ပေါ် အိပ်ပျော်စဉ်ကာလမှ -ဓ။
၁၄။ နိုးပြန်ပါလျှင်-ဓ။
၁၅။ ညဦးတိုင်လျှင်-ဓ။





မအိပ်ဘဲ မြဲမြဲမြင့်နေလျက်ပင်[၁] အိပ်မက်ချင်ပြီ ဆိုသောအခါ အလိုလိုငိုမြည်၍[၂] တစ်ကိုယ်တည်း အိပ်ပျော်လေတော့သည်[၃]။ ဤ ဇာနေယျမင်းသားကိုလည်း လားလားမျှပင် သူ့ရုပ်သွင်ကို မမြင် မသိပါဘူး[၄] နေ့တိုင်းသော အိပ်မက်မက်သည်နှင့် အရှက်ကွဲစရာ ဖြစ်ရပါတော့သည် ဘုရားဟု သမီးတော် နန္ဒမာယာက တင်လျှောက်လေသော်[၅]-

ခမည်းတော် ဗဟုဿုတမင်းကြီးလည်း အဆီးအတား လုံခြုံသော ရွှေဘုံနန်းသာကို[၆] နာနာရုပ်ဖန်ဆင်းတတ်သော မင်းသားမြတ်ပင် မှန်၏[၇]။ ထိုက်တန်ရာ ဖွေရှာပေါက်ရောက်သည်ကို အထောက်သင့်အမှန်ဟု သံတမန်များစေ၍ ဆွေမျိုးတော် ဆက်ကြသဖြင့် ရမ္မာပူရပြည်နှင့် ဓေယျာဘူမိပြည်သည် ရွှေနှစ်ပြားကို တစ်ပြားတည်းကဲ့သို့[၈] ဖြစ်၍ အရှင်ရေး၊ ကျွန်ရေးတွင်သာ မဟုတ်ဘဲ ပြည်ထဲရေးကစ၍ ငြိမ်ဝပ်စွာ သာယာစည်ပင် သို့စင် ကောင်းမြတ်ဖူးလေသည်။

နန္ဒမာယာ မင်းသမီးကို[၉] ခမည်းတော် ဗဟုဿုတမင်းကြီးသည် လူချင်းဖြစ်လျှင် မပေးစားဘူးဟု အလွန်ဝန်တိုသော စိတ်ရှိသည်ဖြစ်၍ ဗီရိယတစ်ခု ကြည့်ရှုနေထိုင်နေသည်ကို[၁၀] လျှောက်ဆိုသွန်သင် နားဝင်အောင် လှည့်ပတ်သော သူ၏အရိပ်ကို တစ်ဆိတ်ကာယ်ဖမ်းမိလျှင်[၁၁] သိသိကြရာသော အကြောင်းရှိသော်လည်း သမီးတော် နန္ဒမာယာက ပညာဆင်ခြင်၍ မေးလျှင် ပြောဖို့အဆိုနှင့်[၁၂] အသီးသီးအဝဝ မိန်းမတို့ ပရိယာယ်နှင့် ရုတ်ခြည်းသွယ်ဝယ်လိုက်သောအခါ[၁၃] စကောစကနှင့် မကျမတင် ဘယ်သူတွင် ဘယ်ကဲ့သို့ စွန်းငြိစရာ[၁၄] ပေလာယကင်းလွတ်၍ ရာဇဝတ်ပေးစရာ မရှိပါပြီ။ နွဲ့မို့ရွှေရင် အရှင်နှစ်ပါးလည်း[၁၅] စံစားမွေ့လျော် ကြံတော်မူတိုင်း မြောက်လေသည်။ နှစ်ပြည်ထောင် နှစ်နန်း

---

၁။ အမြဲအစွဲ နေလျက်ပင်-ဓ။
၂။ အလိုလိုသာ မည်၍-ဗ။
၃။ အိပ်ပျော်လေသော် ပျော်လေတော့သည်-ဗ။
၄။ လားလား တစ်ခါမှပင် ရုပ်ဝါ ပကတိ မသိမမြင်ဖူးပါ-ဗ။
၅။ နန္ဒမာယာ တင်သော်-ဗ။
၆။ အဆီးအတားလုပ်သော ရွှေဘုံသားကို-ဗ။
၇။ မင်းသားမြတ်စဉ် မှန်၏-ဗ။
၈။ တစ်ပြားတည်း စပ်သကဲ့သို့-ဓ။
၉။ ဤနန္ဒမာယာမင်းသမီးကို-ဗ။
၁၀။ ကြည့်ရှုနေ့တိုင်း နေသည်ကို-ဓ။
၁၁။ သူ၏အဆိတ် တစ်ဆိတ်ကာယ်မျှ ဖမ်းမိလျှင်-ဗ။
၁၂။ ပြောဖို့ အဆိုနှင့်-ဗ။
၁၃။ ဟုတ်ချင်မှယ်ပြောလိုက်သောအခါ-ဗ။
၁၄။ စွန်းညှိစရာ-ဗ။
၁၅။ သခင်နှစ်ပါးလည်း-ဓ။



www.burmeseclassic.com

www.burmeseclassic.com



လည်း ရွှေလမ်းငွေလမ်း ဖောက်ကြ၍ သဟာယမိတ်ဆွေ ဖြစ်လေသော နည်းထုံးနှင့် အားလုံးအကျိုးမြင့်မြတ်အောင် ထိပ်ခေါင်တင်ဘုရားမှာလည်း ဤ နန္ဒမာယာမင်းသမီးကဲ့သို့ လှည့်ကာပတ်ကာ[၁] ပညာတော်ဆန်းဆန်းနှင့် ကူးသန်း၍ ထောက်မပါလျှင် ရာဇဝတ်ကင်းလွတ်ပါတော့မည်ဟု လျှောက်လေသော် ဝေဠုမြတ်စွာမင်းသမီးကလည်း 'ကျွန်မသည့်နှယ် ပရိယာယ်မာယာကို တတ်ပါသမိုလား။ မင်းသားကို ချစ်ရပါမည်ကို[၂] အပါယ်လေးပါး အစာဖြစ်အောင် ကြံဆောင်လှည့်စား၍ မှသားမဆိုနိုင်ပါဘူး' ဟု မိန့်တော်မူသော်[၃] ရောဟနမိတ္တာက 'ထိပ်ချာထိပ်တင်ငယ်၊ ဘယ့်နှယ်အရေး တွေး၍ ဆိုတော်မူပါသလဲ[၄]၊ လှတိုက်စွ ကြောင့်ကြရန် ပေါ်ခဲ့သော်[၅] ဤကဲ့သို့ ပြောတော်မူလျှင်[၆] တခြားသူ မသိနိုင်ကြောင်းကို လောင်းစရာ စကားလျှာထားနှင့်ရခြင်း ဖြစ်ပါသည်။ ဆံခြည်တစ်ဖျားမှ မှသားသုံးရာ[၇] ဘယ်မှာ ရှိပါမည်နည်း။ ခမည်းတော်ဘုရားသည် မင်းသားအကြောင်းကိုသိလျှင် အမျက်တော်ရှိမည့်အရာ မဟုတ်ပါ။ ရှေးကာလက နန်းမရှင် မိဖုရားအိပ်မက်ကို ချက်ချက်ချာချာ ဒေဝဓိတာ သံတော်ဦးတင် ကတည်းကပင် သံသရာဘဝက မေတ္တာမျှဖူးသူ[၈] ဖြစ်သည်များကြောင့် သနားစရာ ချစ်စရာသာ ရှိပါတော့သည်' ဟူ၍ တင်ပြန်သော် မင်းသမီးလည်း နိုးနိုးစပ်စပ်ရှိသော်လည်း[၉] ထိထိရောက်ရောက်အမှုကို ရှက်တော်မူလှသေးသည် တစ်သွယ်[၁၀]၊ မယ်ရာသီမုတ္တာနှင့် လှန်ကာ ပြန်ကာ ပြောသောစကား တာလမ်းတွင်[၁၁] ပါမှန်းမသိ ပါသောကြောင့် မေတ္တာစိတ်ကို ချုပ်၍ ရုတ်တရက် မပြောဖြစ်သည် တစ်ရေး၊ ဟိုရှေးဘဝက ပါကြသော ကုသိုလ်ကံကြောင့်[၁၂] ဇာစ်မြစ်ကို ဖော်တိုင်းပင် စိတ်တော်ချမ်းမြေ့ထည့်သော်လည်း ဘယ်ကဲ့သို့မျှ မမိန့်နိုင်သည် တစ်ကြောင်း၊ ထပ်လောင်း၍တစ်ခါ ပြောစရာ ခပ်ကတ်ကတ် ရှိလေသော်[၁၃] ပြုံးတော်မူလိုက်၍သာ[၁၄] ရတနာသလွန်ပေါ်မှာ စက်တော်မူလေ၏[၁၅]။

ထိုနှင့်တစ်ဖန် မိုးသောက်ပြန်သည်ရှိသော် သုံးရေတော်ကြည်ကြည်နှင့်

၁။ လည်ကာပတ်ကာ—ဓ။
၂။ ချစ်ပါရမည်ကို—ဗ။
၃။ ဆိုတော်မူသော်—ဓ။
၄။ ဆယ်ရေးတစ်ရေး တွေး၍သာ ဆိုဆို—ဗ။
၅။ လှတိုက်စွကြောင့် ကျရန်ပေါ်ခဲ့ သော်—ဗ။
၆။ ဆိုပြောတော်မူလျှင်—ဗ။
၇။ မှသားသုံးစရာ—ဓ။
၈။ မေတ္တာမျှဖူးသည်—ဓ။
၉။ နိုးနိုးစပ်စပ်ရှိသော်—ဗ။
၁၀။ ရှက်တော်ရသေးသည်တစ်သွယ်—ဓ။
၁၁။ စကားလမ်းတွင်—ဓ။
၁၂။ ကုသိုလ်ကြောင့်—ဗ။
၁၃။ ပြောစရာလို ခက်ကတ်ရှိသော်လည်း၊ —ဗ။
၁၄။ ပြုံးတော်မူတည့်လိုက်၍သာ—ဗ။
၁၅။ စက်တော်ခေါ်လေ၏—ဗ။





စမွှယ်ရည်များကို[၁] တည်ကြ၊ ဆက်ကြပြီးလျှင် အငြိုးအငွေ့ မြွေမြွေရယ်ကာ မောကာ နေရအောင်[၂] ရွှေတစ်ဆစ်၊ မြတစ်ဆစ်တွင် စိန်နန်းရစ်သည့် သလွန်ပေါ်မှာ[၃] စံပယ်ပျော်ရွှင်၍ လက်သင်ကေသာကို နီလာဘီးတော်နှင့် မချောသေး[၄]၊ မွှေးလှသော ရနံ့ ပျံ့ပျံ့သင်းသော ငါးပါးသော နံ့သာဆီကို ကြောင်သီလ ကြိုးရှုပ်သည့် ပန်းကန်မှာ ဂန္ဓမာလာကို[၅] ဆိတ်စာစီတို့လျက်[၆] ယို့ယို့ညွတ်ဆွတ်ကာ[၇] လက်သန်းနှင့် နပန်းဆံတော်စများကိုပင်လျှင်[၈] မလိမ်းချင်ပါသေးဘူး။ မှုံးမှုံးဝေဝေ နေလို့မကောင်းရာမှာ ဣန္ဒနီလာဘီးများနှင့် မဖြီးချင်ပါနှင့်တော့– မိန့်တော်မူသော် အထိန်းတော် ရူပသာရက 'ထိပ်ချာတင်ငယ် ... လူမြင်သော်[၉] မဖြီးချင်၊ မလိမ်းချင်သည့်အတွက်ကြောင့် ရှက်ခမန်းလိ ပျင်းရိရာ ရောက်တော့မည်ပ[၁၀]။ ညကို သုံးခါ၊ နေ့မှာသုံးတန်[၁၁] ဆင်ရန်ဝတ်လဲ၊ ချိုးမြဲရေကြည်၊ ဖြီးသည်လိမ်းဖို့[၁၂]၊ ထိုသို့ချည်း ဆင်ယင်သည်ကို[၁၃] ယနေ့မှပင် ထိပ်တင် ငြင်းတော်မူသည်မှာ ဆိတ်စာအမှု ထူးချေ၏'ဟု လျှောက်သော် မင်းသမီးက 'ကျွန်မမှာ အမှုထူးစရာ ဘာတစ်ခုမျှ မရှိ[၁၄]၊ ပျင်းရိသည်ဟူ၍ ဘယ်သူဘယ်ဝါ လာ၍ သည်ကို ဆိုလာပါမည်နည်း' ဟု မိန့်ပြန်သော် (အထိန်းတော်က 'ယမန်နေ့ညက ရောဟနမိတ္တာတို့သည် ဣန္ဒကုမ္ဘာမင်းသား၏ အကြောင်းများကို)[၁၅] ထိပ်ထားထံမှာ သံတော်ဦးတင်ရာတွင် မေတ္တာရွှေပွင့် အခွင့်ရပြီဟူ၍ သူတို့ မင်းသားကို မှာထားလိုက်ကြ၍ ယနေ့ပင် မကြာ ဂန္ဓမာနန်းပေါ်သို့ ကြွတော်မူလာမည့် အကြောင်းများကို စကားသံ့သံ့ ကြားပါသည်။

'ငယ်မူငယ်နည်းနှင့် သည်ကဲ့သို့သာနေလျှင် ကျက်သရေမြင့်မြတ်ကြောင်းကို[၁၆] မင်းသားသိမည်လား[၁၇] တော်တော်များမှတ်မည်ကို အလိုလို စိတ်ပူနှင့်သည်' ဟု လျှောက်ပြန်လျှင် မင်းသမီးက 'ထွေထွေလာလာ မေတ္တာစကား မင်းသားအကြောင်းကို ကောင်းသည်၊ ဆိုးသည် မည်ကဲ့သို့မှ အရာကျကျ

၁။ ရေစမွှယ်ရန်များကို—ဓ။
၂။ အငြိုးအငွေ့ပြေဖျော် ရယ်ကာ မောကာ နေရအောင်—ဓ။
၃။ သလွန်တော်မှ—ဓ။
၄။ မချော ချောအောင်—ဓ။
၅။ ဂန္ဓမာလာသည်—ဓ။
၆။ ဆိတ်စာဆိတ်စီ တို့လျက်—ဓ။
၇။ ဖိုဖိုညွတ်ညွတ်ဆွတ်ဆွတ်ကာ—ဓ။
၈။ ဆံတော်စများကို ပင့်လျှင်—ဗ။
၉။ လူများမြင်၍သောခါ—ဗ။
၁၀။ ရှက်ခမန်းလိလိ ပျင်းရိစရာ ရောက်တော့မည်—ဓ။
၁၁။ နေ့ရဲသုံးသုံးတန်—ဓ။
၁၂။ ဆီသည်လိမ်းဖို့—ဓ။
၁၃။ ဆင်ရသည်ကို—ဗ။
၁၄။ ဘာတစ်ခုမှ မရှိ—ဓ။
၁၅။ ( ) ဤကွင်းစိတ်အတွင်းရှိ အပိုဒ် (ဓ)မူတွင် မပါ။
၁၆။ မြင့်မြတ်သည်ကို—ဗ။
၁၇။ သိမြင်တော့မည်လား—ဗ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်မှ မဆိုသည်ကို[၁] အလိုလိုမင်းသား[၂] ပဏ္ဍုမြားနန်းတော်သို့ ရောက်အောင် လာလျှင်မှ မှာထားသူတို့သာ[၃] အပြစ်အဆာ ရှိရလိမ့်မည်[၄]။ ကျွန်မတို့မှာ မသိပါ' ဟု[၅] မိန့်တော်မူသော် ရာသီမုဏ္ဍာက ရူပသာရကို နောက်က နေ၍ လက်နှင့် တို့သော် –

အထိန်းတော်ကလည်း 'ထိပ်တင်ငယ် ... တကယ်မင်းသား ပဏ္ဍုမြားနန်းတော်သို့ ကြွလာလျှင် ကွယ်ရာမှာ မတွေ့အောင်ရှောင်၍ နေမည်လား၊ စကားမျှမပြောပါလျှင် သူ့ခမျာလည်း ရှက်ရှာတော့ မည်ပ၊ ဣန္ဒကုမ္ဘာ စကြာစိုးရန်[၆] စွမ်းအန်ဘုန်းတော် အာနုဘော် ကြီးမြတ်သူကို ကလူစားသည်နှယ်[၇] စိမ်းကားရက်စက်လျှင် ရှက်နာ နာသော ကိစ္စကြောင့် ကျွန်တော်မတို့များမှာ အလကား ဝန်လေး ကြတော့မည်[၈]' တင်လေလျှင် –

မင်းသမီးက 'ဣန္ဒကုမ္ဘာမင်းသားကို စကားမပြောဘဲ ကျွန်မနေလျှင် ထွေထွေရာရာ အမယ်တို့ကို မည်ကဲ့သို့ ပြုမတဲ့လဲ' မေးတော်မူလျှင်[၉] အထိန်း တော် ရူပသာရက သုဒဿန၊ စိတြနှင့် ကာဠ၊ ဂန္ဓမာ၊ ကေလာသဘတောင် ငါးလုံးတို့တွင် ထိပ်တင်သာ အမြင့်အမြတ်၊ လူ့ရပ်လူ့ပြည့်တွင် ဖြစ်ကလည်း ကေရာဇ်တကာသည်[၁၀] စကြာတော်အောက်ကျို့ရ၍ လူတို့အခေါင်အဖျား နှစ် ပါးသောအရှင်သည် သို့စင် အထွတ်အထိပ်ဖြစ်သည်ကို ပဏ္ဏာလိုသည်ဟူ၍[၁၁] လက်ကူကိုယ်ပါ ရှာ၍ အမှုထားတော်မမူပေဘူး[၁၂]။ ကြည်နူးသောစိတ်ထား ကြောင့် ကြိုးစား၍သည်တိုင်[၁၃] ရောက်နိုင်အောင် ရောက်လာ၍ နေ့ကြာရက် မြင့်[၁၄] အခွင့်မသာ မေတ္တာထပ်လို့ အကျိုးမနပ်သည်နှင့် နေပြည်တော်မြတ်ကို ပြန်တော်မူခက်ရှိသော[၁၅] ပညာတော်ရေးနှင့် ရှက်ဆေးချေခဲ့သည်–ဟု[၁၆] တထွေ စလုံးကို သူ့ဘုန်းနှင့်ဖိခဲ့လျှင် မသိသာ အပြစ်ရောက်တတ်ကြောင်းကို ထုံး ဟောင်းပုံပြင်ရှိပါသည်' ဟုဆိုသော် မင်းသမီးက 'ကျွန်မကမှ မမှာသည်ကို[၁၇]

၁။ ဘယ်နှယ်မှ မသိပါသည်ကို–စ။
၂။ အလိုလိုပင်သာ–စ။
၃။ မှာသူ ထားသူကိုသာ–ဗ။
၄။ အပြစ်တစ်ခု ရှိရလိမ့်မည်–စ။
၅။ ကျွန်မရို့ မသိပါဟု–ဗ။
၆။ စကြာစိုးရ–ဗ။
၇။ ကလာ စားသည်နှင့်–ဗ။
၈။ ဝန်လေးချည်တော့မည်–ဗ။
၉။ မေးတော်မူသည်နှင့်–ဗ။
၁၀။ ကေရာဇ်တစ်ရာသည်–စ။
၁၁။ မနာလိုသည် ဟူ၍–စ။
၁၂။ အမှုပြုတဲ့တော်မူပေဘူး–ဗ။
၁၃။ ကြိုးစား၍ သည်အတိုင်း–စ။
၁၄။ နေ့ရက်ကြာမြင့်–ဗ။
၁၅။ နေပြည်တော်မြတ်ကို အပြန်ခက်ရှိသော် ခမက်ရှိသော်–စ။
၁၆။ ရှက်ချေခဲ့သည်ဟု–စ။
၁၇။ ကျွန်မက မမှာသည်ကို–စ။





သူ့တတ်တိုင်းလာသောကြောင့်[၁] မသာအခွင့် နေ့မြင့်ရက်ကြာ ရှိသည်ဆို သူ့ကိုယ် ကို ရှက်ဆေးချေ၍ အထွေထွေ မသိရအောင် ကြံဆောင်ဘယ့်နှယ်ပြုလိမ့်မည် နည်း' ဟု မေးလျှင် ထိပ်တင်ငယ် ... ဆင်စွယ်နန်းတော်ရှင်က ရှင်ဘုရင် သားသမီးချင်း[၂] ကို တင်းတင်းမာမာ သိသာ မြင်သာအောင် အပြစ်မပြုတဲ့ ပေဘူး။ ဆန်းထူးသော ပညာ၊ ဝိဇ္ဇာမယအတတ်နှင့် ကန့်သတ်လို့ အဝေးက ရှက်ဆေးချေတော့မည်ပ။ သဘောကျကျ နားမလည်လျှင် အရည်ထုံးပုံရှာ၍ လျှောက်ပမည်၊ ရွှေနားတော်မြတ် တင်တော်မူပါဦး။

## အချွဲ လွန်ကဲ ကိုယ်ကျိုးနည်း ပုံပြင်ဝတ္ထု

ရှေးသရောအခါ သက္ကရဖွဲ့ ပြည်ကို အစိုးရသော ပဏ္ဍိတ မင်းကြီးနှင့် ပဏ္ဍုပ္ပလာ မိဖုရားကြီးသည် မခြားနှစ်ကိုယ် ကြည်ညိုမွေ့လျော်သဖြင့် သမီးတော်မြတ် တစ်ပါး ဖွားမြင်၏။ အရွယ်ရောက်သော် ကျက်သရေမျိုးတို့ဖြင့် ပြည့်စုံသော ကြောင့်[၃] သီရိမြတေမင်းသမီးဟု တွင်စေ၏။ ခမည်းတော်မင်းကြီးလည်း အလွန် ချစ်ခင် မြတ်နိုးတော်မူသည်ဖြစ်၍ ရွှေနန်းတော်ဝယ် ပြာသာဒ်ငါးဆောင်နှင့် တစ် ထောင်သော ခြွေရံအလယ်မှာ စံပယ်ပျော်ပိုက်စေလျက် အလိုလိုက်ထား သတည်း။

ထိုအခါ ပူရန္ဒမဏိပြည်ကို အစိုးရသော ကေတုမာလာမင်းကြီးနှင့် ဝိနန္ဒသာမာမိဖုရား ရင်သွေးတော် ခတ္တိယမင်းသားသည် ထိုက်တန်သောကညာ ကို ရှာဖွေရန်သွားမည်။ အပြည်ပြည် အမြို့မြို့ လှည့်ပတ်ရှာဖွေ သွားလိုသော ကြောင့် ကြီးစွာသောလှေထက် အဖိုးအတိုင်းမသိထိုက်သော အထည်အလိပ် တို့နှင့်တကွ မြတ်သော ဥစ္စာ၊ ရတနာ[၄]၊ ရွှေ၊ ငွေ တင်ယူလျက် သင်္ဘော သားငါးရာနှင့်တကွ[၅] သမုဒ္ဒရာမြစ်သို့ လွှင့်ခဲ့သော် အနိုင်နိုင်ငံတို့၌[၆] သတင်းစကား နားထောင်ခဲ့သဖြင့်[၇] သက္ကရဖွဲ့ပြည်သို့ ရောက်လာလျှင် သာယာသော ကမ်းဆိပ် ၌ သင်္ဘောဆိုက်၍ နေလေ၏။

ထိုအခါ သက္ကရဖွဲ့ပြည်ကို အစိုးရသော ပဏ္ဍိတမင်းကြီးသည် [illegible] သဘင် ကစားအံ့သောငှာ များစွာသော မိုလ်ပါရဲမက်အပေါင်းခြံရံလျက် သ[illegible]ရာ

၁။ သူ့တိုက်တိုင်း လာသောကြောင့်–စ။
၂။ သခင်မဘုရား မင်းသား မင်းသမီး ချင်းကို–စ။
၃။ စုံညီသောကြောင့်–ဗ။
၄။ အထည်အလိပ် မြတ်သော [illegible] ရတနာ–ဗ။
၅။ သင်္ဘောငါးရာနှင့်[illegible]–စ။
၆။ အတိုင်းတိုင်း [illegible]တို့၌–စ။
၇။ နားထောင်သဖြင့်–စ။



www.burmeseclassic.com

www.burmeseclassic.com



ရေနန်းသာဘင်၌ ရွှေလှေ၊ ရွှေလောင်း၊ ပုံမောင်း အသံဆော်၍ မွေ့လျော် စံပယ်ခြင်းကို ပြု၏။[၁] ထိုအခါ ပူရန္ဒမထီပြည်က သင်္ဘောစီး၍လာသော မင်းသားကို မြင်၍ အကြောင်းအရာကို မေးလျှင် မိမိသနစ်ကို စုံစွာ[၂] ပြန်ပြောလေ၏။

ပဏ္ဍိတမင်းကြီးလည်း ရေသာဘင်ကစားမြဲ ကစားတော်မူပြန်သော် ခတ္တိယမင်းသားလည်း ထူးပြားဆန်းကြယ်စွာသော ရတနာ ရွှေငွေတို့ကို ထိုပဏ္ဍိတမင်းကြီး၏ အမတ် စစ်သူကြီးတို့အား များစွာသော ရတနာရွှေငွေတို့ကို ပေးလေ၏။ ကိုယ်ရေးကိုယ်ရာကို ထောက်မပါမည့် အကြောင်းနှင့် ဖြားယောင်းလှည့်ပတ်၍ အဆွေခင်ပွန်း ဖွဲ့သဖြင့် အကျွမ်းဝင်ကြသည်ဖြစ်၍ သေနာပတိ အစရှိသော မှူးမတ်တို့လည်း ခတ္တိယမင်းသားလက်ဆောင်ကို ယူဖန်များသဖြင့် မင်းသား၏ အခြင်းအရာကို မင်းကြီး၌ တစ်နေ့တစ်ပါး လျှောက်ထားကြလေလျှင် ခမည်းတော်မင်းကြီးလည်း 'ငါ့သမီးတော်ကို လူနှင့် မပေးစားလျှင် နတ်နှင့် ပေးစားရမည်လော၊ မိန်းမတို့ မည်သည်ကား ယုတ်သည် မြတ်သည် မဆို၊ အလိုလို နေ့ရက်ကြာလျှင် တစ်စုံတစ်ရာ ဖြားယောင်းတတ်သော စကားရှိသည် မှန်၏။ ထီးရုံနန်းရုံ ဆွေတူမျိုးတူ[၃] ဖြစ်ပါက အမတ်တို့စကားကို ပစ်ပယ်တော့မည်လော' ဟု မိန့်တော်မူသော် ငါကား ဆို၏။ အလို ငါတူသော်လည်း[၄] ပေါင်းဖော်တော်မူရမည်သူဖြစ်သော သမီးတော်သည် မွေ့လျော် မြတ်နိုးသည်ဖြစ်မှ အမတ်တို့ လျှောက်လာသော စကားကို ငါ နားထောင်သာချိမ့်မည်- အမိန့်ရှိတော်မူသော် မှူးတော် မတ်တော်တို့ကလည်း 'သမီးတော် နှစ်သက်သည်၊ မနှစ်သက်သည်ကို အတပ်သိရအောင် ခတ္တိယမင်းသားကို သွားလာ၍ ဖြားယောင်းပါစေတော့မည်'ဟု လျှောက်ပြန်လျှင် ပဏ္ဍိတမင်းကြီးလည်း အခွင့်လွှတ်တော်မူလိုက်၏။

မှူးတော်မတ်တော်တို့လည်း မင်းသား ရှိရာသို့ လာပြီးမှ များစွာသော လက်ဆောင်တို့ကိုလည်း ခံယူကြသဖြင့် အခွင့်ရကြောင်းကို ပြောလျှင် နန်းတော်သို့ ဆောင်ယူလေ၍ သီရိမြုတေမင်းသမီးကို ခမည်းတော် သူကောင်းပြုမည်များနှင့်[၅] မင်းသားကို ပြ၍ဆိုကြသော် မင်းသမီးကလည်း ငယ်ကပင်[၆] ယောကျ်ားကို စကားစပ်၍ မပြောဖူးသောကြောင့် အလွန် ကြောက် ရှက်လှသော အမူအရာနှင့် 'ကောင်းပါပြီ' ဟူ၍သော်လည်း မလိုက်၊ 'မကြိုက်ဘူး'

၁။ မွေ့လျော်စမ္မာယ်ပြု၏–ဝ။
၂။ မိမိသနစ်ကို စုံရာ–ဗ။
၃။ ဆွေတူမျိုးတန်–ဗ။
၄။ အလိုတူသော်လည်း–ဗ။
၅။ ခမည်းတော်ကြောင့် ပြုသည်များနှင့်–ဝ။
၆။ ငယ်ကတည်းကပင်–ဝ။





ဟူ၍သော်လည်း မငြင်း၊ အဆောင်တော်တွင်းသို့သာ ပြေးဝင်လေသော် ခတ္တိယမင်းသားလည်း တစ်နေ့မသော တစ်နေ့သောပင် ဖြစ်ပါနိုးနိုး မျှော်ကိုးထင်ယောင်နှစ်လည်အောင်ပင် လှည့်ပတ်ဖြားယောင်းပါသော်လည်း အတွေ့မခံ၊ လားလားစကားအစခက်၍ ရက်ကြောက်သည့် စိတ်နေနှင့် သီရိမြုတေမင်းသမီးသည် အပါးနီးတိုင်းသာ[၁] မလိမ္မာသည့် သူငယ်လို အတွယ်ပင် မခံလိုသောကြောင့် မရောင့်မရဲ စွဲမိသည့် စိတ်ထားနှင့် မင်းသားခတ္တိယသည် ရက်အလိုလို ကြာမြင့်သော် မင်းသား၏ပဏ္ဏာကို ခံယူသည့် မှူးမတ်တို့က 'မင်းသမီးသည် မကြီးသက်ရွယ် ငယ်ငယ်ပျိုပျိုဖြစ်၍ ဆိုသော စကားကို[၂] နားမဝင်၊ အတွေ့မခံလိုသည်မှာ သူလိုချင်စရာ ထူးစွာဆန်းပြားသည့် အမှုကို တစ်ခုခု ယူဆောင်ပါချေ။ ရွှေဖြစ်လျှင်လည်း မကြိုက်၊ အဖိုးထိုက်သော ရတနာတို့ကိုလည်း မတောင့်တ၊ ရှင်ပျစရာ[၃] မလိမ္မာစိတ်ကူး ပျော်မြူးရှင်ရန်ဖြစ်လျှင် လိုချင်မြဲ ဖြစ်သည်ကို လူပြည်၌ မရှိစဖူး ဆန်းထူးသော တစ်စုံတစ်ရာကို[၄] ရှာချေဦး' ဆိုကြသော် ထိုခတ္တိယမင်းသားလည်း မင်းသမီးကို ချစ်ကြည် လေးမြတ်လှသောကြောင့် 'ဆန်းပြားသောအရာကို ဖွေရှာချေဦးမည်' ဆို၍ သမုဒ္ဒရာသို့ သင်္ဘောလွှင့်ပြန်သော် ဟေဝန္တာတောစပ်သို့ရောက်၍[၅] ပင်လယ်နား[၆] ကမ်းပါး၌ ပေါက်ရောက်သော နာနာရူပ ပန်းပင်သည် တစ်ကိုင်းတည်းတွင် ဆယ်နည်း ဖြူ၊ နီ၊ မည်း၊ ရွှေ[၇] အထွေထွေ ပွင့်သတည်း။

ထိုပန်း၏ရနံ့ကို ခံမိလျှင် ယားကျိယားကျိရှိ၍ နောက်ကို တအောင့်လောက်ကြာလျှင် နမ်းလေမိသမျှ နှာခေါင်းတို့သည် မမြင်ကောင်းအောင် တစ်တောင်လောက်[၈] ရှည်ကြလေ၏။ ခတ္တိယမင်းသားလည်း 'ရွှေဖော်အပေါင်းတို့[၉] ... ဤသို့ နှာခေါင်းမရှည်ခင်ကမှ သီရိမြုတေမင်းသမီးသည် စကားမျှအတွေ့ခံ၍ မပြောဘဲကို ယခုမှာ ရှည်သည် နှာခေါင်းများနှင့် ပြည်နားကိုမျှ သိရတော့မည်လား' ဟု ဆိုသော် ရွှေဖော်အပေါင်းတို့ကလည်း 'အရှင့်သားတော်သည် ပန်းပင်ကို ဆောင်ယူခဲ့ဦး၊ ဆန်းထူးသည့် အရာတစ်ပါးဖြစ်သည်'

၁။ အနီးတိုင်သာ–ဗ။
၂။ ဆိုသော ပြောသော စကားကို–ဝ။
၃။ ရွှေပြစရာ–ဝ။
၄။ မရှိစဖူး ဆန်းထူးသော တစ်စုံတစ်ရာကို–ဝ။
၅။ ဟေဝန္တာစပ်သို့ ရောက်၍–ဝ။
၆။ ပင်လယ်အနား–ဝ။
၇။ ဆယ်နည်းဖြူရွှေ–ဝ။
၈။ နှာခေါင်းတို့သည် မမြင်ကောင်းအောင် တထောင်လောက်–ဗ။
၉။ ကျေးကျွန်းတော် အပေါင်းတို့၌–ဝ။



www.burmeseclassic.com

www.burmeseclassic.com



ဆို၍ ထိုပန်းပင်ကို အမြစ်နှင့်တကွ ပါအောင် တူးယူပြီးသော် သင်္ဘောဦးတွင် စိုက်ခဲ့၏။

ထိုနှင့်တစ်ဖန် သွားကြပြန်လျှင် ဓာတရူပမည်သော ပန်းပင်သည် ထူးဆန်းသော အဆင်း ပြာသာဒ်အဆင့်ကဲ့သို့သာ တက်၍[၁] အရွက်ဖျား၌သာ ရောက်လာသော အညှာမရှိသော ပန်းပင်သည် လေဖျန်း၍ မွှေးရနံ့လာရာတွင် ရနံ့ခံမိသည်ကာလမှ[၂] ရှည်သော နှာခေါင်းသည် တို၍ အလိုလို ပကတိရှိပြန်ရာတွင် သည်အခါ တို့မင်းသား အကြံမြောက်သည်–ဟူ၍ ထိုပန်းပင်ကိုလည်း တူး၍ သင်္ဘောဦးတွင် စိုက်ယူခဲ့သည်။ သမုဒ္ဒရာရေပေါ်မှသည် ခတ္တိယမင်းသားလည်း သက္ကရဖွဲ့ပြည်သို့ သင်္ဘောလွှင့်ခဲ့ပြန်၏[၃]။ နာနာရူပပန်းကို[၄] လမ်းကပင် လုံခြုံအောင် ရွှေကတော့ငုံလုပ်၍ ကြုတ်အဖုံးအပိတ်၌ တံဆိပ်လက်ရာခတ်ပြီးမှ 'ပန်းမြတ်လက်ဆောင်ရောက်အောင် သီရိမြတေမင်းသမီးထံ ဆက်ပါလေ၊ လမ်းတွင် မဖွင့်မလှစ် မကြည့်မရှုကြနှင့်' မှာထား၍[၅] မင်းသမီးနှင့် အကျွမ်းတဝင် ရောက်ပေါက်သူတို့တွင် ပေးလိုက်၏။

နန်းတော်သို့ရောက်လျှင် နန်းတော်သူတို့လည်း ''ခတ္တိယမင်းသားက ထူးပြားဆန်းကြယ်လှသော ပန်းလက်ဆောင် ရောက်သည်'' ဟု ကြားလျှင် များစွာသော အခြွေအရံတို့သည် 'ရွှေကတော့နှင့် ပန်းကို ကြည့်စမ်းပါရစေဘုရား' ဟု အသနားခံကြလေလျှင်[၆] သီရိမြတေမင်းသမီးလည်း ရွှေကတော့မှာ ပါသော သော့ကျင်ကလေးကို နုတ်၍ ရွှေကြုတ်ဖုံးကို ဖွင့်လျှင် ပုံ့ရွှင်တကြိုင်ကြိုင်နှင့် တစ်ခိုင်တည်းတွင် ဆယ်နည်းပွင့်သော ပန်းဖြစ်၍ 'နမ်းရှုပါ၊ မွှေးလှပါသည်ဘုရား' ဟု အားလုံး ချီးမွမ်းရှိစဉ်တွင် (သီရိမြတေမင်းသမီးနှင့် ခြွေရံအပေါင်းတို့ နမ်းရှုကြလေသော်)[၇] နှာခေါင်းယားယံကြသည်နှင့် အတန်ကြာလျှင်[၈] သီရိမြတေမင်းသမီးမှစ၍ သီဂီနန်းဆောင်မှာ တစ်ထောင်သော ခြွေရံအပေါင်းတို့သည် နှာခေါင်းတစ်တောင်လောက် ရှည်ကြ၍ 'ရော႕. . သည်တစ်ခါ ခက်ပါပြီ' ဟု တစ်ယောက်ကိုတစ်ယောက် ကြည့်ရှုကြပါသော်လည်း ငေါငေါသော နှာခေါင်းသည်[၉] ဆင်နှာမောင်းယမ်းသကဲ့သို့ တစ်နန်းလုံး

၁။ ပြာသာဒ်ဆင့်သာတတ်၍–ဓ။
၂။ ရနံ့ခံမိသည်–ဓ။
၃။ သက္ကရဖွဲ့ပြည်သို့ လွှင့်ပြန်ခဲ့၏–ဓ။
၄။ နာနာရူပ ပန်းပင်ကို–ဓ။
၅။ လမ်းတွင် မဖွင့် မကြည့်နှင့်ဟု မှာ၍–ဓ။
၆။ အစ နံ့ခံကြလေလျှင်–စ။
၇။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ်များ (ဓ) မူတွင် မပါ။
၈။ အင်မတန်ကြာလျှင်–စ။
၉။ ငေါအရော နှာခေါင်းသည်–ဓ။





ရှိကြ၍ ပြည်ပပြည်တွင်း သတင်းကျော်ကြားလေသော် ခတ္တိယမင်းသားလည်း သင်္ဘောလှည့်၍ နေပြည်တော်[၁] ပူရန္တမဏိပြည်သို့ ပြန်တော်မူလေ၏။

သက္ကရဖွဲ့ပြည်မှာ ပဏ္ဍိတမင်းကြီးလည်း သမီးတော်အဖြစ်ကို မြင်၍ ကုန်စင်အောင် အရေးကို မေးမြန်းစစ်ကြောသော် မှူးတော် မတ်တော်တို့ သံတော်ဦးတင်လေ၏။ မင်းသားဖြစ်သည်နှင့် မေတ္တာကြည်ဖြူ သဘောတူခဲ့၍ အတင့်အရဲနေသောကြောင့် မင်းသားစိတ်ဆိုး၍[၂] ကိုယ်ကျိုးနည်းအောင် ပြုခဲ့ချေပြီ။ ညီညီညာညာ သူ့စံရာဗိမာန် ပူရန္တမဏိပြည်သို့ နှာခေါင်းရှည်မင်းသမီး အပေါင်း တစ်ယောက်မကျန် မှူးမတ်တို့ကြပ်မတ်၍ သင်္ဘောနှင့်တင်၍ မင်းသား ခတ္တိယထံ ဝန်ချ တောင်းပန်ပြီးလျှင်[၃] 'ငါ၏ သမီးတော်နှင့် စုံမက်ပါဘိတော့' ဟု မိန့်တော်မူ၍ သီရိမြတေမင်းသမီးလည်း အချွဲကြီးသည်အတွက် ကြောက်ရက်တတ်သော စိတ်မာန်ကြောင့် ပူရန္တမဏိပြည် တစ်ပါးသူ့ တိုင်းနိုင်ငံသို့ ခြွေရံတို့နှင့်တကွ လိုက်၍ မင်းသား ကြိုက်အောင်ပင် ဦးခိုက်၍ တောင်းပန်ရဖူးလေသည်။

ဤသီရိမြတေ မင်းသမီးသည် အမတ်ကြီးတို့အလျှင် နှားဝင်အောင်[၄] လှည့်ပတ်သောအခါ ရက်တတ်သည့် ဓလေ့၊ အတွေ့ပင် မခံ၊ ငြင်းဆန်ပစ်ပယ်သည်နှယ်[၅] ပြုလေ့ရှိသည်ကို ခတ္တိယမင်းသားကဲ့သို့ ဆန်းပြားသော အကြံများနှင့် ကြံချေသော် ကျက်သရေတော် ယွင်းယိုခဲ့လျှင် သူ့ကို မကြိုက်ငဲ့ရပြီလော[၆]။ တူသောပုံကိုရှာလျှင် ''ကျောင်းဒကာ ခေါ်သောအခါ မထူး၊ စိတ်ရူးရူးရှိသည်နှင့်[၇] ငယ်မည်ကိုဖော်၍ အောင်ကျော် ခေါ်ရာတွင်မှ ဗျာပင်[၈] ထူးလေသကဲ့သို့'' ဥပမာ တူ မရှိပါစေနှင့်။ ထိပ်တင်ထံမှာ ကျိုးနွံဆည်းကပ်၍ လေးမြတ်မေတ္တာ သာသာ ပြောလာသည် အခိုက်က[၉] အထိုက်အလိုက် တော်အောင် မွှေ့လျော်သော အာရုံနှင့်[၁၀] ဝတ်ကုန်အောင်ပြုပါမှ[၁၁] သာယာပွင့်လင်း မြင့်မြတ်ခြင်း ကျက်သရေတော်သည်[၁၂] အကျော်အစောသို့ ရောက်ပါမည်။ ရက်သည်၊ ကြောက်သည် ဟူ၍ အတွေ့မခံ ငြင်းဆန်၍ နေခဲ့လျှင် သီရိမြတေမင်းသမီးကဲ့သို့[၁၃] သူ့ထီး၊

၁။ မင်းသားလည်း နေပြည်တော်–စ။
၂။ မင်းသား စိတ်များဆိုး၍–စ။
၃။ ဝန်ခံ တောင်းပန်ပြီးလျှင်–စ။
၄။ အလျှင်းနားဝင်အောင်–စ။
၅။ ငြင်းဆန်ပစ်ပယ်သည်နှင့်–စ။
၆။ မကြိုက်ငဲ့ရပြီလား–စ။
၇။ စိတ်ဆူးဆူးရှိသည်နှင့်–ဓ။
၈။ ဗျာရှင်–ဓ။
၉။ ပြောသည့်အခိုက်က–ဓ။
၁၀။ မလျော်သောအာရုံနှင့်–ဓ။
၁၁။ ဝတ်ကုန်ဝတ်ကြေပြုပါမှ–ဓ။
၁၂။ သာယာလင်းပွင့် မြတ်မြင့် ကျက်သရေတော်သည်–ဓ။
၁၃။ မင်းသမီးများကဲ့သို့–ဓ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နန်းသို့သွား၍ အသနားမခံပါရစေနှင့်။ ရိုရိုသေသေ ချေင်သော စကားကို မင်းသားလာနိုက်က[၁] ထိုက်လျောက်သော ဝတ်ကိုမပြုဘဲ[၂] လွှဲ၍တစေ နေခဲ့ချေလျှင် တတွေစလုံးကို မင်းသားဘုန်းဖိ၍[၃] မသိမသာ အပြစ်ရောက်မည်ကို ကြောက်နှင့်လှပါသည် ဘုရား။ ထိပ်ထားကို သွန်သင်၍ နားမတင်လိုသည့် အတွက်ကြောင့် စိတ်လက်များ ခက်ချင်လှပါပြီ–ဟူ၍[၄] အထိန်းတော် ရူပသာရက တင်လေသော် မင်းသမီးက 'အမယ်‥ ရှေးက မင်းသားသာ ပေါဝန္တာတော အရပ်တွင် အခန့်သင့် သဘော်နှင့်ကြုံသည်ကို[၅] သည်ပုံအတိုင်း ကျအောင် ခုများနယ်တွင် ဘယ်မှာ သည်ပန်းကို ဆန်းထူးလို့ ရှိပါတော့မည်နည်း[၆] ဟု ဆိုသော် 'အလို ထိပ်တင်ငယ်‥ သို့စင်သော မင်းသားကို ပေါ့ပေါ့စားစားသာ ရှာဖွေလို့တကယ် လွယ်လွယ် မိန့်တော်မရှိပါနှင့်၊ မာလာယုကျွန်းက ဂေါသီတ စန္ဒကူးနံ့သာကို[၇] ယမန်ခါက ပေးသည့်အရာများသည် လူ ရောက်သည့်နေရာ ရှိသမို့လား။ နဝတတ်အိုင်နားကိုလည်း[၈] ဘယ်မင်းသားမှ ရှေးများက ရောက်ဖူးသည် မရှိ။ သမုဒ္ဒရာ၊ မဟာမေရု၊ ခြောက်စုသော နတ်ရပ်ကိုပင် ရွှေစက်ရပာတ် လှည့်ပတ်တော်မူနိုင်၍ ထွတ်တိုင်ခေါင်ဖျား သိကြားက ဆက်ရသော လက်နက် ဝရဇိန်ရှင်ကို သို့စင်ရှိလျှင် ခတ္တိယမင်းသားမျှ မကအောင် ရွက်ဆောင် ကြံစည်နိုင်သော မင်းသားဖြစ်၍ "ဖမ္ဗူရာဇ်နှင့် မြ၊ လနှင့်နေ" သဖွယ် စံပယ်ပျော်ပါး ထိပ်ထားနှင့် ဟိုသခင်ကို မပြောချင်အောင် အမှန်[၉] ထိုက်တန်တော်မူလှ၍ ကျွန်မများ စိတ်တွင် "အရှင်ကောင်းလျှင် ကျွန်ကောင်းမည်" ရည်၍ သည်ကလောက် လျှောက်ဝံ့ပါတော့သည် ဘုရား' ဟု တင်လျှင် မင်းသမီးက ဥပမာ ပုံများကို စဉ်းစားမိတော်မူသည်နှင့် မနေမသာ ရွှေစိတ်တော်ရိပ် နိမိတ်က[၁၀] ထိတ်ထိတ် ရှိတော်မူလေ၍[၁၁] 'ငြိုးငွေ့စရာ အမယ်မှာ ရွံ့စရာ ပြောတတ်ရာမှာကော[၁၂]' အမိန့်ရှိလျက် မဏိရတနာ သန္တာစက်မှန်တင်နှင့်[၁၃] ကြေးမုံပြင်ပြင်ရှိရာသို့ အသာ

၁။ မင်းသားတို့ လာနိုက်က–စ။
၂။ ထိုက်လျှော်သော ဝတ်ကို မပြုဘဲ–စ။
၃။ မင်းသားဘုန်းထိ၍–ဗ။
၄။ စိတ်လက်ချည်လှပြီဟူ၍–ဗ။
၅။ မင်းသားရှာ သဘော်ထဲမှ ပင် သဘော်နှင့် ကြုံသည်ကို–ဗ။
၆။ ဘယ်မှာပန်းကို ဆန်းလို့ရှိပါတော့မည်နည်း–ဗ။
၇။ စန္ဒန နံ့သာကို–ဗ။
၈။ အနဝဒါတ် အိုင်နားကိုလည်း–ဗ။
၉။ ပြော၍ပင် မမှန်အောင်–ဗ။
၁၀။ နိမိတ်ကို–ဗ။
၁၁။ ထိတ်ထိတ်ရှိတော်မူလေ၍–စ။
၁၂။ ပြောတတ်ရာမှာကောင့်–ဗ။
၁၃။ သဒါစက် မှန်တင်စင့်–ဗ။





ကြွတော်မူပြီးသော် စိတ်တော် မလုံသည့် အချက်ကြောင့် ရွှေမျက်နှာနုနုကို ရှုလို့အဖန်ဖန် ကြံစည်လို့ တွေးတိုင်း တရေးရေးထင်ရာတွင် ခုတွင်နုသာ ကြည့်ရှု၍နေတော်မူစဉ် အရိပ် သိသဖြင့် အထိန်းတော်ကလည်း 'ထိပ်ပေါ်ထား တင် သခင်၏ ရွှေရုပ်ဝါမှာ ရှေးကာလဖြစ်လျှင် ကျောက်စုံရစ်သည့် ဖလားနှင့် ရေကြည်တော်များ သုံးက ရေလုံးရေပေါက် တစ်လျှောက်တည်း ဝင်သည့်ကို[၁] မြင်ကအတိုင်း မြင်ကြရသည်မှာ ပြာပြာစိမ်းစိမ်း ရှိပါသည်၊ ထူးလည်းယခု မွေးနယုက်စီ[၂] လည်ချောင်းဆီတစ်ခိုမှာ ရေမျိုသည့်အခိုက် ကြည့်လိုက်ကပြီဆိုလျှင်[၃] နီနီညိုညိုရှိသည်မှာ အရသာလက္ခဏာ ထူးပြားသည်–ဟု[၄] စွဲယူမှတ်ချင် စရာ[၅] ရှိပါတော့သည်။

'မည်သို့ဖြစ်အောင် ကြံဆောင်လို့ ပြမိချေလားလို့[၆] မင်းသားကို မေး ကြရမှ မုချသိသာပါတော့မည်။ နက်ဖြန်ခါ မင်းသား ပတ္တမြားနန်းပေါ်သို့[၇] လာတော်မူလျှင် ထိပ်တင်အပါးက စကားစ၍ သိရအောင် မေးတော်မူစမ်းပါ[၈] ဘုရား' ဟု လျှောက်သော် 'မင်းသား နက်ဖြန် အမှန်လာမည်လို့[၉] ဘယ်သူ လာ၍ ပြောသနည်း' ဟု မေးလျှင် 'ယခုတင်က[၁၀] နန်းကြမ်းပြင်မှာ နေကြ သောအခါ ရုပ်ဝါသဏ္ဌာန်များကို လားလားမျှ မမြင်ပါရ၊ ဂမ္ဘွာဃ နတ်သမီး သည်[၁၁] လာတော်မူမည် နက်ဖြန်၊ ဂန္ဓမာနန်းတော်မှာ ပြောချေ၊ မင်းသားက စေလိုက်၍ ထွေထွေလာလာ သာယာသော နတ်၏စကားဖြင့် နာခံလို့ မဝ အောင် ကျွန်မတို့တစ်တွေကို လေချွန်၍ ပြောလာပါသည်ဘုရား' ဟု လျှောက် ထား သံတော်ဦး တင်လေသော်–

မင်းသမီးလည်း ဘုန်းကြီးသောသူပေမို့ မနေသာ[၁၂]၊ သူ့ခများကို စေစားသည်နှင့် တူတော့သည်[၁၃]။ အာဏာရည်ကြပ်ကြပ်နှင့် နတ်ကိုမှ သည့်ကလောက် ညှဉ်းဆဲလျှင် ရဲစွမ်းသည့် စိတ်လက်နှင့်[၁၄] တစ် ဖက်သားကို မသနား မကြင်နာတတ်ပေဘူး။ ကျူးကျူးလွန်လွန် ကြောက်ရွံ့ခြင်းမရှိသော မင်းသားသည်[၁၅] ပတ္တမြား နန်းတော်သို့ ကြွ

၁။ ရေလုံရောက်ပေါက် တစ်လျှောက် ထည့်ဝင်သည်ကို–ဗ။
၂။ မွေးနသက်ဆီ–စ။
၃။ ကြည့်လိုက်ကြပြီဆိုလျှင်–ဗ။
၄။ နီနီညိုညိုရှိသည် အရာသာ လက္ခဏာ ထူးပြားသည်ဟု–စ။
၅။ မှတ်ချင်စရာ–ဗ။
၆။ ကြံဆောင်၍ ပြမိချေပြီလား–စ။
၇။ ပတ္တမြားနန်းတော်သို့–ဗ။
၈။ မေးတော်မူစမ်းပ–ဗ။
၉။ မင်းသား နက်ဖြန်ကာ လာမည်ကို–ဗ။
၁၀။ အခုနင်က–ဗ။
၁၁။ ကမ္ဘွရာ နတ်သမီးသည်–ဗ။
၁၂။ ဘုန်းကြီးသည်လို့ မနေရှာ–ဗ။
၁၃။ သူ့ခများ နတ်များကို စေစားသနှင့် တန်တော့သည်–ဗ။
၁၄။ ရဲသည်စိတ်လက်နှင့်–ဗ။
၁၅။ ကြောက်ရွံ့မရှိ မင်းသားသည်–ဗ။



www.burmeseclassic.com

www.burmeseclassic.com



လာ၍[၁] ကျွန်မကို တကယ် ကျီစယ်ပျော်ရွှင် ဆင်ခြင်မရှိ၊ ထင်မိကရ အစစလူများကို လက်ဖျား ငင်ဆွဲ၍[၂] မလွှတ်ဘဲ နေခဲ့သော် သေလု အောင် ကြောက်ရက်လို့ အသက် ကျွန်မ ထွက်ရချေတော့မည်။

အထိန်းတော်က 'ဘယ်မှာဘုရား မင်းသား ကြွရောက်လာလျှင် မကွာ အနားက ကျွန်မတို့ ရှိသည်ကို ခွင့်သီပြေပြေ အတွေ့တွေ့ ပြုတဲ့ပမည်နည်း။ ရစ်စည်းမေတ္တာ၊ စေတနာစကားနှင့် မင်းသားက ပြောဆိုလျှင် ရွှေကိုယ်တော် စား အပါးမှာ နေ၍ ချေလည်အောင် ကျွန်မတို့ လျှောက်တင်ပမည်' ဟု သံတော်ဦးတင်လျှင်[၃] မင်းဝေဠုမြတ်စွာလည်း သာယာသော အသံကလေးနှင့် 'ဆယ်ရေး တစ်ရေး ကိုးရေးတစ်ရာ ဖွေရှာလို့ သည်မင်းသားသည်[၄] ပတ္တမြား နန်းပေါ်သို့[၅] ကျူးကျော်ဝေကန် မှန်မှန်ကြွရောက်လာလျှင်[၆] အမယ်ရှုပသာရသည် မြဲစွာလုံ့လ ကျွန်မအပါးကကို တစ်ပါးတခြားသို့ မရွှေ့ပါနှင့်။ သစ္စာ၊ မေတ္တာ၊ စေတနာ စိတ်ညွတ်၍ ပျူငှာလောကဝတ်[၇] စကားကို မင်းသားက မေးတော် မူလျှင် ရေးရေးရာရာ ဘယ်ဟာအခင်း မကြွင်းမကျန် တုံ့ပြန် လျှောက်စရာ များကို[၈] ဆိတ်စာမျှ ကျွန်မ မတတ်ပါဘူး။ ကြည်နူးနာဖွယ် အမယ်ကသာ မေးလာသမျှ စကားကို[၉] ကျွန်မကိုယ်စား လျှောက်ထားကြသည်ဖြစ်မှ ကျစ်လျစ် သိမ်မွေ့ အတွေ့အနိုင် ခံရပါတော့မည်' မိန့်တော်မူသော် အထိန်းတော်က 'ကြောင့်ကြတော် မမူပါနှင့်ဘုရား။ မင်းသား ကြွရောက်လာလျှင် တစ်ထောင် ငါးရာ ရွှေဖော်တို့နှင့် ကျွန်မရှေ့တည်၍[၁၀] ပြေလည်အောင် စကားကို မင်းသား မိန့်တော်မူသမျှတွင် ထိပ်တင်ကို မရောက်မပေါက်ရအောင် သို့လျှောက်မည် အကြံတို့ကို သံတော်ဦးတင်မည်။ ရွှေမျက်နှာတော်ရိပ် မိန့်ခွန်းတော်နိမိတ်ကို ကြည့်၍ လှည့်ကာပတ်ကာ ဖွာဖွာဘက် မနီးမဝေးက အရေးသာ ဆင်ခြင်၍[၁၁] မြော်မြင်သလောက်အရာ[၁၂] တတ်သမျှပညာကို ချီသာအောင် ချေပါရတော့ မည်[၁၃]' ဟူ၍ စိတ်ငယ်တော်မမူအောင် သူတို့တစ်တွေ တိုက်တွန်းလျက် ရယ်ရွှန်း ဖတ်ရွှန်း ပြောကြသည်နှင့်ပင် ကာလအတန်ကြာအောင်ပင် ကြာမြင့်လေ၏။[၁၄]

၁။ ကြွလာလို့—ဗ။
၂။ ရွှေလက်များ ဝင်ဆွဲ၍—စ။
၃။ လျှောက်လျှင်—ဗ။
၄။ ဖွေရှာလိုသည့် မင်းသားသည်—ဗ။
၅။ ပတ္တမြားနန်းတော်သို့—ဗ။
၆။ လာသည့်သော်—စ။
၇။ ဖြူငှာလေကာဝတ်—စ။
၈။ ပြန်၍ လျှောက်စရာများကို—စ။
၉။ မေးလျှောက်သမျှ စကားကို—စ။
၁၀။ ကျွန်တော်မ ရှေ့တည်၍—စ။
၁၁။ အရေးသာဆင်၍—ဗ။
၁၂။ မျှော်တင်လွှာပ—ဗ။
၁၃။ ချေပတော့မည်—ဗ။
၁၄။ ကာလအတန်ကြာအောင် ရှည်မြင့်လေ၏—ဗ။





ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့မှာ မင်းသားဘက်ကို အလိုပါချက်[၁] သူများ ထက် သာသောကြောင့် သည်တစ်ခါ စိတ်ညစ်လေပြီ–လို့ ဟိန်းဟဲ့များ ချ၍[၂] စစ်ဘဝ အောင်သောသွင် ပျော်ရွှင်စေတနာ ဝမ်းသာအားရလှ၍ ကချင် ခုန်ချင် မတတ်ပင် ရှိကြလေသတည်း။

♦

## ၉။ ဂန္ဓမာမြို့သို့ အထောက်တော် စေလွှတ်ခန်း

ဏ္ဍကုမ္ဗာ မင်းသားမှာလည်း ဖွားဖက်တော် ပညာဟာသကို ခေါ်တော်မူ၍ ဂန္ဓမာ မင်းသမီးအကြောင်းကို ထပ်လောင်းအပြန်ပြန် အဖန်တလဲလဲ မေးတော်မူ သည်တွင်–သံတော်ဦးတင်ချက်က ညက်ဟန်၊ မွတ်ဟန်၊ ထွတ်ဟန်အကြောင်း[၃] နှင့် ပျောင်းနွဲ့သော၊ ယဉ်နုသော ကိုစွကို ပဒုမသိင်္ဂီတို့ စုံစီနဖာ ပြောသောစကား တွင် ဆင့်ပွားထပ်လျောက်၍[၄] လျှောက်ထားလေရာတွင် ရွှေနားတော်မြတ် တင် ၍ ချင်ရဲမပြေ အထွေထွေအောက်မေ့လျက်[၅] ထိုနေ့ညစက်တော်မူသော် ကတ္တီပါ ဖြူ သလွန်တော်ထက် နံနက်လင်းအားကြီးအချိန်တွင် ဏ္ဍကုမ္ဗာမင်းသားသည် ဤသို့ အိပ်မက်မြင်၏။[၆]

တာဝတိံသာမည်သော ဝေဇယန္တာနတ်နန်းသို့တိုင်အောင် စကြာရဟတ် လှည့်ပတ်၍ ပြန်ရာတွင်[၇] သုဓမ္မာဇရပ်သို့ ရောက်လေ၍ ဝင်တော်မူလိုသော ဆန္ဒရှိပါလျှင် ဝင်စရာတံခါးကို ပိတ်ထားသောကြောင့် အမှတ်မထင် ပြင်ကရပ်၍ နေတော်မူစဉ် သုနန္ဒာနတ်သမီးသည် တံခါးကို ဖွင့်၍ထားသော်[၈] သုစိတ္တာ နတ်သမီးက 'အရှင်မင်းသား . . တံခါးဖွင့်ကြောင်းကို မသိသလော' ဟု မေးလျှင် 'မသိပါလေ' ဟု ပြောစဉ်၌[၉] 'ယမန်နေ့ညကပင် သုနန္ဒာနတ်သမီး တံခါးကို ဖွင့်၍ ဖွင့်ပြီ၊ ဝင်လိုလျှင် ဝင်ချေတော့' ဆိုသည်နှင့် လန့်၍ နိုးတော်မူ၏။

၁။ တစ်ဖက်ကို အလိုပါချက်—စ။
၂။ တိမ်တဲ့များ ချ၍။
၃။ ညက်ဟန်၊ နုဟန်၊ မွတ်ဟန်၊ ထွတ်ဟန် အကြောင်းနှင့်—စ။
၄။ ဆင့်ပွားထပ်လောင်း၍—ဗ။
၅။ ချင်ရဲ မပြေ နိုင်ရာတွင် အထွေထွေ အောက်မေ့လျက်—ဗ။
၆။ ဤကဲ့သို့ အိပ်မက်မြင်၏—ဗ။
၇။ လှည့်ပတ်ပြန်ရာတွင်—ဗ။
၈။ ဖွင့်၍ထားသော—ဗ။
၉။ မသိပါသေးဘူးဟု ပြောစဉ်၌—ဗ။



www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်လျှင် မင်းသားလည်း ဖွားဖက်တော် ပညာဟာသကို ခေါ်တော်မူ၍ အိပ်မက်ကို ပြန်ကြားတော်မူလေလျှင် ဖွားဖက်တော် ပညာဟာသကလည်း 'ယမန်နေ့က ဘုရားကျွန်တော် ဂန္ဓမာမြို့သို့ ဝင်သောအခါ ရာသီမုတ္တာတို့တွင် မှာလိုက်သော အမှုသည် သုမဗ္ဗာဇရပ်နှင့်တူသော မင်းသမီးကို အသီးသီးလျှောက်ထား၍[၁] တံခါးနှင့်တူသော ရွှေနားတော်ကို ဖွင့်၍ ဝင်ရမည် အခွင့်သာယာကြောင်းကို သုစိတ္တာနတ်သမီး ပြောလာပါသည် ဘုရား' ဟု တင်သော် မင်းသားလည်း အလွန်အားရတော်မူ၍ ဖြူရောင်၊ ညိုရောင် တစ်ခဲနက် တည်လတ်သော ကျောက်မျက်ကိုးပါး၊ ပတ္တမြားနဂါးပတ်လိမ်အရုပ်နှင့်[၂] ဝတ်ဆင်တော်မူသည့် လက်ကောက်ကို ရွှေလက်တော်မှ ချွတ်၍ ပညာဟာသကို သနားတော်မူပြီးလျှင် 'အရေးအရာကို သိရအောင် ဂန္ဓမာမြို့သို့ ဝင်ချေဦး' ဟု အမိန့်တော်ရှိလေသော် ဖွားဖက်တော် ကျွန်တော်မျိုး တစ်ရာကျော်နှင့် ပညာဟာသလည်း ဂန္ဓမာမြို့သို့ ဝင်လေ၏။

ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့မှာလည်း အထိန်းတော် လျှောက်ထား၍ စကားခွင့်ရစကပင် ထိုညကုန်အောင် မျက်တောင်မယှက်၊ အိပ်စက်ခြင်းကို မပြု၊ မိုးလင်းမှုကိုသာ ဆုတောင်းလေသည်နှင့်[၃] မောင်း နှစ်ဆယ့်ခြောက်ချက် ခတ်၍ သုံးချက်တီးကျော် ငါးနာရီတွင် ရောင်နီလာ စောစောက ထ၍ ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့သည် သာလာယဗိမာန်သို့ ထွက်ကြရန်အမှုကို[၄] ပြင်ဆင်ကြ၏။ မဟာသာလမည်သော အထိန်းတော်ကလည်း 'ဝင်းပြင်သို့ ထွက်လိုကြလျှင် ထိပ်တင် မနိုးတော်မူမီက ထွက်ကြ၊ အမေးတော်ရှိလျှင် အပြစ်မရှိကြရအောင်[၅] သံတော်ဦးတင်နှင့်မည်၊ ဘုန်းတော်ကြီးလှသော ခမည်းတော်ဘုရားလည်း ယနေ့ပင် ဟေဝန္တာတောင်ပေါ်မှာ[၆] နတ်သဘင်စုံခင်းရာ ထွက်တော်မူလိမ့်မည်ဖြစ်၍[၇] မင်းသား ယနေ့ည ကြွတော်မူလာအောင်သာ သွေးဆောင်ခဲ့တော့' ဆိုလေသည်နှင့် ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့လည်း ပတ္တမြားနန်းတော်က ထွက်ခဲ့၍[၈] သာလာယဗိမာန်သို့ ရောက်ကြလေသော် ဖွားဖက်တော်များလည်း အလျင်ပင် ရှိနှင့်ကြ၍ 'ယနေ့သည်ကား ထိပ်ထားနှင့် သခင့်ကံသည် နံသင့်တော်မူလှတော့

၁။ အသီးသီး၊ လျှောက်ထား၍–ဗ။
၂။ ဖြူရောင်ညိုးအောင် သတိတခဲတည်း လုပ်သော စိန်ကို နဂါး ပတ်လိမ် အရုပ်နှင့်–ဗ။
၃။ မိုးလင်းဆုသာ တောင်းသည်နှင့်– ဗ။
၄။ ထွက်ကြမည် အမှုကို–ဗ။
၅။ အခင်းမရှိနှင့်ရအောင်–ဗ။
၆။ ဟေဝန္တာ တောင်တောမှာ–ဗ။
၇။ နတ်သဘင်စံရာ ထွက်တော်မူလိမ့်မည် ဖြစ်၍–ဗ။
၈။ ထွက်ခဲ့လာ၍–ဗ။





သည်'ဟူ၍[၁] ရာသီမုတ္တာက အမှတ်တမဲ့ ဆိုတဲ့လျှင် 'ကျွန်တော် အိပ်မက်သည့် အရာသည် ဘာပြု၍[၂] သည့်ကလောက် မှန်ပါလိမ့်မည်နည်း' ဟု ပညာဟာသက ဆိုလျှင် 'ဘယ်သို့ မက်သနည်း' ဟု အပျိုတော်က မေး၏။

'မင်းရတနာတို့သည် ဥပါကြယ်ကြီး တံချူနှင့် ချူရာတွင် အာကာသ ကောင်းကင်က မြေပြင်သို့ကြွေ၍ ကျလာသည်ကို ကျွန်တော် ဆီး၍ လက်နှင့် ခံနှင့်သည်ကို[၃] အသင့်သားပိုက်မိရာတွင်[၄] အရှင့်ထံမှာ သွား၍ဆက်မှ ရွှေလက်တော်သို့ ရောက်ကြောင်းကို မြင်မက်သည်နှင့် လန့်၍ နိုးပါတော့သည်။ ကြံစည် မြော်တွေး အရေးအောင်မြင်ချေပြီ၊ မသွေမလှန် ကေန်မုချပဲ–ဟူ၍[၅] အယူစိတ်သန်နှင့် ဂန္ဓမာမြို့သို့ ဝင်ခဲ့လျှင်ပင် မရှင်ရွှေသားတို့နှင့်[၆] တော်သင့်အောင် မှာထားလိုက်သကဲ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်[၇] တွေ့ရပေလျှင် အရှင်နှစ်ပါး၏ ကုသိုလ်တော်သည် ဘယ့်လောက် နတ်နိုးဆော်သည်[၈] ပြောဆိုအံ့ချီး၍ မကုန်ပါပြီ[၉]။ ဇမ္ဗူဒီပါ တစ်ကျွန်းလုံး၏ အရှင်ဖြစ်သော မင်းသားကလည်း စကားသာယာ၍ မေတ္တာရေစက် သွေကွက်တိမ်းယိမ်း၍သာ ယခုလောက်ပင် ကြာသည်ဟု စိတ်ထားနှင့်[၁၀] ကေန် ယနေ့ ကိုယ်တိုင်တော် တွေ့ရအောင် သွားမည် –ဟူ၍[၁၁] မိန့်တော်မူသည့် အရာလည်း စေတနာတော်မြတ်ကို နတ်နိုးဆော်လေသကဲ့သို့ အရေးတော်အခွင့်သည် အသင်နှင့်ချည်းကြိမ်ပေသည်[၁၂] တကား'ဟု ပညာဟာသက ဆိုသော် ပဒုမသိင်္ဂီကလည်း 'မင်းပညာဟာသငဲ့ . . . ယမန်နေ့ ညက စ၍ စဉ်ဆက် သည်ရက်သို့တိုင်အောင် ကြံဆောင်ဆင်ခြင် ယူငင်သွယ်ဝယ် အလှယ်လှယ်ဖြားယောင်း၍ အကြောင်းမတန်ပင် သဘောကြည်အောင်[၁၃] ကျွန်မတို့ လျှောက်ပါသည်။

'ငေါက်တော်မူရာမှာ[၁၄] စိတ်ဆိုးချင်ပြုရာမှာ အကြိမ်ကြိမ်၊ ဣန္ဒြေဆောင်တော်မူရာမှာ တရစပ်၊ နောက်ထပ်၍ လျှောက်ပြောလို့မှ မဟာန်အောင်

၁။ နံသင့်တော် မူလှတော့မည်ဟူ၍–ဗ။
၂။ ဘာယု–ဗ။
၃။ ကျွန်တော် သိ၍ခံနှင့်သည်–ဗ။
၄။ ပိုက်မိသည့်တွင်–ဗ။
၅။ မသွေမလှန်ဘူး ဟူ၍–ဗ။
၆။ ရှင်ရွှေသားတို့နှင့်–ဗ။
၇။ ဆိုက်ဆိုက်တိုက်တိုက်–ဗ။
၈။ ဘယ်လောက် နိုးဆော်လေသည်ကို–ဗ။
၉။ အပြီး မသတ်နိုင်ပြီ–ဗ။
၁၀။ မေတ္တာဆက်သည် ဖြစ်လိုဖြစ် မချစ် သည့် စိတ်ထားနှင့်–ဗ။
၁၁။ ကိုယ်တိုင် သွားမည် ဟူ၍–ဗ။
၁၂။ အသင့်နှင့် ကြိမ်ပေသည်–ဗ။
၁၃။ သဘောတော် ကျအောင်–ဗ။
၁၄။ ငေါက်တော်မူရန်မှာ–ဗ။

www.burmeseclassic.com



ခက်ထန်တော်မူသည်နှင့်[၁] အမျက်တော်မကုန် ခပ်မှုန်မှုန် နေသည်များကို အပါးတော်ကိုမျှ မသီဝံ့အောင် ရှိသောကြောင့် စိတ်ဖြောင့် လက်ဖြောင့် နေရပါအောင် သာလာယဗိမာန်သို့ ထွက်လာပါလျှင်လည်း မင်းပညာဟာသတို့နှင့် တွေ့ပြန်၍ ယနေ့ပင် အရှင့်သားသည် ပတ္တမြားနန်းပေါ်သို့ ရွှေစက်တော်အမှန် ဧကန်ဖြန့်လာမည်[၂] အကြောင်းကို ကြားရသည်မှာ ရွှေအာဏာစက် နှစ်သက်သည့် ဘုန်းတော်ဖိ၍ ပျို့အိလို့စပ်ကြားတွင်[၃] အလကား အပြစ် ရောက်ရတော့မည်[၄]။ ဘုန်းစည်တောက်ထွန်း လေးကျွန်းလုံး၏ သခင်သည် တကယ်ပင် ယနေ့သကို ကြွတော်မူမည်တဲ့လား' ဟု ပဒုမသီဂီက မေးလျှင်၊ ပညာဟာသကလည်း မရှင်တို့နှင့်[၅] ယမန်တွင် ပြောဆိုကြသော အချက်သည် သက်သက်အမှုကုန်မည်ကို ယုံကြည်သည့်စိတ်ထားနှင့်[၆] ရွှေဖဝါးတော်အောက် ရောက်လျှင် အရေးတော် ကုန်စင်ခဲ့ကြောင်းကို[၇] သံတော်ဦး တင်မိချေသည်။ မည်ကဲ့သို့မျှ ထပ်၍ ဗျာဒိတ်တော်မြွက်မရှိ၊ ယနေ့မှသာ စကြာလေးကျွန်းကို လှည့်လည်၍[၈] ရှုကြည့်စမ်းတော်မူမည် အမိန့်တော်ရှိလျှင် သီရိမင်္ဂလာအမည်ရှိသော လှူပျိုတော်တစ်ဦးက ယမန်နေ့ ညကပင် ပတ္တမြားနန်းရှင်မင်းသမီး၌ သာယာသော အခွင့်ကိစ္စကို ပညာဟာသက သံတော်ဦးတင်ပါသည်။ လေးကျွန်းလုံးကို လှည့်ထက်[၉] ဂန္ဓမာနန်းပေါ်ကို ရွှေစကြာဖြန့်တော်မူပါဘုရားဟု တင်ရာတွင် ယနေ့ညပင် သွားမည် မိန့်တော်မူသည်ကို မင်းသားမပါသေး၍ အရေးမသာ၊ မျက်နှာမရ။ မရှင်တို့ကို ခုတင်ခု ငေါက်သောကြောင့် မလျှောက်ရဘူး–ဟူ၍ မိန့်တော်မူသည့် စကားကို ကြားရလျှင် ဆံဖျားမှာ အသက်ရှိပါတော့သည်။ ဘုန်းစည့်ခေါင်ဖျား . . . ပတ္တမြားနန်းတော်ကို စကြာတော် ယနေ့ည ဖြန့်သောအခါ[၁၀] မေတ္တာညွှတ်ရန် ရွှေဘုန်းတော်ဖန်သောကြောင့်[၁၁] အတွေ့များခံပါလျှင် ပြန်၍ ရွှေဖဝါးတော်အောက်ကို ရောက်အောင် သွားဝံ့ပါတော့မည်။

ထွေထွေလည်လည် မင်းသမီးက ဘုန်းကြီးသည့်သခင်ကို မှန်းပင်စိုက်၍ မတွေ့မခံ၊ ပြန်၍လာတော်မူခဲ့ရလျှင် တောင်လဲရာ မြက်ပြတ်သကဲ့သို့ ရာဇဝတ်တော်စု၍ ဘယ်သူ့ကိုရောက်မည်[၁၂]။ နတ်ပြည်ခြောက်ထွေ၊ လော၊ မြေ၊

၁။ ခက်သည်နှင့်–ဓ။
၂။ ရွှေစကြာ ဧကန်အမှန် ဖြစ်လာမည်–ဓ။
၃။ ယိလို့ စပ်ကြားတွင်–ဓ။
၄။ အပြစ်ရောက်တော့မည်–ဓ။
၅။ မင်းလုရှင်တို့နှင့်–ဓ။
၆။ ယုံကြည်သော စိတ်ထားနှင့်–ဓ။
၇။ အမှုတော် ကုန်စင်ခဲ့ကြောင်းကို–စ။
၈။ စကြာလေးကျွန်း လှည့်၍–စ။
၉။ လေးကျွန်းကို လည်မည်ထက်–ဓ။
၁၀။ မြန်းသောအခါ–စ။
၁၁။ ဘုန်းတော်သန်သောကြောင့်–စ။
၁၂။ ဘယ်သူ ရောက်မည်–ဓ။





ရေထု၊ မေရုဇဟို မြင်းမိုရ်တောင်ဖျားကျိုးအောင် တန်ခိုးအာဏာ ကမ္ဘာပျက်သည့်နှယ် အမှုခက်ပုံမည်ကြောင့် ရွှေဘုန်းတော်ရှိန်ကို မခံနိုင်ပါ။ မသိသာခင်ကိုသည်မှာ ယနေ့ပုန်း၍ပင် နေရဦးတော့မည်။ သာကြည့်၍ အရှင့်ထံပြန်ရလျှင်[၁] နက်ဖြန်မှ အရိပ်ကြည့်၍ ရွှေစက်တော်အောက်သို့ ရောက်ရပါတော့မည်–ဟု ပညာဟာသက ဆိုလျှင် ပတ္တမြားနန်းသူတို့က 'ယနေ့ညကို မုချအမှန် ဂန္ဓမာနန်းပေါ်သို့ ရွှေစက်တော် အကယ် ဖြန့်ချီတော်မူမည်လော' ဟု မေး၏[၂]။ လှူပျိုတော် ပညာဟာသကလည်း[၃] 'လောကသခင် အရှင်ရွှေစက် ဧတဒဂ်ဖြန့်မည်' အကြောင်းကို ပြောလျှင် ပဒုမသီဂီက ရာသီမုတ္တာကို ဤကဲ့သို့ ဆိုဟန်ပြုသတည်း။

'မရှင် ရာသီမုတ္တာငယ် . . ဂန္ဓမာနန်းပေါ်သို့ စကြာတော်ဖြန့်လာချေလျှင် မရှင်တို့ ကျွန်မတို့သည် နောက်လျို၍ နေကြလျှင် မချေမငံရာ ရောက်တော့မည်။ ကျွန်မတို့ကို ယုံကြည်၍ ခုသည်ကေန် အမှန် ကြွရောက်လာမည်ကို ယုံကြည်ကျိုးနပ်အောင် အခွင့် သာယာနှင့်စေရမည်။ မုန်းသည်ကိုလည်း မကြောက်၊ ငေါက်သည်ကိုလည်း မထိ၊ အရှင့်ဆီမှာ ညခါ မင်းသား ပတ္တမြားနန်းတော်သို့ စကြာဖြန့်ရောက်မည် အကြောင်းကို ပျောင်းပျ၍ စိတ်တွေ့အောင် ယနေ့ လျှောက်ပါရစေဦး[၄]။ ပျော်မြူး၍ မနေသာ၊ ညခါတိုင်ရောက်၍ အရောက်ကြွတော်မူလာသော် အကြောင်းမတော်ရှိလျှင် ဖုံးဖိ၍စပ်ကြားမှာ အလကား ကိုယ်ကျိုးနည်းမည်ဖြစ်၍ ပတ္တမြားဗိမာန်ကို ပြန်ကြစို့' ဆိုပြီးလျှင်[၅] ပဒုမသီဂီလည်း ဖွားဖက်တော်ကို ဤကဲ့သို့ ဆိုပြန်၏။

'မင်းပညာဟာသငယ် . . ယနေ့ညပင် အရှင်ကြွတော်မူမည် ရှိသည်ကို ဆိုဆို ဆဲဆဲ၊ ရဲရဲ စားစား ကြိုးစား၍သာ မေတ္တာရောက်အံ့ ဟူသော အမှုကို ယခု ကျွန်မတို့ ဝင်၍ တင်ရင် လျှောက်ပါချေဦးမည်[၆]။ ခမည်းတော်ဘုရားလည်း ဟေဝန္တာတောင်တော်မှာ အာနုဘော်ကြီးသော နတ်တစ်စုတို့နှင့် ရတုမင်္ဂလာ အခါနေ့ရက်တွင်[၇] သဘင်ခံမြဲ နတ်ပွဲသို့ထွက်၍ နံနက်ကပင် ရွှေစက်ဖြန့်တော်မူသည်။ နက်ဖြန်မှ ပြန်ပါမည်ဖြစ်၍ အရှင့်သား ကြွလာမည်မှာ[၈] အလျှန်တရာပင် တော်လျော်ပါ၏။ သို့သော်လည်း အရှင့်သမီးလည်း မကြီးသေးသည့်ငယ်နုနယ်တော်မူလှ၍ အတွေ့မခံ၊ ရှက်ဟန်ကြောက်ဟန်နှင့် နေလျှင် အရှင့်သား

၁။ သာကြည့်၍ အရှင်ပြန်လျှင်–ဓ။
၂။ ဖြန့်ချိန့်မည်လော မေး၏–ဓ။
၃။ လှူပျိုတော်တို့ကလည်း–ဓ။
၄။ လျှောက်ပါစေဦး–ဓ။
၅။ ပြန်ကြစို့၏ ဆိုပြီးလျှင်–ဓ။
၆။ တင်ရ လျှောက်ရပါချေဦးမည်– စ။
၇။ အခါရက်တွင်–စ။
၈။ အရှင့်သား ကြွတော်မူလာသည်မှာ–ဓ။

www.burmeseclassic.com



သည် ရွှေနှုလုံးထား မသာယာရှိမည်ကြောင့် ညို၍အပေါ် အပျိုတော်တစ်ထောင်နှင့်[၁] နားဝင်အောင် နေ့ခင်းက[၂] ပျောင်းပျ၍ ထားနှင့်ပါမည်။ ညခါ ကြွတော်မူလျှင် ချော့မြှူပြောဆို[၃] ကိုယ့်လိုပါအောင်[၄] သွေး၍ အရေးတော်လွယ်အောင် ကျွန်မတို့ ရှိပါပြီ။ (အရှင့်သားမှာသာ)[၅] လျော်စွာ တင်ကြပါတော့၊ ကျွန်မတို့စည်းရုံး၍ တစ်နန်းလုံးအုံညီ[၆] လျှောက်ထားမိ ဝင်ပါချေဦးမည်[၇] အပျိုတော်နှစ်ပါးသည် ငါးရာစီ ခြွေရံနှင့်တကွ ပတ္တမြားနန်းတော်သို့ ပြန်ဝင်ကြလေ၏။

ဖွားဖက်တော် ပညာဟာသကလည်း အပျိုတော်များ ပြောကြသော လက္ခဏာသည် အခွင့်သာယာပြီ။ လွယ်ကာ မပြောထည့်လို၍[၈] သူတို့ ကြံစည်၊ ကြိုးစား၊ ပြောဆို၊ ဆောင်ရွက်ကြောင်းကို ထင်ရှားစေခြင်းငှာ ကိရိယာဆင်သော အမှုသာ။ ညခါ မင်းသား ပတ္တမြားနန်းတော်သို့ စက်တော်ဖြန့်မည့် အရာကို ကွယ်ကာ၍ မပြုမပြင် ဂုဏ်ထင်အောင် ခနေက[၉] ပျောင်းပျ၍ ထားနှင့်ပါမည်သာ ပြောဆိုခဲ့သောကြောင့် လာစေလိုသော စကားရင်းပင် တွင်တွင်ကျယ်ကျယ် စိတ်ဖြာဝေဖန် ပြောဆိုရန် ခွင့်များမှာ[၁၀] အရှင့်အသုံးတော်ခံ ထိုက်တန်အောင်[၁၁] သူကောင်းပြုသင့်သော အပျိုတော်များပေတကား–ဟု စဉ်းစားတွေးယူလေသည်နှင့် မည်ကဲ့သို့မျှ ထပ်၍ မမှာ မထားလိုက်ကြဘဲ[၁၂] ဆိတ်ဆိတ်နေကြလေ၏။

ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့လည်း ဆေးဒန်း မြင်းသီလာလှေကားမှာ နရားရုပ်ငှက်ဆင်ကို ရွှေခြယ်သော ကွန့်မြူးဟန်ထားသော လှေကားအတက်တွင် ယွန်းဆက်ပြောက်ဆုံ ကြေးမုံ စောင်းတန်းကို တက်လေသော် စိန်ကော်ကနုတစ်ကန့်နှင့်[၁၃] စွန်ရိုးတန့် အချိုးတွင်[၁၄] နာရကတ္တိ မြစီသည့် စောင်းတန်းက ပုရွက်ကြောင်း ဂုန္ဒန်၊ မသာရကန်[၁၅] ကျောက်ကြီးသည် သခွားသီးလောက်

၁။ အပျိုတော် တစ်သောင်းတစ်ထောင်နှင့် – ဗ။
၂။ နေ့စင်က–စ။
၃။ ချော့မှုပြောဆို–စ။
၄။ ကိုယ်ဖို့ ပါအောင်–စ။
၅။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ် (ဗ) မှုတွင် မပါ။
၆။ ကျွန်မတို့စိ၍ တစ်နန်းလုံးညီပြီးလျှင်–စ။
၇။ လျှောက်ထားမို ဝင်ပါချေဦးမည်–စ။
၈။ လွယ်ကာ မပြောတဲ့၍–ဗ။
၉။ မပြုပြင် ကုန်စင်အောင် ခုနေက–စ။
၁၀။ ပြောရန် ဆိုခွင့်များမှာ–ဗ။
၁၁။ အရှင့် အသုံးတော် ခံထိုက်အောင် သူကောင်းပြုသူများ–ဗ။
၁၂။ မမှားမထားလိုက်ကြပြီ–ဗ။
၁၃။ စိန်ကော် ပြော်တကန့်နှင့်–ဗ။
၁၄။ ဖွန်းရိုးအချို့တွင်–စ။
၁၅။ မသာရကံ–ဗ။





သာသာကို မှန်သန္တာအိမ်အထဲက ရဲရဲပွင့်လျှံ ဝတ်ဆံစီ၍ခက်သော ပြာသာဒ်နန်းမြင့်ပေါ်ဝယ် မင်းသမီး စံတော်မူ၍ နေစဉ်အခိုက် ကြိမ်သည်နှင့် ထံပါးတော်ဝင်၍ ခစားလေ၏။

မင်းသမီးက ရာသီမုတ္တာတို့ကို 'အရှည် အကြာ အိပ်ရာ နိုးကတည်းကပင် မမြင်ရပါ၊ ဘယ်မှာသွား၍ နေတော်မူကြပါသနည်း' ဟု မေးတော်မူလျှင် ပဒုမသိင်္ဂီက ရာသီသုံးထွေ ဟေမန်၊ ဂိမှာန်၊ ဝသန်မာသ ၁၂–လ အခါကို[၁] ငါးရာမှ စဉ်သော မဂ်လာကြငှန်း ရွှေနန်းဝေယန်တို့ဝယ်[၂] မြဗိမာန်တစ်ကြိမ်၊ စိန်ဗိမာန်တစ်ခါ၊ နီလာဆောင်မှာ တစ်ရုံ[၃]၊ ဖန်ပြာသာဒ်မှာ တစ်သွယ်၊ အလှယ်လှယ်[၄] စံစား၍ ပတ္တမြားနန်းတော်ဆီကို တစ်ရာသီလုံးလုံး ဝင်အောင်မှ ထိပ်တင် မစံတော်မူသောကြောင့် နန်းဆောင်အပျိုတော် ငါးရာကျော်တစ်တွေ ဘယ့်နှယ် နေရှာလိမ့်မည် မသိ၊ မျက်စိသငယ် နွမ်းနယ်ကြမည်စိုး၍[၅] ကျွန်မတို့ သွားပါသော် ပတ္တမြားနန်းထဲတွင် ဖဲကစား၍ နေကြစဉ်[၆] စိတ်ထင်ပျော်ပိုက် သူတို့ရိုက်သော ဖဲကို သုံးလေးပွဲဝင်၍ ကစားမိလေသည်နှင့် မဏိတောစပ် နဝရတ်တံခါးမှာ ပတ္တမြားလက်ရန်းနှင့်[၇] ခြူးပန်းအကွေ့တွင်–

ဇရာဝဏ် ဆင်ရုပ်ကဲ့ အမြီးက ကျီးရုပ် တစ်ကောင်သည် ဖန်ညှောင်စောင်းကို မျက်နှာပြု၍ ခုတင် ခု ကျည်ကျည် မြည်သည်နိမိတ်ကြောင့် ထိတ်သူထိတ်၊ လန့်သူလန့်၊ တဖြန့်ဖြန့် ကြောက်ခမန်း ထူးဆန်းပေလှသည်–ဟု အောက်မေ့လျက်[၈] ကြည့်၍တစေနေပါသော် မနည်းကြာပင် အာ–၍နေပါသည်။ မမြည်ဘဲ ရုပ်ကာမှ ခြေရင်းတော်မြတ်သို့ လာခဲ့ကြပါသည်။

ထူးထူးလည်လည်ပါဘုရား–ဟု ပဒုမသိင်္ဂီက တင်သည်တွင် မင်းသမီးကလည်း မဟာသာလကိုခေါ်၍ 'ကျော်ကျော်ကျူးကျူး ထူး၍အဟုတ်ကျီးရုပ်ကိုပင် အရှင်ကဲ့သို့ ဘာပြုလို့ မြည်ရပါလိမ့်မည်နည်း' ဟု မေးတော်မူသော် အထိန်းတော်ကလည်း 'သဟာယမေတ္တာ၊ စေတနာ ကြည်လင်သော အဆွေခင်ပွန်းမြတ်တို့ လာက ကျီးအလျင်သာမြ ဖြစ်ပါသည်။ ရတနာကြငှန်း မြနန်း ဝေယန်သို့ ပျံ၍လာက[၉] တကယ် ကျီးမရောက်နိုင်ပါ။ သမ္မာရင်း[illegible]

၁။ ၁၂–ခါကို–ဗ။
၂။ ဘုံနန်းဝေရံတို့ဝယ်–ဗ။
၃။ နီလာဆောင်မှာ တစ်တန်–ဗ။
၄။ အလှည့်လှည့်–ဗ။
၅။ နွမ်းနယ်ကြမည် မှုလကြောင့်–ဗ။
၆။ နေကြလျှင်–ဗ။
၇။ ပတ္တမြားလက်ရန်း၌–ဗ။
၈။ အောက်မေ့ပြီးလျှင်–ဗ။
၉။ ပျံ၍ လာခဲ့က–ဗ။



www.burmeseclassic.com

www.burmeseclassic.com



မန္တာတ်စကြာဖြစ်၍ ရန်မြစ်ပယ်နှိမ် ဝရမိန်လက်နက်သခင် မင်းသားသည် ပတ္တမြားနန်းပေါ်သို့ စက်တော်ညခါ ဖြန့်လာမည့်အရေး သတိပေးစရာ[၁] အဝိညာဏကဖြစ်သော ကျိုးရုပ်သည်လည်း လည်လှုပ် ဦးခါ မနေသာ မနေ ပိုင်၍ ထွတ်တိုင်ခေါင်ဖျား မင်းသား၊ မင်းသမီး ကြိုးမြွတ် မြင့်လှသော ရွှေ ဘုန်းတော်ကြောင့်[၂] ကျူးကျော် ရင့်ရှုရပါသည်[၃]။ နေခြည်ပင်ပျောက်[၄] ညရောက်သည့် အချိန်ကို ဣန္ဒကုမ္မာမင်းသားသည် ပတ္တမြားစံနန်းသို့ စက်ပန်း ဖြန့်တော်မူမည်အရာကြောင့်[၅] ဝေယန်သာစည် ကျိုးမြည်သော ပြာသာဒ်ကို ကိုယ်တော်မြွတ် ပြောင်း၍ စံတော်မူသင့်ပါသည် ဘုရား' ဟု အထိန်းတော် မဟာသာလက လျှောက်လေသော် -

မင်းသမီးက 'ညကိုကေန် အမှန်မင်းသားလာလျှင် အမယ်တို့ပါ အုံညီ၍ စီစီဖြဖြ လျှောက်ထားကြပါ၊ ကျွန်မမှာ ဘယ်စကားကိုမျှ နားမလည်ပါဘူး၊ ကြည့်နူးမိဖွယ် အမယ်တို့ ပြောသမျှကိုလည်း ကျွန်မ နားထောင်ပါတော့မည်၊ မြူခြည်ယှက်သန်း သည်နန်းမှာ မပျော်ပါဘဲ[၆] ပတ္တမြားကြငှန်း နန်းမာရဘင်ကို[၇] ခုပင် ပြောင်းပါတော့မည်။ ယခု ကျွန်မစိတ်မှာ ထိတ်ထိတ်ပျာပျာပင် ကတုန်ကယင်နှင့် ရှိပါသည်။ အမယ်ရှုပသာရ .. အပါးတော်က ခွာသွားမရွှေ့ဘဲ မြဲမြဲနေကြပါ' ဟု ဆို၍-

ရွှေကိုယ်တော်နွဲ့ကို တွဲ့သနင့်၊ အိသနင့် ကဘိကဘယ် အမယ် ဂဏာသီရိ ပခုံးထက်မှာ ရွှေလက်တော်တင်တော်မူမှ ဖမ္မာသုန္ဒရီ၊ ကဥ္စနသာရီ၊ ဘဒ္ဒကဥ္စနီ၊ သခ်ကလျာဏီ အပျိုတော်တို့က ကိုယ်စီကိုယ်စီ တွဲမကြလျက် ဖဲဇာဘရင်[၈] ကြမ်းပြင်အခင်းမှ နင်း၍ ကြွတော်မူပြီးလျှင် ပတ္တမြားဗိမာန်မှာ အကြဲတော်များလျက် နွမ်းပါးလျှလျှနှင့် မြသလွန်ပေါ်ဝယ် စံပယ်တော် မူလေသတည်း။

ဤတွင်ရွှေ့ အထက်စကား ပြီးပြည့်စုံသည်။

[ဤတွင်ကား၊ မင်းသား။ မင်းသမီးတို့အမှုကို ရွှေးစုကျင်းပသည့် စကား မှုဟောင်း အဆက် မတွေ့မရှိပြီ ဖြစ်သောကြောင့် ဣန္ဒကုမ္မာမင်းသား၏ ရာဇဝင်

---

၁။ သတိပေးရာ—ဗ။
၂။ ကျိုးမြွတ် မြင်လေသဖြင့်—ဓ။
၃။ ရင့်ရှုးပါသည်—ဗ။
၄။ နေခြည်ဝင်မြောက်—ဓ။
၅။ ဖြန့်တော်မူမည် မှန်သောကြောင့်—ဗ။
၆။ သည်မှာ ပျော်ပါဘဲ—ဗ။
၇။ မာရဘင်သို့—ဓ။
၈။ ဘဇာဘရင်—ဓ။





သည် မထင်မလင်းရှိသည်ကို[၁] တောင်တွင်းကြီးမြို့ ခုံမင်းဦးသာက[၂] ဣန္ဒကုမ္မာ မင်းသားသည် အလကားပေါ်တန်၍ ဂန္ဓမာနန်းသူကို သိမ်းယူစံပယ်တော်မူမည်၊ စည်းစိမ်ကို စိတ်လက်ငြိမ်တော်မူ၍ မယူဘဲ ပြည်တော်သို့ ပြန်မည် မထင်။ ပတ္တမြားနန်းတွင်း အပျိုတော်ကြီး၊ အထိန်းတော်ကြီးတို့လည်း၊ အသီးသီးလျှောက်တင်၍ အလွန်ပင် ကြာမြင့်သည့်တစ်ခန်း[၃]၊ ဆင်စွယ်နန်းကလည်း၊ အဖန်ဖန် အကြိမ်ကြိမ်[၄]၊ သွားလာ၍ ပညာဟာသတို့ ပြောချက် ဆောင်ရွက်ပြီးကုန်မှ မင်းသား ဘုန်းဂုဏ်နှင့် ရတနာကြေးမုံ ဝတ္ထုညှဲ့အောင်[၅] စကားမရစ်တန့်ကောင်းသည်ကို ထောက်၍ အထက်မှုဟောင်းတွင် နောက်ထပ် လောင်းသော စကားနှစ်ရပ်သည် ဂဟေစပ်သော ရွှေနှစ်ပြားကဲ့သို့ စကားတစ်တန်းတည်းညီအောင်[၆] ဂမ္ဘီသာရ၊ တိက္ခဉာဏ၊ ပါရမီ ဝါသနာဖြင့် ဣန္ဒကုမ္မာ မင်းသားနှင့် ဝေဠုမြွတ်စွာမင်းသမီး အကြောင်းတို့ကို မှုဟောင်းစကားနှင့် စဉ်ဆက်၍ ဆိုပေတုံ့အံ့သတည်း။]

♦

## ၁၀။ ဣန္ဒကုမ္မာမင်းသား ဂန္ဓမာနန်းသို့ ဝင်ခန်း*

ထိုအခါ မင်းသား၏ ဖွားဖက်တော် ပညာဟာသတို့မှာလည်း ဂန္ဓမာနန်းက ထွက်လာကြ၍[၇] ရွှေဖဝါးတော်အောက် ဝင်ရောက်လေသော်[၈] မင်းသားလည်း ဆင်စွယ်လက်ရန်း ကြမ်းနိမ့်အတွင်း[၉] ပန်းအိပွင့်အဆင်းနှင့်တူသော နေရာထိုင် တော်ပေါ်မှာ စံတော်မူလျက် ဥဒေါင်း၊ တောယစ် အစရှိသည်တို့ကို အတက်ချွန် ကား[၁၀] တောင်ပန်ရိုက်ကြွ တဆွဆွ ခွပ်ပုတ်စေ၍ မနေမနား ကစားတော်မူစဉ် ပညာဟာသတို့ကို မြင်တော်မူလျှင် အဆောတလျင်ထ၍ နန်းမဆောင်ပြိုင် ကြေးစည်တိုင်ဝဲက[၁၁] မြွက်ဟမေးတော်မူသည်မှာ 'မောင်ပညာဟာသငဲ့ ...

---

၁။ မထင်မသန့် ရှိသည်ကို—ဗ။
၂။ ခုံမင်းဦးပါက—ဓ။
၃။ တစ်နန်းလုံး ကြာမြင့်ရှိသည်ကို တစ်ခန်း—ဗ။
၄။ အပန်းတကြီး—ဗ။
၅။ ဝတ္ထုညွှန့်အောင်—ဗ။
၆။ တသန့်တည်း ညီအောင်—ဗ။
၇။ ထွက်လာခဲ့၍—ဗ။
၈။ ရွှေဖဝါးတော်မြွတ်အောက် ရောက်လေသော်—ဓ။
၉။ ကြမ်းနိမ့်အဆင့်တွင်—ဗ။
၁၀။ အထက်ခွစွန်က—ဓ။
၁၁။ ကြေးစည်တိုင်ဝင်ဝဲက—ဗ။
* ခုံမင်းဦးသာက ဆက်ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့သည် အိပ်မက်ကိုနောက်ဖော်၍ သံတော်ဦးတင်သည့်အတိုင်း မှန်၏လော့' ဟု[၁] မေးတော်မူလျှင် ပညာဟာသက 'ဘုရားရွှေဘုန်းတော်မြတ်ကြောင့် နတ်နှိုးဆော်၍ ပြည့်ဝန်သော အိပ်မက်သည် ဖတ်လျှောက်ချက်အတိုင်း[၂] မှန်လှပါသည် ဘုရား။ ပတ္တမြားနန်းပေါ်သို့ ကိုယ်တော်ညခါ စကြာဖြန့်တော်မူပါလျှင် ကူညီတိုင်ပင် အသင့်သွန်သင်၍ မင်းသမီးတွင် လှည့်ပတ်လျက် ကိုယ်တော်မြတ် ဘက်က စွက်၍ပြောမည့်သူ[၃] အဖော်လည်း ဂန္ဓမာနန်းပေါ်က နေဝင်ကျော် အချိန်ကို အကြိမ်ကြိမ်မျှော်လင့်၍[၄] အသင့် နေကြပါလိမ့်မည်။ ယနေ့သည်ကား နှစ်ပါးအရှင် ရွှေဘုန်းတော်မြတ်ကို နတ်များနှိုးဆော်သကဲ့သို့ အတော်အသင့် အခွင့်တော်တကာပင် အလိုရှိရာ ကြည်ဖြူ၍ အလွယ်တကူ ရောက်ရပါတော့မည်။ စိတ်ရည်တိုင်း ပွင့်လန်း၍ အပန်းမကြီးပါပြီ။ မင်းသမီး ခမည်းတော်လည်း ဟေဝန္တာတောင်ပေါ်မှာ ခါတော်ရက်မို့ နှစ်သက်သာရွှင် သဘင်ခံမြဲ နတ်ပွဲသို့ ယခု ထွက်ပါသည်။ ရွှေစက်ဖြန့်တော်မူပါလျှင် အလွယ်တကူ စိတ်တော်ကျအောင် ပြောဆိုသာလှပါသတဲ့ဘုရား[၅]' တင်လေသော် မင်းသားက 'ပညာဟာသတို့မှာ သူတို့သွားရာလမ်း သာသည့်အခွင့်နှင့် သင့်တင့်လျှောက်ပတ်သည့်တွင်[၆] သွားစချင်ဖွယ် ရှိပေ၏။ ကြည့်ရှုရအောင် မောင်ပညာဟာသငယ် ... ညခါ သွားစမ်းကြစို့' ဟု မိန့်တော်မူပြီးလျှင် မင်္ဂလာဆောင်ကျယ် ဆင်စွယ်နန်းမသို့ ဝင်လေသည်နှင့် မမြင့်မကြာ လသာ နေဝင်ကျော်ကို[၇] ပွဲတော်တည်၍ ရေကြည်များ သုံးပြီးသော် ဝတ်လဲတော်ဆန်း လျှပ်ပန်းတိမ်တောင်တက်ကို ဆင်တော်မူ၍ သက်တံစပ်လုံ မြဂုန္ဒိတလယ်[၈] အံ့ဖွယ်ငါးပါးနှင့် အဘသိကြားမင်းနှင်းအပ်တော်မူသော ရတနာအသက် မည်းနက်ဆံရောင် ပိတုန်းတောင် ကေသာကို မသာရကန် ဘီးတော်နှင့် ချော၍[၉] မနောမယ ပန်းတော်မြတ်ကို မောက်ကျပ် ရတနာ ဆင်ပြီးလျှင်[၁၀] ပျံ့ရှင်ကြိုင်အေး[၁၁] မွှေးသောနံ့သာရည်ဖြင့် တင်၊ ထုံ၊ လိမ်းသပ်[၁၂] တော်မူပြီးမှ ဗာဟုဗလမည်သော ကျွန်တော်မျိုး၏ ပခုံးပေါ် စံတော်မူလျက် ဖွားဖက်တော် တစ်ထောင်တွင် ပညာဟာသကို ရှေ့တည်စေ၍

၁။ မှန်၏လားဟု—ဗ။
၂။ အထက်လျှောက်ချက်အတိုင်း—ဗ။
၃။ ကိုယ်တော်မြတ်ဘက်က ပြောမည့်သူ—စ။
၄။ မျှော်နှင့်၍—ဗ။
၅။ ပြောသာဆိုသာလှပါ ဘုရား—ဗ။
၆။ တင့်သင့်လျှောက်သင့်—ဗ။
၇။ လသာသာ နေဝင်ကျော်ကို—ဗ။
၈။ သက်တင်စပ်လုံးမြဂုန်းတံအလယ်—ဗ။
၉။ မသာရကန်ဆီတော်နှင့် ချော၍—စ။
၁၀။ ပန်းတောင်မြတ်ကို ပေါက်ကြယ် ရတနာ ဆင်ပြီးလျှင်—ဗ။
၁၁။ ပျံ့ရှင်အေး—ဗ။
၁၂။ တင်ရုံလိမ်းသပ်—ဗ။





ရွှေတန်ဆောင်လေးတိုင်ရှေ့ဆီက မဏ္ဍလာဒီပမီးအိမ်[၁] လည်း တထိန်ထိန်အားလုံး အလုံးသုံးဆယ် ညီထွန်းလျက် ရွှေဝန်းခြံရံလျက်[၂] ဂန္ဓမာတောင် နန်းပြာသာဒ်တို့၌ အမှတ်မထင် ကြွတော်မူသော် –

သံမြို့ခုနစ်ထပ်တွင် ခုနစ်ရပ်သောတံခါးတို့[၃] လည်း မင်းသား ရောက်တော်မူလျှင် ဆွဲငင်၍မဖွင့်ရ[၄] ၊ အသင့်ထင်ရှားအောင် တံခါးပေါက်ဟင်းလင်းရှိသည်နှင့် မသိစေလိုသော[၅] ရွှေဆန္ဒကြောင့် ဘယ်သူမျှမမြင်၊ ဝင်သွား၍[၆] ပတ္တမြားနန်းတော်သို့ ရောက်လျှင် မှန်ပေါက်လေးမျက်နှာနှင့် စတုဒိသာ မှန်ဝဲမော်လက်ယာက တိုးရွှေဖဝါပီပီ[၇] ကို ဇာမရီကွန့်ရုပ်တံခါးက တက်၍[၈] ရွှေစက်ဖြန့် ဝင်လေသော် –

အပျိုတော် ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့လည်း စတုဒိသာဆောင်ပေါ်က ကြည့်မျှော်နေကြစဉ် ပညာဟာသကို ရှေ့တည်၍ အလျှင်မြင်ကြလျှင် အရှင့်သား ကြွတော်မူလာသည်ကို အပျိုတော်ငယ် တစ်ယောက် အထိန်းတော်ကြီးထံ အမြန်ပြောထည့်နှင့်စေ၍ မင်းသား ရှေ့တော်ဝင်ပြီးလျှင် ရှိသေစွာ ဦးချလျက် 'ကြွတော်မူရမည့်လမ်းသည် သည်နန်းကို ပတ်၍ သည်ပြာသာဒ်အကြား မြတ်တံခါးအဝင်[၉] စိန်မသံခံစမှတ်က[၁၀] ဥဿဖရားဘုံအရှေ့ ပွတ်လုံးကွေ့ ဆက်သွယ်လျက် မောင်းမလယ်နှင့်[၁၁] ဗိမာန်တွင် ဖန်နေရောင်ကာ[၁၂] မှာ နာရကတ္တိတံခါးနှင့် ပတ္တမြားဆောင်ကြီးတွင် မင်းသမီး ရွှေကိုယ်တော်မြတ်သည် တစ်သန်းကျော်ခြွေရံနှင့် စံတော်မူလျက် ရှိပါသည်ဘုရား' ဟု တင်လေသော် လူပျိုတော်တို့က 'ရတနာမင်းနှတို့ပင်[၁၃] ရှေ့ဆောင်၍ ရောက်လွယ်အောင် ကြွတော်မူပါ' ဟု[၁၄] ဆိုလျှင် ရာသီမုတ္တာသည် ဆယ်ဖြာသောလက် အစုံယှက်လျက် ဘုံအဆောင်ဆောင်များတွင်[၁၅] တံခါးကို ဖွင့်ကာဖွင့်ကာ ရှေ့တည်၍[၁၆] ဝင်သွားလေသည်နှင့်

၁။ မဏ္ဍာလီမီးအိမ်—ဗ။
၂။ ရွှေဝန်းအခြံအရံနှင့်—စ။
၃။ ခုနစ်ပတ်တွင် ခုနစ်ထပ်သော တံခါး—ဗ။
၄။ လှူ မဖွင့်ရ—ဗ။
၅။ မဆိစေလိုသော—စ။
၆။ ဘယ်သူမျှ မမြင်သွား၍—စ။
၇။ တိုးရွှေဖဝါအမပြိုပြို—ဗ။
၈။ ဇာမရီကွန်ရုပ်တံခါးတက်၍—စ။
၉။ ပြာသာဒ်တောင်သည် တောင်အကြား မြတ်တံခါးအဝင်—ဗ။
၁၀။ စိန်မင်ခံသော မှန်က—စ။
၁၁။ မောင်မလယ်နှင့်—ဗ။
၁၂။ သံနေရောင်ကာ—စ။
၁၃။ မင်းနှတို့ပင်—ဗ။
၁၄။ ကြွတော်မှမပ—ဗ။
၁၅။ ဆယ်ဖြာလက်စုံ၍ လျက်ဘုံအဆောင် ဆောင်များတွင်—ဗ။
၁၆။ တံခါးကိုဖွင့်ကာ ရှေ့တည်၍—ဗ။



www.burmeseclassic.com

www.burmeseclassic.com



မှန်နေရောင်ကာဝင်ဝက[၁] ရောဟနမိတ္တာသည် စကြာဖြန့်ခြေတော်[၂] ဝိရောစံဖလား ရတနာနှင့်[၃] စံမှာ၊ ကရမက်၊ ပုန်းညက် နံ့သာရည်တို့ဖြင့် ဆေးနှင့်၏။

အထိန်းတော် မယ်ဂဏာသိရိလည်း မဉ္ဇူသကပန်း ဝတ်ဆံတွင်[၅] သက်တင်[၆] မီးနိုးအဆင်းရှိသော ကတ္တီပါကို စိန်ကိန္နရာကသောအရုပ်ဖြင့် ချုပ်သော နေရာထိုင်တော်ကို ရွှေမော်ချအနားမှာ[၇] ပတ္တမြားရစ်လိမ်သော တင်းထိမ်တော်အတွင်း ပတ္တမြားဝက်ပါလိုဏ်နန်းအထွက် မျက်ကိုးပါးရစ်သန်းသော ခါးပန်းတော်အဆင်းတွင် ခင်းထားနှင့်သော နေရာထိုင်တော်မှာ လူပျိုတော်အပေါင်း ခြံရံလျက် စံပယ်တော်မူသည်တွင် ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့လည်း ခြွေရံတစ်ထောင်နှင့် မင်းသားရှေ့တော်တွင် နန်းတော်သူတို့ မူလက္ကခြွေ မသွေမယွင်း နေကြကုန်သည်။

ပဒုမသိင်္ဂီက[၈] 'ဘုရားကျွန်မတို့ ပတ္တမြားနန်းသူတို့မှာ ကမ္ဘာဦးသူတို့ အမူအရာကဲ့သို့ ဗျာပါတစေ ရှိနေကြပါတော့သည် ဘုရား' ဟု မျက်နှာထား ရွှင်ရွှင်နှင့် လျှောက်တင်လေသော် မင်းသားက 'ပတ္တမြားနန်းရတနာမှာ မင်္ဂလာစကား ကြားရအောင် လာပါသည်၊ ဘယ်ခြင်းရာများကြောင့် ကမ္ဘာဦးသူတို့ ဗျာပါနှင့် ပမာနှိုင်းတော်မူသနည်း' ဟု မေးတော်မူသည်တွင် ပဒုမသိင်္ဂီက 'ကမ္ဘာတည်စက မိုက်လုသော မှောင်အတိရှိသည်ကာလ သောကထပ်လောင်း၍ အပေါင်းသူတို့ တ–ယူမျှော်တမ်း၍ ညှိုးနွမ်းပျောင်းပျ ရှိကြသောအခါ[၉] နေမင်း လမင်းတို့ သန့်ရှင်းသော သာရဒပြောင်း တပေါင်းအခါ နက္ခတ်တာရာ ကြယ်ခပင်းနှင့် အလင်း ထွန်းပလာရာတွင် ဝမ်းရွှင်ဝမ်းသာနှင့် ဗျာပါကင်းငြိမ်းကြသည်ပမာ ယခုမှာလည်း ထိပ်ချာတင်ဘုရားသည် ပတ္တမြားနန်းပေါ်သို့ မနေ့ကပင် ကြွလာတော်မူမည် နိမိတ် (ကျောက်ရိပ်အတိ၊ မဏိတောင်စပ်၊ နဝရတ်တံခါး၊ ပတ္တမြားလက်ရန်း၌ ခြူးပန်းအခွေတွင် ရောဝဏ်ဆင်ကဲ့သို့ အမြီးကကျီးရုပ်အကောင်သည် ပလာညောင်စောင်းတော်ကို မျက်နှာပြုလျက် ခတင်ခမြန်မြန် အသံကြည်ကြည် မြည်သည်နိမိတ်ကို)[၁] အရိပ်ဖမ်းလျှင်[၂] ထူးထူးဆန်းဆန်းပင် အရှင်မင်းသားသည် ပတ္တမြားနန်းတော်သို့ စကြာတော် အမြန်[၃] အမှန်ကြွရောက်မည်ဟု ခန့်ယူမျှော်တမ်းသည့်အတွင်း မင်းပညာဟာသတို့တွင် ထိပ်တင်လည်း[၄] အတူပါလာသည်–ဟု ကြားလျှင် ထိပ်ထားနှင့် မင်းနှစ်ပါးတို့၏[၅] ကံတော်သည် မချော်မလွဲတော်မူကြပြီ၊ မြဲသောဓမ္မတာ အစုံပုံအပ်သော မေတ္တာစေတနာအကျိုးသည် နတ်ပေါင်းနှိုးဆော်၍ ''တော်လည်းရာအခန့်မှာ ပွဲတင်သံကျူးသကဲ့သို့[၆]'' ဘဝထူးက နှစ်ဦးအရှင်သည် မျက်မြင်ယခု စုလို့ ပေးသည်နှယ် ရေးရေးထင်ထင် သိမြင်ရချည်တော့မည်ဟု[၇] ဝမ်းပန်း အလွန် ရွှင်ပျလှ၍[၈] ''အစမှာ ဗျာပါ၊ ကြာသောအခါ မင်္ဂလာ'' မို့ ကမ္ဘာဦးသူတို့ပမာ ရှိပါသည်များကို အသနားခံပါသည် ဘုရား' ဟု တင်လျှောက်သည်။[၉]



ပညာဟာသကလည်း 'မရှင်ငဲ့၊ စကားလည်း ကြည်လင်ပေ၏[၁၀] အလျှောက်အတင်လည်း အလျင်ထူးလို့ ဦးပေသည်ပင်၊ ထိပ်ခေါင်တင်ဘုရားလည်း စွမ်းအားပြင်းဟုန် ဂဠုန်မင်းထက်စံတော်မူ၍ ဇမ္ဗူလေးကျွန်းကို စက်ဝန်းဖြန့်မည်[၁၁] အခန့်တော်နှင့်[၁၂] မြေပေါ်တွင် ထီးနန်းစံမြန်းသော ကေရာဇ် မကြွင်း များစွာသော သီတာ၊ တော၊ တောင် ကုန်အောင် ရှိနေသော နတ်အပေါင်းတို့ ဦးခေါင်းလက်ယှက် ဆောင်ရွက်ဆက်သရန်များနှင့် တော်ရာသင့်ရာ၊ ဆီးကာ ကြိုကာသူ့ထက်ငါရှိကြလျက် ဇာတိရင်းကပင် ပျော်စံတွေ့ဆုံဖူးမည် နေရာတွင်[၁၃] သည်ယနေ့ပင် အမှန်–ဟု ယုဂန္ဓရကိန်းများနှင့် ခပ်သိမ်းသော ကိစ္စကို ပမာမမူဘဲ[၁၄] ကြည်ဖြူလှသော စေတနာဖြင့် ဂန္ဓမာဒနတောင်နန်းသို့ ဂုဏ်စွမ်းညံ့ကာ လာရောက်ပါသည်။ လဝန်းနှင့်တူသော[၁၅] ရွှေမျက်နှာကိုလည်း ရွှေမေတ္တာထွတ်နူး မဖူးမမြင်ရ ပြင်လွှင်များကပင် စံတော်မူရသည့် အခင်းမှာ ပုံသွင်များနှင့် စကား

---

၁။ နေရောင်ကာ ဝင်စက–စ။

၂။ စကြာပျံ့ခြေတော်ကို–ဗ။

၃။ ဝိလောပန ရတနာနှင့်–စ။

၄။ နံ့သာရေတို့ဖြင့် ကမ်းလင့်၏–စ။

၅။ မဉ္ဇူသကပန်း ဝတ်ဆံဆွတ်–ဗ။

၆။ သက်တင့်–စ။

၇။ ရွှေမော်ကြဲအနားမှာ–စ။

၈။ ပဒုမ္မသိင်္ဂီ၊ ရာသီမုတ္တာက–ဗ။

၉။ တယူမျှော်ကိုးလျက် ညှိုးနွမ်းပြောင်းပြ ရှိကြသောအခါ–စ။

---

၁။ ( ) ဤ ကွင်းပိတ်အတွင်းရှိ အပိုဒ်များ (စ) မူတွင် မပါ။

၂။ အရိပ်တန်းတလျက်–စ။

၃။ စကြာဖြန့်–ဗ။

၄။ ထိပ်တင်သည်–စ။

၅။ ဘုရားနှစ်ပါးတို့၏–ဗ။

၆။ ပွဲတင်သံ ထပ်သကဲ့သို့–စ။

၇။ သိမြင်ရချေတော့မည်ဟု–စ။

၈။ ရွှင်မြူးလှ၍–ဗ။

၉။ တင်လျှောက်လေသော်–စ။

၁၀။ စကားလည်း သင့်လျော်ပေ၏–စ။

၁၁။ စက်ဝန်းပြန့်မည်–ဗ။

၁၂။ အခန့်အဆော်နှင့်–ဗ။

၁၃။ ဇာတိရင်းကကပင် ပျော်စံဖူး တွေ့ဆုံမည့် နေသည်–ဗ။

၁၄။ ဂန္ဓရကြိမ်များနှင့် ခပ်သိမ်းသော ကိစ္စကို ပမာနမမူဘဲ–ဗ။

၁၅။ လနှင့် တူသော–စ။





www.burmeseclassic.com

www.burmeseclassic.com



ရှည်လဲ ပြန်ဆိုရမည်လည်း ကမ္ဘာပျက်တစ်သိန်း အချိန်[၁] ညဥ့်နက်၍ တစ်ချက်တီး ကျော်ပါပြီ။ ရွှေမျက်နှာတော်ကိုမျှ မမြင်ရ၍လည်း[၂] ပြန်ရမည်အခန်း[၃] သူထီး နန်းပေကို ပင်ပန်းသည့်မှဝန်နှင့် ကံကိုသာ ကျွန်ုပ်တို့ သခင်မှာ ပြစ်တင်ရန် ရှိပါတော့သည်' ပြောဆိုနေသည်အတွင်း–အတွင်းက သီလဘူမိနတ်မင်းကြီး သမီးတော် ဖမ္မုသုန္ဒရီသည် နတ်သမီးတစ်ထောင် ခြံရံလျက် ဝေဿဝဏ္ဏ နတ်မင်းကြီးကတော်က ဆက်သော နာရထီ ရွှေရိုးရွှေရွက်ယပ်[၄]၊ စားတော်ကွမ်းရည်တော်၊ သော်မော်ကရမက် အစရှိသော အမွှေးတို့ဖြင့်[၅] စိန်ဖလား မြဖလား အသီးသီးများနှင့် မင်းသားရှေ့တော်သို့ အဆက်အသ ရောက်လာသည်။[၆]

ပဒုမနတ်မင်း သမီးတော် ကဥ္စနသာရီက 'ကျွန်မတို့ ထိပ်ခေါင်တင်သည့် ယမန်နေ့က[၇] တစ်ညဥ့်လုံးပင် ကောင်းကင်မြောက်အရပ်မှာ တာရာကြယ်များကို ရွှေလက်ဝါးခံမြှောက်၍[၈] ခေါ်တော်မူလျက်ရှိသည်တွင် အထိန်းတော် မယ်ဂဏ္ဍာသီရိက ထိပ်တင်မှာ ကောင်းကင်တွင် ကြယ်ပြောင်၊ တောင်အရပ်မှာလည်း တံငါကွန်တိုင် လေးလုံးဆိုင်တို့ အမြှိုင်သားရှိပါလျက်ကိုပင် မြောက်မျက်နှာ ကြယ်ကိုသာစွဲမှတ် နဝတတ်ကန်[၉] လယ်က ဆင်စွယ်နန်းစံပယ်[၁၀] ကြယ်ဓူဝံကြီးဖြစ်လျှင် (အနှစ်တစ်ရာလောက် အာပေါက်အောင် ခေါ်ကတဲ့ သူ့ကိုယ်တော် ကြယ်နီမှာ ဆိတ်စိမ့် နေရာက မရွှေ့ပေဘူးတဲ့ ဘုရား။ ခေါင်းတော်များ ဝေမူးတော့မည်၊ တရှူကလေး မေးစက်တော်မူပါဦး ဘုရားဟု လျှောက်သော် မင်းသမီးက အမယ်.. ဆင်စွယ်နန်းစံ ကြယ်ဓူဝံကိုဖြစ်လျှင်)[၁၁] သတိမရ၍ ကျွန်မ မခေါ်ပါဘူး။ ညဥ့်ဦးအခါက ဒုမရာဇာ[၁၂] နတ်မင်းကြီးကတော်က ဆက်ရောက်လာသည့် ပရမာမြူညွန့် လက်ဖက်စားမိ၍ အတွက်မရှိ၊ မျက်စိကျယ်ကာ ရှိသည်–ဟု မိန့်တော်မူ၍ တစ်ညဥ့်လုံး မစက်တော်မူရသောကြောင့် မသာရကန်ကျောက်ကို အစွယ်၊ အသွား။ ပတ္တမြားစွယ်နှင့် တိုးနယားရုပ် အုံးတားလက်တင်

၁။ ကထိန်အချိန်–ဗ။
၂။ မမြင်ရလည်း–ဗ။
၃။ ပြန်ရမည်တစ်ခန်း–ဓ။
၄။ ရွှေရိုးငွေရွက်ယပ်–ဗ။
၅။ အမွှေးပေါင်းတို့ဖြင့်–ဗ။
၆။ ဆက်ရောက်လေသည်–ဗ။
၇။ မနေ့က–ဗ။
၈။ ခံမြှောက်၍–ဗ။
၉။ နဝဒတ်တမ်း–ဓ။
၁၀။ ဆင်စွယ်နန်းစံသည်–ဗ။
၁၁။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ်များ (ဓ)မူတွင် မပါ။
၁၂။ ပဒုမရာဇာ–ဗ။





တွင် ကရဝိက်လည်းချိတ်၍နေဟန် သလွန်ပေါ်တွင် ရှူရှာလျက် နှင့်[၁] စောစောကစက်တော်ခေါ်၍ ပျော်တော်မူလျက်ရှိသည်ကို အပျိုတော် အားလုံးပင် မလျှောက်၊ မနိုးဝံ့သောကြောင့်[၂] မဥ္ဇူသကပန်းဝတ်ကဖြစ်သော[၃] ဖမ္မုဂန္ဓာမည်သော ငှက်မကို ရွှေမျက်နှာတော်ပါးမှာ ထား၍ ကျည်ကျည်မြည်စေကြစို့–ဟု ရုံးစုရုံးစုနှင့်[၄] အထိန်းတော်တို့ ရှိတုန်းပါ' ဟု တင်သည်။

မင်းသားက ဖမ္မုဂန္ဓာငှက်မ၏ အကြောင်းများကို စေ့စုံစွာ မေးမြန်း ပြောဆိုနေစဉ် မင်းသမီးအထံမှာလည်း မဟာသာလက 'ထိပ်တင်ငယ် ..[၅] ပတ္တမြားနန်းဝက်ပါ တံခါးပြင်မှာ ရုပ်သွင်မူရာ ဖြူဟွာလား၊ သိကြားလား တွေးများယိုးဖွယ်ရှိသောကြောင့် သတင်းရအောင် ကဥ္စနသာရီ၊ ပဒုမသိင်္ဂီတို့ကို လျှောက်ပတ်အောင် ထွက်၍ ကြည့်စေသည်တွင် သိကြားမင်းသားတော် ဝရဇိန်လက်နက်သခင် ဇာနကုမ္မာမင်းသားသည် မွှားဖက် လူပျိုတော်အသချေနှင့် ရွှေစက်တော်မြတ်ဖြန့်လာ၍ ဝက်ပါမုခ်အထွက်မှာ[၆] ရှိကြောင်းကို တင်လာပါသည်။ အမူအရာကို မေးလျှင် အယဉ်အကျေးမှာ ဆိုစရာမရှိ၊ ပဋိရူပလက္ခဏာမှာလည်း သိကြားမင်းသားတော်လို့ မပြောရဘူး၊ သူ့ခမည်းတော်[၇] သိကြားမင်းနှင့် တစ်ပုံမှမယွင်း။ သတင်းတန်ခိုးမှာလည်း မြေမိုးရိုက်ရိုက် ခိုက်ခိုက်တုန် အာဏာ တေဇာတော်အရှင် ဖြစ်ပေလျက် ထိပ်ခေါင်တင် ရွှေမျက်နှာကို ရွှေမေတ္တာ ဆွတ်ရှူး ပူးချင်လှသော စေတနာကြောင့် သူ ကြွတော်မူလာသည့်အခင်းကို နတ်မင်းကြီး ရင်သွေးတော်မြတ်ပီပီ သိင်္ဂီရွှေစက်တော်ယွန်း၍ နှုတ်ခွန်းဆက်တော်မူသင့်ပါသည် ဘုရား' ဟု တင်သည်။[၈]

မင်းသမီးက 'အမယ်မဟာသာလ ဖြစ်လျှင်[၉] စိတ်ညစ်အောင် အစဉ်ပင် ပြောဆိုတတ်ပေငဲ့[၁၀]၊ မင်းသား စိုးသား များသော ခြွေရံဆန်းလျက် ဘုန်းတန်းကြီးသော သူတို့ ငြီးငြီးငွေ့ငွေ့ရှိလျှင် ရောက်မိရောက်ရာ သွားလာသည်အပြီး၊ ခရီးများ မကျွမ်း၊ လမ်းပန်းမသိ၊ မျက်စိများလည်၍ တကယ်ပင် ရောက်ပါစေဦးတော့[၁၁]။ အသောဘယ့်နှယ်[၁၂] ငယ်ပေါင်း ကြီးဖော်[၁၃] လည်း မဟုတ်၊ နှုတ်ဆက်

၁။ ရှူလျက် ရှာလျက်နှင့်–ဗ။
၂။ မနိုးကြသောကြောင့်–ဗ။
၃။ ပန်းတော်ကဖြစ်သော–ဓ။
၄။ ရုံးတစုစုနှင့်–ဗ။
၅။ ထိပ်တင်ထိပ်ထားငယ်–ဗ။
၆။ မုက်ထွက်မှာ–ဓ။
၇။ သူ့ဘခင်–ဗ။
၈။ သံတော်ဦးတင်သည်ကာလ–ဓ။
၉။ အမယ်သာဖြစ်လျှင်–ဗ။
၁၀။ ပြောဆိုတတ်ပေသည်–ဓ။
၁၁။ ရောက်စေဦးတော့–ဗ။
၁၂။ သဘောတော်ဘယ့်နှယ်–ဓ။
၁၃။ ငယ်ပေါင်း ကြီးပေါင်း–ဓ။



www.burmeseclassic.com

www.burmeseclassic.com



ပြောဆို ''အလျင်လိုက အနှေးတွေ့'' ဆိုဘိသို့[၁] ရှေးက ပုံများကို မှတ်သား နားထောင်တော်မူပါဦး။[၂]

ရှေးကတသီး ဘုန်းကြီးသည့်အာဏာ ဗာရာဏသီမင်းကြီး၏ သား တော် မြောက်သား မင်းသမီးကို[၃] လူများနှင့် မနီးအောင်လို့ သစ်ပင်ကြီးတစ်ပင် ကိုင်းသော အခက်နှင့်[၄] ထားရာ သီရိရတနာပြည်ရှင် မင်းကြီး[၅] သား အိမ်ရှေ့ တော် ပျော်ပျော်ပါးပါး တောကစားကျူး၍ ခရီးလွန်သည်တွင် ဟေဝန္တာတော က[၆] တစ်ပင်သို့ ရောက်လျှင် ပြောက်ကျားနွယ်ရစ် ရှိဖူးကြောင်းများလည်း ထုံးဟောင်း ကြားဖူးရပါသည်။ ယခုမှာလည်း ဣန္ဒကုမ္ဘမင်းသားသည် မျက်စိများ လည်လို့ တို့နယ်တို့နန်း ရောက်လာလျှင် သွားရာလမ်းများကို စခန်းအမှန် ကျအောင် လမ်းပြ လိုက်ပို့လိုက်ပါတော့လော[၇]' ဟု မိန့်တော်မူသည်။

အထိန်းတော်က 'သည့်နယ်လက္ခဏာ ရောက်လာခြင်း ဟုတ်မည် မထင်ပါ။ ဣန္ဒကုမ္ဘမင်းသားသည် သိကြားမင်း သားတော်ဖြစ်၍ ဇမ္ဗူဒီပါကျွန်း ထက်၌ အမှုအခင်း ရှိသည်များကို သိကြားမင်း မှာထားအပ်တော်မူခဲ့သည့် သူရဿတီနတ်သမီး တည်ထောင် ဆက်သရသော ငါးထပ်သော ပဉ္စမာလိနီ မြို့နန်းတွင် တောင်နန်းစံ မိဖုရားရတနာ ရှားတော်မူလှ၍[၈] ဂန္ဓမာဒနတောင်ဖျား ပတ္တမြားနန်းစံ ထိုက်တန်သူရှိကြောင်းခြင်းကို[၉] နဂါးမင်းရောပထ သံတော်ဦး တင်လျှင် သံသရာ ဘဝအဆက်ဆက်[၁၀] ပန္နက်ဖူးသည် ကံအဆောင်ကို မရှောင် နိုင်သော ရွှေမေတ္တာ၊ စေတနာစွဲကပ်၊ မရပ်မတည်၊ ရေကြည်နဝတတ်အိုင်[၁၁] ခါးပန်းမှာ ဆင်စွယ်နန်းတော်နှင့် စခန်းမတွန့်ဘဲ[၁၂] ရပ်တော်မူ၍ ရွှေမဉ္ဇူပင်နန်းသို့ ဂုဏ်စွမ်းညံကာ သူ့ခမျာ လာရှာပေသည် အခင်းကို လောကဝတ် ယိုယွင်းလျှင် ထိပ်တင်ငဲ့ထံမှာ ကျွန်မများစုရုံး၍ တရထည်လုံး[၁၃] ရှိင်းရာ ရောက်ချေတော့မည်။ ရွှေစက်တော်ပင် မယှဉ်နိုင်းသော်လည်း ရွှေခွန်းတော် ဆက်သွယ်[၁၄] ဘယ့်နယ် ဘယ်သို့ မိန့်တော်မူစမ်းပါ ဘုရား' ဟု တင်သော်[၁၅] မင်းသမီးက 'အမယ်

၁။ အလျင်လို အနှေး—ဝ။
၂။ နားတော်သွင်းတော်မူပါ—ဝ။
၃။ မြောက်သားတော် မင်းသမီးကို—ဝ။
၄။ တပင်ထိုင်သော ခက်နှင့်—ဝ။
၅။ သီရိရတနာမင်းကြီး—ဝ။
၆။ ဟေဝန္တာက—ဝ။
၇။ စေတော့လား—ဝ။
၈။ တောင်နန်းကညာရှာတော်မူလျှင်—ဝ။
၉။ ရှာသည့်ကြောင်းခြင်းတ—ဝ။
၁၀။ သံသရာ ဘဝဆက်က—ဝ။
၁၁။ နဝဒတ်ကန်—ဝ။
၁၂။ စခန်းစံတဲ့—ဝ။
၁၃။ ဆည်လုံ—ဝ။
၁၄။ ရွှေခွန်းတော်ဆက်လှယ်—ဝ။
၁၅။ တင်လသော်—ဝ။





သာလယ်. . . သက်ရှယ်ကြီးလို့လား။ တောက်တီးတောက်တဲ့ ရှက်စရာ ကြောက်စရာ၊ သူ့တတ်တိုင်း[၁] လာပါသည်ကို ဘယ်မှာပင် ရှိရှိ၊ အသိအကျွမ်းလို ရောနှော၍ လောကဝတ်မပြုနိုင်ပါဘူး။ အမယ်တို့ မင်းသားကို အားပါးနာလျှင် အမယ်သာလပင် ထွက်လို့ လက်ခံပါတော့လား' ဟု မိန့်တော်မူလေသည်။

အထိန်းတော် မဟာသာလက 'အလို–ထိပ်ထားငယ်[၂] . . . စကားစဉ် ''အိုင်မည်ကာနှင့်[၃] ကြာမပေါက်ပါဘူး'' တဲ့ ဘုရား၊ ဇမ္ဗူ့သခင် ထိပ်ခေါင်တင် လည်း နတ်ရှင်မင်းသမီး[၄] တောင်ကြီးဂန္ဓာ ဗွေထိပ်ချာမှာ များစွာသော ခြွေရံ အပေါင်းနှင့် ပျော်စံညောင်းလျက်ရှိရာ ကြွရောက်လာသည်ကို ချိုသာသော စကားနှင့် မျက်ဝါးကြည်ညို[၅] နှစ်ကိုယ်တော် တွေ့ညားသော်လည်း သိမ်မွေ့ဘိ ခြင်း၊ မင်းသားတို့ ဣန္ဒြေကို မသွေမယွင်းရလေဘူး။ အကျူးအလွန် နှုတ် လက် မြန်လျှင် ကျွန်မတို့တာ သည့်အရာတွင် ထိပ်ချာထိပ်ထားငဲ့ ကိုယ်စားဖြင့် စကားနှုတ်ဆက် ကျွန်မထွက်ပြီးလျှင်[၆] လက္ခဏာမူလတော်များကို ကြည့်ရှုထောက် တွေး၍ အရေးသင့်အောင် ဆောင်ပါမည်' လျှောက်၍ အထိန်းတော် မဟာသာလ၊ အပျိုတော်တစ်ထောင်နှင့် ရွှေမဉ္ဇူတံအင်[၇] နှစ်စုံသော လက်ဆောင်[၈]တော်ပန်း ယူထွက်လျက် လာခဲ့၍ မင်းသားရှေ့တော်ရောက်လျှင် ပန်းတော်တင် စိန်ကလပ် များကို တည်၍ 'ရွှေဘုန်းတော်ထိပ်တင်[၉] အရှင့်သား၏ ရွှေဖဝါးတော်အောက် ရောက်ပါမည်ကိစ္စတွင် ကျွန်မတို့အရှင် မင်းသမီးမှာ ယမန်ခါက အထွက်တွင်[၁၀] ထီးနဘေထပ်လွှတ်၍[၁၁] နေကွက်ကြောင့် ရတက်ကြီး ရှိကြသည့်အခါ[၁၂] ထိပ် ချာတင် ဘုရားက[၁၃] သမားကြီးများနှင့်ပင် အလျင်လို အနာရောဂါခပ်သိမ်း ငြိမ်း စေတတ်သော ဂေါသီတစန္ဒနနံ့သာကို[၁၄] သနားတော်မူလိုက်၍ အလွယ်တကူ ချမ်းသာရပေသည့် ကျေးဇူးတော်ကိုလည်း ချီးငေါ်နေ့တိုင်း ရှိပါ၏[၁၅]။ တစ်ကြိမ် မှာလည်း သန္တာညွန့် သလွန်တော်ပေါ် စံတော်မူလျက် သရက္ခန်၊ အကျော်၊

၁။ သူ့တိုက်တိုင်း—ဝ။
၂။ အဘို့ထိပ်ထားငယ်—ဝ။
၃။ အိုင်မည်ကာကို—ဝ။
၄။ နတ်ရှင်သမီးတော်—ဝ။
၅။ မျက်နှာဝါးကြည်ညို—ဝ။
၆။ ကျွန်မထွက်မှ—ဝ။
၇။ ရွှေမဉ္ဇူအင်—ဝ။
၈။ စုံသောပန်း—ဝ။
၉။ ရွှေဘုန်းတော်ထွတ်တင်—ဝ။
၁၀။ ယမန်ခါ အထွက်တွင်—ဝ။
၁၁။ ထီးနဘေထပ်လွှတ်—ဝ။
၁၂။ ရှိရပါသည့်အခါ—ဝ။
၁၃။ ထိပ်ခေါင်တင် ဘုရား—ဝ။
၁၄။ နံ့သာကို—ဝ။
၁၅။ ချီးမွမ်းလျက် နေထိုင်လျက်ရှိပါ၏—ဝ။



www.burmeseclassic.com

www.burmeseclassic.com



သော်မှော်၊ နှင်းရည်များကို လိမ်းသပ်တော်မူ၍ ကိုယ်တော်ငွေ့ မသွေ့ခင် ပုလဲအင်္ကျီကို ဝတ်ဆင်တော်မူသည်နှင့် လိပ်ပြာကလေး ယင်ကောင်လောက်ကယ် ကိုယ်တော် နောက် အပါးတွင် တောင်သွား မြောက်ပျံ မွှေးနံ့ခံ ရှင်မြူးသည်တွင် တောင်ပံက လေဟုန်ကြောင့် ပုလဲဥကျောက်စုံ အင်္ကျီနှင့် ကိုယ်တော် အသားကွာသည်တွင် နာသည် စပ်သည်–ဟု မိန့်တော်မူသည်ကို ရွှေယပ်နှင့် လေညင်းဆက်သရသူ အပျိုတော် သီရိမိတ္တာသည် အလွန်တရာ ကြောက်သည့်အရာနှင့် မျက်နှာခုတိုင် မရသေးပါဘူး။ ယခုမှာလည်း ဂိမှန္တအကူး လေရူးသွင်းသည့်အခါ ပရမာဏာမြူခန့်မျှ ကိုယ်တော်မြတ်မြရည်ကို လေပြည် လေညင်း ဆော်သွင်းသုတ်ဖျန်းရလေမူ သည်အပူလည်း[၁] အပူ တစ်ဝတစ်ခန်း ပတ္တမြားနန်း ကြမ်းပေါ်တွင် မော်ရော်နှင့်[၂] ကတ္တီပါအခင်းမှာ အစပ်ချင်း ဖုံးမိအောင် လမ်းရှိ ကျောက်ကြားများလည်း[၃] မြလုံး စိန်သား၊ ပတ္တမြားတောက်ညီ စီကာ စီကာ ရှိသည်များကြောင့် ရွှေဖဝါးတော်မှ မကွန့်မလှမ်းဝံ့[၄] ရှိပါသည် ဖြစ်၍ ရွှေဖဝါးတော်မြတ်အောက် မရောက်ထည့်နိုင်ပါ။ ရွှေကိုယ်တော်ရတနာသာ ဝက်ပါလိုဏ်နန်းအတွင်း အခင်းသန့်သန့် သန္တာညွန့်သလွန်ပေါ် လိပ်ပြာတော်နှစ်ပါးသည် မပြားနေလပမာ[၅] ရွှေမေတ္တာဆွတ်ရွှး ဖူးတော်လွယ်ရအောင် ရွှေဖဝါးစကြာ ဖြန့်တော်မူပါဘုရား' ဟု သံတော်ဦး တင်လေသည်။

ဖွားဖက်တော် ပညာဟာသက 'ထိပ်တင်ဘုရားနှင့် ပတ္တမြားနန်းရှင် ထိပ်ခေါင်တင်ဘုရား–နှစ်ပါး၏ ကံတော်သည် လှံ့ဆော် စီမံသောအခါ ပဥ္စမာလိန် ရိပ်ငြိမ်သာဆန်း ရွှေနန်းပေါ်ကပင် စကြာတော် ဖြန့်ပတ် နဝတတ်အိုင်ခါးပန်း ဆင်စွယ်နန်းမှာ ကျွန်တော်ခြားနား၍ ပတ္တမြားနန်းပေါ်သို့ ရောက်တော်မူပြီး အခင်းကို ရစ်နှင်းမေတ္တာ[၆] စေတနာရွှင်ပျော်နှင့်[၇] ရွှေကိုယ်တော်မြတ်ကို နှင်းအပ်တော်မူရအောင် သူစံတော်မူရာ ရတနာဆောင်နန်းသို့ စက်ပန်း ဖြန့်တော်မူသင့်ပါသည် ဘုရား' ဟု တင်သည်။

ကြွတော်မူမည် နိမိတ်ကို အရိပ်ပြ၍ ရယ်ဟ ရယ်မော မိန့်တော်မူသည်မှာ[၈] – 'မောင်ပညာဟာသငယ် ... သည်ကာလ လှူဘောင်မှာ တောင်

---

၁။ သည်အမှုလည်း–ဓ။
၂။ မွေ့ရာနှင့်–စ။
၃။ လန့်ဘီကြောက်ကြားပုံများလည်း–ဗ။
၄။ မချွတ်ဝံ့ မလီမ့်ဝံ့–ဗ။
၅။ နေလတ်ပမာ–ဓ။
၆။ ရစ်သွင်မေတ္တာ–ဗ။
၇။ များစေတနာ ရွှင်ပျော်နှင့်–စ။
၈။ ရဲရဲမိန့်ဟတော်မူသည်မှာ–ဗ။





လည်း တောင်ဆန်၊ နန်းလည်းသင့်လျော် အထိန်းတော် အပျိုတော်များမှာလည်း အာဏာနည်းတစ်တွေ စုလျှောက်ပေသည်။ အခင်းလည်း ကံ–ကံချင်း လှံ့ဆော်၍ တို့ရွှေကိုယ်တော်[၁] နှစ်ပါးသည် မြသားနှင့် ဇမ္ဗူရာဇ်ကဲ့သို့ အချစ်တော် မယိမ်းမသိမ်း[၂] မိကြပါလျှင် အထိန်းတော်သာ ချုပ်ချာပိုင်သ မိနှင့်ဘလို ဘယ်လောက်တန်မို့[၃] မြို့ရွာဆိုသမျှလည်း သူတို့မလိုမှ[၄] ကြည်ညိုနှစ်သက်၍ ခြွေရံသူတို့ပင် စံလိမ့်မည်။ (ဆောင်ရွက်ရန် ရှိသမျှကိုလည်း နေရာတကျ ဆောင်ရွက်ကြလိမ့်မည်–ရာတွင်)[၅] တစ်ခန်း ရွှေနန်းတော် ပဥ္စမာလိန်က ညိုးပိန်နွမ်းလျ နဝတတ်ကန်သို့ ကျလျှင်လည်း ယူတမပြေ လာရလေသည် ခရီးမှာလည်း ကန္တာရကြီးသဖွယ်[၆] ဘယ်သူတစ်ယောက် မပေါက်နိုင်ခဲ့စွာ သည်အရာများကို ပမာဏမယူဘဲ လွယ်တကူနေ့ချင်း အပြင်စခန်း[၇] ဆင်စွယ်နန်းကပင် အလွမ်းလှံ့ဆော် သူနန်းပေါ်သို့ ရောက်တော်မူရသည့် ကိစ္စများကို ရမ္မဏိယ ရွှေပြည်ကျော်က မယ်တော်ကြားလျှင် သိကြားမင်း[၈] အပြစ်တော်တင်ခံရလိမ့်မည်'ဟု ဝမ်းနည်းစကား မိန့်တော်မူလျှင် လူပျိုတော် ပညာဟာသက 'ကိုယ်တော်မြတ် ရတနာမှာ ဇမ္ဗူဒီပါနယ်တွင် ထီးဆောင်းမင်းတို့ ဘုန်းဂုဏ်ကဲ့သို့ မက ရမ္မဏိယ ရွှေပြည်တော်ရှင်[၉] ဘိုးတော်၊ ဘွားတော်၊ ခမည်းတော်လည်း မဟာသုဒဿနနန်းရှင် သိကြားမင်းမာဃ၊ နမတော်မြတ်လည်း သူရဿတီနတ်သမီး၊ မြို့ကြီးပဥ္စမာလိန်၌ ဝရဇိန်လက်နက်သခင်၊ သို့ကိုစင်လျက်[၁၀] ဇမ္ဗူမြေပြင်တစ်လျှောက်တွင် ရောက်စေလိုလျှင် ရွှေကိုယ်တော်အောက်[၁၁] ရောက်ရမည် လွယ်ကူ သို့ပင်မူလည်း သန္ဓေတော်ယူကတည်းကပင် ရွှေမဥ္ဇူပင်ဖျားက နေမင်းကြွသွားရာ စန္ဒာလမင်းသည် မျှော်ခြင်း၊ တခြင်းနှင့် မင်းသမီး သန္ဓေတော်မြတ် စွဲကပ်တော်မူသည်များကို ထောက်လျှင် အရှင်မင်းသားမှာ သွားသူ၊ ပြန်သူ ရွှေမဥ္ဇူပင်နား ပတ္တမြားနန်းရှင် ထိပ်တင်ကိုယ်တော်မှာ[၁၂] မျှော်ကာတမ်းကာ သူ့ခမျာ စကြာတော် ကြွလာသည်များကို ရွှေနားခံ၍ စံတော်မူနှင့်

---

၁။ ထိုရွှေကိုယ်တော်–ဗ။
၂။ အချစ်တော် မယိမ်းမတိမ်း–စ။
၃။ ဖလိုဘယ်လောက်ထပ်ပို–ဗ။
၄။ မလိုချင်မှ–စ။
၅။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ်များ (ဗ) မူတွင် မပါ။
၆။ ဂန္တာရကြီးထူ–ဗ။
၇။ နေခြင်းအပြင်းစခန်း–စ။
၈။ နဂါးမင်းသားတော်–ဗ။
၉။ ရွှေပြည်တော်ကြီးသခင်–ဗ။
၁၀။ သခင်ကို စဉ်လျက်–ဗ။
၁၁။ ရွှေကိုယ်တော် ရတနာ ရွှေစကြာအောက်–ဗ။
၁၂။ ထိပ်တင် သခင်ဘုရားများ–စ။



www.burmeseclassic.com

www.burmeseclassic.com



ရရှာလိမ့်မည်[၁]။ စကြာတော်ဖြန့်၍ ရွှေပန်းမေတ္တာကို[၂] စေတနာတူ၍[၃] ကူတော်မူသင့်ပါသည်[၄] ဘုရား' ဟု တင်သည်။

အထိန်းတော် မဟာသာလက 'အပျိုတော်ကြီး မယ်ရာသီမုတ္တာ၊ ကဥ္စနသာရီ၊ ပဒုမသိင်္ဂီတို့.. ရယ်လို့ တစေ မနေကြနှင့်။ ဖန်ပြာမီးအိမ်ကို လက်ယာ၊ သူရကန်မီးအိမ်ကို လက်ဝဲ၊ မှူးကတော်များနှင့်[၅] ထိပ်ထားရှေ့တော်က လျော်စွာတော်ခန့်[၆] လမ်းပန်းပြုဆောင်၍[၇] ကြွတော်မူကြပါ။ မင်းပညာဟာသတို့နှင့်[၈] လူပျိုတော်အပေါင်းမှာ လျှောင်းစက်စုကာ သည်ဆောင်သာတွင် နေရစ်ရှာကြပါဦးတော့' ဆို၍ အထိန်းတော်၊ အပျိုတော်တို့ ရံကာ ဣန္ဒကုမ္မာ မင်းသားသည် ပတ္တမြားဝက်ပါ မင်္ဂလာလိုဏ်နန်းအတွင်းသို့ ဝင်တော်မူသည်။

ဖွားဖက်တော် ပညာဟာသတို့မှာလည်း လူပျိုတော်ပညာတိက္ခ ထိန်းလျက် ပါသော မြကြုတ်နီနှင့် ဂမုန်းနီဥကဖြစ်သော[၉] ဝိဇ္ဇာမယသိင်္ဂီရွှေငှက်ကိုလည်း မင်းသမီး၊ မင်းသားတို့ ရှေးက ဖြစ်ကြဟန် ဖြစ်ရင်းအစ ပထမကခုထက်တိုင် စုံလင်စွာ မှာထားဆင့်ဆိုလိုက်ပြီးလျှင် ဇမ္ဗူဂန္ဓာငှက်မထံ ကုန်စင်သိသာအောင်မှာ၍ အလျင်အမြန် ပြန်လာခဲ့-စေလွှတ်လိုက်၍ ဇမ္ဗူဂန္ဓာ ငှက်မထံ[၁၀] ဝိဇ္ဇာမယသိင်္ဂီရွှေငှက် ပြန်ရောက်လျှင် ဝိဇ္ဇာမယအတတ်ဖြင့် မည်သူမျှ မသိ မမြင်၊ လီမ္မာသောရေးရာဖြင့် ငှက်တို့ဘာသာ[၁၁] ယှဉ်တွဲ ပျော်ပါးပြီးမှ အကြောင်းမျိုးစုံ လိုရာကိစ္စကို စိတ်တိုင်းကျပြောဆိုသည်[၁၂]။ ထိုအကြောင်းကို အရှင်မင်းသား မေးတော်မူလျှင် စေ့ငုစိစဉ် ကုန်စင်အောင် ပြောရမည်[၁၃]။ မှာဆို ပြန်လာခဲ့မှ[၁၄] နေရင်းကြုတ်တွင် ဝင်၍ နေလေသည်[၁၅]။

♦

၁။ စံတော်မူရနှင့် ရှာလိမ့်မည်–ဗ။
၂။ ရွှေပန်းသစ္စာကို–စ။
၃။ စေတနာထူး၍–ဗ။
၄။ ပူးတော်မူသင့်လှအောင်–ဗ။
၅။ အမှူးကတော်များနှင့်–ဗ။
၆။ လျော်စွာအောင်–စ။
၇။ ခင်းကျင်းဆောင်၍–စ။
၈။ မင်းသားကလည်း ပညာဟာသ တို့နှင့်–စ။
၉။ ဂမုံဥက ဖြစ်သော–ဗ။
၁၀။ ငှက်မအထံ–စ။
၁၁။ ငှက်မတို့ဘာသာ–ဗ။
၁၂။ စိတ်တိုင်း ပြောဆိုသည်–ဗ။
၁၃။ စေ့ငုစိစဉ် ပြောရမည်–ဗ။
၁၄။ မှာထားဆိုပြန်လာခဲ့–ဗ။
၁၅။ နေရင်းကြုတ်တွင်ဝယ် နေလေသည် –ဗ။

## ၁၁။ မင်းသား မင်းသမီး တွေ့ဆုံခန်း

အထိန်းတော်တို့လည်း မီးအိမ်ကို အပျိုတော်များကို နှစ်သွယ်စီကြပ်လျက်[၁] မှန်နန်းဝက်ပါတံခါးကို[၂] ပြာသာဒ်ငါးဆောင် နေရောင်အကြားကို[၃] လျှောက်၍ မာရဘင်တံခါးမှာ[၄] ကြိုးကြာသံများကို တံခါးမှူး နန္ဒမာယာ ဖွင့်၍[၅] အသင့်ဝင်သွားသည်နှင့်[၆] မှန်တံခါးသို့ ရောက်လျှင် ကိန္နရာမ နှစ်ကောင်ကို အတွင်းအပျိုတော်တို့က ခေါ်၍ စောင်းငြင်း အဲအန်နှင့် ပျော်စံနေရာ တံခါးစောင့်သိခ်ဒ္ဒါရလည်း ကြည့်ရှု နားထောင်နေသည်နှင့် ခေါ်၍ မကြား၊ တံခါးမဖွင့်ဆိုင်းလင့်တော်မူကြရသည်တွင် ဇမ္ဗူဂန္ဓာငှက်မက 'ကြွတော်မူလာပြီ' ဟု စီစီကျာကျာ မြည်လျှင်–

မင်းသမီးလည်း ရက်ကြောက်သည့် ဣန္ဒြေတော်ကို မသိမ်းတော်မူမိ၍ သန္တာညွှန့် သလွန်ပေါ်က အလျင်တဆော ဆင်း၍ ပယင်းနန်းတော် အဆောင်သို့ ကြွတော်မူသည်။

ရူပသာရအထိန်းတော်ကြီး တွဲ–မကာ အပျိုတော်အပေါင်း ခြံရံလျက် ပျဉ်ထောင်အပါး တံခါးပွတ်လုံး[၇] ရွှေငှက်နှစ်ကောင်၏ အရုပ်ကို ရှုတော်မူ၍ နေသည်နှင့် ထိပ်ခေါင်တင် အလျင်လို[၈] ကြွတော်မူသည်ကို မြင်ကြရသောကြောင့် တစ်စုံတစ်ခု ဖြစ်ရသည်–ဟု နန်းသူ ရှိသမျှ လက်ပြလက်ကာ[၉] ဆိုင်ရာ ဆိုင်ရာ နေထိုင်ကြသည်နှင့် တံခါးစောင့် သိခ်ဒ္ဒါရလည်း ပြင်ကခေါ်သံ ကြားသည်–ဟု တံခါးမှာ ချည်းကပ် နားထောင်သည်။

ရာသီမုတ္တာက တံခါးကိုဖွင့်ပါ ဆိုလေလျှင်[၁၀] ဘယ်သူ ဘယ်ဝါ၊ ဘယ်ဌာ ကိစ္စ၊ ဘယ်ရာသီမုတ္တာ၊ ဘယ်ပဒုမ ကာလပြကွဒိန် အချိန်မဟုတ်။ မိုးချုပ်ညဉ့်နက် အမှုများ ကွက်သောအခါ ပေါက်ဖက်နှင့်ကျေး ထွေးကာ လုံးကာ မသိသာဘူး။ ကြောက်စရာအခင်း မယ်မင်းတို့အလျင် မဖွင့်ဝံ့ပါဘူး ဆိုသည်[၁၁]။

၁။ နှစ်သွယ်နှစ်ရပ်စီကြပ်လျက်–ဗ။
၂။ မှန်နန်းဝက်ပါမင်္ဂလာတံခါးလို–ဗ။
၃။ မြသားနှစ်ဆောင်၊ မှန်ရောင်ကဲ အကြားကို–ဗ။
၄။ ဖန်မာရဘင် တံခါးမှာ–ဗ။
၅။ ဖြစ်၍–ဗ။
၆။ အသင့်ပင် သွားသည်နှင့်–စ။
၇။ စကားဖွင့်လုံ–ဗ။
၈။ ထိပ်ခေါင်တင်အလို–စ။
၉။ လက်ပြောက်တီးကာ–စ။
၁၀။ ရာသီမုတ္တာက ဖွင့်ပါဆိုလျှင်–ဗ။
၁၁။ ဆိုသည်ပဲ–စ။



www.burmeseclassic.com

www.burmeseclassic.com



ရာသီမုတ္တာက 'သိခဲ့ဒါရငယ် ... အထိန်းတော်ကြီး အမယ်မဟာသာလ[၁]၊ အမယ်ဂဏာသီရိတို့ နောက်က ပါပါသည်။ ဘယ်ရာဇဝတ်မှ ကပ်ငြိခြင်း မရှိပါဘူး[၂]၊ အချိန်ကျူးလို့ ကြက်ဦးတွန်လုပါပြီ[၃]၊ မြန်မြန်ဖွင့်တဲ့ပါ' ဆိုလျှင် အသံခုနစ်ပါးမြည်သော မှန်တံခါးကို ဖွင့်၍ ဝင်တော်မူပြီးလျှင်[၄] မြကြိုးယှက်လိမ်[၅] စိန်တစ်တန့် မြတစ်တန့် ဖောက်ပြီးလျှင်[၆] ကျောက်ကိုးပါးအစုံ ပန်းအုံကြီးသာ လုပ်၍ အဆုပ်အဆုပ် စီသော[၇] မှန်ဇလီ ပျဉ်ထောင်နှင့် ပတ္တမြားဆောင်ကြီးမှာ ကတ္တီပါ မျက်နှာကြက်၊ ကြာယပ်အောက် ကရဝိက် လည်ချိတ်ရုပ်သဏ္ဍာန်[၈] သန္တာညွှန့်သလွန်ပေါ်မှာ မင်းသား စံတော်မူသော် အထိန်းတော်၊ အပျိုတော် ပါသမျှတို့လည်း မင်းသားထံမှာ မခွာမထ ခ ယမ်း နေထိုင်ကြသတည်း။။

ထိုအခါ ဝိဇ္ဇာမိုရ်နတ်မင်းကြီး သမီးတော် သိဂ်ကလျာဏီသည် စိန်ကော်မရော်[၉] အနားစီကွပ်သော[၁၀] နေရာထိုင်တော်ကို[၁၁] မင်းသားစံတော်မူသော သန္တာညွှန့် သလွန်တော်နား ခင်းထားလာသည်[၁၂]။

ပယင်းနန်းမင်းသမီးထံမှာလည်း အထိန်းတော်၊ အပျိုတော်အပေါင်း တစ်သောင်းကျော်[၁၃] စည်ဝေးဝန်းရံ ရှိကြသည်။

အထိန်းတော်ကြီး ရူပသာရက 'ထိပ်တင်ငယ် ... ဝရဖိန်လက်နက်သခင် ဆယ်စွယ်နန်းရှင် မင်းသားသည် ပတ္တမြားဆောင် သလွန်တော်ပေါ်မှာ စံတော်မူလျက် ရှိချေသည်။ ထိပ်တင်ကောင်းမှ ကျွန်မတို့တစ်တွေ အနေတော်သင့်၊ အခွင့်တကာကုန်ပြီး ငြိမ်ဝပ်နိုင်မည်အကြောင်း ဖြစ်ပါသည်။ အကြောင်းအရာမှာ သူဇာတိရင်းကလည်း သိကြားမင်းသားလို့ ဇမ္ဗူဒီပါ တစ်ကျွန်းလုံး ကျော်ကြား၍ နဂါးပြည်အကုန်၊ ဂဠုန်မင်းနှင့်တကွ ပိုင်သတော်မူချေသည်။ ထိပ်တင်မှာလည်း ကေလာသဘ၊ စိတြနှင့် ကာဠရုံကာ ဂန္ဓမာမည် ချုပ်ခြာပိုင်စား ပတ္တမြားနန်းကြီးနှင့် အသီးသီး ဘုန်းတော်ရှင်တစေ ဘယ်သူကို

၁။ အထိန်းတော်ကြီးမဟာသာလ—စ။
၂။ သယ်ရာဇဝတ် မကာတ်မည်ဲ မရှိပါဘူး—ဓ။
၃။ ကြက်ဦးတွန်ရှာပါပြီ—စ။
၄။ ဝင်တော်မူကြ၍—ဓ။
၅။ မြကြိုးရှက်လိန်—စ။
၆။ စိန်တတန်ဖောက်၍—စ။
၇။ အဆုပ်ဆုပ်စီသော—ဓ။
၈။ လည်ချိုင်ရုပ်—ဓ။
၉။ စိန်ကော်ပရော်—စ။
၁၀။ အနားစီးကွပ်သော—စ။
၁၁။ နေရာတော်ကို—စ။
၁၂။ ခင်းထားသည်—စ။
၁၃။ တသောင်းကျော်—စ။





ဘယ်သူမှ ခ ယ မိုနို ဆိုစရာ မရှိပေဘူး။ သို့ရာတွင်မူ သံသရာဘဝက ပါကြသည့် ကုသိုလ်ကံ စီမံကြိုကြိုက်၍ ပဌမာလိန် မြို့နန်းကပင် အပန်းတကြီး လှူမနီး၊ လူမပေါက် ဘယ်သူ တစ်ခေါက်မျှ မရောက်နိုင်သည့် ရွှေနေရာတော်ကို စေတနာလှုံ့ဆော်၍ သူရောက်တော်မူသည့်အခင်းကို မင်းမာန်စိုးဂုဏ်[၁] နှင့် သုန်လို့တစေ မနေတော်မူသင့်ဘူးဟု ထင်ပါသည်။ အချစ်တော်ကြေကွဲ၍ ဝမ်းနည်းတော်မူသောအခါ ဇမ္ဗူမြေဘောင်မှာ ရှောင်တဲ့လို့ မလွှတ်[၂]၊ ဝိဋ္ဋအခါ ကမ္ဘာမီးလောင်သလို မြောက်တောင် ဘယ်မှာ ပြေးစရာ၊ ပုန်းစရာ ရပါတော့မည်နှယ်[၃] တင့်ရဲလို့တစေ နေတော်မူသင့်သည် မဟုတ်ပါ။ မင်းသားပုံပြင် လက္ခဏာကို တစ်ခါရှုတော်မူရအောင် ပတ္တမြားနန်းဆောင်သို့ စကြာဖြန့်တော်မူပါ ဘုရား'ဟု တင်သည်[၄]။

မင်းသမီးက 'အထိန်းတော် ရူပသာရငယ်၊ မင်းယောကျ်ား ဆိုသမျှသည် စကားထွေရာ ဆိုတတ်တယ်။ ကျွန်မမှာ ဖွေဖွေရှာရှာ ဘာတစ်ခုမျှ မပြောတတ်။ သည်တစ်ခါမှာ ကျွန်မကျပ်လို့ အကာတ်တစ်ခါ ကြုံတော့တယ်။ ကြောက်တယ် ရှက်တယ်လို့ သူ့ရှေ့မှာ အတွေ့မခံရအောင်[၅] ကျွန်မ နေက ဝမ်းနည်းကာ[၆] ရိုင်းပျစိမ်းကားရာ ရောက်တော့မည်။ ရှေးကံတော်နှစ်ပါးကလည်း မည်သို့ဖန်မည်[၇] မသိသာ။ ကြောက်ရာ ရှက်ရာမှာ ပြောစရာ မရ။ ဝင်ကြလေမှနော်။ အထိန်းတော်တို့သာ မခွဲမခွာကြပါနှင့်။ သူ စလို့ မိန့်တော်မူလျှင် ကူညီလျှောက်ထားကြပါ[၈]'

ဖန်၊ မှန်သူရကန် စန္ဒမီးအိမ်အပြာ[၉] အစိမ်း အဝါ တစ်ရာကျော်ထွန်းညှိ၍ ပတ္တမြားဆောင် သလွန်တော်[၁၀] မှာ လဲ[၁၁] လုံးဖြူကတ္တီပါကို အထပ်ထူစွာ ခင်းပြီးမှ ပတ္တမြားတောက်ထိန်၊ စိန်တစ်တန်မြရိပ်[၁၂] ပုလဲမြိတ်လက်တော်ကိုင် ပဝါကို လက်ဝဲလက်တော်မှာ ကိုင်စွဲတော်မူလျက် ရူပသာရ အထိန်းတော် ပခုံးပေါ်မှာ လက်ယာ ရွှေလက်တော်ကို တင်ကာ လက္ခဏာပုံပြင်မှာ တိမ်မြေး စင်လှသော သာရဒပြောင်း အခါကျ တန်ဆောင်မုန်း လပြည့်ကျော်တစ်ရက်

၁။ မင်းဟာန်စိုးဂုဏ်—ဓ။
၂။ မလွတ်—ဓ။
၃။ ရှားပါးတော့မည်နှယ်—စ။
၄။ တင်လေသော်—စ။
၅။ အတွေ့မခံရအောင်လို့—ဓ။
၆။ ဝမ်းနဲ့တဝ—ဓ။
၇။ မည်သို့ပါမည်—စ။
၈။ လျှောက်ထားကြပါမှလျှင်—ဓ။
၉။ အဖြူ—ဓ။
၁၀။ ပတ္တာသလွန်—စ။
၁၁။ ထီးလဲ—ဓ။
၁၂။ စိမ်တခန်မြရိပ်—ဓ။



www.burmeseclassic.com

www.burmeseclassic.com



တွင် နက္ခတ်တာရာ ကြယ်အပေါင်း ခြံရံလျက် စန္ဒာလစကြာသည် ပြုဗ္ဗာဝိဒေဟာကျွန်းက ပေါ်ထွန်းလင်းပသည်ပမာ မှုရာယဉ်ကျေး ဆေးလေးမှုယ်ရာသော တစ်သောင်းကျော် အပျိုတော်အလယ်မှာ စံပယ်တွဲမလျက် တုပ်ကွတုပ်ကွနှင့် လဲလုံးဖြူ[၁] ကတ္တီပါအပေါ် ကြွတော်မူလာသည်ကို မင်းသားမြင်လျှင် အူနှလုံးကို ယူကျုံးဆွတ်ခြွေသကဲ့သို့ ပျောင်းနွဲ့မူးမော် နှမ်းလျော်ညှိုးသမ်း ပင်ပန်းသည့် မင်းသားကိုယ်တော်ကို အထိန်းတော်တို့ ရိပ်ခြည်သိထင် မြင်ကြသဖြင့်[၂] ဣန္ဒြေတော် မယွင်းမလစ်စေရ[၃]၊ အမွှေး စသော ပန်းပေါင်းအကျော် သော်မော်၊ ပုန်းညက်၊ သရက္ခန် အနံ့များကို[၄] ခံတော်မူစေ၍ အပျိုတော်တို့က လေပြည်လေညင်း ဆက်သွင်းကြသည်တွင် ကြည်လင်ချမ်းမြ ရွှင်ပျတော်မူသည်နှင့် မင်းသမီးရွှေကိုယ်တော်လည်း သန္တာညွှန့် သလွန်တော်နား ခင်းထားအပ်သည့် နေရာထိုင်ခင်းအပေါ်သို့ အထိန်းတော်ကြီး တွဲမလျက် ယုယအသာ နွဲ့ကာ ထိုင်တော်မူသတည်း။

အပျိုတော်တို့က လေပြည်လေညင်း ဆက်သွင်းခြင်းကိုပြု၍[၅] ချွေးဥများ ငြိမ်းသောအခါ[၆] မင်းသားက မိမိငယ်၊ မယ်တို့စံရာ ဂန္ဓမာနန်းလည်း[၇] အဆန်းတကြယ် ရှိပေသည်။ ရံရွှေတော်လည်း နတ်သော်နှုန်းပုံ[၈] ဝန်းအုံ သိန်းသောင်း (ရှုမညောင်းစဖွယ် တင့်တယ်လျှောက်ပတ်ခြင်း ရှိပေ၏။)[၉] မောင်မောင့် အကြောင်းများကိုလည်း၊ ကုန်စင်အောင် နားတင်တော်မူပါဦး[၁၀]။ ရွှေဘုန်းတော် ထွတ်တင် ကျုပ်မိခင်သည် သန့်စင်သောသီလကြောင့် သုဒဿနနန်းရှင် သိကြားမင်းသည် ရမ္မဏီယပြည်တော် စံနန်းပေါ်သို့ ရွှင်ပျော်ကြည်သာ ကြွရောက်လာလျှင် ရတနာသား ဆုပန်တောင်းသည်တွင် အာသာဝတီ နွယ်သီးမြတ်ကို ပေးအပ်၍[၁၁] စားသုံးတော်မူလျှင် သန္ဓေတော်စွဲယူ၍ ဖမ္ဘူရာဇ်နန်းလယ်မှာ မယ်တော် ကျွန်ုပ်ကို ဖွားမြင်ပါသည်။ ရွှေသက်တော်ရွယ် တစ်ဆယ့်နှစ်နှစ်က[၁၂] သက္ကရာဇ် ဦးခေါင်းအပေါ်တွင် ကိုယ်တော် သိကြားမင်းသည် ဆင်းကြွတော်မူလာပြန်၍ အလျှံ

၁။ လဲလုံးဖြူ—စ။
၂။ မြင်ကြသည် ဖြစ်၍—ဗ။
၃။ မရွှင်မလန်းစေရ—စ။
၄။ အသားများကို—ဗ။
၅။ အပျိုတော်တို့ လေညင်းစု၍—ဗ။
၆။ ချွေးဥများ ငြိမ်သောအခါ—ဗ။
၇။ မယ်တို့ ဂန္ဓမာလည်း—စ။
၈။ နတ်ဘော်နှယ်ပုံ—ဗ။
၉။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ် များ (ဗ)မူတွင် မပါ။
၁၀။ နာတော်မူပါဦး—စ။
၁၁။ ပေးအပ်သောမူ၍—စ။
၁၂။ တဆယ်အနှစ်—စ။





အာဏာတောက်ထိန်[၁] ဝရဇိန်လက်နက်၊ ဘယက်တော်နှစ်ဆူကို[၂] ဖမ္ဘူဒီပါကျွန်းမြေအပြင်ထက် တုဘက်မပေါ်အောင် သနားတော်မူခဲ့၍ သူ့ရဿတိနတ်ကို[၃] "အတတ်မျိုးသင်ခဲ့၍ ပြင်ပြင် မ စ ရမည်" အပ်တော်မူပြီးမှ သူ စံတော်မူရာ တာဝတိံသာ နတ်ပြည်သို့ ပြန်တော်မူသည်[၄]။

သူ့ရဿတိနတ် လေးမြတ်ကြည်ဖြူ သင်တော်မူသည့်အတတ်မှာ မြေကို လျှိုး၍ မိုးကိုပိုင်ပိုင် ပျံသွားနိုင်သော အတတ်၊ ဆင်၊ မြင်း၊ လေး၊ မြား၊ လှံအတတ်မျိုးတို့ကို[၅] စေ့စုံစွာ တတ်သည်နှင့်[၆] သိကြားမင်း ပြည့်နန်းနှင့် မယွင်းအောင် နဂါးမင်း၊ ဂဠုန်မင်း အစရှိသော[၇] ပညာသည်အပေါင်းနှင့် စည်းကြပ်၍ ငါးထပ်သော ပဥ္စမာလိန်မြို့နန်းကို ရာကျော်အဆောင်[၈] တည်ထောင်ပေးအပ်ပြီးသော် တောင်ညာစံရန်[၉] မင်းသမီးတို့ကို ဘိုးတော်က ခေါ်တော်မူ၍ နှင်းအပ်သော်လည်း –

ကံချင်း မနီးမစပ်၍ မလေး မမြတ်ရှိသည့် အခင်းတွင် နဂါးမင်းဇရာပထက သူတွေ့ကြုံမ်ရောက်သည် အထိနှင့် မိမိ၏ ကြောင်းခြင်းရာကို[၁၀] စုံလင်စွာ လျှောက်တင်လျှင် ကြားသိရသည်[၁၁]။ ရှည်လျားသော ဘဝဆက်က[၁၂] နွှယ်ယှက်အတူ ပန်ယူတောင်းဆိုခဲ့ဖူးသည့် ဆုမြတ်ဇာတိဂုဏ်သည် တစ်ပုံတည်းတည်း[၁၃] စည်းဝေးစွဲငြိ၍ မိမိရွှေကိုယ်ရတနာမှာ မောင်ရွှေမေတ္တာမရွှေ့ ရွှေရင်တော်ငွေ့ပန်းပုံမှာ[၁၄] နှစ်စုံသောကိုယ် သက်ကို အပ်ဆက်လိုပါသောကြောင့်–

တောင်ချာ ဖမ္ဘူတွင် ဘယ်သူ တစ်ယောက်မျှ မပေါက်နိုင်သောခရီးကို အနီး မှတ်ထင်၍ ရွှေစင်စံနန်းသို့ ရောက်ပါသည်များကိုမှ မထောက်မထား စိမ်းကားလွှဲသွေ နေတော်မူသည်အခါမှာ[၁၅] သည်အပူပြင် အပူမရှိကြောင်းများကို သိကောင်းပါငဲ့ မိမိငယ်ဟု မိန့်တော်မူသည်[၁၆]။

၁။ အာဏာတော်ထိန်—ဗ။
၂။ ဘယက်လည်ဆွဲများကို—စ။
၃။ သူ့ရဿတိ နတ်သမီးသည်—စ။
၄။ ပြန်တော်မူသဖြင့်—စ။
၅။ ဆင်၊ မြင်း၊ လေး၊ လှံ၊ များသော အဋ္ဌာရသကို—ဗ။
၆။ တတ်ရသည်နှင့်—ဗ။
၇။ စေ့စုံသော—ဗ။
၈။ မြို့နန်းကိုးရာ အဆောင်ကို—ဗ။
၉။ တောင်ညာစံရှင်—စ။
၁၀။ မိမိကြောင်းပြင်း စုံလင်ကို—ဗ။
၁၁။ လျှောက်တင်ကြားရသည်—ဗ။
၁၂။ ရှည်လျားသောဘဝအဆက်က—စ။
၁၃။ တဆုံတည်း—စ။
၁၄။ ပန်းလှံမှ—ဗ။
၁၅။ အခင်းမှာ—စ။
၁၆။ မိတ်ကော်..လေလော—စ။

www.burmeseclassic.com



မင်းသမီးလည်း အထိန်းတော်ဘက်သို့လှည့်၍[၁] မျက်နှာပြတော်မူသည်နှင့် အထိန်းတော်က ထိပ်တင်ဘုရားသည် ပဏ္ဍုမြားဝက်ပါလိုဏ်နှန်းအထွက်မှာ စံတော်မူ၍ ရှိသည်ဟု အပျိုတော်တို့ တင်လာသည်တွင်[၂] ဘုရား ကျွန်မတို့ ထိပ်တင်လည်း ထွက်တော်မူမည် မိန့်တော်မူ၍ အဆောင်တော်များ ပြင်လျက် ရှိပါသည်။ ကာသီ ကရီနှင့် ခဏကြာလျှင် ဂန္ဓာဒက်မက ကြွတော်မူလာပြီ–ဟု စီစီကျာကျာ မြည်လျှင် ကပျာကယာနှင့် ရတနာ မုခ်ထွက်ကို ခြေစက်တော် မဖြန့်မရောက်ပြီ။ ရှေ့က တန်းလျားဝင်း လမ်းအခင်း ပယင်းနန်းတော်သို့ ကြွရောက်တော်မူရသည်[၃]။ အတန်တန် လမ်းကွေ့သည်နှင့်ပင်[၄] ရှေ့တော်သို့ မရောက်ထည့်ရှိပါသည် ဘုရားဟု တင်သည်[၅]။

မင်းသားက 'ဤသောင်းပြင် ဖမ္ဗူဝယ် ရည်တူမရအောင် ဘ–သိကြားက[၆] သနားတော်မူသည့်လည်ဆွဲ ရဲရဲထိန်ထိန် ဝရဇိန်လက်နက်၊ အာဏာစက် ပြင်းတောင်ဟုန်[၇] ဂဠုန်မင်းရံကာ ရောပထ နဂါးမင်းလည်း အသင်းအပင်းနှင့် တကွ သို့စင်သော ရန်လမ်းကို[၈] အပန်းရှာ၍ ဂန္ဓမာနန်းရှင်နှင့် မြင်ချင်လှသော အာသာ အလွန်တရာစွဲလမ်း၍[၉] ဆင်စွယ်နန်းတော်မှာ စံပျော်၍မတည်စွမ်းရည်တော် နှိမ့်ချ၍ လာခဲ့ရပါသည်[၁၀]။ ''ကြာတို့ဥပဒေလည်း ရေသာလျှင်အကြောင်း။ မြကောင်းတို့ ဥပဒေလည်း[၁၁] ရွှေသာလျှင်အထူး'' ကျေးဇူးပြုထွေအသရေမြတ်မြင့် အသင့်စုပုံ နှစ်စုံသောမေတ္တာကို စေတနာမယိမ်း သိမ်းတော်မူပါလျှင် ပူသမျှအမှုသည် အေးစုရောက်လွယ်ပါတော့မည်' ဟု မိန့်တော်မူသည်။

အထိန်းတော် မဟာသာလက ထိပ်ခေါင်တင်ဘုရား ... ကျွန်မတို့အရှင်မှာ ငယ်လည်း ငယ်သေး၊ ဘယ်အရေးကိုမှ လေးစားတော်မမူ၊ ရွှေမဥ္ဇူဆွတ် ကတော့သွတ်ပန်းဝေမှု[၁၂] ကုဋေလုပ်စု သည်အမှုနှင့်သာ ခုသည်တိုင်ရောက်ပါသည်။ ယမန်ကတွင်လည်း ညဥ့်စက်တော်ခေါ်ရာ ရွှေလက်တော်မြတ်

---

၁။ အထိန်းတော်ဆီကို သိ၍–ဗ။
၂။ အပျိုတော်တို့ တင်လာသည်–ဗ။
၃။ ကြွတော်မူပြန်ရှေ့သည်–ဗ။
၄။ အဆန်းဆန်း လမ်းအကွေ့ကွေ့ ရှိသည်နှင့်ပင်–ဓ။
၅။ တင်လေလျှင်–ဓ။
၆။ မွေ့ဘသိကြား–ဓ။
၇။ စက်ဖြင့် ပြင်းဟုန်–ဗ။
၈။ သို့စင်ပ ဘုန်းတန်ကို–ဗ။
၉။ မြင်ချင်လှသောအလွမ်းကြောင့်–ဗ။
၁၀။ လာရောက်ရပါသည်–ဗ။
၁၁။ မြတို့ ဥပဒေလည်း–ဗ။
၁၂။ ကတော့သွတ်ပန်းစေ–ဓ။





သည် ဖျတ်ခနဲ လန့်တော်မူသောကြောင့် နန်းသူအပေါင်းတို့ကို တိုင်ပင်၍ ဓမ္မိကတောင်ခွင်ဝယ် အရှင်ဥပါသကမှာ လျှောက်ထားမေးမြန်းလျှင် ''ထိပ်တင်မှာ လိပ်ပြာတော်လည်းခုန်သည်[၁] သက်စောင့်သွေးလည်း သေးသေးကလေး နေရာလွဲ၍ ခမည်းလည်း လိုသည်[၂]'' ဟောသောကြောင့် စေဿဝဏ္ဏနတ်မင်းကြီးကတော်ကို ခေါ်၍ လာဘ်ပူဇော်သကာများနှင့် လိပ်ပြာတော်သွင်းရသည်။ နတ်မင်းကြီးကတော်လည်း မြောက်ကျွန်းဦးတွင် ပဒေသာသုံးပင် ခမည်းပေးတော်မူခဲ့သည်နှင့် အလန့်အဖျပ် ငြိမ်ဝပ်သည်။ သည်အမှုကို နောက်မှ တဖြည်းဖြည်းမေးမြန်းစစ်ကြောလျှင်–

တို့ထိပ်တင်မှာ ပျော်ရွှင်စလောက် ရွယ်တော်လည်း ရောက်ပြီဟု ယောက်ျားရုပ်ကလေး အရိပ်ကို အင်္ဂလိပ်စက္ကူမှာ နှံ့သာဖြူရေမွှေးနှင့် ရေးရေးကလေး ထင်မှ မထင်ဘူး၊ ပုံပြင်လက္ခဏာ ရာသီမုတ္တာတို့ ရယ်စရာပြု၍ ပြကြသည်တွင် ကတုန်ကယင်နှင့် လန့်အော် အော်တော်မူလေသည်[၃]။ နဝတတ်ရေမန်းကို သုံးကြိမ်[၄] သောက်စေ၍ စုတ်စက်ခေါ်မှ[၅] ကတောက်ကတက် ပြေတော်မူသည်[၆]။

သည်အမှုကို ခမည်းတော် နတ်မင်းကြီး ကြားသိမည်စိုး၍ တိတ်တိတ်ခိုးနေကြကြောင်းများကို ကျွန်မတို့ အထိန်းတော်ကြီးများ နောက်မှ သိရပါတော့သည်။ ယခုမှာလည်း ရွှေကိုယ်တော်ရတနာ စကြာဖြန့်တော်မူ၍[၇] ဆောင်ခန်းအတွင်းမှာ သွင်းမိလျောင်မိ ရွှေဘုန်းတော်ဖန်ဆင်း၍ ကျော့ကွင်းတွင်ငြိလျက်ခုရှိကတဲ ဝံ့ရဲ၍ နေတော်မူခြင်း မဟုတ်ရှာပါဘူး။ မဟာဘုန်းတော်ကြီးအရှင်ဖြစ်၍သာ[၈] ရှေ့တော်မှာ နေရခြင်း ဖြစ်ပါသည်။

ရွှေကိုယ်တော် ရတနာ မေတ္တာ အသက်ကို နှင်းဆက်တော်မူမည်အရာလည်း စေတနာနှစ်ဦးသည် ပေါင်းကူးမိကြလျက်[၉] လက္ခဏာရှိပါသည်။ သာသာယာယာ ပျောင်းကာပျကာ[၁၀] စကားကို ငင်ချိတ်၍[၁၁] တိမ်လိပ်ကို လေ

---

၁။ လိပ်ပြာတော်လည်းစည်သည်–ဓ။
၂။ ရွှေရင်တဆတ်ဆတ် တဖျတ်ဖျတ် လန့်နဲ့ကို ပျောက်လွယ်အောင် ချွတ်လွှဲက ခမဲခရွဲလည်း လိုသည်–စ။
၃။ လန့်တော်မူသည်–ဓ။
၄။ ခုနစ်ကြိမ်–ဗ။
၅။ စိုက်စက်ခေါ်မှ–ဗ။
၆။ ပျောက်တော်မူသည်–ဓ။
၇။ စကြာဖြန့်–ဗ။
၈။ မဟာကုဋေတော်ကြီးရှင်ဖြစ်၍သာ –ဗ။
၉။ ပေါက်တူးတော်မူမိကြလျက်–ဗ။
၁၀။ မြူကာမြူးကာ–ဗ။
၁၁။ စကားငင်ချိတ်၍–ဗ။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သွေးလျှင် ထွေးကာလုံးကာ ပါသည့်နှယ်အတူ[၁] ချော့မော့[၂] တော်မူပြီးလျှင် လူများ၍[၃] ပွဲစားတို့ ငွေမှုတ်မှာ ငွေရွှက်ပန်း[၄] လုပ်သလို[၅] ချုပ်ချုပ်ကာယ် အရေး ဆောင်တော်မူပါ ဘုရားဟု တင်သည်[၆]။

မင်းသားက မိမိငယ် . . . အံ့ဖွယ်ဂုဏ်ရှိန် ပဥ္စမာလိန်မြို့နန်းမှာ စံမြန်း ရာ အထိုက်အတန်ကို–

လေးကျွန်းကာရံသော မြင်းမိုရ်ပတ်လည် တည်ရှိသမျှ ထီးနန်း စံတို့သမီး အသီးသီးများကို[၇] မောင်ကြီးပယ်ရှား၍ မင်းငဲ့[၈] ကြောင်းရာ ကို ကြားတော်မူကတည်းကပင် အူသည်း မဆုံ၊ မတုံ့စားနိုင်၏[၉] ယိမ်း ယိုင်သော စေတနာသည် ပူဆာလှုံ့ဆော်၍ နေမပျော်မတတ် နောတတ် အိုင် ရောက်အောင် ဖောက်လာရာ[၁၀] စေတနာ ထပ်ပွားပြန်လှ၍[၁၁] ပတ္တမြားနန်းစံတော်ရာ ဝက်ပါဆောင်ခန်းသို့[၁၂] ညှိုးညှိုး နွမ်းနွမ်း[၁၃] လာရောက်ရပါသည်။

စေတနာတူပြီး မောင်ကြီး တည်ကြားသမျှ အသက်ကို ရွှေလက် တော်မလွှဲ အမြဲမိတ်ဖက်၍[၁၄] ကနက်မွေ့သိမ် ပဥ္စမာလိန်နန်းဆောင်မှာ အခေါင် သစ္စာကို ပုံစုလျက် ကမ္ဘာလက်ယာ မဟာဘိသေက ပဝရအောင်ဆု ခရုလက်ယာ မင်္ဂလာမြတ်ပွဲ နွဲကာပျော်ပျော် စံတော်မူပ[၁၅] မိမိငယ်–ဟု ဣန္ဒကုမ္ဘာ မင်းသား က မိန့်တော်မူသည်။[၁၆]

မင်းသမီး ဝေဠုမြတ်စွာက[၁၇] ထိပ်တင်ငယ် . . ရွှေကိုယ်တော် ဘုန်းလူ မိန့်တော်မူသမျှ ရွှေခွန်းသံတော်ကို ငြင်းဆန်ဝံ့မည် မဟုတ်ပါ။ သို့ရာတွင်မူ[၁၈]–

လူပြည် လူနန်း မကျွမ်းမကျင် ရွှေသဇင်လည်း မြေတွင် ပေါက်မြဲ မဟုတ်ပါ။ တော၊ တောင်၊ သစ်ပင် ကုန်းခေါင်ခေါင်မှာ ကြာပင်

---

၁။ ပါသည်နှင့် အတူ–ဟု။
၂။ ချော့မြူ–ဟု။
၃။ ကာလူများ၍–ဟု။
၄။ ငွေရွှက်နီပန်း–ဟု။
၅။ လုပ်သကဲ့သို့–ဟု။
၆။ တင်လေလျှင်–ဟု။
၇။ ထီးနန်းစံတို့ သမီးကို–ဟု။
၈။ မင်းငယ်–ဟု။
၉။ ခုသည်မဆန့်မတန်–ဟု။
၁၀။ ဖောက်ထွင်း၍–ဟု။
၁၁။ ထပ်ပွားပြန်လာ၍–ဟု။
၁၂။ တောင်ခန်းသို့–ဟု။
၁၃။ ညှိုးနွမ်း–ဟု။
၁၄။ အမြဲအပ်ဆက်၍–ဟု။
၁၅။ စံတော်မူပါ–ဟု။
၁၆။ မိန့်တော်မူလေသော်–ဟု။
၁၇။ မင်းသမီးက–ဟု။
၁၈။ သို့ရာတွင်–ဟု။





ရောက်မြဲ မဟုတ်ပါ။ ဂန္ဓမာနှင့် ပဥ္စမာလိန် မြို့နန်းသိန်လည်း ရိပ်ငြိမ်ထူးထွေ ရွှေနှင့်ငွေကို ဂဟောစပ်မြဲ မဟုတ်ပါ။

မိတ်နံ့ချိန်သင့်တော်သဖြင့်လည်း ပုံနှင့်အထင် ဤလူ့ခွင်မှာ တောင် တွင်လည်း မြင်းမိုရ်အထူး ကျေးဇူးမြင့်မြတ်သော သုဒ္ဒဿန ရွှေတောင်ကြီးရှင် တို့ မိန့်ခွန်းတော်သံကို မပန်မဆင်ရခင် ထိပ်တင်ငဲ့ ရွှေလက်သို့ မဝက်မချန်[၁] အပ်နှံလွှန်ကျူး[၂] မိချေလျှင် ဂန္ဓမာနှင့် ကေလာ စိတြ၊ ကျွန်မဆွေမျိုး၊ ဘိုး ဘ ခြွေရံ တောင်စံနတ်မင်း အရှင်တို့ ပြစ်တင်မကင်း ရှိတော့မည်။ သည်လည်း တစ်ဖြာ ဖမ္ဗူချာမင်းတို့၏ သည်းရင်းထွတ်ထား[၃] သမီးများနှင့် ပျော်ပါးတော်မူ မည် ဖြစ်ချေက ပွဲထွက် ပွဲဝင်[၄] ဘယ်သူအလျင်၊ ဘယ်သူနောက်ကျ– ဟု ရွေးကောက်တော်မူလျှင် ပတ္တမြားနန်းသူမှာ နောက်ဆုံး လူတို့ပြည် နန်းသုံး ကိုလည်း နားလည်မည်မဟုတ် ဖြစ်ပါသည်။ စိတ်ရည်တော်မူသမျှ ဣန္ဒြေတော် ကို ဖြေဖျော်ဆိုင်းငံ့တော်မူပြီးမှ[၅] သုဒ္ဒဿန တောင်ကြီးရှင် သခင်ထွတ်ဖျားမှာ ပန်ကြားဆိုတော်မူဦး–ဟု လျှောက်တင်သည်။[၆]

မင်းသားက မိမိငဲ့[၇] . . ငယ်သာငယ်သည် ကြီးကျယ်အစ လူမှုရေးရာ ကျွမ်းလိမ္မာ၍[၈] ရာဇာဘုန်းကြွယ် ဘနှင့်မယ်လည်း သက်ရှယ်မမျှ ငယ်စဉ်ကသာ စိုးရခွင့်ပိုင် ရှယ်သက်တိုင်လျှင် ဆိုင်သူစံပ[၉] လောကဓမ္မတာ စဉ်လာအဆို "လပြာသို ရွှေခွာညို[၁၀] ရွှေမှုန်ပျံ့စမြဲ၊ သက်ရှယ်ရောက်တုံ နွဲ့ရစ်ခြုံသည်၊ ရွှေဘုံ ပျော်၍ တော်စမြဲ။" ကျုပ်မိခင်လည်း သန့်စင်သဖြင့် လူနှင့်မနွဲ့မယှဉ် ဖန်ကြဉ် မြတ်စွာ[၁၁] မဟာသိကြားမင်း ကြွလာ၍ ရတနာသားဆု နှင်းအပ်သည်။

မြရည်ဝေဘူ တောင်ဖမ္ဗူမှာ လူတွင်ထင်ရှား သိကြားအဘ၊ နှမ သူရဿတီ ရွက်နီနှင့်ငွေ ရွှေနှင့်ရွှေကို ဂဟောမငြင်းသင့်ပါဘူး။ ငယ်မူထားနှင့်[၁၂] စကားရေးရာ မယ်တို့စံသည့် ဂန္ဓမာလည်း ခက်စွာခရီး လူမနီး လူမရောက် ဘယ်သူတစ်ခေါက်မျှ မပေါက်နိုင်ရာ အတွေးထင်လို့ ဝင်စားပါသည်။ အထင် တော်နှင့် ဝေးလေသလား။ ရှေးများကပုံ–

---

၁။ မက်သက်မကျန်–ဟု။
၂။ သက်နှံလွှန်ကြူး–ဟု။
၃။ မင်းတို့ရင်းတွင်–ဟု။
၄။ ပွဲတက်ပွဲဝင်–ဟု။
၅။ ဆိုင်းငံ့မှ–ဟု။
၆။ လျှောက်တင်လေသည်–ဟု။
၇။ မိမိငယ်–ဟု။
၈။ ကျွမ်းလိမ္မာငဲ့–ဟု။
၉။ ဆိုင်စပေ၍–ဟု။
၁၀။ ခွာညို–ဟု။
၁၁။ ဆယ်အင်ပြည့်စွာ–ဟု။
၁၂။ ငယ်မူရေးရာ–ဟု။



www.burmeseclassic.com

www.burmeseclassic.com



ကြုတ်ငုံသည့် ဝိဇ္ဇာ၊ ကြုတ်ထဲတွင်လည်း တစ်ယောက်ဝိဇ္ဇာ၊
ဗာရာဏသီ မင်းသားနှင့် သုံးပါး ဆုံမိကြသည်များကိုပင် ရှိမည်
မသိနိုင်ရာ။ သည်နန်းမှာလည်း စကြာရမင်းများ သတင်းကြား၊
သတင်းပေါက် ဝင်ရောက်ကျွမ်းကျင် နှုတ်ခွန်းဆက်ရောက်[၁] ရှိဖူးလေ
သည့် မှုနည်းလို[၂] လျှပြည်နန်းမှု အစုစုများကို စေ့ငုအသွင် လို
ချင်ပေသည်[၃] မိတ်ဆွေသိပေါင်း ရှိလို့လား။

ကျွန်ုပ်မှာလည်း တရားမင်းတို့ ရင်တွင်းကညာ ဆက်ရောက်လာသော်[၄] ပဉ္စမာလိန် ရွှေအိမ်နန်းလယ် မတင့်တယ်၍ မင်းငယ် သတင်းကို နဂါးမင်း တင်လျှင် သံသရာ ဘဝဆက်က ပန္နက်ဆိုဖူးသည့် မြတ်ဆုကြောင့် ရွှေတောင်ထုလောက်သော[၅] မေတ္တာနှင့် စေတနာထပ်ပုံ ဂဠုန်မင်းထက်စံကာ ဂန္ဓမာနန်းသို့ ပင်ပန်းခံ၍ စံရောက်ပါသည်။

နေ့ရှည် ရက်ကြာ မာယာလောက်ကူ ဘနှင့်မယ်တော် မင်းနှစ်ဖော်၏ မိန့်တော်မှုသံကို နာခံရဦးမည်–ဟု သုံးတော်မူသည်မှာ ဖမ္ဗူကို မစိုးချင်လို့လား။ ထင်ရှား ကျူးကျော် ကျွန်တော်မျိုးများလည်း[၆] နဂါးမင်း နဂါးပြည် အကုန်၊ ဂဠုန်ပြည် ဂဠုန်မင်းနှင့်တကွ[၇] နေ့ညထပ်တူ ဤဖမ္ဗူနယ်ဝှန်း ကျွန်း၊ သမုဒ္ဒရာ၊ သီတာ၊ တော၊ တောင်၊ ပြည်ထောင် ရာမင်း ဆိုသမျှတို့လည်း မောင်မောင့် အဘာသိကြားမင်း မိန့်တော်မူလျှင် မည်သူငြင်းဆန်ဝံ့သည် မရှိ။[၈]

ကျွန်ုပ်မှာလည်း စကြာဝရဖိန် ရောင်ထိန်ပြိုးပြက် ဘယက်လည်ဆွဲ ရတနာနှင့် ပဉ္စမာလိန်နန်းဖမ္ဗူမှာ အတူရွှေလည် ရစ်ရအောင်မှ ချစ်ရည်မတူ နောင်ခါအရေး[၉] ကြံစေ့တွေးလို့[၁၀] နှေးတော်မူသည်၊ ရစ်ဆူကို မမိုးချင်လို့လား[၁၁]။ ဂန္ဓမာနန်းနှင့်[၁၂] ပဉ္စမာလိန် မြို့နန်းရှိန်လည်း ဂုဏ်သိန်ကျူးကျော် ကန်ကန် ဆန်းသည့် ညာနန်းပေါ်မှာ ပျော်ပျော်မြန်းပမည်။ မိန့်ခွန်းတော်သင်းကြူကို[၁၃] အပူငြိမ်းထည့်အောင် သိမ်းတော်မူပါ မိမိငယ်–ဟု မိန့်တော်မူသည်။

---

၁။ နှုတ်ခွန်းဆက်တွေ့–ဗ။
၂။ ရှိဘူးလေ၍–စ။
၃။ လိုကျင်ပပေသည်–ဗ။
၄။ ဆက်ရောက်လှာသည်–ဗ။
၅။ ရေတောင်ထုမောက်သော–ဗ။
၆။ ကျွန်တော်မျိုးမှာလည်း–စ။
၇။ ဂဠုန်မင်း ဂဠုန်ပြည်အကုန် ဂဠုန်မင်းနှင့် တကွ–စ။
၈။ မည်သူဆန်ဝံ့သူ မရှိ–ဗ။
၉။ နောက်ကာအရေး–ဗ။
၁၀။ ကြံစည်တွေးလို–ဗ။
၁၁။ မပိုးချင်လို့လား–စ။
၁၂။ ဂန္ဓမာနန်းထက်–ဗ။
၁၃။ ဆင်ကြူကို–ဗ။





ဖမ္ဗူဂန္ဓာ ငှက်မက–

'တန်ခူးမာသ[၁] စိတြကြယ်[၂] ကောင်းကင်လယ်မှာ စံပယ်ယွန်း၍ မွန်းယိမ်းအချိန်မှန်လုပြီ' စီစီပါအောင် ရတနာရွှေချိုင့်က မြည်သည်တွင်–

မင်းသမီးက နီးနီးနေကြပါ ဆိုသည့်နိမိတ် မျက်နှာရိပ်တော်ကို အထိန်းတော်ထံပြလျှင် အမယ်သာလ၊ အမယ်ဂဏာသီရိနှင့်တကွ ပဒုမသိင်္ဂီ၊ ရာသီမုတ္တာတို့ မင်းသမီးအနားသို့ ချဉ်းကပ်ကာ နေကြကုန်သတည်း။

ဣန္ဒကုမ္မာမင်းသားက 'ဖမ္ဗူဂန္ဓာ ရွှေငှက်မကို ပြစမ်းပါ' ဟု မိန့်တော်မူလျှင် စိန်ဖြူနှင့် မြသား၊ ပတ္တမြား သီလကုတ်ခြယ်လုပ်သော ရတနာချိုင့်မှ ရောဟနမိတ္တာ ယူဆက်၍ ရှေ့တော်တွင် စုံလင်စေ့ငု ရှုတော်မူပြီးလျှင် 'အမွေး အရေမှာ ရွှေအတိ၊ မျက်စိနှင့် နားမှာလည်း ပတ္တမြားစစ်ကဲ့သို့ ကျစ်လျစ်သော က္ကန္ဓေ၊ ခြေနှစ်ချောင်းမှာလည်း သန္တာအသွေး တွေးတွေးနီအရောင်၊ တောင်ပံအမြီး ဖျားရင်းမှာလည်း[၃] ဟင်္သပဒါးအဆင်း ခြင်းခြင်းနီအံ့ဖွယ်၊ အလယ်မှာ အစိမ်း၊ အပြာ၊ စကားဝါ၊ ခရမ်းရောင်၊ ပတ္တမြားနန်းဆောင်မှာ အခေါင်မျက်ရှု ပြုစရာဖို့ အမှန်၊ သူ့သဏ္ဍာန်၊ သူ့အနေ၊ သူ့ဣန္ဒြေအလိုက်မှာ ရှေး၌ ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို သိမြင်သော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အကြောင်းမျိုးကုန်အောင် တတ်နိုင်မည့် လက္ခဏာရှိပေသည်' ဟု မိန့်တော်မူလျှင် စိတြတောင်ကို အစိုးရသော ဒေဝမီတာနတ်မင်း၏သမီး[၄] ယောဟနမိတ္တာက[၅] 'ကျွန်မတို့ ဂန္ဓမာဒနတောင် ပတ္တမြားနန်းတော်၏ ဦးစွန်းဖြစ်သော မဉ္ဇူသကပန်းပင်တွင် ထူးဆန်းသော အပွင့်ဖြစ်လာ၍ ရွှေတံချူဖြင့် ဆွတ်ယူကြည့်ရှုလျှင် ပမာဏ ရွှေယင်ကောင်ကလေး သဏ္ဍာန်ကို မျက်မှန်တော်ပြုရအောင်–ဟု ကျွန်မ မွေးမြူရပါသည်။ လူ့ဘာသာစကားများကိုလည်း ခြားနားအောင် ဆိုတတ်ပါသည် ဘုရား' ဟု တင်သည်။[၆]

မင်းသားက 'ဖမ္ဗူဂန္ဓာရွှေငှက်မ ... ရှေးဘဝက ငါရွှေကိုယ်တော် အကြောင်းဖြစ်ရင်းသည်[၇] မင်းသမီးအခြင်းအရာများကို[၈] သိသာအောင် ဆင်လျှောက်စမ်းပါ' ဟု မိန့်တော်မူသော်[၉] ဖမ္ဗူဂန္ဓာ ငှက်မက[၁၀] ထိပ်ခေါင်တင်နှင့်

---

၁။ တကူးလည်း တကူးလ–ဗ။
၂။ စိတြလွင်ကြယ်–စ။
၃။ အမြီးဖျားရင်မှာလည်း–စ။
၄။ နတ်မင်းသမီးတော်–ဗ။
၅။ ယောဟနိမိတ္တာက–စ။
၆။ တင်လေလျှင်–စ။
၇။ ဖြစ်ရင်းနှင်းသည်–ဗ။
၈။ အကြောင်းအရာများကို–စ။
၉။ မိန့်တော်မူသည်–ဗ။
၁၀။ ငှက်က–ဗ။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တင်ဘုရား . . နှစ်ပါးတို့ဖြစ်ဟန်ကို အမှန်ကျကျ ဘုရားကျွန်မ တင်ပမည်၊ (ရွှေနားတော်မြတ် ဆင်တော်မူပါ)[၁]။

ရှေးသရောအခါ စမ္ပာနဂရပြည်ကို မဟာသီရိန္ဒရာဇ်မင်းကြီး၊ မိဖုရား မဟာသီလဂုဏာတွင်[၂] ကိုယ်တော်အရှင်နှစ်ပါးတို့သည် သားတော်၊ သမီးတော် ဖြစ်တော်မူကြသတည်း။ အရွယ်ရောက်တော်မူကြလျှင် ငါ၏ သားတော်၊ သမီးတော်တို့ကို တစ်တိုင်းတစ်ပြည် ချစ်ကြည်စုံဖက်တွဲ၍[၃] ပြည်တစ်ပါး၏ မင်းသား၊ မင်းသမီး၊ ဖနီး၊ ခမက်ဖမ်းမှ[၄] ရွှေလမ်းဖောက်မည် ငါကြံသည်ကို သူတို့နှစ်ပါး ပင် အခြားမထင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ မခွဲမခွာရက်ဘဲ[၅] အလွန် ချစ်ခင်လေးမြတ်သည်ကို ငါ မနှစ်သက်ဟု မိန့်တော်မူ၍ သားတော်ဣန္ဒရာဇာ ကို[၆] 'ဝါလမဂ္ဂ ရသေ့မထံ[၇] အတတ်သင်ပါ[*]'ဟု အပ်ထား၏။

သမီးတော် သုဖိတာကိုလည်း 'ဂေါသီလရသေ့ထံ စာပေသင်ပါ'ဟု အပ်ထားသည်[၈] ။ဆယ်ယူဇနာကွာသော အရပ်မှာ ကွဲကွာရှိကြလေသတည်း။

မင်းသားမှာ ရုပ်ပြောင်းအတတ်ကို တတ်၏။ ထိုအခါ နှမတော်ကို လွမ်းဆွတ်ခြင်း ပြင်းလှသောကြောင့် မောင်တော်သည် ဤသို့ ဆုပတ္ထနာ၏။ 'နှမတော်သုဖိတာကို တွေ့မြင်ရပါလျှင် ဦးခေါင်းသည် အလိုလိုပြတ်၍ ဝသဝတ္တီ မှာ ဖြစ်လို၏' ဟု ဆုပတ္ထနာလျှင် မောင်တော် ဦးခေါင်းပြတ်လေ၏။ ပြတ်သော ဦးခေါင်းကို ရှင်ရသေ့မှာ လျှုခဲ့ပြီးလျှင် ကိန္နရာကောင်မှာ ဝင်၍ ဟေဝန္တာသို့ ပျံလေသည်။

နှမတော် သုဖိတာမှာလည်း 'ဆရာရသေ့မထံ ရှိသေစွာ ပူဇော် လုပ်ကျွေး ဥပုသ်သီလခံယူ ထိန်းတော်မူရသော အကျိုး ဝသဝတ္တီနတ်ဘုံမှာ ဖြစ်လို၏' ဟု ဆုပတ္ထနာလျက် မောင်တော်ကို လွမ်းဆွတ်ခြင်း ပြင်းလှသော ကြောင့် စုတေလေလျှင် ကိန္နရီမဖြစ်၍ ဟေဝန္တာသို့ ပျံလေ၏။

ဂမုတ္တ[၁၀] သီတာ မည်သော ရေကန်ခါးပန်းတွင် ဓာတ်ကျမ်းဆရာ မဟာတက္ကသီလ စိုက်ပျိုး၍ထားသော သစ်ပင်တွင်[၁၁] ထိုကိန္နရီ၊ ကိန္နရာမတို့

---

၁။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ် (ဗ) မူတွင် မပါ။
၂။ မဟာသီလကာတွင်—စ။
၃။ ချစ်ကြည်စုံမက်ပွဲ၍—စ။
၄။ ဖနီးခမက်စပ်မှ—စ။
၅။ မခွဲမခွာရက်ကြ—ဗ။
၆။ ဣန္ဒရဇ်ကို—ဗ။
၇။ ဝါလရသေ့ထံ—စ။
၈။ စာပေသင်ပါ—စ။
၉။ ( ) ဤကွင်းပိတ်အတွင်းရှိ အပိုဒ်များ (စ) မူတွင် မပါ။
၁၀။ ဂမုဒ္ဒ—ဗ။
၁၁။ စိုက်ပျိုးသော သစ်ပင်တွင်—ဗ။





နားလျက် နှစ်ပါးစုံ မောင်နှင့်နှမ တွေ့ဆုံကြလျှင်[၁] ဖြစ်ကြသည့် ခြင်းရာများကို ပြောဆိုသဖြင့် သိကြလေသတည်း။

ထိုအခါ မောင်တော်က နှမတော်ကို လွမ်းဆွတ်သည့်ဝေဒနာ ပြင်း လှသည်တွင်[၂] မိဋ္ဌာန်ဆုပတ္ထနာကြောင့် တောင်းဆုပြည့်၏။ ပြတ်သည့် ဦးခေါင်း ကို ရှင်ရသေ့မှာ ပူဇော်လှူဒါန်းခဲ့ကြောင်းများကို နှမတော်အား ပြောလေလျှင်၊ အလွန်ကြေကွဲလျက် နှမတော်စုတေ၍ ဝသဝတ္တီနတ်ဘုံမှာ ခြေရုံတစ်ထောင်[၃] နှင့် ဖြစ်ပါသည်။

နှမတော်ရုပ်အကောင်ကို သစ်ကိုင်းမှာ မြဲစွာ ဆွဲထားပြီးလျှင် ကြေကွဲ ခြင်း ပြင်းပြလှ၍ မောင်တော်လည်း သစ်ကိုင်းကိုဆွဲလျက်ပင် စုတေလေသည် နှင့် ဝသဝတ္တီနတ်ဘုံမှာ ခြေရုံတစ်ထောင်နှင့် ဖြစ်ပါသည်။

ထိုရုပ်ဟောင်းအကောင်သည် သူယောင်သီး—ဟု ယခုတိုင် ထင်ရှား ရှိပါသည်။ ထိုအခါ ရမ္မဏီယပြည်ရှင် မင်းကြီးသမီးတော် သီလစန္ဒာမင်းသမီး ဆန္ဒကြောင့် သိကြား တောင်းပန်လျှင် မောင်တော် နှမတော်နှစ်ပါး ခြေရုံ တစ်ထောင်စီနှင့်[*] စုတေဆင်းကြလာ၍ ဂန္ဓမာဒန တောင်မှာ ရပ်နားပြီးလျှင် မောင်တော်မှာ သီလစန္ဒာမင်းသမီးဝမ်းတွင် သန္ဓေတော်မြတ်ကိုယူ၍ ဖွားတော် မူလျှင် ဣန္ဒကုမ္ဘာမင်းသား—ဟု ဖြစ်ပါသည်။

နှမတော်မှာ သုဒဿနတောင်ကို အစိုးရသော သီရိန္ဒရာဇ်နတ်မင်းကြီး မိဖုရားကလျာဏဝတီတွင် သန္ဓေတော်စွဲယူ၍ ဖွားတော်မူလျှင် ဝေဠုမြတ်စွာ မင်းသမီး—ဟု ဖြစ်ပါသည်။

ထိုအခါ ကျွန်မလည်း ဂန္ဓမာတောင်တွင် ရက္ခစိုးဖြစ်၍ အကြောင်း မျိုးကို တပ်တပ်မှတ်သား ကြားမြင်ရပါသည်ဘုရား—ဟု တင်လေသော် မင်းသား လည်း အလွန်အားရတော်မူလှ၍ ရွှေလက်ဝါးထက် တင်ကာ ချီးမွမ်းတော်မူ ပြီးလျှင် ဓတရဋ္ဌနဂါးမင်း သမီးတော် ဣန္ဒရာသီက ဆက်သသော ပုလဲချည် လက်စွဲပဝါတော်ကို လှမ်းတော်မူလေသည်။

အပျိုတော်ကြီး ရောဟနမိတ္တာက ကျွန်မတို့အရှင် ထိပ်တင်ခမည်း တော် မလ္လာဒေဝနတ်မင်းက ပတ္တမြားတစ်ထောင်ကို လက်ဆောင်တော်ဆက်

---

၁။ နှစ်ပါးမောင်နှမ တွေ့ဆုံကြလျှင်—ဗ။
၂။ စေတနာ ဖြစ်လှသည်တွင်—စ။
၃။ ခြေရုံတစ်သောင်း—ဗ။
* ဤကြယ်အမှတ်ဖြင့် ပြထားသော အပိုဒ်မှ ဆုံးသည်တိုင်အောင် (ဗ)မူတွင် မပါ။

www.burmeseclassic.com



၍ တောင်းဆိုလျှင် စုံမက်တော်မူသော မယ်တော် သုဝဏ္ဏရာသီနှင့် မေတ္တာနှင်းဆက်ကြ၍ ဥဿဖရားညွှန့် သလွန်ပေါ်မှာ စက်တော်ခေါ်ရာ ဝသဝတ္တီ နတ်တို့စောင်းတန်းက နေမင်း၊ လမင်း နှစ်ဆူသည် ခြွေရံတစ်ထောင်စီနှင့် ဆင်းလာ၍ ဂန္ဓမာတောင်ဖျား ပတ္တမြားဂူ မဥ္ဇူသကပန်းပင်ဖျားမှာ နှစ်ပါးစုံ နားကြပြီးလျှင် နေမင်းသည် ဇမ္ဗူဒီပါကျွန်းနိမိတ်ဖြစ်သော ရမ္မဏီယပြည် ရှိတော်မူရာအရပ်သို့ ကြွသွားသည်ကို လမင်းသည် ကြည့်မျှော်လိုက်ပြီးလျှင် သုဝဏ္ဏရာသီ မိဖုရား ရင်ထဲသို့ ထက်ဝက်ခွဲ၍ ဝင်လေသည်ဟု မိဖုရား အိပ်မက်သည်တွင် လန့်၍ နိုးသည်နှင့် မလ္လာဒေဝနတ်မင်းကို လျှောက်လျှင် ကျွန်မအဘ ဒေဝဓိတာ နတ်မင်းကို ခေါ်တော်မူ၍ ဆေးကြော မေးမြန်းတော်မူသည်တွင် –

ကြွသွားသည် နေမင်းမှာ ဇမ္ဗူဒီပါကျွန်းအပြင်တွင် နှုန်းအင် မရစကြာရမင်းသား ဖွားမြင်လိမ့်မည်၊ လမင်းသည် အရှင်မိဖုရားမှာလည်း ဤဇမ္ဗူတွင် ရည်တူ တစ်ယောက်မရှိသော သမီးရတနာ ဖွားမြင်လိမ့်မည်–ဟု ကျွန်မအဘ ဒေဝဓိတာ နတ်မင်းကြီး လျှောက်တင်ချက်အကြောင်းများကို ငယ်ငယ်ကပင် ကျွန်မ ကြားရဖူးပါသည်။ အမှတ်မထင် နေရသည်နှင့်–

ယခု ဇမ္ဗူဂန္ဓာရွှေငှက်မသည် လျှောက်ထားသည်များကို ကြားနာရခါမှ ငယ်ငယ်က စကားသည် ဘွားဘွားပေါ်၍ ရင့်တော်တွင် အမှတ်ရပါတော့သည်။ ငယ်ငယ်က စကားအကြားနှင့် ခုငှက်မ စကားသည် နှစ်ပါးစုံညီလေသည်။ ပဝေသဏီဘဝကပင် အသက်ကိုစွန့်၍ ချစ်တော်မူကြသည့် မောင်နှမတော်ကို လောကမျက်မြင် နှစ်ပင်ရွှေဂုဏ် နှစ်ပွင့်စုံကဲ စီမံ၍အပြီးဖြစ်ပါသည်–ဟု အပျိုတော် ရောဟနမိတ္တာက တင်သည့်အချက်နှင့် ရွှေငှက်တော်ပလီကတီတီတာတာ တင်သည်များကို မင်းသမီးနားကြားတော်မူလျှင် ကြည်ဖြူသိမ်မွေ့လှသော အသခါရိက ဇောစေတနာသည် အဖန်တစ်ရာနှစ်သော ဝါဂွမ်းကို ဆီဆမ်း၍ စိမ့်သကဲ့သို့ နှစ်သိမ့်ပျော်နှူး နှလုံးတော်ကြွေကွဲ၍ ပုလဲဥ ပါးပေါ်မှာ ရွှေမျက်ရည်တော် စီးကျလာသည်နှင့် ရတနာ ရွှေအုံးပေါ် မျက်ရည်တော် ရောက်လျက်ရှိသည်ကို ကောတုံပတိုင်း ဓမ္မစိတ္တတောင်ကို အစိုးရသော သူတော်နတ်၏ မိဖုရား သုနန္ဒမွှောက မဥ္ဇူပွင့်အတောင့်တွင် ဆက်ခဲ့သော ကိုးပါးမျက်အိမ်တင်းထိမ်သော် အောက်စပ်ကိုပင် တပ်အပ်စွာ ကျလာ၍ ပဒုမသိင်္ဂီ၊ ရာသီမုတ္တာ၊ အမယ်မဟာသာလ အစရှိသော အထိန်းတော်၊ အပျိုတော်အပေါင်းရှိသမျှတို့ လက်ပြလက်ကာ မူရာနိမိတ် အရိပ်နှင့် ကရဝိက်ရုပ် တံခါးပြင်





မှန်တင်ကြေးမုံတော်၊ ဖန်အိုးတော်၊ ဥဿဖရား၊ နီလာ အဆောင်တော်ကြီးမှာ အားလုံး စု၍ နေကြကုန်သတည်း။

မင်းသားက ရွှေဘုန်းတော်နှင့် လက်ရုံးတော်လည်း ကြားကျော်ကျွန်းလုံးနှံ့သည်ပင်။ ဂန္ဓမာဒန တောင်ချာထိပ်ဖျား ပတ္တမြားနန်းလယ်မှာ သည့်နယ် အပူကို လူဆိုသမျှ မကြုံဖူးအောင် သူ့ရွှေကိုယ်တော်ပုံမှာလည်း သိန်ဂုဏ်လုပ်သည်လို့လည်း မဆိုသင့်။ အခွင့်ရှည်လျားအောင် စိမ်းစိမ်းကားကားလို့ ဆိုရအောင်လည်း ငါ့ရွှေကိုယ်တော် အပါးသို့ ရောက်လာ၍ မဆိုသာ၊ မူရာတော် အနေမှာ ကုန္ဒြေတော်မြင့်မြတ်၍ အသင့်ချော့ရမည် အမူလည်း တစ်ခုမျှမှ အရိပ်မပေါ်။ ခေါ်ရမည်ကိုလည်း ငယ်မည်တော်ကိုမျှ မရိပ်ကောင်း။ ရွှေစိတ်တော် မကြည်လင်မည့်အရေးနှင့် ပျံ့မွှေးရပုံ ပုလဲငုံမှာ အာရုံထားသည်လို့လည်း လားလားမှ မတော်။ ကြံဖန်တဲ့ အရိပ်ကို နိမိတ်လောက်ပေါ်ခဲ့လျှင် ရွှေနှလုံးတော် မငြိမ်၊ ကုန္ဒြေငါးပါး မင်းသားကြမ်း မင်းသားဆိုး ပြည်ထဲဝန်းကျင် ရာဇဝင်မှာ စာအတင်ဆိုးမည်ကြောင့် ဆိုရိုးစကားဟောင်း အကြောင်းသန်မှ အကျိုးပေးသည်။ အဆိုနှေးလျှင်လည်း အရေးတော်ကြာမြင့်၍ နှေးဖင့်ရန် အမူသွားနှင့် လားလားမျှမတော်–ဟု ရွှေကိုယ်တော်နှင့် နီးအောင်ကို မြသီးကွပ် နေရာတော် အနားမှာ နှစ်ပါးယှဉ်တော်မူကြပြီးလျှင်–

နတ်သမီးလက်တော်ကို အသာကြွ၍ မ ကာ ကိုင်တော်မူသော် အဖန်တစ်ရာနှစ်သော ဝါဂွမ်းအတူ ပုလဲဖြူဥအလား အသားတော်ညံ့ညံ့မှာ လက်ငါးချောင်းဖြန့်ကာ၊ သန္တာညွန့် စီသကဲ့သို့ နီနီတွေးတွေး သွေးဥကို ရှုမြင်တော်မူရလျှင် ဘဝဂ်စလနဖောကို မြဲသော သတိတော်နှလုံးဖြင့် သိမ်းရုံး ချုပ်ထိန်း ရပ်တန့်နေတော်မူသည်နှင့်–

ဝေဠုမြတ်စွာမင်းသမီးက ‘မယ်ရာသီမုတ္တာ၊ ပဒုမသိင်္ဂီ အပျိုတော်တို့၊ ပြင်မှာတစေ နေတော်မူကြ၍ ကျွန်မချည်းသာ ပူဆာလိုက်လှိုက် စိတ်အိုက်လေသည့် အရေးကြောင့် ချွေးဥရောက်လာသည်များကို လေညင်း လေသာ ဆက်လာကြပါဦး’ ဟု ဝေဠုမြတ်စွာမင်းသမီးက မိန့်တော်မူလျှင် ရာသီမုတ္တာလည်း ထိပ်ခေါင်တင် ရွှေစိတ်တော် မသက်သာရှိချေသည်–ဟု အတွင်းတော်သို့ ဝင်လာ၍ နေစကြာနှင့် စန္ဒာရွှေလကဲ့သို့ သည်မောင်နှမနှစ်ပါးမှာ စကားပြောရကို ငြိမ်းမှုတိုင်တော် မမူကြပါသေးလား၊ ရောင်ဖြူလာ၍ လင်းကာနီးပါပြီ၊ အရှင်သမီးလည်း ရယ်တော်မူပြီးခါ နောင်ရေး နောင်ရာမှာ သမ္မာသမ္ဗုဒ္ဓဘုရားဆုပန် မမှန်သည် မိန့်ခွန်းကို ညွှန်းတော်မူတော့မည် မဟုတ်ပါ။ စေတနာ

www.burmeseclassic.com



မယိမ်း ငြိမ်းတော်မူသင့်ပြီ ထင်ပါသည်ဘုရား' ဟု တင်လေသော် ကုန္တကုမ္ဘာ မင်းသားက–

'မိမိငယ်.. ကျွန်းတွင်လည်းအညာ လက်ယာဖြစ်လတ်သော ဇမ္ဗူဒီပါတွင် မင်းသားဆိုသမျှ ပူစရာကို သည့်မှာသာ တစ်ဝတည်း စုရုံး၍ ပူပင်ရသည် ဖြစ်ချေတော့သည်။ မိမိငယ် ... မင်းငယ်ရုပ်သွင်မှာ သက်တင့်ရေးနုဖူးစတော်၊ ရွှေပါးညက်ညက်၊ ရွှေနားတော် နှစ်ဖက်မှာလည်း ပြုံးပြက်ရောင်မောင်း ရွှေလည်ချောင်း ရိပ်မြင် ရွှေရင်တော်စုစိမ်းစုမြရည် ပုလဲချည်အင်္ကျီတွင် စိန်စီသည့် လည်ခွန်တော် လျော်ရုံ ကွယ်ထား၍ ရွှေခါးတော်လျှလျှ မိန်းမတို့ ကျမ်းပုံမှာ ပဒုမ္မနီသိုက်ထွက် ရွှေလက်တော်ဖယောင်းတိုင် သန္တာစိုင် မယှဉ်း သင်းသင်းပျံ့ပျံ့ စင်သန့် တော်မူသည့် ရွှေဇာတိဂုဏ်ကြောင့် ဒုတိယစျာန် ခနစ်ဘုံနှင့် လွှမ်းအုံ တင်းကျမ်းပြည့် ရွာသောမိုးကဲ့သို့ အာရုံတော် ဖြိုးမောက်လျှံ၍ သည်းခံခြင်းကုန္တြေကို ချုပ်ဖြေခြင်းငှာ မတတ်နိုင်ပြီ' ဟု–

ချီမည်နွဲတော်မူလျှင် မယူခင်ကို သူ့ရွှေကိုယ်တော် ပါလိုသော ဆန္ဒနှင့် ဂေါသီတစန္ဒန နံ့သာသင်းသင်း အခင်းသန့်သန့် သန္တာညွှန့် သလွန်တော်ပေါ်၌ ရွှေကိုယ်တော်နှစ်ရပ်ကို နှင်းအပ်မောင်နှံ စံတော်မူကုန်သတည်း။

ရတနာကြေးမုံ နန်းတွင်းဇာတ်တော်ကြီး ဝတ္ထုကို
ဤတွင် တန့်ရပ်၍ ပိုင်းဖြတ်လိုက်ပါသည်။

ရတနာကြေးမုံ နန်းတွင်းဇာတ်တော်ကြီး ပြီးပြီ။

□

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ရွှေတောင်သီဟသူ

# ရတနာကြေးမုံ

## နန်းတွင်းဇာတ်တော်ကြီး

"...ကြဲကြဲပနံပန် စိတ်ကူးထုတ်၍ ဖွဲ့နွဲ့ထားသောကြောင့်...စိတ်ကူး ဆန်းကြယ်ပုံကို... ချီးမွမ်းရပေမည်။"

– ဦးဖေမောင်တင် ၏ မြန်မာစာပေသမိုင်း (၁၉၇၁)၊ စာ ၂၅၀...မှ။

"...ယုံတမ်း ဒဏ္ဍာရီဝတ္ထု အဖြစ်ဖြင့် ကမ္ဘာစာပေသမိုင်း၌ စံထားထိုက်သော ဝတ္ထုတစ်ပုဒ် ဖြစ်နိုင်သည်။..."

– ဇော်ဂျီ ၏ ရသစာပေအဖွင့် (၁၉၆၆)၊ စာ ၅၄...မှ။

"ဤဝတ္ထုကို ယနေ့အထိ ရှေးအကျဆုံး မြန်မာဝတ္ထုရှည် အဖြစ် လက်ခံထားရသဲ ဖြစ်၏။"

– ဦးဖိုးကျော်မြင့် ၏ 'ပဒေသရာဇ်ခေတ် မြန်မာဝတ္ထုရှည်ခရီး'၊
တက္ကသိုလ်ပညာပဒေသာစာစောင် (၁/၄၊ ၁၉၆၆)၊ စာ ၁၆၉...မှ။

"...*ရတနာကြေးမုံ* သည် နှောင်းခေတ် နန်းတွင်းဇာတ်များထက်ပင် ယခု မျက်မှောက်ခေတ် ဝတ္ထုများနှင့် ပို၍ နီးစပ်သည်ကို တွေ့ရပေရာ ဤသည်မှာ *ရတနာကြေးမုံ* ၏ ထူးခြားချက်ဟု ဆိုနိုင်ပေသည်။"

– မလိခ ၏ မြန်မာဝတ္ထုအညွှန်း ပေါင်းချုပ် (၂၀၀၇)၊ စာ ၃၈...မှ။



www.burmeseclassic.com